www.burmeseclassic.com

စာပေလောက စာအုပ်

ကမ္ဘာတွင် အရေးပါလှသည့် ပုဂ္ဂိုလ်ကျော် ၈၀ ၏ ပေးစာများပါဝင်သည်။

BURMESE CLASSIC .com

# ခေါင်းဆောင်ဟောင်းများမှ ခေါင်းဆောင်လောင်းများသို့

# LETTERS FROM LEADERS

ကမ္ဘာ့ဩဇာအလွှမ်းဆုံးသော ပုဂ္ဂိုလ်ကြီးများထံမှ
နက်ဖြန်ခေါင်းဆောင်များအတွက် ပုဂ္ဂိုလ်ရေးအကြံပြုချက်များ

လီးဒါးစ်မက္ဂဇင်း၏ ဥက္ကဋ္ဌနှင့် အယ်ဒီတာချုပ် **ဟင်နရီ အို ဒေါ်မန်** စုစည်းသည်။


မောင်ကြည်သန့် ဘာသာပြန်သည်

www.burmeseclassic.com

www.burmeseclassic.com

...မျိုးသားရေး၊ စီးပွားရေး၊ ဘာသာရေး၊ ...တော်ပုံလှူဒါန်း ကူညီရေး သင်ယူရေးဆိုင်ရာ ...တွင် တစ်ဝန်းလုံးရှိ ဦးစီးပဲ့ကိုင် မဟာ ပုဂ္ဂိုလ်ကျော်များအကြောင်းကို *Leaders* မဂ္ဂဇင်း တည်ထောင်သူလည်းဖြစ်၊ အယ်ဒီတာလည်းဖြစ်၊ ဥက္ကဋ္ဌလည်းဖြစ်သူ ဟင်နရီ အို ဒေါ်မန်လောက် ...အယ်သူမှ နှံ့နှံ့စပ်စပ် သိနိုင်မည် မဟုတ်ပါ။ *Lead-*...ers မဂ္ဂဇင်းသည် စောင်ရေကန့်သတ်ထုတ်ဝေသော ...မဂ္ဂဇင်း ဖြစ်သည်။ ယခုစာအုပ်တွင် ဒေါ်မန်က ...ပြောအရှည်ဆုံးသော မဟာပုဂ္ဂိုလ်ကျော်ကြီးများ၏ ခေါင်းဆောင်မှု၊ ဝန်းတိုင်ရောက်နိုင်မှု၊ ပြည်သူများ အတွက် ဝန်ဆောင်မှု၊ ဘဝခရီး လျှောက်လှမ်းမှု ဆိုင်ရာ အကြံပြုချက်များကို ပထမဆုံး စုစည်း ဖော်ပြထားသည်။

ခေါင်းဆောင်ကြီးများထံမှ ပေးစာများတွင် ယနေ့ ကမ္ဘာကြီးအား မြှင့်တင်ပေးခဲ့သော၊ ပုံသွင်းပေးခဲ့သော ခေါင်းဆောင်ကြီးများ၏ ပေးစာပေါင်း ၈၀ နီးပါး ပါဝင်သည်။ ပေးစာ ရေးပေးခဲ့သူများတွင် မိုဟာမက် အလီမှသည် အမေရိကန်ပြည်ထောင်စု၏ သမ္မတ လေဒီး မစ်ဆေလ်ဂေါ်ဘာချက်၊ ထိုင်းဘုရင် ဘူမိဘော၊ ဂျော်ဒန်ဘုရင် ဒုတိယမြောက် အက်ဗ္ဒူလာ၊ ဒလိုင်လားမား အထိလည်းကောင်း၊ ကေသီ ဘလက်မှ သည် တီဘွန်းပစ်ကင်းစ်၊ မာရီလယ်ဆိုင်းဘတ်နှင့် ဒေါ်နယ်ထရမ့်ပ်အထိ လည်းကောင်း ပါဝင်သည်။ မူရင်း လက်ရေးစာမူများ အထူးပုံတွဲ အကျဉ်း များဖြင့် ပူးတွဲ၍ ဒေါ်မန်က ဖော်ပြထားသည်။



www.burmeseclassic.com

စာပေလောက စာအုပ်အမှတ် - ၄၂၂

# ခေါင်းဆောင်ဟောင်းများမှ ခေါင်းဆောင်လောင်းများသို့

# LETTERS FROM LEADERS

ကမ္ဘာ့ပြဿဂအကျော်ကြားဆုံးသော ပုဂ္ဂိုလ်ကြီးများထံမှ
နောက်ဖြစ်ခေါင်းဆောင်များအတွက် ပုဂ္ဂိုလ်ရေးအကြံပြုချက်များ

Henry O. Dormann
မောင်ကြည်သန့် မြန်မာပြန်သည်။

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း - ၀၁-၃၈၈၁၆၉ ]

[ တစ်အုပ် ၃၀၀၀ ကျပ် ]

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၃၁၀၁၁၀၀၆၁၁ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၃၁၀၀၀၂၀၇၁၁ ]

●

မျက်နှာဖုံး
ကျော်ကျော်

- - -

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

- - -

ထုတ်ဝေခြင်း
စက်တင်ဘာ၊ ၂၀၁၁

●

ဦးမျိုးညွန့် (၇၁၄)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၉၂၀
မောင်ကြည်သန့်
ခေါင်းဆောင်ဟောင်းများမှ ခေါင်းဆောင်လောင်းများသို့ / မောင်ကြည်သန့်။ - ရန်ကုန်။
စာပေလောက စာပေ၊ ၂၀၁၁။
၂၅၁ - စ၊ ၁၃.၇၇ x ၂၀.၉၆ စင်တီ
(၁) ခေါင်းဆောင်ဟောင်းများမှ ခေါင်းဆောင်လောင်းများသို့

မာတိကာ

ရှုရင်းစာရေးသူ၏ နိဒါန်း
အကြီးမြတ်ဆုံးနှင့် စတင်ခြင်း ၁
၁။ မိုဟာမက်အလီ ၂
အခက်အခဲ အတားအဆီး ပိုမိုကြီးမားလေ
အောင်မြင်မှုကာလ ပိုမိုထွန်းတောက်လေ ၃
အကောင်းဘက်မှ ကြည့်မြင်တတ်မှု / စိန်ခေါ်မှုများအပေါ် ကျော်လွှားခြင်း ၅
၂။ ဗာဟစ် အယ်လာဂါတင် ၆
ထိုငွေရောင်အနားကွပ်ကို ဖွေရှာပါ ၇
၃။ တီ ဘွန်း ပစ်ကင်းစ် ၉
ဘာတွေပဲ ဆီးကာဆီးကာ အသာကလေးကျော်တက် ၁၀
၄။ ဝီတာ ဂျီ ဝီတာဆင် ၁၁
အနာဂတ်အပေါ် စွမ်းစွမ်းသန်သန်ယုံကြည်မှုတစ်ရပ် ၁၂
၅။ အီး မေရီ မက်ကီး ၁၆
တံခါးတစ်ချပ်ပိတ်သွားလျှင် နောက်တစ်ချပ်ပွင့်လာ ၁၇
ဖြစ်လာလာ မလာလာ ၁၉
၆။ ဝေါလီတာ ရွှန်းကိုက် ၂၀
အသင့်ပြင်ထားပါ ၂၀
၇။ ဝီလီယံ ဟာရစ်ဆန် ဂျူနီယာ ၂၄
ခေါင်းဆောင်သူတစ်ဦးဖြစ်ပါစေ ၂၅
သမ္မတကြီးများ၏ အကြံဉာဏ် ၂၇
၈။ ဂျုရယ် အာ ဖို့ဒ် ၂၈
ယှဉ်ပြိုင်ဘက်များသာ ဖြစ်၏၊ ရန်သူများမဟုတ်ချေ ၂၉
၉။ ဂျင်မီ ကာတာ ၃၀
နှလုံးသားနှင့် စိတ်ကိုတိုးချဲ့ပါ ၃၂
၁၀။ ဂျော့ အိပ်ချ် ဒဗလျူ ဘုရှ် ၃၃
လေးဆယ့်တစ်ဦးမြောက် သမ္မတ၏ ဦးစားပေး ၁၀ ချက် ၃၄
၁၁။ ဂျော့ ဒဗလျူ ဘုရှ် ၃၆
ယုံကြည်သည့်အတိုင်း ပြောဆိုပါ၊ ပြောသည့်အတိုင်း လုပ်ဆောင်ပါ ၃၇

www.burmeseclassic.com

www.burmeseclassic.com


**အကျွရာစာလုံးများနှင့် ကိန်းဂဏန်းများ** ၄၁
**၁၂။ ဆမ်နာ ရက်ဒ်စတုန်း** ၄၂
စီ သုံးလုံး ၄၃
**၁၃။ ရွန် တီ(စ်)** ၄၅
အပြုသဘောဆောင် စိတ်နေစိတ်ထား ၄၆
**၁၄။ ဂျူရီယယ် 'မစ်ကီ' ဆီဘတ်** ၄၈
ပထမဆုံး ငွေကြေးလုပ်ငန်းဆိုင်ရာ အမျိုးသမီး၏ ဦးစားပေး ၁၀ ချက် ၄၉
**၁၅။ ယွန်း – ဝီရီ ဂါနီယာ** ၅၁
ဘဝကောင်းစားရေးအတွက် သော့ချက် ၈ ချက် ၅၂
**၁၆။ အော့စဝေါ ရော့ ဂရူဘယ်** ၅၄
အနာဂတ် နှင့် ၇၅ ရာခိုင်နှုန်းသက်ဆိုင် ၅၅
**၁၇။ ကျိမ်းစ် ဒီ ရော်ဘင်ဆန် (တတိယ)** ၅၆
ခေါင်းဆောင်မှု တစ်မှ တစ်ဆယ် ၅၇
**၁၈။ အေလီယာဝ် အေ စာဟူနီ (အမ် ဒီ)** ၅၉
အမှန် ၅၀/အမှား ၅၀ နည်းဥပဒေသများ ၆၀
**၁၉။ ကောသီ ဘလက်ခ်** ၆၁
ဘဝစက်ဝိုင်းပြည့် (၃၆၀ ဒီဂရီ) နေထိုင်ပါ ၆၄
**၂၀။ ဟောင်းဝပ် ရော့ ရှဘင်စတိန်း** ၆၆
ဘောင်ခတ်ကန့်သတ်ချက်တစ်ရပ် ၆၇
**၂၁။ ကျိုးစက် အိပ်ရှ် ဖလွမ်း** ၆၉
ပဥ္စလက်ဖော်မြူလာ မရှိပါ ၇၀

**စိတ်ထက်သန်မှုနှင့် လုပ်ငန်းခွင်ကျေနပ်မှု** ၇၃
**၂၂။ ရွန် အက်ဖ် ဝဲလ်ရှ် ဂျူနီယာ** ၇၄
မိမိကို တကယ်ထူးခြားဖြစ်ပေါ်စေမည့် အကြောင်းတစ်ရပ် ၇၅
**၂၃။ မောရစ် အာရီ 'ဟန့်စ်' ဂရင်းဘတ်** ၇၆
ထက်သန်စိတ် ၇၇
**၂၄။ ကျိုးစက် အာရ် ဂရိုမက်** ၇၉
စတင်ရမည့် ပထမနေရာ ၈၀

**ကမ္ဘာ့ထိပ်သီး တွေ့ဆုံပွဲကြီးတစ်ခု** ၈၁
**၂၅။ ဒလိုင်း လာမာ** ၈၂
ချစ်ခြင်းမေတ္တာနှင့် ကရုဏာ အရာ ၈၃
**၂၆။ မစ်ခေးလ် ဂေါ်ဘာချက်ဗ်** ၈၅
လူသားအားလုံး ညီအစ်ကိုတော်ပါသည် ၈၆

**၂၇။ ဗလာဒီမာ ပူတင်** [illegible]
လွှဲလစီရိယသည် အောင်မြင်မှု၏ အဦးအစ ၉၁
**၂၈။ ရှီတေဝူး** ၉၃
ချမှတ်လိုက်သော ဆုံးဖြတ်ချက်များအတိုင်း
ရဲရဲတင်းတင်း အကောင်အထည်ဖော် ၉၄
**၂၉။ ဒုတိယမြောက် အဗ္ဗဒူလာဘုရင်** ၉၈
သတ္တိရှိရှိ ဦးဆောင်ပါ ၉၉
**၃၀။ တွန် ဒေါက်တာ မဟာသီယာ ဘင် မိုဟာမက်** ၁၀၀
ကြိုးစားရကျိုးနပ်ပါသည် ၁၀၁
**၃၁။ နူးရှူလ်တန် နာဇာဘာယက်ဗ်** ၁၀၂
ဘဝမှာ မှန်မှန်ကန်ကန် နေတတ်မှ ၁၀၄
**၃၂။ လီရှန်လွန်း** ၁၀၅
ရှိစုမဲ့စု အခြေအနေများကြားမှ နိုင်ငံတည်ဆောက်ခြင်း ၁၀၆

**ကမ္ဘာ့ရွာကြီး** ၁၀၉
**၃၃။ ဂျီ အယ်လင် အင်ဒရိုးစ်** ၁၁၀
တတ်စွမ်းသမျှ ပညာများများရအောင်သင် ၁၁၁
**၃၄။ လီကွမ်ယူ** ၁၁၂
ဂလိုဘယ်လိုက်ဇေးရှင်း အခွင့်အလမ်းများ ၁၁၃
**၃၅။ ခေါ်နယ် ရော့ ထရမ့်ပ်** ၁၁၄
ကမ္ဘာဆိုတာ အကြီးကြီးပါ ၁၁၅

**အမွေခံ ဉာဏ်ပညာ** ၁၁၇
**၃၆။ အန်တွန် ရုပတ်** ၁၁၈
စကားပုံများ ၁၁၉
**၃၇။ ဂါးဟတ် ရှုရှတ်ဒါး** [illegible]
ပြတ်သားတိကျသော မရှိမဖြစ်အရာ [illegible]
**၃၈။ လီယို ဟင်ဒါရီ ဂျူနီယာ** [illegible]
ကျွန်ုပ်တို့ကမ္ဘာကို လင်းထိန်စေသော ဥဏ္ဏာပုံများ [illegible]
**၃၉။ လက်စလီ အီး ဘိန်းစ်** [illegible]
အသက်ရှင်နေထိုင်ရသည့်အကြောင်းရင်း [illegible]
**၄၀။ ယွန်း အာဗတာမင်း** [illegible]
မိမိ၏ စရိုက်လက္ခဏာ နောက်ဆုံးပုံသွင်းမှု [illegible]


www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်သစ်လောင်း ပုဂ္ဂိုလ်များ ၁၃၃
၄၁။ ဂီယမ်ပီရို ဘိုဒီနီ ၁၃၄
မိမိ၏ ဖန်တီးမှုအတွက် ရက်ရက်ရောရောရှိပါ ၁၃၅
၄၂။ ဖြန် ဓျေ ဘရန်နန် ၁၃၆
တန်ဖိုးထား ဘက်ညီရေးနှင့် စွန့်ဝံ့သောစိတ် ၁၃၇
၄၃။ စတီဖန် ရိုဂျန် ၁၃၈
တာဝန်ကြီးကြီးတောင်းခံလုပ်ပြပါ ၁၃၉
၄၄။ ဒိုရင်း အေ တိုဘင် ၁၄၀
အမြင်ကျယ်ကျယ်ထားပါ ၁၄၁

သူတစ်ပါးနှင့် အတူလုပ်ကိုင်ခြင်း ၁၄၃
၄၅။ ကက်သရင်း၊ အက်စ် ဝိုက်ဒ် ၁၄၄
ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်သော စီးပွားဖက်စနစ် ၁၄၅
၄၆။ ဂျိမ်းစ် အက်စ် တာလီ ၁၄၆
တည်ကြည်မှု၊ အလေးထားတတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ၁၄၇
၄၇။ လီကာရှင်း ၁၄၉
တရားမျှတမှု ၁၅၀
၄၈။ ချားလ်စ် ဖို ယောလီးဖေး ဂျူနီယာ ၁၅၁
အလှမယ်ပြိုင်ပွဲမဟုတ်ပါ ၁၅၂
၄၉။ မာရီယာ ရာရူမစ် စက် ၁၅၃
မိမိ၏ဂုဏ်သတင်းနှင့် တည်ကြည်မှုတို့သည်
အရာရာကို အဆုံးအဖြတ်ပေးနိုင်သည် ၁၅၅
၅၀။ ဖာရွတ် ကတ်သ်ဝါရီ ၁၅၆
ဝေဖန်ဆွေးနွေးမှုဖြင့် အကောင်အထည်ဖော်ပါ ၁၅၇
၅၁။ ဘန့် ပစ်ချက်စရီဒါ ၁၆၀
အသေအချာ နားထောင်ပါ ၁၆၁
၅၂။ ရှယ်လီ လာရေး ၁၆၃
ခွင့်တောင်းတာထက် ပိုပြီး ခွင့်လွှတ်ခိုင်းချင်တယ် ၁၆၄
၅၃။ စန်းဖို့ အိုင် ဝေးလ် ၁၆၆
ထိုအမှားကို ပြန်ဖော်ထုတ်ကြည့်ပါ ၁၆၇
၅၄။ ဘက်သ် ဘရွတ်ခ် ၁၇၀
မိမိမူအတိုင်း လျှောက်ပါ ၁၇၁

သူတစ်ပါးအတွက် အလုပ်လုပ်ခြင်း ၁၇၃
၅၅။ ရစ်ချတ် ယောလ် ဘရွတ် ၁၇၄
ပြည်သူ့အကျိုးဆောင်ရွက်မှု ၁၇၅
၅၆။ ဖြန် ဒီ နီဂရိုပွန်တီ ၁၇၆
ပြည်သူ့ဝန်ထမ်းဘဝတစ်ခု ၁၇၇
၅၇။ ခိုင်ယာနာ ဒီ ဂက် ၁၇၈
ဘဝအပြောင်းအလဲအတွက် အကျိုးအမြတ် ၁၇၉
၅၈။ ဘူမီဘော အဒူယာဒက်ဂျ် ၁၈၁
တကယ့်စိတ်ကောင်း နှလုံးကောင်း ၁၈၂

ကမ္ဘာကြီးထဲက မိမိနေရာ တောင်းယူပါ ၁၈၅
၅၉။ လော့ဒ် အီး ဖြန် ပီ တရောင်း ၁၈၆
အမာခံ ခိုင်ခိုင်တည်ဆောက်ပါ ၁၈၇
၆၀။ တိုနီ ဟောလီ ၁၈၉
မတူညီသော ကဏ္ဍအထွေထွေ ၁၉၀
၆၁။ သောမတ် ဟိုဗင် ၁၉၁
လူတိုင်းက အလိုရှိနေသည် ၁၉၂
၆၂။ ဒေါ်နယ် အာရ် ကီယူး ၁၉၃
ဆုံးဖြတ်ချက်ကလေးတစ်ခု ၁၉၄
၆၃။ ဒေးဗစ် ရော့ခ်ဖဲလား ဂျူနီယာ ၁၉၅
အတည်တကျ အခြေချ လုပ်ကိုင်ပါ ၁၉၆
၆၄။ ဆာ ဒေးဗစ် တန် ၁၉၈
နေရာတိုင်းတွင် သူဘုရင် ၁၉၉
၆၅။ ဂျိမ်းစ် အက်စ် တစ်ရှ် ၂၀၀
သူတစ်ပါး မလုပ်ချင်သည်ကို လုပ် ၂၀၀

အချက်အချာ/ ရူးစိုက်နှစ်မြှုပ်ထားမှု ၂၀၃
၆၆။ ဟင်နရီ ကော့ဖ်မင်း ၂၀၄
မဆုတ်မနစ် ကြိုးပမ်းအားထုတ်တတ်မှု ၂၀၅
၆၇။ ရေမွန် ဒဗလျူ ကယ်လီ ၂၀၇
မိမိကိုယ်ကို လုံးလုံးလျားလျား နှစ်မြှုပ်ထားပါ ၂၀၈

www.burmeseclassic.com

www.burmeseclassic.com


၆၈။ **လီယွန် အမ် လီဒါမင်း** ၂၁၀
လုံးဝဥဿုံ စိတ်အာရုံဝင်စားမှု ၂၁၁
၆၉။ **ခင်း ကောမင်** ၂၁၂
ရွေးချယ်တာက မိမိအလုပ် ၂၁၃
၇၀။ **ရစ်ချတ် အက်စ် လီ ဖရက်** ၂၁၅
ချိုးမြှောက်ခံရမည့်ဇာတာ ပါ မလာပါ ၂၁၆
၇၁။ **ဂယ်ရီ မီရာဘဲလ်** ၂၁၈
လွှန်လွှန်မင်းမင်း စူးစိုက် နှစ်မြှုပ်ထားခြင်း ၂၁၉

**ကောင်းရာညွှန်သူများနှင့် စံနမူနာထားထိုက်သူများ** ၂၂၃
၇၂။ **ကျိုးစော် အက်ကာမင်** ၂၂၄
အာရုံမများစေနှင့် ၂၂၅
၇၃။ **ဝါရင် အမ် ဝါရှင်တန်** ၂၂၆
ကျေးဇူးပြုခဲ့သူများ၏ ဘဝအကြောင်း ဖတ်ရှုပါ ၂၂၇
၇၄။ **ဂျာဂန် ဟာမ်းတရက်ချ်** ၂၂၈
လမ်းပြမည့်သူ၊ ကူမည့်သူ ၂၂၉
၇၅။ **ရောဘတ် ကောသ် ဂရေး** ၂၃၀
မိခင်ကြီး၏ မျှော်လင့်ထားချက်များ ၂၃၁
၇၆။ **စတီဗန် ဂျိုအယ် ထရပ်ချ်တန်ဘတ်** ၂၃၃
အရိုးစွဲနေရမည့် တည်ကြည်မှု ၂၃၄

**တကယ့်အောင်မြင်မှုအတွက် အပြီးသတ် မှတ်ချက်တစ်ခု** ၂၃၉
၇၇။ **သီအိုဒို ဖော့စ်မင်း** ၂၄၀
စည်းစိမ်ဥစ္စာအစစ်သည် အထည်ဒြပ်မဟုတ်ပါ ၂၄၁
–။ **မူရင်းစာရေးသူ၏ ကိုယ်ရေးအကျဉ်း** ၂၄၂


## မူရင်းစာရေးသူ၏ နိဒါန်း

ဘုရင်များ၊ မိဖုရားများ၊ သမ္မတများ၊ နိုဘယ်ဆုရ ပုဂ္ဂိုလ်ကြီးများ၊ ကုမ္ပဏီဥက္ကဋ္ဌများ၊ အမျိုးသမီးဥက္ကဋ္ဌများ၊ စီမံခန့်ခွဲရေး အရာရှိချုပ်များနှင့် ကမ္ဘာ့ ခေါင်းဆောင်ကြီးများတွင် တူညီသော ဆန္ဒတစ်ရပ်ရှိသည်။ မိမိတို့ထက် အသက်အရွယ် ပျိုမျစ်သော နွယ်ဆက်အတွက် မိမိတို့ လုပ်ကိုင် အောင်မြင်လာခဲ့သမျှတို့ကို လက်ဆင့်ကမ်းပေးပြီး အသုံးပြုစေလိုခြင်းပင် ဖြစ်သည်။

စက်မှုလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ပရဟိတလုပ်ငန်း၊ အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းနှင့် ပညာရေးလုပ်ငန်းများတွင် မိမိတို့ လုပ်ကိုင်အောင်မြင်ခဲ့ပြီဟု ခံစားထားမိသမျှ ကုသိုလ်ကောင်းမှုများအတွက် အောက်မေ့သတိရစေလိုကြသည်။

သူတို့သည် နိုင်ငံရေး သို့မဟုတ် စီးပွားရေး သို့မဟုတ် နေပုံ ထိုင်ပုံတို့နှင့် ပတ်သက်၍ သဘောထား ကိုက်ညီချင်မှ ကိုက်ညီကြလိမ့်မည်။ သို့ရာတွင် လူ့သမိုင်း၌ မိမိတို့ အပ်နှင်းခဲ့သော အမွေအနှစ်များနှင့် စပ်လျဉ်း၍ အပြုသဘောဘက်မှ ကြည့်မြင်ရေးထိုးကြစေလိုသည်။

အချို့သော ပုဂ္ဂိုလ်ကြီးများအနေဖြင့် ဓနငွေကြေးများ ချန်ထားခဲ့သည်။ အခြားသူများက စိတ်ကူးအကြံဉာဏ်များကို ထားရစ်သည်။ အများစုက ငွေကြေးရော စိတ်ကူးဉာဏ်ပါ ထားရစ်တတ်သည်။ သို့ရာတွင် ပုဂ္ဂိုလ်အများစုက ငယ်ရွယ်သူများအနေဖြင့် မိမိတို့ လူကြီးများ၏ အောင်မြင်ခဲ့မှုများသာမက ရှုံးနိမ့်ပျက်စီးခဲ့ရမှုများမှ စိတ်အားထက်သန်မှုများကို လေ့လာသင်ယူကြစေလိုသည်။

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦးသည် ကာလ အသက်အရွယ် ကြီးမားလာမှုကြောင့် ပညာရှိကြီးတစ်ပါး ဖြစ်လာသည်။ သို့ရာတွင် မိမိဆည်းပူး လေ့လာခဲ့သမျှ တစ်လုံးတစ်ပါဒမှ ဖွင့်ဟ အသိမပေးလျှင် မည်သို့ အကျိုးဖြစ်ထွန်းပါမည်နည်း။

ဤစာမျက်နှာများပေါ်မှ ခေါင်းဆောင်ကြီးများသည် တကယ်ပင် ရှိခဲ့ လုပ်ခဲ့ဖူးကြ၏။ ယခု မိမိတို့၏ အတွေ့အကြုံများကို ဘဝရည်မှန်းချက် ကြီးမားပြီး သဘောထားပြည့်ဝသူ၊ ဘဝ၌ တစ်စုံတစ်ခု ပြုလို ဖြစ်လိုသူများအတွက် အဖိုးထိုက်ရတနာတစ်ရပ်အဖြစ် ပေးအပ်ထားပါသည်။

ဤစာအုပ်တွင် စကားလုံး အချို့ဖြင့် သိမြင် နှံ့စပ်သူ ခေါင်းဆောင်ကြီးများစွာက အမြော်အမြင် ကြီးမားသူထံသို့ ပေးအပ်ထားခြင်း ဖြစ်ပါသည်။ သဘောချင်း တိုက်ဆိုင်လျှင် သုံးပါ။ မတိုက်ဆိုင်သော် ပယ်ပါ။ သို့ရာတွင် တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် မိမိကိုယ်ပိုင် အချက်အလက်များအဖြစ် ရယူထားပါ။ ဘဝတွင် ဦးဆောင်ဦးရွက်လုပ်နိုင်အောင် အသုံးပြုပါ။ အနာဂတ်တွင် ဤ စာအုပ်ပါ ခေါင်းဆောင်ကြီးများကဲ့သို့ တစ်ဦးအပါအဝင်ဖြစ်လာအောင် ကြိုးစားကျင့်ကြံပါ။

ဘာကြောင့် မယူနိုင်၊ မသုံးနိုင်၊ မကျင့်ကြံနိုင်ရပါမည်နည်း။

**ဟင်နရီ ဒေါမန်**
*Leaders* **မဂ္ဂဇင်း ဥက္ကဋ္ဌ နှင့် အယ်ဒီတာချုပ်**

# အကြီးမြတ်ဆုံး နှင့် စတင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

*Muhammad Ali*

# မိုဟာမက် အလီ

## ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံဟောင်း

ဆေးမတွေ့နိုင်သေးသော ရောဂါဝေဒနာကို ခံစားနေရလင့်ကစား မိုဟာမက်အလီ (Muhammad Ali) သည် ဤစာကို ကိုယ်တိုင် ရေးသားခဲ့သည်။ စကားလုံးများ စီကုံးခဲ့သည်။ အထူးဂရုပြုလျက် ထိုးမြဲလက်မှတ် ထိုးပေးခဲ့သည်။ အကြီးကျယ်ဆုံး (The Greatest) ဘွဲ့ခံ မိုဟာမက်အလီသည် မိမိ၏နှလုံးသားထဲမှ ဩဝါဒအဆိုအမိန့်များကို ပွင့်ပွင့်လင်းလင်း ပေးအပ်ခဲ့သည်။ **'မည်သည့်အခါမျှ အရှုံးမပေးပါနှင့်၊ ပျော်ပျော်နေနိုင်ရန် ကြိုးစားပါ၊ အခြားသူနှင့် ဆက်သွယ်ဆောင်ရွက်ပါ၊ မိမိမှန်သည်ဟု ယုံကြည်ထားသမျှ လုပ်ကိုင်ဆောင်ရွက်ပါ'**

---

မြေကမ္ဘာပေါ်တွင် အသိအမှတ်ပြုခံရဆုံး ပုဂ္ဂိုလ်အဖြစ် ဆက်လက် ရပ်တည်နေနိုင်ဆဲ မိုဟာမက်အလီသည် ၁၉၆၀ ပြည့်နှစ် ရောမအိုလံပစ်မှ ရွှေတံဆိပ်ဆုရှင်တစ်ဦးအဖြစ် မြင်ကွင်းအတွင်းသို့ ထိုးဖောက် ရောက်ရှိလာခဲ့သည်။ *GQ* မဂ္ဂဇင်းက Athlete of the Century ဘွဲ့၊ *Sport Illustrated* က Sportsman of the 20th Century ဘွဲ့၊ BBC က Sports Personality of the Century ဘွဲ့တို့ကို အမည်သတ်မှတ်ပေးအပ်ခဲ့သည်။ မိုဟာမက်အလီသည် သည်းခံခြင်း၊ နားလည်မှုရှိခြင်း တို့အတွက် ထောက်ခံအားပေးပြီး စားနပ်ရိက္ခာပြတ်လတ်ငတ်မွတ်နေသူတို့အား အစာရေစာကျွေးမွေးကာ ဆင်းရဲချို့တဲ့သော ကလေးသူငယ်များအား စောင့်ရှောက်ကူညီလျက် ကမ္ဘာလောကကြီးတစ်ခုလုံး လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သော နေရာဒေသကြီးတစ်ခုအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားစေရန် စွမ်းအားကုန် မြှုပ်နှံဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၀၅ ခုနှစ်တွင် United States' Presidential Medal of Freedom ဆု ချီးမြှင့်ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com


Dr. Martin Luther King, Jr. once said, "The time is always *right to do what is right.*" I think most people would agree with that. The tricky part, of course, is knowing "what is right." I wouldn't try to tell others how to decide important matters, but I will share with you how I try to work them out.

I have always been interested in what is going on around me. I listened, observed, and read, taking the ideas and information that made sense to me and adapting and adopting them for my life. I worked hard and then worked some more, trying to be the best that I could possibly be at what I was doing. I learned that tough times are a part of our journey in this life, but that challenges make life interesting. Even though it can be painful and frightening at the time, the greater the obstacle, the more glorious the moment of success. I decided not to close the door of opportunity on myself just because I wasn't sure I could do something. Even when I didn't get all the way to my goal, I found that when I tried as hard as I could, I was much further along than I otherwise would have been. And I found that the journey itself was a great adventure.

It is also important to have fun. I enjoyed my life. No matter where I was or what I was doing, I took the positive from the experience and lived in the moment, connecting with the people around me—whoever they were. I tried to make people feel good about themselves and to make them laugh, if I could.

Most of all, I believed in God and the wisdom He has for what my life should be.

Using all of these lessons as my guiding principles, not how much money or power and control over others I could command, I made the decisions I believed in my heart at the time were right. I accepted the consequences of my choices. For me doing "what is right" is everything.



www.burmeseclassic.com

www.burmeseclassic.com

## အခက်အခဲ အတားအဆီး ပိုမိုကြီးမားလေ
## အောင်မြင်မှုကာလ ပိုမိုထွန်းတောက်လေ

မာတင်လူသာကင်း (အငယ်)က တစ်ကြိမ်တစ်ခါတွင် 'မှန်ကန်ရာကိုလုပ်ကိုင်ရန် အချိန်သည် အမြဲ မှန်ကန်နေတတ်သည်' ဟု ပြောဖူးပါသည်။ ထိုစကားနှင့် ပတ်သက်၍ အများစုနှင့် သဘောထားကိုက်ညီနေလိမ့်မည်ဟု ထင်မှတ်မိပါသည်။ အမှန်ဆိုရလျှင် သိမ်မွေ့သလောက် ခဲရာခဲဆစ်နိုင်လှသော အစိတ်အပိုင်း ရှိနေပါသည်။ မည်သည့်အရာသည် မှန်ကန်မှုရှိသည်ဟု သိနားလည်တတ်ရေး ဖြစ်သည်။ အရေးကြီးသောကိစ္စများကို မည်သို့မည်ပုံ ဆုံးဖြတ်ပါဟု အခြားသူများ အားပြောပြရန် ကြိုးစားမည်မဟုတ်ပါ။ ထိုသို့ အရေးကြီးသော ကိစ္စများကို ကျွန်ုပ် မည်သို့ အဖြေထုတ်ခဲ့ကြောင်း သင်တို့အား မျှဝေ အသိပေးပါမည်။

ကျွန်ုပ်သည် မိမိပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသမျှအပေါ် အမြဲပင် စိတ်ဝင်စားတတ်ပါသည်။ ကျွန်ုပ် နားထောင်ကြည့်သည်။ အကဲခတ်လေ့လာသည်။ တတ်ရှုသည်။ ကျွန်ုပ်အတွက် အဓိပ္ပာယ်ရှိစေမည့် အတွေးအခေါ် ခံယူချက်များနှင့် သတင်းအချက်အလက်များကို ရယူပြီး ဘဝတာတစ်လျှောက် အသုံးပြုရန် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ညှိနှိုင်းပါသည်။ ခံယူ ရယူလိုက်ပါသည်။ ကျွန်ုပ် ကြိုးစားလုပ်ကိုင်ပါသည်။ နောက်ထပ် ပို၍ လုပ်ကိုင်ပါသည်။ ကျွန်ုပ် လုပ်ကိုင်နေမှုနှင့်ပတ်သက်၍ အဖြစ်နိုင်ဆုံး အကောင်းဆုံး ဖြစ်အောင် ကြိုးစားပါသည်။ ခက်ခဲကြမ်းတမ်းသော အချိန်ကာလများသည် ဤဘဝတာ ကျွန်ုပ်တို့၏ ခရီးရှည် အစိတ်အပိုင်းတစ်ရပ် ဖြစ်ကြောင်း လေ့လာသိရှိထားပါသည်။ သို့ရာတွင် အဆိုပါ စိန်ခေါ်မှုများသည် ဘဝကို စိတ်ဝင်စားစေ နိုင်ပါသည်။ ထိုအချိန်ကာလမျိုးများတွင် နာကျင်ထိခိုက်စေနိုင်သည်။ စိုးရိမ် ကြောက်ရွံ့ နေစေနိုင်သည်။ အခက်အခဲ အတားအဆီး ပိုမို ကြီးမားလေ အောင်မြင်မှုကာလ ပိုမို ထွန်းတောက်လေ ဖြစ်ပါ သည်။ ကျွန်ုပ် တစ်စုံတစ်ခုကို လုပ်နိုင်မည်ဟု မသေချာမှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်အတွက် ဖွင့်ပေးလိုက်သော အခွင့်အလမ်း တံခါးကြီးကို ပိတ်ပစ်ခြင်းမပြုရန် ဆုံးဖြတ်ထား ခဲ့ပါသည်။ ကျွန်ုပ် ရည်မှန်းထားသမျှ ပန်းတိုင်သို့ ရောက်နိုင်သော အခါ၌ပင်လျှင် ကျွန်ုပ် ပိုမိုကြိုးစား လုပ်ကိုင်နိုင်သည်နှင့်အမျှ ကျွန်ုပ် ရောက်နိုင်သည့် အတိုင်း အတာထက် ပိုမို ဝေးဝေး ခရီးရောက်နိုင်ကြောင်း တွေ့ရပါသည်။ ထို့ပြင် ခရီးရှည်ကြီး ကိုယ်တိုင်ပင် ဧရာမ စွန့်စားခန်းကြီးတစ်ခုဖြစ်ကြောင်း တွေ့ခဲ့ရပါသည်။

ပျော်ပျော်နေတတ်ရန်လည်း အရေးကြီးပါသည်။ ကျွန်ုပ်သည် မိမိဘဝကို မိမိ သဘောကျ နှစ်ခြိုက်ပါသည်။ ကျွန်ုပ် မည်သည့် အနေအထားသို့ ရောက်နေပါစေ၊ ကျွန်ုပ် မည်သည့်အရာကို လုပ်ကိုင်နေသည်ဖြစ်စေ အတွေ့အကြုံမှ အပြုသဘောဖြစ်မှုကို ရယူခဲ့ပါသည်။ မိမိ ပတ်ဝန်းကျင်ရှိ မည်သူတို့နှင့်မဆို ပေါင်းသင်းဆက်ဆံပြီး ထိုကာလနှင့် လိုက်လျောညီထွေ နေထိုင်ခဲ့ပါသည်။ လူများ အနေဖြင့် သူတို့ကိုယ်ကို သူတို့ အကောင်းမြင်စေ၊ ဖြစ်စေချင်ပါသည်။ ကျွန်ုပ် တတ်စွမ်းသမျှ သူတို့ ရယ်မောပျော်ရွှင်နေအောင် ကြိုးစားခဲ့ပါသည်။

အဓိကအားဖြင့် ကျွန်ုပ်သည် ဘုရားသခင်ကိုယ်တိုင်နှင့် ကျွန်ုပ်၏ ဘဝ ဖြစ်စေချင်သမျှ အမြော်အမြင်ကြီးမားမှုတွင် သက်ဝင် ယုံကြည်မှုရှိခဲ့ပါသည်။

ကျွန်ုပ်အနေဖြင့် ငွေကြေးမည်မျှပင် ချမ်းသာချမ်းသာ၊ တန်ခိုးအာဏာ မည်မျှပင် ကြီးမားကြီးမား သူတစ်ပါးအပေါ် မည်မျှပင် ထိန်းချုပ်နိုင် ထိန်းချုပ်နိုင် အရေးမကြီး၊ အထက်ပါ သင်ခန်းစာအားလုံးကို ကျွန်ုပ်အတွက် အခြေခံ လမ်းညွှန်ချက် သဘောထားအဖြစ် ခံယူလျက် ကျွန်ုပ်၏ နှလုံးသားထဲမှ မှန်ကန်သည်ဟု ယုံကြည်လိုက်သောအချိန်တွင် ဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်ခဲ့ပါသည်။ ကျွန်ုပ်ရွေးချယ်ခဲ့မှုများ၏ နောက်ဆက်တွဲအကျိုးတရားများကိုလည်း ကြည်ဖြူစွာ လက်ခံခဲ့ပါသည်။ ကျွန်ုပ်အတွက် 'မှန်သည်ဟု ယုံကြည်မှုဖြင့်' လုပ်ဆောင်ခဲ့မှုများသည် အရာရာနှင့် အကျုံးဝင်ပါသည်။

●



# အကောင်းဘက်မှ ကြည့်မြင်တတ်မှု
# စိန်ခေါ်မှုများအပေါ် ကျော်လွှားခြင်း

www.burmeseclassic.com

www.burmeseclassic.com

*Vahid Alaghband*

ဗဟစ် အယ်လာဂါဘင်

ဥက္ကဋ္ဌ၊ ဘယ်လီ ကလော့ကနား သံမဏိလုပ်ငန်းကုမ္ပဏီ

ဗဟစ် အယ်လာဂါဘင် (Vahid Alaghband) သည် လန်ဒန်မြို့၌ ဌာနချုပ် ဖွင့်လျက် လုပ်ကိုင်အောင်မြင်နေသူ နိုင်ငံခြားသားတစ်ဦးဖြစ်သည်။ တစ်ကမ္ဘာလုံး ဆက်သွယ်လုပ်ကိုင်နေသော သူ့ကုမ္ပဏီသည် ဓာတ်သတ္တုများနှင့်ပတ်သက်၍ အကြီးမားဆုံး ရောင်းဝယ် လုပ်ဆောင်နေသော ကုမ္ပဏီများအနက် တစ်ခု ဖြစ်သည်။ သူသည် အခါအခွင့်ကို အမြဲစောင့်ကြည့်နေတတ်ပြီး အဖြစ်နိုင်ဆုံး အခြေအနေသို့ ရောက်လာသည်နှင့် မိမိရရ အသာစီးယူတတ်သည်။ ဤစာတွင် ကောင်းကျိုးမပြု အခြေအနေဆိုးများနှင့် ရင်ဆိုင်ရသည့်အခါ မိမိ၏ ခဲရာခဲဆစ်ပြဿနာများကို တစ်မူဆန်းသစ်သော ရှုထောင့်မှ ရှုမြင်ပြီး မိမိ၏ ပင်ကို တန်ဖိုးနည်းစနစ်ကို အမြဲ အသုံးချ ဖြေရှင်းခြင်းဖြင့် အကောင်းမြင်ယုံကြည်တတ်မှု ပေါ်လွင်စေနိုင်ကြောင်း ဆွေးနွေးထားသည်။

---

ဗဟစ် အယ်လာဂါဘင်သည် Balli Klockner သံမဏိနှင့် သံမဏိ ကုန်ပစ္စည်းများအုပ်စု ထိပ်တန်းကုမ္ပဏီကြီးကို စတင်တည်ထောင်သူနှင့် ချယ်ယာမင် ဖြစ်သည်။ British Institute of Directors, Confederation of British Industry, World Economic Forum Davos တို့တွင် အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ ဗြိတိသျှ ပြတိုက်ကြီးအတွက် ကူညီထောက်ပံ့သူ၊ Iran Heritage Foundation စတင်တည်ထောင် ရာတွင် ပါဝင်ခဲ့သူ၊ ပံ့ပိုးကူညီသူ၊ Cornell University Council အဖွဲ့ဝင် Pauline Foundation အကြံပေး ဘုတ်အဖွဲ့ဝင်လည်း ဖြစ်သည်။



## ထိုငွေရောင်အနားကွပ်ကို ဖွေရှာပါ

ကျွန်ုပ်၏ စဉ်းစားဉာဏ်အရ လူတို့သည် တိမ်တိုက်၏ ငွေရောင်အနားကွပ်ကို ရှာဖွေသင့်ပါသည်။ ထို့ကြောင့် တစ်စုံ တစ်ယောက်သည် အခြားတစ်ယောက် အနေဖြင့် နံနက်ဆယ်နာရီတွင် ကပ်ဆိုက်မှု (disaster) ဟု သတ်မှတ်လိုက်မိသည့်အရာ တစ်ခုကို မိမိအတွက် ညနေ ငါးနာရီအချိန်တွင် ဖြစ်ထွန်းလာနိုင်ဖွယ် အလားအလာ အခွင့်အလမ်းကောင်း တစ်ရပ် အဖြစ် ကြည့်တတ် ရမည်။ စိန်ခေါ်မှုမှာ ပြဿနာပတ်လည်တွင် ၁၈၀ ဒီဂရီအထိ ရောက်အောင် ရွှေ့နိုင်ပြီး ငွေရောင်အနားကွပ်ကို ရှာကြည့်ရေးဖြစ်သည်။ ကျွန်ုပ်၏ဘဝတွင် ကောင်းကျိုးမပြု အခြေအနေဆိုးများထဲမှ ကျော်နင်းလွတ်မြောက်သွားတိုင်း ကျွန်ုပ်အတွက် အမြဲပင် ပိုမိုအားကောင်းလာတတ်သည်။ ထိုငွေရောင်အနားကွပ်ကို ရှာဖွေတွေ့ရှိခဲ့သောကြောင့် ဖြစ်သည်။

အခြားသော အချက်တစ်ချက်မှာ မိမိသည် အကောင်းဘက်မှလည်း ကြည့်တတ်ရမည်။ ဘဝတွင် အသာကလေး ရယူလိုက်နိုင်သော အခွင့်အလမ်းများဖြင့် ပြည့်နှက်နေသောကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အရာရာအပေါ် အကောင်းမမြင် တတ်လောက်အောင် ဟန်ပန် ပိုနေတတ်သည်။ သို့ရာတွင် စိန်ခေါ်မှုတိုင်း၊ ပြဿနာတိုင်းတွင် အဖြေတစ်ရပ်နှင့် အခွင့်အလမ်းတစ်ရပ် ရှိနေစမြဲပင်။

ဘဝတွင် ငွေကြေးချမ်းသာမှုနှင့် အောင်မြင်မှုရရှိရေးအတွက် လွယ်ကူသောနည်းလမ်း မတွေ့မိပါ။ ကျွန်ုပ်နှင့် သိကျွမ်းသူအများစုသည် အောင်မြင်နေကြသည်။ အများစုသည် ကျွန်ုပ်အောင်မြင်နေသည်ထက် ပို၍ ပို၍ အောင်မြင်နေကြသည်။ အလုပ် ကြိုးစား၍ အောင်မြင်ကြသည်။ မှန်ကန်သော အတွေးအခေါ်ရှိ၍ အောင်မြင်ကြသည်။ စာအုပ်ထဲတွင် ပါရှိညွှန်ကြားသည့်အတိုင်း လိုက်နာ



www.burmeseclassic.com

www.burmeseclassic.com

ကျင့်သုံး၍ အောင်မြင်ကြသည်။ မျက်မှောက်ကာလ စက်မှုနှင့် ငွေကြေး လုပ်ငန်း ဦးဆောင်နေသူ နွယ်ဆက်တို့ အောင်မြင် ကြီးပွားသွားစေသည့် အခြေခံ တန်ဖိုး များကို လိုက်နာကျင့်သုံးနိုင်ခဲ့လျှင် အနာဂတ်နွယ်ဆက်လည်း အဆိုပါ တန်ဖိုး များကို အသုံးပြုကြဖွယ်ရှိသည်။ ပိုမိုပြည့်စုံကောင်းမွန်သော လက်နက် တန်ဆာ ပလာ ပိုင်ဆိုင်လာဖွယ်ရှိသည်။ အတိတ်ကာလထက် ပိုမိုအောင်မြင် ကြီးပွားနိုင် မည့် အနာဂတ်ကာလတစ်ခုကိုလည်း ဆောက်ကြဉ်းနိုင်ကြဖွယ် ရှိပေသည်။

●



*T. Boone Pickens*

## တီ ဘွန်း ပစ်ကင်းစ်

### ဘုတ်အဖွဲ့ ချယ်ယာမင်နှင့် ဘီပီ ရေနံလုပ်ငန်း အမှုဆောင်အရာရှိချုပ်

အသက်ကြီးရင့်လာချိန်အထိ တက္ကဆက်ပြည်နယ်မှ စွမ်းအားရှင်ဖြစ်သော တီ ဘွန်း ပစ်ကင်းစ် T. Boone Pickens သည် အနာဂတ်ကာလ ရေနံဓာတ်ငွေ့နှင့် စွမ်းအင် အခြေအနေတို့နှင့်ပတ်သက်၍ ထင်မြင် အကဲဖြတ်ချက် မှန်ကန်ခဲ့သည်။ သူလည်း ငွေကြေးမြောက်မြားစွာရခဲ့သည်။ သူ၏စာထဲတွင် ပစ်ကင်းစ်က ထိတ်လန့်စဖွယ် စိန်ခေါ်မှုများ ကြုံလာရသည့်တိုင်၊ ဖွဲလုံ့လ အရေးကြီးကြောင်း တင်ပြထားသည်။

---

တီ ဘွန်း ပစ်ကင်းစ်သည် အမေရိကန်ပြည်ထောင်စုအတွင်း အကြီးမားဆုံး ပုဂ္ဂလိက ရေနံကုမ္ပဏီကြီးကို တည်ထောင်ခဲ့သည်။ ထိုကုမ္ပဏီကြီးမှ ထွက်ခဲ့ပြီးနောက် စီးပွားရေး စွန့်စားစွမ်းဆောင်ရှင်တစ်ဦးအဖြစ် ကြီးပွားတိုးတက်သွားခဲ့သည်။ သူ၏ ရှည်လျားလှသော ချီးကျူးဂုဏ်ပြုဖွယ်များစွာအနက် *Financial World* က ၁၉၈၉ ခုနှစ်တွင် 'ဆယ်စုနှစ်အတွင်း အအောင်မြင်ဆုံး အမှုဆောင်အရာရှိချုပ်' ဟူ၍ လည်းကောင်း၊ *Oil & Gas Journal* က 'ရေနံရာစုနှစ်အတွင်း ဩဇာ အရှိဆုံး ပုဂ္ဂိုလ် ၁၀၀' အနက် တစ်ဦး ဟူ၍လည်းကောင်း စာရင်းသွင်း ဖော်ပြခဲ့ သည်။ လုပ်ငန်းသက်တမ်းကာလတစ်လျှောက် ပစ်ကင်းစ်သည် မိမိ အစုရှင်များ သာမက သူ တစ်ပါးအတွက်ပါ ဒေါ်လာသန်းပေါင်း ရာပေါင်းများစွာ ချမ်းသာ သွားစေခဲ့သည်။ မိမိပိုင်ငွေကြေးဥစ္စာများကိုလည်း ဖြန့်ဝေသုံးစွဲရန် မတွန့်တိုခဲ့ပေ။ သူ၏ ပရဟိတလုပ်ငန်း ဆောင်ရွက်ချက်ပမာဏမှာ ဒေါ်လာ သန်း ၆၀၀ ကျော် တန်ဖိုးရှိသည်။ ဆေးဝါး သုတေသန လုပ်ငန်းများ အပြေး အခုန် အားကစား လုပ်ငန်းနှင့် ပညာရေးလုပ်ငန်းစီမံကိန်းများအတွက် အသုံးပြုခဲ့ခြင်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘာတွေပဲ ဆီးကာဆီးကာ အသာကလေးကျော်တက်

နံပါတ် တစ် ရောက်ရာနေရာမှာ ရပ်တည်ပါ။ လွတ်မြောက်နိုင်ဖို့ အဆက်မပြတ် ကြိုးစားကြည့်ပါ။ 'ပစ်ကင်းစ်၊ မင်းက ကျောပေးပြီးတွန်းနေတာ နံရံကြီးကို တွန်းလှဲပစ်တော့မယ့်အတိုင်းပဲ' ဟု တစ်စုံတစ်ယောက်က ပြောဖူးသည်။ ထိုသို့ လာပြောသည်ကို သဘောမကျမိပါ။ သို့ရာတွင် နံရံကြီးပေါ် ကျော်တက်နိုင်ရန် ကြိုးပမ်းနေမှုသည် စိတ် မသက်မသာစရာ မဖြစ်မိပါ။ နံရံကြီးကို ဖြိုလှဲပစ်နိုင်မည်ဟု အမြဲတစေ သိနေပါသည်။

မည်သည့်အရာကမျှ မိမိအပေါ် အနိုင်ရမသွားပါစေနှင့်။ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်းက ကျွန်ုပ်သည် စိတ်ကျမှုဒဏ် အလူးအလဲ ခံစားနေရသည်။ ဤသို့ ဖြစ်လာလိမ့်မည်ဟု မမျှော်မှန်းခဲ့မိပါ။ တကယ်ပင် ဖြစ်လာခဲ့ပါသည်။ သို့ရာတွင် အချိန်ကြာမြင့်စွာ စိတ်ဓာတ်မကျခဲ့ပါ။ ကျွန်ုပ်က အနိုင်ယူနိုင်ခဲ့သည်။ နောက်ထပ်လည်း ဤသို့ဖြစ်မလာတော့ပါ။ ကျွန်ုပ်၏ဘဝတွင် ကိစ္စ အတော်များများကို လမ်းရှင်းပစ်နိုင်ပါသည်။ ထိုသို့သော တစ်စုံတစ်ရာကို ရှာဖွေ၍ မဖော်ထုတ်နိုင်သည့်အခါ ရှေ့ဆက်၍ သွားပါသည်။ ကျွန်ုပ် မဖြေရှင်းနိုင်သော ထိုအခက်အခဲကို ကျော်လွှားနိုင်ရန် အချိန်အကြာကြီး မကြိုးစားခဲ့ပါ။

ငယ်ရွယ်သူများသည် မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချထားသင့်ပါသည်။ အထူးသဖြင့် ဖြေရှင်းကျော်လွှားသွားနိုင်စေရန် ခံနိုင်ရည်ရှိဖွဲ့ များစွာ လိုအပ်သော အခြေအနေတစ်ရပ်သို့ ရောက်သွားရပါက မိမိကိုယ်ကိုမိမိ ပိုမိုယုံကြည် စိတ်ချထားပါ။ ကျွန်ုပ်တွင် အမြဲလိုလိုပင် မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချမှု တစ်ပုံတစ်ပင်ကြီး ရှိနေခဲ့ပါ၏။



*Peter G. Peterson*

## ပီတာ ဂျီ ပီတာဆင်

### ဘလက်ခ်စတုန်း အုပ်စု၊ စီနီယာ ချယ်ယာမင်

ခလေးမန်း ညီနောင်များကုမ္ပဏီ (Lehman Brothers) ချယ်ယာမင်ဟောင်းနှင့် ဘလက်ခ်စတုန်းအုပ်စု (Blackstone Group) စတင်တည်ထောင်သူ တစ်ဦး ဖြစ်သည်။ ပီတာ ဂျီ ပီတာဆင် (Peter G. Peterson) သည် မဟာဘီလျံနာ သူကြွယ်ကြီးဘဝတွင် လုပ်ငန်းများမှ တစ်စိတ်တစ်ဒေသ အနားယူထားသည်။ သူပိုင် ငွေကြေးမနေများကို ထူးချွန်ပညာသင်ဆုများ အသွင်ဖြင့် ဖောင်ဒေးရှင်း ဖွဲ့ကာ အသုံးပြု ကူညီလျက်ရှိသည်။ သူ့မိသားစုအကြောင်းမှတစ်ဆင့် ပီတာဆင်သည် သူ့အား အောင်မြင်စေခဲ့သည့် တန်ဖိုးများနှင့် သင်ခန်းစာများကို ထုတ်ဖော် တင်ပြထားသည်။

---

ပီတာ ဂျီ ပီတာဆင်သည် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုဘဏ် လုပ်ငန်းကုမ္ပဏီ ဖြစ်သည့် Blackstone Group ၏ စီနီယာ ချယ်ယာမင်နှင့် ပူးတွဲ တည်ထောင်သူဖြစ်သည်။ Council on Foreign Relations တည်ထောင်စဉ်က ဥက္ကဋ္ဌ Institute for International Economic (Washington, D.C) တည်ထောင်စဉ်က ချယ်ယာမင် Concord Coalition အုပ်စု တည်ထောင်စဉ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ကွန်းကော့ဒ်အုပ်စုသည် ဘဏ္ဍာရေးအတွက် တာဝန်ယူသည့် နယ်ပယ် တည်ထောင်ရေးအတွက် ရည်စူးဖွဲ့စည်းထားသည်။

ဘလက်ခ်စတုန်းအုပ်စု မတည်ထောင်မီ ပီတာဆင်သည် လေမန်း ညီနောင်များကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ နောက်တွင် Lehman Brothers, Kuhn, Loeb Inc. တွင် ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ် ရာထူးများ ယူခဲ့သည်။ ပီတာဆင်သည် အမေရိကန် ဘဏ္ဍာရေး ဝန်ကြီး အဖြစ်လည်း ထမ်းရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အနာဂတ်အပေါ် စွမ်းစွမ်းသန်သန် ယုံကြည်မှုတစ်ရပ်

ကျွန်ုပ်သည် အခြားနိုင်ငံမှ လာရောက်အခြေစိုက်သူ ဂရိလူမျိုး မိဘနှစ်ပါး၏ သားဦးတစ်ယောက်ဖြစ်ပါသည်။ မျက်မှောက်ကာလကဲ့သို့ ဖျက်လွယ် ချွတ်ယွင်းအားနည်းလွယ်သော စံပြုစရာများ ပြည့်နှက်နေသော ကမ္ဘာကြီးတွင် စံပြုစရာ ပုဂ္ဂိုလ်များ အရာများ၏ ဉပမာပြုဖွယ်ကိစ္စများသည် လှုံ့ဆော်မှု ပေးနိုင်သလောက် ဖျက်မရအောင် စွဲမြဲလျက်ရှိသည်။

ကျွန်ုပ်၏ဖခင် George Petropoulos နှင့် မိခင် Venetia Pavlopoulos တို့သည် အဖော်မပါ တစ်ယောက်ချင်း အမေရိကန်ပြည်ထောင်စုသို့ ဝင်လာကြသည်။ ဆယ်ကျော်သက်အရွယ်များသာဖြစ်ကြသေးသည်။ ဝေးလံခေါင်းပါးလှသော ဂရိနိုင်ငံ ကျေးလက်လယ်တောများရှိ ကျောင်းကလေးများမှ တတိယအဆင့် ပညာအရည်အချင်းကိုယ်စီဖြင့် ရောက်လာကြခြင်းဖြစ်သည်။ သူတို့ခမျာ စိုးရိမ်ကြောက်လန့်မိခဲ့ကြသည်။ သို့ရာတွင် သူတို့၏ဇာတိရပ်ရွာတွင် အခွင့်အလမ်းရဖို့ နည်းပါးလွန်းလှသည်။ အမေရိကန်ပြည်ထောင်စု၏ ကတိစကားက သူတို့အတွက် မျှော်လင့်ချက်နှင့် ယုံကြည်စိတ်ချမှုတို့ကို ဖြည့်တင်းပေးခဲ့သည်။ အမှန်အားဖြင့် အမေရိကန်ပြည်ထောင်စုကြီးသည် အကန့်အသတ်မဲ့နယ်သစ်ဒေသကြီးပင်ဖြစ်သည်။ ထိုနယ်မြေကြီးတွင် စိတ်ကူးဟူသမျှ အကောင်အထည် ပေါ်လာနိုင်သည်။

အခြားလူငယ်များနည်းတူပင် ဂျော့ ပီထရိုပူးလော့ သည် ၁၉၀၂ ခုနှစ် အမေရိကန်မြေပေါ် ခြေချမိသည်နှင့်တစ်ပြိုင်နက် အနောက်ပိုင်းဒေသများဘက်သို့ ဦးတည်ထွက်ခဲ့သည်။ အခြားနိုင်ငံမှ ဝင်ရောက်လာသူ အများစု အတိုင်းပင် အင်္ဂလိပ်စကား မပြောတတ် ပြောတတ်ဖြင့် ပြောဆိုရရှိနိုင်သမျှ အလုပ်ပေါင်းစုံဝင်ရောက်လုပ်ကိုင်သည်။ သူသည် နီဗရာစကားပြည်နယ်ဘက်သို့ ခရီးဆက်သည်။ ထိုပြည်နယ်တွင် အစ်ကိုကြီး နှစ်ခ်ရှိသည်။ Union Pacific Railroad လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ ပီထရိုပူးလော့ ဆိုသော နာမည်ကြီးကို ဖိုမင်ကြီးက ကောင်းကောင်း မခေါ်တတ်။ သို့နှင့် နစ်ခ်က ပီထရိုပူးလော့ (ပီတာ၏သား) ဟူသော အမည်ကို ပီတာဆင်ဟု ပြောင်းပစ်လိုက်သည်။ ကျွန်ုပ်၏ခင်က ထိုသို့ နာမည်သစ်ပြောင်းပေးလိုက်သဖြင့် ကျွန်ုပ်လည်း ပီတာဆင်အဖြစ် မွေးဖွားလာခဲ့ရသည်။ နှစ်ပေါင်းများစွာအကြာတွင် ဖခင်ကြီးက ကျွန်ုပ်တို့၏ အမည်များကို ပြောင်းခဲ့မိသောကြောင့် စိတ်မကောင်းကြောင်း ပြောပြခဲ့သည်။ ရှင်းလင်းသော်လည်း မပြောတတ်ပြောတတ် အင်္ဂလိပ် စကားမျိုးဖြင့် မကြာမကြာ ဖခင်ကြီး ပြောတတ်သည့်စကားမှာ 'ငါတို့ဟာ ဇာတိမျိုးနွယ်ကို ဖျက်မယူတတ်တဲ့လူတွေလို့ အထင်မခံနိုင်ဘူး' ဟူ၍ ဖြစ်သည်။

ဖခင်ကြီးသည် မည်သူမျှ မလိုချင်မလုပ်ချင်သည့် အစေအပါးအလုပ်မျိုးတစ်ခုကို နာရီပေါင်းများစွာ ပုပုလောင်လောင် အိုက်အိုက်စပ်စပ် လုပ်ကိုင်ခဲ့ရသည်။ အငွေ့ တထောင်းထောင်း ကုန်ရထားဂတ်တွဲ စားဖိုခန်းအတွင်း ပန်းကန်ဆေးသူတစ်ယောက် အမျိုးမျိုး ဆေးကြောပေးခဲ့ရသည်။ ဝင်ငွေ အားဖြင့် မကောင်းလှပေ။ သို့ရာတွင် ရသမျှ စုနိုင်ခဲ့သည်။ တတ်နိုင်လျှင် ငွေအချေးအငှား မလုပ်ခဲ့ချေ။ ထောက်သာ၍ ချေးခဲ့ငှားခဲ့ရလျှင်လည်း မိမိ၏ မိသားစုအနာဂတ် ကောင်းစားရေးအတွက်သာ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်တတ်သည်။ 'သားရေ၊ အဖေတို့ ဒီနေ့ နည်းနည်းပဲသုံးပြီး များများစုနိုင်ရင် နောင်ကျရင် ငါတို့မှာ ပိုပိုလျှံလျှံ ဖြစ်လာလိမ့်မယ်ကွ' ဟု ပြောတတ်သည်။

နှေးကွေးလှ၏။ သို့ရာတွင် ပုံမှန်အရှိန်နှုန်းမျိုးဖြင့် ဖခင်ကြီး၏ စုဆောင်းငွေများသည် အထုပ်အထည်ဖြစ်လာသည်။ မကြာခင်အတွင်းမှာပင် နေ့ချင်းညချင်း အသွင်ပြောင်းသွားသည်။ လမ်းမကြီးဘေး ဂရိစားသောက်ဆိုင်တစ်ဆိုင်ရှင်ဖြစ်သွားသည်။ နီဘရာစကာပြည်နယ်၊ ကီယာနီမြို့မှ စင်ထရယ်ကဖေးဖြစ်သည်။ ဆိုင်မှာ အချက်အပြုတ်ကောင်း၍လည်း လူသိများ လူကြိုက်များသည်၊ နှစ်ဆယ့်ငါးနှစ်လုံးလုံး အမြဲအသင့် အမြဲဖွင့်ထားတတ်မှုကြောင့် ပိုမိုအောင်မြင်ခဲ့သည်။ ဆိုင်မှာ တစ်နေ့လျှင် ၂၄ နာရီ ရက်သတ္တပတ်လျှင် ၇ ရက်၊ တစ်နှစ်မှာ ရက်ပေါင်း ၃၆၅ ရက် ဖွင့်ထားခဲ့သည်။ ဆိုခဲ့သော နာရီများ၊ နေ့ရက်များ၊ ရက်သတ္တပတ်များ၊ နှစ်ကာလများ အတော်များများတွင် ဖခင်ကြီးသည် ထိုစားသောက်ဆိုင်ကြီးထဲတွင် ခြေသလုံးတောင့်မတက် လှုပ်ရှားလုပ်ကိုင် ပေးခဲ့သည်။

ကမ္ဘာ့စီးပွားပျက်ကပ်ကြီးဆိုက်လာချိန်တွင် ကျွန်ုပ်မှာ ကလေးသာသာအရွယ်ရှိသေးသည်။ ထိုခေတ်ပျက်ကာလကြီး အတွင်းမှာပင် ဖခင်တို့၏ဆိုင်နောက်ဖေးသို့ ဝင်ရောက် တောင်းတတ်သည့် အလုပ်လက်မဲ့ ဖိုက်ဆိုး



www.burmeseclassic.com

www.burmeseclassic.com

မယ်ကံဆိုးတို့အား အစားအသောက်များ ဝေငှပေးနေတတ်သည်။ တစ်ခါတစ်ရံ တွင် သူ့အတွက် အနည်းအကျဉ်းကလေး ဝင်ကူလုပ်ပေးတတ်ရုံဖြင့်လည်း ပေးတတ် ကျွေးတတ်သည်။ ထိုမြင်ကွင်းများကိုကြည့်ပြီး ကျွန်ုပ်မှာ ဂုဏ်လည်း ယူမိ စိတ်လည်း လှုပ်ရှားခဲ့မိသည်။ ဖခင်ကြီးသည် သူ အသက်မွေး လုပ်ကိုင် စားသောက်လာခဲ့သည့် ကာလတစ်လျှောက်လုံးတွင် သူ ရှာဖွေရသမျှ စည်းစိမ် ဥစ္စာတို့ကို မိသားစုနှင့် ဝေမျှ စားသောက်ခဲ့၏။ သူ့ရပ် သူ့ဝန်းကျင်မှ လူများနှင့် မျှဝေ စားသောက်ခဲ့၏။ ဂရိနိုင်ငံတွင် ကျန်ရစ်ခဲ့သော ကျေးလက်နေ ဆွေမျိုး သားချင်းများနှင့် ဝေမျှစားသောက်ခဲ့၏။ ရပ်ဝေးနေ ညီအစ်ကို မောင်နှမများ အတွက် အိမ်များ ဆောက်ပေးခဲ့သည်။ သူ့ဇာတိ ဗာလီယာရွာကလေး တိုးတက် ဖွံ့ဖြိုးစေခဲ့သည်။ ယခုဆိုလျှင် ရွာလယ်လမ်းမကြီးကို Petropoulos Street ဟုပင် မှည့်ခေါ်ထားကြသည်။ ၁၉၆၃ ခုနှစ်တွင် ဂရိဘုရင် ပေါလ်က ဖခင်ကြီး၏ ပရလုပ်ငန်း ဆောင်ရွက်ခဲ့မှုများအတွက် ပထမရွှေတံဆိပ် ချီးမြှင့်လိုက်သည်။

ဖခင်ကြီးသည် မြေထဲပင်လယ်ဒေသ အမွေခံတစ်ဦး ပီသလှ၏။ စိတ် ထိခိုက် လှုပ်ရှားလွယ်သည်။ God Bless America ဟူသော အမေရိကန် သီချင်း တစ်ပုဒ်တည်းသာ ဆိုတတ်သည်။ ဆိုလျှင်လည်း မျိုးချစ်စိတ်ကြောင့် မျက်ရည် များ ဝဲလာတတ်သည်။ ဖခင်ကြီးအတွက် အမေရိကသည် စီးပွားပျက်ကပ်ကြီး နှင့် ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း အနိဋ္ဌာရုံ သတင်းခေါင်းစဉ်များကိုပင် ကြံ့ကြံ့ခံနိုင်ခဲ့သော အနာဂတ် ယုံကြည်အားထားနိုင်မှုကြီး ဖြစ်သည်။ ဖခင်ကြီး အတွက် အမေရိကသည် မိမိတို့၏ လွတ်လပ်ခွင့်များနှင့် အခွင့်အရေး တန်းတူ ခံစားနိုင်မှုအပေါ် ယုံကြည်စိတ်ချစေခဲ့သည်။ အမေရိကန် တောင်ပိုင်း ပြည်နယ် များအတွင်း ကေသုံးလုံးဂိုဏ်းခေါ် Ku Klux Klan လူဖြူ လျှို့ဝှက်အသင်းများ သောင်းကျန်းပြီး ဖခင်ကြီး၏စားသောက်ဆိုင်ရှေ့တွင် 'ဂရိတွေနဲ့ အတူမစားနဲ့' ဟု စာကပ် ခြောက်လှန့်ခဲ့ချိန်ကပင် ဖခင်ကြီးသည် အမေရိကအပေါ် ယုံကြည် စိတ်ချမှု မပျက်ပြယ်ခဲ့ပေ။ 'ဒီလူတွေက အမေရိကန် လူမျိုး အစစ်တွေ မဟုတ် ဘူးကွယ့်' ဟု ပြောခဲ့သည်။ အချုပ်အားဖြင့် ဖခင်ကြီးသည် တနင်္ဂနွေ နေ့တိုင်း Elrs Club အသင်းသားအဖြစ် အခြား လူမျိုးနွယ် ပေါင်းစုံတို့နှင့် ပိုကာ သွားဆော့ တတ်သည်။

ဤသို့ဖြင့် နှစ်ပေါင်းများစွာ ကုန်ဆုံးသွားခဲ့၏။ တစ်နေ့တွင် ကျွန်ုပ်က 'ကျွန်တော့်ကို သမ္မတနယ်လ်ဆင်က သမ္မတ အိမ်ဖြူတော်မှာ တာဝန်ထမ်းဖို့ ခေါ်တယ် ခံရတယ်' ဟု သတင်းပေးလိုက်သည်။ ဖခင်ကြီးက 'သွားသင့် မသွားသင့် ငြင်းစားမနေနဲ့၊ (ငါတို့ရဲ့) နိုင်ငံအတွက် အမှုထမ်းရမှာ တို့ရဲ့ ဝတ္တရားပဲကွ' ဟု ခေါင်းမတွေ ပြန်ဖြေသည်။ ထို့နောက်ပိုင်းတစ်လျှောက်တွင် လူသစ်များနှင့် တွေ့ဆုံရတိုင်း ထူးထူးခြားခြား နှုတ်ဆက်စကားဖြင့် ကြိုဆိုဧည့်ခံတတ်လာသည်။ 'မင်္ဂလာနံနက်ခင်းပါ၊ ကျုပ်ရဲ့သားက အမေရိကန် အစိုးရအဖွဲ့မှာ ပထမဦးဆုံးနဲ့ တစ်ဦးတည်းသော ဂရိလူမျိုးအရာရှိတစ်ဦးပါပဲ' ဟု ပြောတတ်သည်။ ထိုအချိန် မျိုးတွင် သူနှင့်အတူရှိနေရပါက ကျွန်ုပ်အနေဖြင့် မျက်နှာ ရှုံ့မဲ့သွားမိမည်မှာ သေချာသည်။ ထိုသို့ ဖြစ်သွားလျှင်လည်း သူ ဂရုစိုက်လိမ့်မည် မဟုတ်ပေ။ မိသားစုတစ်ဦးချင်း သို့မဟုတ် အားလုံးအနေဖြင့် ရရှိလာခဲ့သော စွမ်းဆောင်မှု များအတွက် ဖခင်ကြီး၏ ဂုဏ်ယူဝင့်ကြွားတတ်မှုသည် မည်သို့မျှ မချုပ်တည်း အောင့်အည်းနိုင်ခဲ့ပေ။ ယင်းသို့ ဂုဏ်ယူပြောဆို၍ ရရှိလာသော စိတ် ပျော်ရွှင် ချမ်းမြေ့မှုမျိုးသည် အခြား မည်သည်တို့နှင့်မျှ မနှိုင်းယှဉ်သာပေ။

ကျွန်ုပ်ဖခင်ကြီး လုပ်ဆောင်ပြသွားခဲ့သော အတုယူစရာ စံနမူနာသည် ကျွန်ုပ် လက်ရှိဖြစ်ပေါ်နေမှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာခဲ့ပါသည်။ အဆိုပါ အတုယူစရာ စံနမူနာသာမရရှိခဲ့ပါက ကျွန်ုပ်ရရှိခံစားနေရသည့် မည်သည့် ဖြစ်ထွန်း အောင်မြင်မှုမျိုးကိုမျှ ရရှိခံစားနိုင်ဖွယ် မမြင်တော့ပါချေ။

●





www.burmeseclassic.com

www.burmeseclassic.com

*E. Marie McKee*

### အီး မေရီ မက်ကီး

ကော်နင်း အင် ကော်ပိုရိတ်တက်ကုမ္ပဏီ စီနီယာ ဒုတိယဥက္ကဋ္ဌ
စကျူဘင် ဖန်ထည်လုပ်ငန်း ကုမ္ပဏီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

Steuben Glass Work of Art ဖန်ထည်အလှများသည် အစဉ်အလာအရ အမေရိကန်ပြည်ထောင်စုသမ္မတများက ဧည့်သည်တော် နိုင်ငံခေါင်းဆောင်များသို့ လက်ဆောင်ပေးလေ့ရှိသော အနုပညာလက်ရာများဖြစ်သည်။ E.Maric McKee သည် အမေရိကန်ပြည်ထောင်စု၏ ဂုဏ်သိက္ခာ အမြင့်မားဆုံး အကောင်းစား ဖန်ထည်ကုမ္ပဏီနှင့် နယူးယောက်ပြည်နယ် Corning မြို့ရှိ ဖန်ထည်ပြတိုက်တို့အပေါ် ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။ အဆိုပါပြတိုက်တွင် အမေရိကန်ပြည်ထောင်စု၏ တန်ဖိုးအမြင့်ဆုံးဆုရ ဖန်ထည်အနုပညာပစ္စည်းများ အစုအဝေးကြီးနှင့် အခြား ဖန်ထည်လက်ရာ မျိုးစုံကို လှပခမ်းနားစွာ ပြသထားသည်။ မက်ကီးက စူးစမ်းဖော်ထုတ်ခြင်း၊ သင့်မြတ်စွာ ကိုယ်စွမ်းဉာဏ်စွမ်းထုတ်ခြင်းနှင့် မေးမြန်းချင်စိတ် ကြီးမားခြင်းတို့သည် အောင်မြင်ကြီးပွားစေနိုင်သည်ဟု ဤစာထဲတွင် ရှင်းပြထားသည်။

---

အီး မေရီ မက်ကီး Corning Incorporated ကုမ္ပဏီတွင် ဒီဇိုင်း ရေးဆွဲခြင်းနှင့် လူသားအရင်းအမြစ် အဖြစ် မဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းအဆင့်ဆင့်များ၊ ကုမ္ပဏီဖွဲ့စည်းမှု ပြောင်းလဲရေး ကြီးပမ်းမှု လုပ်ငန်းများနှင့်ပတ်သက်၍ အထူးထင်ရှားသည်။ ၁၉၉၈ ခုနှစ်တွင် မက်ကီးသည် Steuben Glass ကုမ္ပဏီ သဘာပတိနှင့် Corning Museum of Glass ပြတိုက် ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ စကျူဘင် ဖန်ထည်လုပ်ငန်း ကုမ္ပဏီသည် အထူးကောင်းမွန် လက်ရာမြောက်သော ဒီဇိုင်းပုံ၊ အသုံးပြုသည့် ပစ္စည်းအမျိုးအစားနှင့် လက်မှုအတတ်ပညာတို့ကြောင့် ကမ္ဘာတွင် ကျော်ကြား လူကြိုက်များလျက် ရှိသည်။



## တံခါးတစ်ချပ်ပိတ်သွားလျှင် နောက်တစ်ချပ်ပွင့်လာ

မိမိ၏ အနာဂတ်အတွက် ရွေးပိုင်ခွင့်များကို စူးစမ်းဖော်ထုတ်နိုင်ရန် မိမိ၏ စွမ်းအားသတ္တိများကို နားလည်ထားပါ။ မိမိကိုယ်ကိုမိမိ ခွင့်ပြုရန်နှင့် အချိန်အတိုင်းအတာတစ်ရပ် ပေးပါ။ စိတ်ကူး အယူအဆသစ်များ၊ လူသစ်များနှင့် စိန်ခေါ်မှုအသစ်များ ထိတွေ့ခဲ့ဖူးခြင်းမရှိသေးလျှင် မိမိကြိုက်သလို ကန့်သတ်ချက်များ ချမှတ်ပါ။ မိမိလုပ်ကိုင်တတ်မှု ကျွမ်းကျင်သောအရာများနှင့် မိမိအား အထူးတလည် စိတ်ဝင်စားစေမည့်အရာများကို ရှာဖွေတွေ့ရှိလိမ့်မည်။ အဆိုပါ စူးစမ်းဖော်ထုတ်မှုမှတစ်ဆင့် မိမိ၏ စိတ်ဇောထက်သန်မှု ပေါ်ထွက်လာလိမ့်မည်။

အခက်အခဲများ ဖြစ်ပေါ်လာချိန်မျိုးတွင် မိမိ အတတ်နိုင်ဆုံး အမှန်တကယ်ပင် အတတ်နိုင်ဆုံး အကောင်းဆုံး ကြိုးစား လုပ်ဆောင်နေသမျှကာလပတ်လုံး ဖြစ်လာသမျှ မိမိနှင့်သာ သက်ဆိုင်သည်။ မိမိ မျှော်မှန်းထားသလိုသာ ဖြစ်လာသည်ဟု မိမိကိုယ်ကို မိမိ စိတ်ချ ယုံကြည်ထားပါစေ။ အကူအညီတောင်းခံခြင်းသည် ပျော့ညံ့အားနည်းမှု လက္ခဏာမဟုတ်ပေ။ ရည်မှန်းချက်တစ်ခု ရရှိအောင်မြင်စေရန် လိုအပ်သောလှုပ်ရှားမှုတစ်ရပ်သာဖြစ်ပါသည်။ မိမိ၏ အမှားလုပ်ဆောင်မိခဲ့မှုများမှ လေ့လာသင်ယူပါ။ လေ့လာတွေ့ရှိမှုများကို ပေါင်းစုလိုက်ပါ။ ရှေ့သို့တိုးပါ။

ဘဝဟူသည်မှာ နှစ်စဉ် လျင်လျင်မြန်မြန် ဖြတ်ကျော်သွားတတ်သော ခရီးရှည်ကြီးတစ်ခုဖြစ်ကြောင်း အမြဲပင် သတိရပါ။

ဘဝတွင် စိတ်ဝင်စားဖွယ် အချိုးများ၊ စိတ်ရှုပ်ထွေးဖွယ် အကွေ့များ အလှည့်အပြောင်းများ ပြည့်နှက်နေသည်။ ကျွန်ုပ်သည် တံခါးတစ်ချပ် ပိတ်သွားလျှင် နောက်တစ်ချပ် ပွင့်လာလိမ့်မည်ဟူသော အယူအဆတွင် သက်ဝင်ယုံကြည်သူဖြစ်ပါသည်။ ဦးခေါင်းကို မော့ထားပါ။ မျက်နှာတွင် ပြုံးပန်းဆင်ထားပါ။ ပွင့်နေသောတံခါးမှ တောက်လျှောက် ဝင်ရောက်သွားပါလေ။

●



www.burmeseclassic.com

www.burmeseclassic.com

# ပြင်လာလာ မလာလာ

www.burmeseclassic.com

*Walter Cronkite*

## ဝေါ်လ်တာ ခရွန်းကိုက်

### သတင်းစာဆရာကြီး

ဝေါ်လ်တာ ခရွန်းကိုက် (Walter Cronkite) သည် နွယ်ဆက်ခေတ် များစွာ အတွင်း လေးစားသမှု အပြုခံရဆုံး သတင်းစာဆရာကြီးတစ်ဦးဟု ဆိုနိုင်ဖွယ်ရှိသည်။ ခရွန်းကိုက်သည် ကြင်နာတတ်၊ ရက်ရောတတ်ပြီး အလွန်လူသားဆန်သော လူတော်လူကောင်းကြီးတစ်ဦးလည်း ဖြစ်သည်။ စာအုပ်စာတမ်းများစွာ ရေးသားခဲ့သည်။ သူတွေ့ဆုံခဲ့ဖူးသော ပုဂ္ဂိုလ်ကျော် ကြီးများ၏ အတွင်းရေးများကိုသာ စာအုပ်များရေးသားခဲ့လျှင် မကြုံစဖူး ထူးထူးကဲကဲ အရောင်းအသွက်ဆုံး စာရင်းဝင်များ ဖြစ်သွားနိုင်သည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်ရေးရာ အတိုအထွာများကို စာအုပ်များတွင် မည်သည့်အခါမှ ထည့်မရေးဟု သန္နိဋ္ဌာန် ပြုထားသည်။ ယခုစာအုပ်တွင်မူ သူပြောနေကျ 'အကောင်းတကာ့ အကောင်းဆုံး ဖြစ်လာအောင် လုပ်ရေးတွင် ဖြတ်လမ်းများ မရှိ' ဟူသော အချက်ကို အလေးအနက်ပြုနိုင်ရေးအတွက် သူ့ဘဝ သူ့အကြောင်း ပုဂ္ဂိုလ်ရေးရာဖြစ်ရပ် အတိုအထွာတစ်ခုကို ဖော်ပြပေးထားသည်။

---

ဝေါ်လ်တာခရွန်းကိုက်သည် Wire Service သတင်းထောက်ဘဝဖြင့် ထူးကဲသော လုပ်ငန်းကိုစတင်ခဲ့သော ရှေ့ဆောင်လမ်းပြ အသံလွှင့်သမားတစ်ဦး ဖြစ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရုပ်သံဌာန သတင်းထောက်အဖြစ် CBS တွင် ဝင်ရောက် လုပ်ကိုင်သည်။ ၁၉၆၂ ခုနှစ်တွင် CBS Evening News တွင် တွေ့ဆုံမေးမြန်းခန်း တင်ဆက်သူအဖြစ် တာဝန်ပေးခံရသည်။ ၁၉၆၃ ခုနှစ်တွင် ရုပ်သံကွန်ရက်ကြီး တွင် ပထမဆုံး သုံးဆယ့်ငါးမိနစ်ကြာမျှ သတင်းကြေညာမှုကို ထုတ်လွှင့်ခဲ့သည်။ ခရွန်းကိုက်သည် သူ့ခေတ်၏ အဓိက အချက်အချာကျလှသော သမ္မတကနေဒီ လုပ်ကြံခံရမှုသတင်း၊ အမေရိကန်လူမည်းများ၏ ပြည်သူများ ရပိုင်ခွင့်ရရှိရေး ချီတက်ပွဲသတင်း၊ ဗီယက်နမ် စစ်ပွဲသတင်း၊ အပိုလို အာကာသယာဉ် လပေါ် ဆင်းသက်မှု သတင်းနှင့် ဝါးတားဂိတ် အရှုပ်တော်ပုံ သတင်းများကို အသံလွှင့်ခဲ့ သည်။ ခရွန်းကိုက်သည် ၁၉၈၁ ခုနှစ်တွင် CBS News သတင်း တင်ဆက်ရေး တာဝန်ခံအဖြစ်မှ နုတ်ထွက်လိုက်သည်။ သတင်းစာနှင့် ရုပ်သံလောက အမြင့်မား ဆုံးဆုများ ချီးမြှင့်ခံခဲ့ရသည်။



## အသင့်ပြင်ထားပါ

ကျွန်ုပ်၏ ဘဝစိန်ခေါ်ပွဲများကို အခြားပုဂ္ဂိုလ်များ၏ ဘဝစိန်ခေါ်မှုများနှင့် နှိုင်းယှဉ်ပြရန် မလွယ်ကူလှပါ။

ကျွန်ုပ်၏ ဘဝစိန်ခေါ်မှုများသည် သတင်းစာ သတင်းထောက်တစ်ဦး အသံလွှင့်ကြေညာသူတစ်ဦး၏ ဘဝအတွေ့အကြုံနှင့် သက်ဆိုင်နေပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ကျွန်ုပ် ရင်ဆိုင်ခဲ့ရမှုသည် နိုင်ငံများစွာ သို့မဟုတ် ကော်ပိုရေးရှင်းကြီးများအတွက် ကံကြမ္မာအပေါ် တည်မှီနေသည်ဟု မဆိုလိုပါ။ ကျွန်ုပ် ဆုံးဖြတ် လုပ်ကိုင်ခဲ့မှုများသည် အစိတ်အပိုင်း အတော်များများတွင် ကျွန်ုပ်ကိုသာ ထိခိုက်စေခဲ့ပါသည်။ ကျွန်ုပ်၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အနာဂတ် သို့မဟုတ် စစ်ဘက်ကာလအတွင်း သောက ဖိစီးခံရသကဲ့သို့ ကျွန်ုပ် အသက်ရှင်သန်ကျန်ရစ်နိုင်ရေးအပေါ် ထိခိုက်စေခဲ့ပါသည်။

ကျွန်ုပ်အသံလွှင့်သမားဘဝ စောစောပိုင်းတွင် အိုကလာဟိုမာ တက္ကသိုလ် ဘောလုံးပွဲများ အသံလွှင့် ကြေညာပေးရန် လာရောက် ငှားရမ်းခံရပါသည်။ အသင်း နှစ်သင်း ဘောလုံးယှဉ်ပြိုင်ကစားရာတွင် ဘယ်အသင်းက ဘယ်သူ ဖြစ်ကြောင်း ခွဲခြားသိရှိနိုင်ရန် မလွယ်လှပါ။ ထို့ကြောင့် ကျွန်ုပ်သည် လူ[illegible] လျှပ်စစ်သုံးကတ်ပြားစနစ် ဖန်တီးလိုက်ပါသည်။ ထိုစနစ်ကြောင့် ခလုတ်[illegible] တစ်ခုကို အသာနှိပ်ပြရုံဖြင့် ထိုသူသည် ဘယ်အသင်းက ဘယ်သူဖြစ်ကြောင်း ဒက်ခနဲ သိနိုင် ပြောနိုင် ပါလိမ့်မည်။

ကျွန်ုပ် စီမံဖန်တီးလိုက်သော ကိရိယာအပေါ် များစွာ ယုံ[illegible] မိပါသည်။ ထိုနေ့က ကျွန်ုပ်သည် သတင်းကြေညာသူအခန်းတွင်း [illegible] တွင် ဝင်ထိုင်လိုက်ပါသည်။ ကျွန်ုပ်နှင့်အတူ အသံလွှင့်ဌာန [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြီးများ နေရာအသီးသီး ယူကြသည်။ စပွန်ဆာများလည်း ရောက်နေကြပါပြီ။ ကျွန်ုပ်ကဲ့သို့သော ဘောလုံးကစားပွဲများကြေညာသည့် လူသစ်ကလေးတစ်ဦး လုပ်ဆောင်ချက်ကို စောင့်ကြည့်အားပေးရန်ဖြစ်ပါသည်။

ပထမပိုင်းပွဲ စပါပြီ။ သူတို့ ကျွန်ုပ်အပေါ် ထားရှိသော ယုံကြည် အားကိုးစိတ်၊ ကျွန်ုပ်ကိုယ်ကျွန်ုပ် ယုံကြည်အားကိုးစိတ်တို့ ပြိုကွဲသွားကြသည်။ ကျွန်ုပ်အား မည်သည့်အသင်းမှ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ခလုတ်နှိပ် သတင်းပေးပို့ သိရှိစေမည့်လူများက ခလုတ်များ မှားနှိပ်မိကြသည်။ သူတို့မှားနှိပ်မှုများကြောင့် အားလုံး အလွဲလွဲအချော်ချော် ဖြစ်ကုန်တော့သည်။ အသံလွှင့်ကြေညာမှု အစီအစဉ် ရစရာမရှိအောင် ပျက်သွားသည်။

အသံလွှင့်ရုံပိုင်ရှင်များ၊ စပွန်ဆာများက ကျွန်ုပ် အပြစ်ဒဏ်ခံရ သင့်သလောက် အရေးမယူခဲ့ကြပါ။ ပို၍ ကြင်နာမှုပြခဲ့သည်။ ကျွန်ုပ်၏စီမံချက် ပြန်လည်ပျိုးထောင်နိုင်ရေးအတွက် အခွင့်အရေး ထပ်ပေးကြသည်။

ခလုတ်နှိပ်ပေးမည့်သူ လူသစ်ရှာသည်။ အခြားအသံလွှင့်ရုံမှ ဝန်ထမ်း တစ်ဦးဖြစ်သည်။ ထိုသူနှင့် ကျွန်ုပ်တို့သည် ဘောလုံးသမားများ၏ နာမည်များ၊ အင်္ကျီနံပါတ်များ၊ အသက်အရွယ်များ၊ ကိုယ်ခန္ဓာထူးခြားချက်များကို အလွတ် ရအောင် ကျက်မှတ်ကြသည်။ လာရောက်ယှဉ်ပြိုင်ကြသော တက္ကသိုလ်များမှ ဘောလုံးသမား သုံးဆယ်၊ လေးဆယ်လောက်၏ နေရင်းဇာတိများကိုလည်း အလွတ်ရအောင်လုပ်ကြသည်။ အိုကလာဟိုမာတက္ကသိုလ် ကစားသမားကိုလည်း ထို့အတူ မှတ်မိနေအောင် ကြိုးစားခဲ့ရသည်။

ကျွန်ုပ်တို့နှစ်ဦးသည် ထိုသို့ မှတ်သားထားချက်များ မှန်မမှန်သိနိုင်ရန် တစ်နေ့လျှင် သုံးနာရီမှ လေးနာရီကြာမျှ လေ့ကျင့်ကြသည်။ တစ်ဦးက ကစားသမား တစ်ဦးစီ၏ အချက်အလက်တစ်ခုခုကို အော်ပြောလိမ့်မည်။ နာမည်ဖြစ်ချင် ဖြစ်မည်။ နံပါတ် ဖြစ်ချင်ဖြစ်မည်။ ထိုအခါ ကျန်တစ်ဦးက ထိုကစားသမားနှင့် ပတ်သက်သည့် အကြောင်းကို ခရေစေ့တွင်းကျ ပြောပြရသည်။

ထိုသို့လျှင် တနင်္လာနေ့ရောက်တိုင်း စိတ်ဝင်စားစရာ စိတ်ပျက်စရာ လုပ်ငန်းကြီးကို စတင်ရသည်။ စနေနေ့ပွဲကျင်းပသည့် အချိန်အထိ ဤပုံအတိုင်း စခန်းသွားရသည်။ ဘောလုံးပွဲရှိသည့် စနေ၊ တနင်္ဂနွေ ရက်အား ပျော်ပွဲ ရွှင်ပွဲ အတော်များများကိုလည်း လက်လွှတ်ခဲ့ရသည်။ သို့ရာတွင် လေ့ကျင့်မှုကြောင့် အကျိုးဖြစ်ထွန်းလာသည်။ ကျွန်ုပ်တို့၏ ဘောလုံးပွဲ အသံလွှင့်ကြေညာချက်များ အားလုံး ကွက်တိ အောင်မြင်သွားခဲ့သည်။



ကျွန်ုပ်၏ အသံလွှင့်သမား[illegible]ပိုင်းသက်တမ်း အစော[illegible]ကြောင့် အဖိုးမဖြတ်နိုင်သော သင်ခန်းစာတစ်ရပ် ရလိုက်ပါသည်။ အမှတ်[illegible]ဘဲ ကင်းထောက်လူငယ် ဘွိုင်းစကောက် ဆောင်ပုဒ်တစ်ခု အမှတ်ရ[illegible]သည်။ 'အသင့်ပြင် ထားပါ' ဟူ၍ ဖြစ်သည်။ ကျွန်ုပ်သည် သတင်းအမျိုးမျိုး [illegible]လံစုံစမ်းရေးသားခဲ့ပါသည်။ ထိုအခါမျိုးတွင် အဆိုပါသတင်းနှင့် ပတ်သက်[illegible] ရနိုင်သမျှ အချက်အလက်၊ နောက်ခံ အနေအထားနှင့် သတင်းတွင် ပါဝင် [illegible]သက်နေသည့် အဓိကပုဂ္ဂိုလ်များ အကြောင်း အသေးစိတ်သုတေသနပြုပြီးမှ [illegible]သည်။ ကျွန်ုပ် စွမ်းအားရှိသလောက်လုပ်ရာတွင် အရေးပါသည့်အဆင့်များ [illegible]ထွက်သွားစေမည့် စီမံချက်များ၊ စက်ကိရိယာပစ္စည်းများကို စီမံ ဆောင်ရွက်[illegible] မပြုတော့ပါ။ ကျွန်ုပ်တွင် ဆောင်ပုဒ်တစ်ခု ရှိနေပါ၏။ 'လုပ်ငန်းများ၊ တာဝန်[illegible] စင်းလုံးချော ပြီးပြည့်စုံအောင် ရှက်ဆောင်မှုတွင် ဖြတ်လမ်း နည်းစနစ်များ [illegible]' ဟူ၍ပင် ဖြစ်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*William Harrison Jr.*

## ဝီလီယံ ဟာရစ်ဆန် ဂျူနီယာ

### ဂျေ ပီ မော်ဂန် ချေ့စ် ကုမ္ပဏီဥက္ကဋ္ဌဟောင်းနှင့် အမှုဆောင်အရာရှိချုပ်ဟောင်း

ဝီလီယံ ဟာရစ်ဆန် ဂျူနီယာ (William Harrison Jr.) ကို ရယူတတ်သူကြီး (Great Acquirer) ဟု လူသိများသည်။ ဘဏ်တိုက်ပေါင်းများစွာကို အချင်းချင်းပေါင်းပေးခဲ့ရာ Chemical Bank ကို Chase၊ ထို့မှတစ်ဖန် JP Morgan ကို Chase အဖြစ်သို့ ပေါင်းစပ်ဖြစ်ပေါ်စေခဲ့သည်။ ဟာရစ်ဆန်သည် အရာရာကို ပေါင်းစပ်ပေးပြီးနောက် ဂုဏ်သရေရှိစွာ အငြိမ်းစားယူခဲ့သည်။ ဤစာထဲတွင် ဟာရစ်ဆန်၏ JP Morgan Chase ဘဏ် ရုံးတွင်းဆောင်ပုဒ် အတွင်းကျကျ အယူအဆနှင့် အဆိုပါ ဘဏ်လုပ်ငန်းစုကြီး၏ ဝန်ထမ်းအားလုံး အောင်မြင်စေခဲ့သော သော့ချက်များကို ချောင်းမြောင်းကြည့်ရှုခွင့် ရစေနိုင်သည်။

---

ဝီလီယံ ဟာရစ်ဆန် ဂျူနီယာသည် ၂၀၀၁ ခုနှစ်တွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် JP Morgan Chase ၏ ဥက္ကဋ္ဌကြီးဖြစ်လာသည်။ Cousins Properties, Inc. နှင့် Merck & Co., Inc. တို့၏ ညွှန်ကြားရေးမှူးတစ်ဦးလည်း ဖြစ်သည်။ Memorial Sloan-Kettering Cancer Center, Board of Director of North Carolina Outward Bound နှင့် Committee to Encourage Corporate Philanthropy တို့၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။



## ခေါင်းဆောင်သူတစ်ဦးဖြစ်ပါစေ

အလုပ်ကို ကြိုးစားလုပ်ကိုင်ပါ။ အရဲစွန့်ဆောင်ရွက်ပါ။ စိတ်ကူးတွေးတောပါ။ လွန်ခဲ့သော သုံးနှစ်ခန့်က ဂျေ ပီ မော်ဂန်အတွက် ဆောင်ပုဒ်တစ်ခု ချမှတ်လုပ်ဆောင်စေခဲ့သည်။ 'ခေါင်းဆောင်တစ်ဦးဖြစ်ပါစေ' ဟူ၍ဖြစ်သည်။ လူတိုင်းကို ခေါင်းဆောင်တစ်ဦး ဖြစ်စေ ချင်ပါသည်။ ပညာရှင်အချို့က လူတိုင်း ခေါင်းဆောင် မဖြစ်နိုင်ဟု ဆိုသည်။ သို့ရာတွင် ကျွန်ုပ်၏အမြင်အရ လူတိုင်း ခေါင်းဆောင်ဖြစ်နိုင်ပါသည်။ ခေါင်းဆောင်တစ်ဦး ဖြစ်လာနိုင်ရန် စဉ်းစားတွေးခေါ်တတ်ရမည်။ အဆိုပါ တွေးခေါ် မြော်မြင်မှုကို အပြုသဘောဆောင်လျက် ဖော်ပြလိုစိတ် ရှိရမည်။ ယင်း တွေးခေါ်မြော်မြင်သိမှုကို တစ်စုံတစ်ခု ပိုမို ကောင်းမွန်လာစေရေးအတွက် အသုံးပြုတတ်ရမည်။ ထိုသို့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူတိုင်း ခေါင်းဆောင်ဖြစ်နိုင်သည်။ ကုမ္ပဏီတစ်ခု၏ ရာထူးအဆင့်ဆင့်တွင် ရာထူး အဆင့် အနိမ့်ဆုံးဝန်ထမ်းသည် အထက်ပါ ဖွင့်ဆိုချက်အတိုင်း ဆောင်ရွက်သင့်သည်။ အမေရိကန်ပြည်ထောင်စုအတွင်း ရာထူး အမြင့်ဆုံး ခေါင်းဆောင်ပင်လျှင် ထိုအချက်များ ပိုမို တိုးတက်လာအောင် ကောင်းမွန်ကျနစွာ လုပ်ဆောင်စေလိုပါသည်။ တွေးခေါ် မြော်မြင်ပါ၊ အပြုသဘောဆောင်လျက် ဖော်ပြပါ၊ အရာရာ ပိုမိုကောင်းမွန်လာရေးအတွက် ပြည်သူများ သူ့နည်းအတိုင်း လိုက်ပါ ကျင့်ကြံ လုပ်ဆောင်ကြပါစေ။

ကျွန်ုပ်အနေဖြင့် ငယ်ရွယ်သူများကို အကြံပေးလိုပါသည်။ အမြော်အမြင်ရှိပါ၊ တစ်စုံတစ်ခု ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်ပါ။ ဤကိစ္စပွဲတွင် ခံနိုင်ရည် ရှိပါ။ အလေးထားပါ။ အရဲစွန့်လုပ်ဆောင်ပါ။ အရဲစွန့်တတ်မှုသည် အလွန်အရေးကြီးသည်။ ထင်ရာစိုင်း စွန့်စားမှုမျိုးမလုပ်သင့်ပေ။ မိမိ အရဲစွန့်လုပ်ဆောင်မှုဟူသမျှသည် မိမိကို ဘဝတိုးတက်စေရမည်။ မိမိသည် မည်သို့သော လူမျိုးဖြစ်ကြောင်း သာဓက ပြနိုင်စေရမည်။

●



www.burmeseclassic.com

www.burmeseclassic.com

သမ္မတကြီးများ၏ အကြံဉာဏ်

www.burmeseclassic.com

www.burmeseclassic.com

*Gerald R. Ford*

## ဂျရယ် အာ ဖို့ဒ်

### သုံးဆယ့်ရှစ်ဦးမြောက် အမေရိကန်ပြည်ထောင်စုသမ္မတ

တာဝန်ထမ်းဆောင်ခဲ့ကြသော သစ္စာအရှိဆုံးနှင့် ကြင်နာစိတ် အကြီးမားဆုံး သမ္မတများအနက် တစ်ဦးဖြစ်သည်။ ဂျရယ် အာ ဖို့ဒ် (Gerald R. Ford) သည် သမ္မဂနစ်ဆင် ရာထူးမှ နုတ်ထွက်ပေးလိုက်ပြီးနောက် မိမိနိုင်ငံကို ကုစားရန် မိမိမှန်သည် ယူဆသမျှ လုပ်ကိုင်ခဲ့သည်။ Leader မဂ္ဂဇင်း အယ်ဒီတာချုပ် ဟင်နရီ ဒေါ်မန်သည် ဖို့ဒ် မကွယ်လွန်မီ တစ်နှစ်မျှအလိုတွင် Palm Springs ရှိ ဖို့ဒ် နေအိမ်သို့ သွားရောက်ခဲ့သည်။ ထိုစဉ်က ဖို့ဒ်သည် ဘောလုံးကစားခဲ့သည့် ဘဝများအကြောင်းနှင့် ဒူးကျိုးသွား၍ ဝမ်းနည်းမိကြောင်း ပြောပြခဲ့သည်။ ဒူးဒဏ်ရာကြောင့် အသက်ကြီးလာသောအခါ လမ်းလျှောက် ခက်လာသည်။

ဖို့ဒ်တွင် ထူးခြားလှသည့် ဟာသဉာဏ်နှင့် နူးညံ့ယဉ်ကျေးမှုတို့ ရှိဆဲပင်။ ထိုအရည်အချင်းများကြောင့်လည်း အမေရိကန်နိုင်ငံကြီး လမ်းကြောင်းပြန်မှန် တည့်မတ်ပေးရန် လိုအပ်နေသည့်ချိန်တွင် အမှုထမ်းခဲ့သည့် အမေရိကန် သမ္မတများအနက် လေးစားမှုအခံရဆုံး သမ္မတတစ်ဦးအဖြစ်သို့ ရောက်ခဲ့သည်။ ထိုသို့သော နူးညံ့ယဉ်ကျေးမှုသဘောသဘာဝကို ဤစာတွင် ပြသလျက် ရှိသည်။ မိမိတို့၏ အတွေးအခေါ် အယူအဆများနှင့် ကွဲပြားခြားနားသည့် အခြားသောပုဂ္ဂိုလ်များအပေါ် လေးစားမှုရှိကြောင်းလည်း ဖော်ပြပါရှိသည်။

ဝါးတားဂိတ်အရှုပ်တော်ပုံ ပေါ်လာပြီးနောက် ဂျရယ် အာ ဖို့ဒ်သည် ၁၉၇၄ ခု ဩဂုတ်လ ၉ ရက်နေ့တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အစိုး အဖွဲ့ကြား ဝင်ရောက် စွက်ဖက်မည့်အလားအလာနှင့် အမေရိကန် အဖွဲ့အစ နှင့် စီးပွားရေး ပြဿနာများကို ငွေကြေးများစွာ သုံးစွဲဖြေရှင်းတော့မည့် အလ အလာတို့ကို ထိန်းချုပ်ဟန့်တားခဲ့သည်။



### ယှဉ်ပြိုင်ဘက်များသာဖြစ်၏၊ ရန်သူများမဟုတ်ချေ

...တား အမြဲတစေ အကောင်းမြင်ဝါဒီတစ်ဦးပင်ဖြစ်၏။ ယခုအထိပင်၊ ...တွင် စိတ်ပျက်လက်ပျက် ဖြစ်ဖွယ်များနှင့် ကြုံခဲ့ရ၏။ ရှုံးနိမ့်မှုများနှင့် ...ခဲ့ရသည်။ ယင်းတို့ကို မေ့ပစ်နိုင်ရန် ကြိုးပမ်းခဲ့မိ၏။ အပြုသဘောဆောင် ...နေအထားကို မွေးကြည့်ခဲ့သည်။ ကျွန်ုပ် အားကစားဘဝတွင် မှားယွင်းမှု ...ကြောင့် ရှုံးနိမ့်ခဲ့ရ၏။ နိုင်ငံရေးလောကတွင်လည်း ထို့အတူပင်။ ပွတ်ကာ သီကာ ... ခဲ့ရ၏။ ထိုအခါမျိုးတွင် ညည်းညူ၍ ဘာမျှ ဖြစ်မလာနိုင်တော့ပေ။ ...ကြောင့် အတိတ်တွင် တရစ်ဝဲဝဲ လုပ်မနေတော့ချေ။ ဆက်လက်လှုပ်ရှားနိုင် ...ဘာ လေ့လာ သင်ယူခဲ့သည်။ ရှေ့ရေးကိုသာ ကြည့်သည်။

အဆိုပါ အခိုက်အတန့် ကာလ အပိုင်းအခြားမျိုးသည် မိမိ၏ဘဝတွင် ...မှု အရေးကြီးလှကြောင်း လေးလေးနက်နက် ပြောမပြတတ်ပေ။ ကိုယ်ကျင့် ...ကောင်းများကို မွေးမြူပါ။ ယခုအချိန်တွင် အမှန်နှင့် အမှား အဓိပ္ပာယ်ကို ...ပါ။ ထိုအခါ ဘဝပုံစံတစ်ခုကို ချမှတ်ပြီး ဖြစ်သွားလိမ့်မည်။ မိမိ၏ ...တစ်လျှောက် ထိုပုံစံအတိုင်း ကျင့်ကြံ လုပ်ဆောင်သွားတတ်လိမ့်မည်။ ဘဝရည်မှန်းချက်ပန်းတိုင်များ ချမှတ်ပါဟု တိုက်တွန်းပါသည်။ မိမိ ...ဆောင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းပါ။ ငယ်ရွယ်နုပျိုစဉ် ဘဝ ... မိမိ ဆည်းပူးရရှိသော အတွေ့အကြုံ၊ အသိတရားနှင့် အတိုင်းအဆမဲ့ ...ကျေးဇူး ဖြစ်ထွန်းလာစေနိုင်သည်။ မိမိ၏ နိုင်ငံတော်နှင့် လူမျိုးအပေါ် ...သက်ရောက် စေနိုင်သည်။

ကျွန်ုပ်သည် ဇနီးဖြစ်သူ မစ္စစ်ဖို့ဒ်နှင့် နီးနီးစပ်စပ် လုပ်ငန်းဆောင်ရွက်ခွင့် ...သည်၊ အရက်သေစာနှင့် မူးယစ်ဆေးဝါး အလွဲသုံးမှု ကုသရေးဆိုင်ရာ ...ဖို့ဒ်စင်တာထူထောင်ရန် ရန်ပုံငွေ ရှာဖွေခဲ့ကြသည်။ အရက်နှင့် မူးယစ် ...ကြောင့် တစ်ဦးတစ်ယောက်၏ဘဝကို ထိခိုက်စေနိုင်ကြောင်း တိုက်ရိုက် ...ခွင့်ရလိုက်သည်။ မမှိတ်ရလျှင် မနေနိုင်မှုဘဝသို့ အသာကလေး သက်ဆင်း ...သည်။ ထို့ကြောင့် သက်တူရွယ်တူ ဂုဏ်ရည်တူအုပ်စုသဘောကို ဖယ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com

လျှောပါနှင့်။ သူတို့လုပ်သလို လိုက် မလုပ်၍ ဘာမျှမဖြစ်နိုင်ပါ။ မိမိကိုယ် မိမိ စရိုက်မှန်မှန်နေစေခြင်းဖြင့် လူဖြစ်ရကျိုးနပ်ပါစေ။

ဘဝဟူသည်မှာ မိမိဘာကိုပင်လုပ်လုပ် အရဲစွန့်ရခြင်းပင်ဖြစ်သည်။ စိန်ခေ မှုများအတွက် ဆက်မလုပ်ဘဲ မနေသင့်ပေ။ သင်သည် ရည်မှန်းချက် တစ်ရပ်သ ရောက်နိုင်စေရန် အသင့်ပြင်ထားပြီး လှုံ့လထုတ် လုပ်ကိုင်နေသူလော။ သင်သည ထူးချွန်မှုဖြင့် အောင်မြင်မှုအတွက် အတော်ပင် ထူးကဲသာလွန်မှု ရှိနေပြီဟု ယုံကြည်မိပါသည်။

အခြေခံ သဘောတရားများစွာ ရှိသည့်အနက် ခေါင်းဆောင်တစ်ဦ အတွက် မည်သည့်အခါ႔မျှ လိုက်လျောလက်ခံနိုင်ဖွယ် မရှိသော အချက်တစ်ရ ရှိနေပါသည်။ မိမိနှင့် အခြေခံသဘောထားချင်း မတိုက်ဆိုင်သူများအပေ လေးစားသမှုပြုခြင်းပင်ဖြစ်သည်။ ကျွန်ုပ်သည် ကွန်ဂရက်နှင့် အိမ်ဖြူတော်တွ တာဝန်ထမ်းဆောင်နေရချိန် ကာလတစ်လျှောက် လူ အတော်များများနှ စိတ်သဘော မတိုက်ဆိုင်မှုများ ရှိခဲ့ပါသည်။ ကျွန်ုပ်သည် ထိုသူတို့၏ စိတ်က အတွေးအခေါ် (Ideas) ကို စုံစမ်းမေးမြန်းကြည့်၏။ သူတို့၏ စေ့ဆော အကြောင်းရင်း (Motives) များကိုမူ မေးမကြည့်ခဲ့ပါ။ သူတို့ နိုင်ငံနှင့် လူမျိုးအပေ မည်မျှချစ်ကြောင်းလည်း မစုံစမ်းခဲ့ပါ။ ကျွန်ုပ်တွင် ယှဉ်ပြိုင်ဘက်များသာ ရှိခဲ့ သည်။ ရန်သူများ မရှိခဲ့ပါ။

ခေါင်းဆောင်ကောင်းများသည် လက်တွေ့ အကျိုးမျှော်ဝါဒီ (Pragmatist) များသာ ဖြစ်သည်။ သူတို့က အရာရာကို လုပ်ကိုင်ပြီးမြောက် သွားစေ ကြသည်။ သူတစ်ပါးအတွက် သင့်တင့်ကောင်းမွန်မှုမှန်သမျှ လုပ်ပေးချင်က သည်။ ကျွန်ုပ်တို့ ခေါင်းဆောင်များ ရွေးချယ်ကြရလျှင် စစ်မှန်ကောင်းမွန် (Authenticity) ကို အတွေးအမြင်သဘောတရား (Ideology) နည်းတူ တန်ဖိ ထားတတ်ရမည်။ အမှန်တရားမှ သွေဖည်သွားမည့်သူ၏ အလှံ့အဆော် အပြေ အဟောကောင်းမှုနောက်သို့ မလိုက်ပါနှင့်။ ပြဿနာတစ်ရပ်ကို အဘက်ဘက် သိမြင်နှံ့စပ်အောင် လုပ်သင့်သည်။ ပါဝင်ပတ်သက်လိုမှု ပြင်းပြနေသင့်သည် အခြေခံအချက်များ၊ ယင်းတို့နှင့် ပတ်သက်သော တုံ့ပြန်ချက်ဂယက်များ အားလုံ ကိုလည်း သိနားလည်ထားသင့်သည်။ အမှန်တရား (Truth) သည် ကော်စေ့နှ တူသည်။ ကျွန်ုပ်တို့၏အစိုးရ မပြိုကွဲအောင်လည်း ဖွဲ့နှောင်ပေးထားသည်။ လူ တိုးတက်မှု (Civilization) ကိုလည်း ပြိုလဲကျဆင်းမသွားအောင် ထိန်းချုပ်ပေ ထားပါ၏။ ကျွန်ုပ်အနေဖြင့် ထိုသို့ပင် သဘောပေါက်နေမိဆဲ ဖြစ်ပါသည်။



## ဂျင်မီကာတာ

### သုံးဆယ့်ကိုးဦးမြောက် အမေရိကန်ပြည်ထောင်စုသမ္မတ

ဂျင်မီကာတာသည် မိမိ၏ စူးရှနက်နဲသော ဘာသာရေးယုံကြည်သက်ဝင်မှု လမ်းပြမှုအတိုင်း ဆောင်ရွက်ခဲ့သူ သမ္မတ တစ်ဦးဖြစ်သည်။ အကြောင်းအရာများသည် နိုင်ငံရေးအရ မှန်သလား မှားသလား ဝေခွဲမရဖြစ်ရချိန်မျိုးတွင် သူ၏ ဘာသာရေး အခြေခံသဘောတရားများက စဉ်းစားဆုံးဖြတ်စေနိုင်ခဲ့သည်။ ဤစာထဲတွင် ဂျင်မီကာတာက ကမ္ဘာလောကကြီးအတွက် အခြေခံ သဘောတရားပေါ် အခြေခံ ကတိပေးထားပြီး အလုပ်ကို တာဝန်ယူလုပ်ဆောင်ရေးမှအစ၊ ဒိတ်ကူးအကြံဉာဏ်သစ်များ အတွေ့အကြုံများ နေရာများနှင့် လူများကို စူးစမ်းဖော်ထုတ်ပေးရေးအထိ တိုးချဲ့ဆောင်ရွက်ပေးကြရန် တိုက်တွန်းတင်ပြထားသည်။

---

၁၉၄၆ ခုနှစ်တွင် ရေတပ် အကယ်ဒမီမှ ဘွဲ့ရပြီး ရေတပ်အရာရှိ တစ်ဦးအဖြစ် ခုနစ်နှစ်တိုင်တိုင် အမှုထမ်းခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ပြည်နယ် နိုင်ငံရေးလောက သို့ ဝင်ရောက်သည်။ ရှစ်နှစ်အကြာတွင် ဂျော်ဂျီယာပြည်နယ် အုပ်ချုပ်ရေးမှူး အဖြစ် ရွေးကောက်ခံရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြည်နယ်အစိုးရ ထိထိရောက်ရောက် လုပ်ဆောင်နိုင်ရေးနှင့် လူမျိုးရေး အသွေးအရောင် ခွဲခြား ဟန့်တားထားမှုများ ဖယ်ရှားရေးလုပ်ငန်းများကို အလေးပေး ရွက်ဆောင်နိုင် ခဲ့သည်။

ဂျင်မီကာတာသည် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန် သမ္မတ လောင်း ယှဉ်ပြိုင်ပွဲသို့ ဝင်ရောက်သည်။ နှစ်နှစ် တိုင်တိုင် လှည့်လည်စည်းရုံး ခဲ့သည်။ နောက်ဆုံး သမ္မတရွေးကောက်ပွဲတွင် သမ္မတ ဂျရယ် အာ ဖို့ဒ်အပေါ် အနိုင်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## နှလုံးသားနှင့် စိတ်ကိုတိုးချဲ့ပါ

အမှတ်ရကြစေရန် အဓိကကျသော အကြောင်းအရာကို ပြောပါမည်။ ဘဝတွင် ဘာလုပ်မည်၊ ဘာလုပ်ပေးမည်ဟု မည်သို့သော အခြေခံ ကတိပေးထားပြီး အလုပ်မှ ရှိပါစေ။ မိမိ၏ အဓိက တာဝန်ခံထားမှုကို အဟန့်အတား မဖြစ်စေသော အထောက်အကူပြုစရာများ၊ အပိုဆောင်းအရာများကို အားထုတ် လုပ်ကိုင်ကြပါ။ သို့ရာတွင် ထိုသို့လုပ်ဆောင်သူတို့သည် မိမိ၏ အဓိက တာဝန်ခံထားမှုကို ပိုမို တိုးမြှင့်ပေးရာရောက်ပါစေ။ ပိုမို တိုးချဲ့လုပ်ဆောင်ရာ ရောက်ပါစေ။ ဤ အချက်များကပင် လူအများနှင့် ဆက်နွယ် လွှမ်းခြုံမိစေမည့် မိမိတို့၏ နှလုံးသားများနှင့် စိတ်များကိုလည်း ကျယ်ပြန့်စေနိုင်သည်။

ဤနည်းဖြင့် ဘဝတွင် ရှုထောင့်အမြင်သစ် ပေါင်းစပ်ပေးနိုင်လိမ့်မည်။ ထို့ကြောင့် အကြောင်းအရာအသစ်များကို စမ်းသပ် လုပ်ကိုင်ကြပါဟု အကြံပေးလိုပါသည်။ မိမိတို့၏ဘဝများကို ကန့်သတ်ချုပ်ချယ်မထားပါနှင့်။ ဘာသာစကား တူပြောတတ်သော၊ သို့မဟုတ် ရုပ်သဏ္ဌာန်ချင်း တူညီသော၊ သို့မဟုတ် လေသံတူ အယူအဆတူသော၊ ကိုးကွယ်မှုချင်းတူသော မိမိလို လူစားမျိုးများဖြင့်သာ စုဝေးဖွဲ့နှောင်ထားသည့် ပိုးအိမ်ကလေးထဲတွင် သီးသီးသန့်သန့်ကြီး ဖြစ်မနေပါစေနှင့်။ စိတ်ကူးသစ် အကြံဉာဏ်သစ်များနှင့် အတွေ့အကြုံသစ်များကို အဆက်မပြတ် စူးစမ်းဖော်ထုတ်ကြပါလေ။

●



*George H. W. Bush*

## ဂျော့ အိပ်ချ် ဒဗလျူ ဘုရှ်

### လေးဆယ့်တစ်ဦးမြောက် အမေရိကန်ပြည်ထောင်စုသမ္မတ

George H. W. Bush သည် အခြေခံ စည်းမျဉ်းသဘောတရားနှင့်အညီ လုပ်ဆောင်တတ်သော အမေရိကန်သမ္မတများအနက် တစ်ဦးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကြီးနှင့် သူချစ်သော မိသားစုကြီးအပေါ် အလေးအနက် ဂရုပြုတတ်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သားဖြစ်သူ လေးဆယ့်သုံးဦးမြောက် သမ္မတကို ဝိုင်းဝန်းဝေဖန်မှုပြုနေကြစဉ်ပင် လေးစားမှု အမြဲ ပြသခဲ့သည်။ ဘုရှ်က မိမိ ပတ်ဝန်းကျင်တွင် ဆက်နွယ်နေသူများ၊ ဆက်နွယ်လုပ်ကိုင်နေမှုများသည် မိမိ၏အောင်မြင်မှု၊ ပျော်ရွှင်မှုတို့အတွက် မရှိမဖြစ် အရေးပါလှကြောင်း ဤစာတွင် ရှင်းပြထားသည်။

---

ဂျော့ အိပ်ချ် ဒဗလျူ ဘုရှ်သည် တက္ကဆက်ပြည်နယ် ကိုယ်စားလှယ် အဖြစ် ကွန်ဂရက်တွင် သက်တမ်းနှစ်ဆက် ထမ်းဆောင်ခဲ့သည်။ အဆင့်မြင့် ရာထူးကြီးများတွင်လည်း ဆက်တိုက် ခန့်အပ်ခံခဲ့ရသည်။ ကုလသမဂ္ဂသံအမတ်၊ ရီပတ်ဘလီကင် အမျိုးသားကော်မတီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန် ဆက်ဆံရေး ရုံးအကြီးအကဲ၊ စီအိုင်အေ ညွှန်ကြားရေးမှူး စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဒုတိယသမ္မတအဖြစ် သက်တမ်းနှစ်ဆက် ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ် အမေရိကန်သမ္မတ ရွေးပွဲတွင် အနိုင်ရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

(၁)ရပ်ကွက်

## လေးဆယ့်တစ်ဦးမြောက် သမ္မတ၏ ဦးစားပေး ၁၀ ချက်

ကျွန်ုပ်၏ဘဝတွင် အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ကို ကွက်၍ ရွေးမပြနိုင်ပါ။ ကျွန်ုပ်တွင် စိန်ခေါ်မှုပေါင်း တစ်ပုံတစ်ပင်ကြီး ရှိခဲ့ဖူးပါသည်။ လူငယ်များအတွက် အောက်ပါအတိုင်း အကြံပေးစကား ပြောလိုက်ပါသည်။

၁။ မိမိ၏ဘဝ အဆိုးဘက် ရောက်သွားရချိန်မျိုးတွင် စိတ်ဓာတ်ကျမသွားပါနှင့်။ အခက်အခဲ ဒုက္ခထဲမှ စိန်ခေါ်မှုနှင့် ရုံဖန်ရံခါ အောင်မြင်မှု ထွက်ပေါ်လာတတ်ပါသည်။

၂။ မိမိလုပ်ကိုင်၍ဖြစ်လာသည့် အနှောင့်အယှက်များ၊ အဟန့်အတားများ နှင့် ပတ်သက်၍ သူတစ်ပါးအပေါ် အပြစ်ပုံမချပါနှင့်။

၃။ အခြေအနေများ ဟန်ကျ အောင်မြင်သွားသောအခါ သူတစ်ပါးကို လည်း အမှတ်ပေး ချီးကျူးပါ။

၄။ တစ်ချိန်တည်း ကိုယ်ကချည်း ဒိုင်ခံစကားမပြောပါနှင့်။ မိတ်ဆွေများ၊ သူငယ်ချင်းများနှင့် ကောင်းရာညွှန်ပြတတ်သူများ ပြောသည့်စကား ကိုလည်း နားထောင်ပါ။ လေ့လာနည်းယူပါ။

၅။ ကိုယ့်ငါးချဉ် ကိုယ်မချဉ်ပါနှင့်။ လေလုံးမထွားပါနှင့်။ သူတစ်ပါးက သင်၏ ကောင်းကွက်များ၊ အားသာချက်များ၊ ထက်မြက်သော အချက် များကို ထုတ်ပြောခွင့် ပေးလိုက်ပါဦး။

၆။ အခြားသူ တစ်ဦးတစ်ယောက်ကို ဖေးမ ကူညီပါ။ မိတ်ဆွေတစ်ဦး စိတ်ထိခိုက်ခံနေရလျှင် မိမိက သူ့ကို ဂရုပြု စောင့်ရှောက်နေကြောင်း ပြသပါ။

၇။ မည်သူကမျှ ချယ်လှယ်ဖိုလ်ကျတတ်သော အဖွဲ့အစည်းအတွင်း အရေးပါ ဩဇာရှိသူကို သဘောမကျတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

GEORGE BUSH

I cannot single out the one greatest challenge in my life. I have had a lot of challenges and my advice to young people might be as follows

1. Don't get down when your life takes a bad turn. Out of adversity comes challenge and often success

2. Don't blame others for your set backs.

3. When things go well, always give credit to others

4. Don't talk all the time. Listen to your friends and mentors and learn from them,

5. Don't brag about yourself. Let others point out your virtues, your strong points.

6. Give someone else a hand. When a friend is hurting show that friend you care.

7. Nobody likes an overbearing big shot

8. As you succeed be kind to people. Thank those who helps you along the way.

9. Don't be afraid to shed a tear when your heart is broken because a friend is hurting

10. Say your prayers!!

George Bush

www.burmeseclassic.com

www.burmeseclassic.com

၈။ မိမိ အောင်မြင်နေလျှင် သူတစ်ပါးအပေါ် ကြင်နာပါ။ ယင်းသို့ အောင်မြင်သွားစေရန် အားပေး ထောက်ခံ ကူညီခဲ့သူများကို ကျေးဇူးတင်စကား ပြောပါ။

၉။ မိတ်ဆွေတစ်ဦး စိတ်ထိခိုက်ခံနေရမှုကြောင့် မိမိအနေဖြင့် နှလုံးကြေကွဲမိ၍ မျက်ရည်ကျရမည်ကို မစိုးရိမ်ပါနှင့်။

၁၀။ ဘုရားရှိခိုး ဆုတောင်းပါ။

●



www.burmeseclassic.com

www.burmeseclassic.com

*George W. Bush*

## ဂျော့ ဒဗလျူ ဘုရှ်

### လေးဆယ့်သုံးဦးမြောက် အမေရိကန်ပြည်ထောင်စုသမ္မတ

လူမကြိုက်၍ မဲ မရမည် အလေးမထားဘဲ အမေရိကန် ပြည်ထောင်စုကြီး အတွက် မှန်သည်ဟု ယူဆမိသမျှ လုပ်ကိုင်ပေးရန် ယုံကြည်ချက်ရှိသူ သမ္မတတစ်ဦး ဖြစ်သည်။ နိုင်ငံ ဘေးကင်းလုံခြုံရေးအတွက် ဂျော့ဘုရှ် ချမှတ် လုပ်ဆောင်ခဲ့သော လုပ်ငန်းအရပ်ရပ်က စက်တင်ဘာလ ၁၁ ရက် တိုက်ခိုက်မှုကြီးအပြီး နောက်ထပ်အကြမ်းဖက်ခံရမည့် အန္တရာယ်မှ ကင်းဝေးလွတ်မြောက်စေခဲ့သည်။ သူ၏ ကောင်းမွေဆိုးမွေကို သမိုင်းက အဆုံးအဖြတ် ပေးလိမ့်မည်။ ချမှတ်လိုက်ချိန်တွင်မူ ဆုံးဖြတ်ချက်များသည် မှန်ကန်သော ဆုံးဖြတ်ချက်များဖြစ်သည်ဟု ယုံကြည်ခဲ့သည်။ ဤစာတွင် ဂျော့ဘုရှ်က မိမိအနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေမည့် အခြေခံ သဘောတရားများ (Principles) ကို ဆုပ်ကိုင်ထားရန်နှင့် ထိုအခြေခံသဘောတရားများ အကောင်အထည်ဖော်ရန် ဝိုင်းဝန်း လုပ်ဆောင်ပေးကြမည့်လူများကို စုရုံးရင်း မိမိ ချမှတ်လိုက်သော ဆုံးဖြတ်ချက်များအတိုင်း ပြီးဆုံးအောင်ဆောင်ရွက်ရန် အကြံပြုထားသည်။

---

သမ္မတအဖြစ် ရွေးကောက်မခံရမီ ဂျော့ ဒဗလျူ ဘုရှ်သည် တက္ကဆက် ပြည်နယ်၏ ၄၆ ဦးမြောက် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် ခြောက်နှစ်ကြာမျှ ဆောင်ရွက်ခဲ့သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူးဘဝတွင် ဂျော့ဘုရှ်သည် နှစ်ပါတီ စနစ် ကျင့်သုံး အောင်မြင်စေမှုအတွက် ကောင်းသတင်း ထွက်ခဲ့သည်။ ထို့ပြင် တာဝန်ယူမှု ကန့်သတ်ချက်ရှိသော အစိုးရဆိုင်ရာ အခြေခံသဘောတရားများ၊ တစ်ဦးချင်းအလိုက် တာဝန်ယူတတ်မှု၊ မိသားစုများ ခိုင်မြဲမှုနှင့် ဒေသန္တရ အာဏာဖြင့် ထိန်းချုပ်မှုတို့အပေါ် အခြေခံသည့် ပြည်သူ့ရေးရာ ပေါ်လစီကို ပေါ်ထွန်းလာစေသော စိတ်ဓာတ်ပြင်းပြင်း ကွန်ဆာဗေးတစ်တစ်ဦးအဖြစ်လည်း ထင်ရှားခဲ့သည်။



## ယုံကြည်သည့်အတိုင်း ပြောဆိုပါ၊ ပြောသည့်အတိုင်း လုပ်ဆောင်ပါ

စက်တင်ဘာ ၁၁ ရက်သည် အလွန်ဗျာများသော ကာလတစ်ခုအတွင်း ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်း ရှိ မရှိ ကျွန်ုပ်အား စမ်းသပ်ခဲ့သည်။ အဆိုပါ ဒုက္ခများ ဝင်လယ်ဝေနေသောကာလတွင် ကျွန်ုပ် မှန်ကန်စွာ ဆုံးဖြတ်နိုင်မှုများ ပြုနိုင် မပြုနိုင် သမိုင်းက အဆုံးအဖြတ် ပေးပေလိမ့်မည်။ သို့ရာတွင် စက်တင်ဘာ ၁၁ ရက်က ပြုလုပ်ခဲ့သည့် အချက်တစ်ရပ်မှာ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာရန် ကျွမ်းကျင်မှုများကို ထက်မြက်စေခဲ့ခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် ကစဉ့်ကလျားဖြစ်မှုများစွာ ဖြစ်ပေါ်နေသောအခါ သို့မဟုတ် ကစဉ့်ကလျား ဖြစ်မှုများဟု ယူဆရသည့် အခြေအနေများပေါ်လာချိန်တွင် အခက်အခဲဆုံး ဆုံးဖြတ်ချက်များကို မဖြစ်မနေ ချမှတ်ရသည်။

ခေါင်းဆောင်တစ်ဦးသည် ကောင်းမွန်သော ပင်ကိုအသိစိတ် (Instincts) များ ရှိရမည်ဟု ယူဆထားပါသည်။ အရေးကြီးလှသည့် ပင်ကိုသိစိတ်တစ်ခုမှာ အခြားသူ တစ်ဦးတစ်ယောက်၏ စရိုက်လက္ခဏာကို အကဲဖြတ်နိုင်စွမ်း ရှိခြင်း ပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်၏ သဘောသဘာဝကို အဆုံးအဖြတ် ပြုနိုင်ခြင်းပင် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် တစ်ခု လုပ်ပေးစရာ ရှိသည်။ ဘဝတွင် မိမိတို့ လုပ်ကိုင်မည်ဟု ဆုံးဖြတ်လိုက်သည့်အတိုင်း ပြည်သူတိုင်း မပျက်မကွက် တာဝန်ယူစိတ် ရှိရမည်။ ဤနိုင်ငံတွင် တာဝန်ယူလုပ်ကိုင်ပေးတတ်သူများ၏ ယဉ်ကျေးမှုဝန်းကျင်က ပြည်သူတို့ အနေဖြင့် မိမိတို့၏ အိမ်နီးချင်းများအပေါ် ချစ်မြတ်နိုး တတ်ရန် တိုက်တွန်းအားပေးတတ်ကြောင်း သိနားလည်ထားသင့်သည်။

ကျွန်ုပ်ကိုလည်း ဤနည်းဤပုံအတိုင်းပင် မိဘဆွေမျိုးအသိုင်းအဝိုင်းက ပြုစုပျိုးထောင်ပေးခဲ့ပါသည်။ အချိန်ပေး လုပ်ဆောင်တတ်ခြင်းသည် မြင့်မြတ်ကြောင်း၊ အရေးကြီးကြောင်း သင်ပေးခဲ့ကြသည်။ ကျွန်ုပ်၏ ခိုင်သွားများ

www.burmeseclassic.com

လည်း အလှူအတန်း အမျိုးမျိုး လုပ်ပေးခဲ့သည်။ စေတနာ့ဝန်ထမ်း အလုပ် အမျိုးမျိုး ဝင်ရောက် လုပ်ဆောင်ပေးခဲ့သည်။ ပြည်သူ့တာဝန် ထမ်းဆောင်ခြင်းထက် ပိုမိုကြီးမားမြင့်မြတ်သော အရေးကိစ္စတစ်ရပ်ကို ပြောဆိုနေခြင်းဖြစ်ပါသည်။ လိုအပ်နေသူတို့အတွက် ကူညီလုပ်ဆောင်ပေးမှု အကြောင်းကို ပြောနေကြခြင်း ဖြစ်ပါသည်။ မပြည့်မစုံ ဖြစ်နေသူများအတွက် အချိန်နှင့် ငွေကြေးပေးအပ်ကူညီခြင်းသည် ကျွန်ုပ်တို့ လူ့ဝန်းကျင်၏ အရေးကြီးသော အစိတ်အပိုင်း တစ်ရပ် ဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်မိပါသည်။

ယခု ဝါရှင်တန်မြို့တော်တွင် မိမိတို့ ဘာကို ယုံကြည်ထားကြောင်းသိနေဖို့ အရေးကြီးသည်။ အခြေခံသဘောထားအပေါ် မူတည်ဆုံးဖြတ်တတ်ဖို့ အရေးကြီးသည်။ သူတစ်ပါး၏ သဘောအမြင် မည်သို့ရှိရှိ စိုးရိမ်ကြောက်ရွံ့မှုမရှိပါနှင့်။ ရာထူး ဌာနန္တရသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထက် ပိုမိုကြီးမားကြောင်း နားလည်မိပါသည်။ ကျွန်ုပ်သည် သမိုင်း၏ အဓိက အစိတ်အပိုင်းတစ်ပိုင်း ဖြစ်နေပါသည်။ ထိုသမိုင်းသည် ကြီးမြတ်လှသည့် သမိုင်းကြီးတစ်ရပ်ဖြစ်သည်ဟု ဖြည့်စွက်ပြောလိုပါသည်။

ဒုတိယအချက်အနေဖြင့် ကျွန်ုပ်သည် လွတ်လပ်မှု (Freedom) နှင့် ပတ်သက်၍ အလေးအနက် ယုံကြည်မှုရှိပါသည်။ လွတ်လပ်မှုသည် ကမ္ဘာကြီးအတွက် အမေရိကန်ပြည်ထောင်စုက ပေးအပ်လိုက်သော လက်ဆောင်မဟုတ်ဟု ယုံကြည်ထားပါသည်။ လွတ်လပ်မှုသည် လူသတ္တဝါတိုင်းအတွက် ဘုရားသခင်၏ လက်ဆောင်မွန်ဟု ယုံကြည်ပါသည်။ လွတ်လပ်သော လူ့ဘောင်သည် ငြိမ်းချမ်းသော လူ့ဘောင် ဖြစ်သည်ဟု ယုံကြည်ပါသည်။ ဤကမ္ဘာကြီးပေါ်ရှိ လူတိုင်းလူတိုင်း၏ အလိုဆန္ဒသည် လွတ်လပ်မှုရှိရမည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်၏ သဘောအရ အဆိုပါအချက်များသည် အမေရိကန်တို့၏ မွေးရာပါ အခြေခံသဘောတရားများ ဖြစ်သည်။ ကျွန်ုပ်သည် အဆိုပါ အခြေခံ သဘောတရားများ၊ ယုံကြည်ထားချက်များအပေါ် အခြေပြုလျက် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

ကျွန်ုပ်သည် ပြည်သူအပေါ် ယုံကြည်အားထားပါ၏။ ပြည်သူအားလုံး ပိုင်ရှင်များဖြစ်စေလိုပါသည်။ ပိုင်ဆိုင်မှု လူ့ဘောင် (Ownership Society) နှင့် ပတ်သက်၍ ကျွန်ုပ် ယုံကြည်မှုရှိသည်။ နေအိမ်များတွင် လူနည်းစု ကွာဟချက်ကို ပိတ်ပစ်ပြီး၊ စီးပွားရေး လုပ်ငန်းကလေးများ ပေါ်ထွန်းလာရန် တိုက်တွန်းအားပေးသင့်သည်ဟု ဆိုလိုပါသည်။



ဖြစ်နိုင်သမျှ နေရာတိုင်းတွင် ဒေသခံ၊ နယ်ခံကသာ ထိန်းချုပ်ထားနိုင်မှုအပေါ် ယုံကြည်ထားပါသည်။ ပြည်သူတို့နှင့် အနီးစပ်ဆုံးအစိုးရသည် ပြုပြင်ပြောင်းလဲရန်လိုအပ်လာပါက ကိစ္စအများစုကို အလွယ်တကူ ပြုပြင်ပြောင်းလဲပေးနိုင်သည်။

ဝါရှင်တန်မြို့တော်တွင် မည်သူတို့၏ ဘဏ္ဍာငွေကြေးကို အသုံးပြုနေပါသနည်း။ ကျွန်ုပ် နားလည်ပါသည်။ အစိုးရ၏ ငွေကြေးများ မဟုတ်ပါ။ ပြည်သူ့ဘဏ္ဍာများသာ ဖြစ်ပါသည်။ အစိုးရ၏ အခန်းကဏ္ဍသည် မနည်းစွာ ဖန်တီးပေးရန် မဟုတ်ပါ။ စီးပွားရေး စွမ်းဆောင်ရှင်တို့ ကြီးပွားတိုးတက်စေမည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးရန်ဖြစ်ပါသည်။ မိသားစုများသည် တည်ငြိမ်သော လူ့ဘောင်လောက၏ ကျောရိုးမဏ္ဍိုင်များ ဖြစ်ကြသည်။ ပြည်သူတို့အတွက် မူဝါဒတွင် အဆိုပါ အချက်အလက်များကို အလေးအနက် ထည့်သွင်း စဉ်းစားရပါမည်။

တစ်နည်းဆိုရလျှင် ကျွန်ုပ်အနေဖြင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အသုံးကျင့်သုံးခဲ့သော အခြေခံသဘောတရားများစွာ ရှိနေပါသည်။ ကျွန်ုပ်အား မွေးစုပျိုးထောင်ပေးခဲ့သည့်နေရာနှင့် ပြုစုပျိုးထောင်ပေးလာခဲ့သူများ၏ ကျေးဇူးကြောင့် ပေါ်ထွက်လာသော အခြေခံသဘောတရားများ ဖြစ်ပါသည်။ ရဲစွမ်းသတ္တိနှင့် တူကောင်းတူနေပါလိမ့်မည်။ ကျွန်ုပ်အတွက်မူ ကျွန်ုပ်၏ဖြစ်တည်မှုသဘာဝ၌ မွေးရာပါဖြစ်လာသော အခြေခံ သဘောတရားများအပေါ် စွဲစွဲမြဲမြဲ ကျင့်သုံးတတ်လာခြင်းသည် ပင်ကိုသဘာဝအတိုင်း ဖြစ်လာပါသည်။

သင်တို့သည် မိမိတို့ယုံကြည်ရာကို ပြောရပါမည်။ ယုံကြည်ချက် အတိုင်းလည်း လုပ်ဆောင်ရပါမည်။ သို့သော် တစ်ခါတစ်ရံ၌ ဝါရှင်တန်မြို့တော်တွင် ထိုသို့ ပြုကျင့်ရန် မလွယ်လှပါ။ မြို့တော်အတွင်းရှိ လူအချို့သည် နိုင်ငံရေးသဘောဆန်နေတတ်သောကြောင့် ဖြစ်သည်။ ဈေးတွက် တွက်နေတတ်သောကြောင့် ဖြစ်သည်။ ငါနိုင်ပြီး သူရှုံးသွားမှာလား သို့မဟုတ် သူက နိုင်သွားပြီး ငါရှုံးသွားမှာလားဟု တွက်ချက်နေကြသည်။ ကျွန်ုပ်၏ တွေးဆပုံအရမူ ထိုသို့မဟုတ်ချေ။ အိမ်ဖြူတော် အိုဗယ်ရုံးခန်းနံရံပေါ်တွင် အေဘရာဟင်လင်ကွန်းပုံ ချိတ်ဆွဲထားပါသည်။ သူသည် အမေရိကန်ပြည်ထောင်စုတွင် အကြီးမြတ်ဆုံး သမ္မတကြီးတစ်ဦးဖြစ်သည်ဟု ယူဆခံထားရသောကြောင့် နံရံပေါ် ချိတ်ဆွဲခံရသည်။ သမ္မတတစ်ဦးဖြစ်လာလျှင် ရောမရည်မှန်းချက်ကြီးများ အောင်မြင်ရေးအတွက် နိုင်ငံကို စည်းလုံးညီညွတ်စေရမည်ဟု သူ သိနားလည်ခဲ့ပါသည်။ ကျွန်ုပ်သည်း နိုင်ငံကြီး စည်းလုံးညီညွတ်သွားရန် အထူး ကြိုးပမ်းခဲ့ပါသည်။ ကမ္ဘာကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံး ငြိမ်းချမ်းမှုရရှိစေရန် ကျွန်ုပ်တို့နိုင်ငံကြီး စည်းလုံး ညီညွတ်နေရမည်။ ထိုသို့သော စည်းလုံးညီညွတ်နေသည့် နိုင်ငံကြီးဖြစ်နေမှ မေတ္တာ ကရုဏာ တရားကြီးမားလှသော အမေရိကန်ပြည်ထောင်စုကြီး ဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် ဝါရှင်တန်ရှိ ဝေဖန်သံများနှင့် နောက်ခံ ဆူသံပူသံများကြားမှ တိုးထွက်ခဲ့ကြစေလိုပါသည်။ ပြည်သူများသို့ တိုက်ရိုက် ပြောကြားကြပါ။ ကျွန်ုပ်တို့က ဘာကြောင့် ဤသို့ဆုံးဖြတ်ခဲ့ရကြောင်း ရှင်းပြကြပါ။ ဤသို့သော ရောမနိုင်ငံတော်ကြီးအတွက် ကောင်းကျိုး ချမ်းသာကြီးများ ဖြစ်ပေါ်လာစေရန် အပြုသဘောဆောင်သော ဘက်မလိုက်သော နည်းလမ်းမျိုးဖြင့် လုပ်ဆောင်ကြစေလိုသည်။

လင်ကွန်းသည် အခက်တကာ့အခက်ဆုံး တာဝန်ကြီးများကို လုပ်ဆောင်သွားခဲ့သည်။ သူ သမ္မတဖြစ်နေရချိန်တွင် ပြည်တွင်း၌ အကြိတ်အနယ် တိုက်ခိုက်လျက် ရှိသည်။ သို့ရာတွင် သူ၏ အတွေးအမြင်ကြီး တစ်ခုလုံးသည် အမေရိကန်ပြည်ထောင်စု၏ အရေးကြီးသော အခြေခံသဘောတရားကြီး အကောင်အထည်ဖော်ရေးအတွက်သာ ရည်မှန်း လုပ်ဆောင်ခဲ့သည်။ ထိုသို့လည်း လုပ်ဆောင်အောင်မြင်ခဲ့ပါသည်။ ကျွန်ုပ်သည် ပြည်သူတို့အား အိုဗယ် ရုံးခန်းထဲရှိ လင်ကွန်းပုံကို ပြသချင်လှပါသည်။ သမ္မတလင်ကွန်း၏ ကျေးဇူးကြောင့် ကျွန်ုပ်သည် အမေရိကန်ပြည်ထောင်စု၏ သမ္မတအဖြစ် ထမ်းရွက်ခွင့် ရနေရပါသည် ဟူသော အချက်ကိုလည်း အမှတ်ရစေချင်လှပါသည်။

●



# အက္ခရာတလုံးများနှင့် ကိန်းဂဏန်းများ

www.burmeseclassic.com

www.burmeseclassic.com

*Sumner Redstone*

## ဆမ်နာ ရက်ဒ်စတုန်း

### ဗီယာကွန်းကုမ္ပဏီ ချယ်ယာမင်

Sumner Redstone သည် မက်ဆာချူးဆက်ပြည်နယ်အတွင်း ရုပ်ရှင်ရုံ အသေးစားကလေးများ အုပ်စုတစ်စု၏ ပိုင်ရှင်တစ်ဦးအဖြစ် လုပ်ငန်း စတင်ခဲ့သည်။ နောက်ဆုံးတွင် Paramount Picture ကုမ္ပဏီနှင့် CBS တို့၏ မူလအစ Viacom ကုမ္ပဏီ၏ အုပ်ချုပ်မှုရေးရာ ဥက္ကဋ္ဌကြီး ဖြစ်လာသည်။ ရက်ဒ်စတုန်း၏စာသည် စိတ်ဓာတ်ကို စေ့ဆော်ပေးနိုင်သည်။ အခွင့်အလမ်း (Opportunity) သည် တံခါးကို ခေါက်လျက် ဝင်လာလိမ့်မည် မဟုတ်။ ယခု သူပေးအပ်သည့် စီသုံးလုံး (Three Cs) ဖြင့် အပြင်သို့ ထွက်လိုက်ပြီး အခွင့်အလမ်းကို အိမ်တွင်း ဆွဲသွင်းရယူနိုင်လိမ့်မည်ဟု ညွှန်ပြထားသည်။

---

ဆမ်နာ ရက်ဒ်စတုန်းသည် ၁၉၈၇ ခုနှစ်မှစ၍ Board of National Amusement; Inc. ၏ သဘာပတိအဖြစ် ဆောင်ရွက်လာခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ထိုဘုတ်အဖွဲ့၏ အမှုဆောင်အရာရှိချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၈ ခုနှစ်မှ ၁၉၉၉ အထိ ထိုဘုတ်အဖွဲ့ဥက္ကဋ္ဌဖြစ်လာသည်။ Board of the National Association of Theatre Owners ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ ယခုအချိန်တွင် ထိုဘုတ်အဖွဲ့ အလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦး ဖြစ်သည်။ Harvard Law School, Boston University Law School, Brandcis University တို့အပါအဝင် တက္ကသိုလ်ကျောင်းကြီးများတွင် မကြာမကြာ သွားရောက်ပို့ချခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဟားဗတ်တက္ကသိုလ်မှ ဘွဲ့ရသည်။ ၁၉၄၇ ခုနှစ်တွင် ဟားဗတ် ဥပဒေသင်တန်းကျောင်းမှ LLB ဘွဲ့ ရရှိခဲ့သည်။



## စီ သုံးလုံး

ကျွန်ုပ်သည် အခွင့်အလမ်းများကို အမြဲရှာဖွေနေပါသည်။ အခွင့်အလမ်းဆိုလျှင် ပြည်တွင်းမှဖြစ်ဖြစ်၊ ပြည်ပမှဖြစ်ဖြစ် ရယူလိုပါသည်။ အခွင့်အလမ်းသည် အိမ်သို့ရောက်လာပြီး တံခါးခေါက်လိမ့်မည် မဟုတ်ပါ။ ရှာရဖွေရ ပါမည်။ မဖြစ်နိုင်ဟူ၍ ဘာတစ်ခုမျှမရှိပါ။ ဘာမှမရှိပါ။ ထိုကိစ္စသည် လုပ်ရည်ကိုင်ရည် ကျွမ်းကျင်လိမ္မာမှု (Competence)၊ တာဝန်ယူပြီးလျှင် မဖြစ် ဖြစ်အောင် လုပ်ဆောင်ပေးတတ်မှု (Commitment) နှင့် ဂုဏ်သိက္ခာရှိမှု (Character) တို့နှင့် သက်ဆိုင်လျက်ရှိသည်။ တစ်စုံတစ်ခုကို မဖြစ်လျှင် ဖြစ်အောင် လုပ်ပြမည်ဟူသော တာဝန်ယူစိတ်ကြီးကို မွေးမြူထားပါ။ အောင်မြင်အောင် လုပ်ဖို့လည်း မိမိတွင် အရည်အချင်း ပြည့်စုံနေပါစေ။ သို့ရာတွင် ဂုဏ်သိက္ခာမရှိဘဲ ဘာတစ်ခုမျှ လုပ်၍ မရပေ။

စီသုံးလုံး Competence, Commitemnt နှင့် Character ဟူ၍ ခေါ်ဝေါ်ကြပါစို့။ ဂုဏ်သိက္ခာမရှိဘဲ ကျွန်ုပ်သည် အရည်အချင်းပြည့်စုံမှု၊ တာဝန်ယူလုပ်ဆောင်မှုတို့အပေါ် စိတ်ဝင်စားမှု မရှိနိုင်ပေ။

ကျွန်ုပ်အား ဆင်းရဲသားရပ်ကွက် အခန်းကျဉ်းကလေးတစ်ခုအတွင်း မွေးဖွားခဲ့ပါသည်။ ထို့ကြောင့် အောင်မြင်လိုစိတ် ကြီးမားလာခဲ့ရသည်။ ကျွန်ုပ်ငယ်ရွယ်စဉ်က ဘော့စတွန်မြို့ လက်တင်ကျောင်းသို့ တက်သည်။ ထိုစဉ်တဝင်အတော်တကာ့ အတော်ဆုံးဖြစ်အောင် ကြိုးစားလိုစိတ်ပြင်းပြနေခဲ့သည်၊ ထိုသို့အမြဲတော့ဖြစ်မလာနိုင်ခဲ့ပေ။ ထိုခေတ်က ဘော်စတွန် လက်တင်ကျောင်းသည် အမေရိကန်တွင် အကောင်းဆုံးကျောင်း ဖြစ်နေခဲ့သည်။ ထိုကျောင်းတွင် လက်တင်ဘာသာ သင်ယူနေစဉ် သို့မဟုတ် ဥပဒေပညာ သင်ယူနေရစဉ်ကာလ တစ်လျှောက်လုံး အကောင်းဆုံး အတော်ဆုံးဖြစ်ချင်စိတ်၊ လုပ်ပြချင်စိတ်တို့ကို ဖျောက်ဖျက်၍ မရခဲ့ပေ။ ထိုအတွေးမျိုးကို ကျွန်ုပ် ဘယ်ကရရှိခဲ့ပါသနည်း။ ကျွန်ုပ် မသိပါ။ မျိုးရိုးဗီဇကြောင့်လား။ မိဘနှစ်ပါးထံမှလော၊ သေသေချာချာ မပြော



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါ။ သို့ရာတွင် ကျွန်ုပ်သည် ကားမောင်းဝင်၍ ထိုင်ရာမထ စားနိုင်၊ ရုပ်ရှင်ကြည့်နိုင်သော အဆောက်အအုံကလေး လက်တစ်ဆုပ်စာဖြင့် ဘဝနိဒါန်း စတင်ခဲ့ကြောင်း သိပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် အကောင်းဆုံး မီဒီယာကုမ္ပဏီကြီးနှစ်ခုကိုပင် ထိန်းချုပ်ထားနိုင်ပြီ ဖြစ်ပါသည်။ ဤသည်ပင် ဘဝအောင်မြင်ဖြစ်ထွန်းမှုကြီးတစ်ရပ်ပင် ဖြစ်ပါပေသည်။

●



*John Teets*

## ဂျွန် တိ (စ်)

**ဂရေး ဟောင်းဒ် (ရ်) ဒီဗီးယား...** 

ဂျေ့ ဒဗလျူ တိစ် အင်တာပရိုက်စ် ချယ်ယာမင် အမှုဆောင်အရာရှိချုပ်နှင့်
ဒိုင်ယယ် ကော်ပိုရေးရှင်း၏ ချယ်ယာမင်ဟောင်း

John Teets သည် မိသားစုနှင့် ဘာသာရေးအပေါ် လူ့ကျင့်ဝတ်ဆိုင်ရာ
အိမ်မြှောင် (ကွန်ပါ) အဖြစ် အလေးအနက် ယုံကြည်ထားသော
ကုမ္ပဏီအုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သည်။ ဘတ်စ်ကားလိုင်းတစ်ခုအပေါ်
အခြေခံလျက် Greyhound Corporation အဖြစ် တည်ထောင်ခဲ့သည်။
ထိုမှတစ်ဆင့် Dial Corporation ကို ပူးပေါင်းတည်ထောင်သည်။
ဒိုင်ယယ်ကော်ပိုရေးရှင်းသည် စီးပွားရေးလုပ်ငန်းများစွာကို ပူးပေါင်း
တည်ထောင်ထားသည်။ ဆပ်ပြာများနှင့် စားသောက်ကုန်အမျိုးမျိုး
ထုတ်လုပ်သည်။ ကုမ္ပဏီကြော်ငြာများတွင်ပါရှိသော သူ၏ ရုပ်ပုံများကြောင့်
စီးပွားရေးလောကတွင် ခေါင်းဖြူကြီးအဖြစ် ကျော်ကြားလာခဲ့သည်။
ဤစာတွင် သူ့လက်စွဲ စကားလုံးသုံးလုံးကို ဖော်ပြထားသည်။
အပြုသဘောဆောင် စိတ်နေစိတ်ထား Positive Mental Attitude
(အတိုကောက် PMA) ဟူသော စကားသုံးလုံးဖြစ်သည်။

---

၁၉၈၁ ခုနှစ်တွင် John Teets သည် Greyhound Corporation ၏ ဥက္ကဋ္ဌ ဖြစ်လာသည်။ ထိုကုမ္ပဏီကို စုပေါင်းကုမ္ပဏီ တစ်ခုအဖြစ်မှ အမြတ်အစွန်း ထွက်ပြီး တွက်ခြေကိုက်သော ကုမ္ပဏီကြီး တစ်ခုအဖြစ်သို့ ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် Leaders Magazine က CEO of the Year အဖြစ် သတ်မှတ် ဖော်ပြခဲ့သည်။ American Jewish Committee ကလည်း National Human Relation Award ချီးမြှင့်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် *Forbes* မဂ္ဂဇင်းက [illegible] Business Speaker of the Year ဆု ချီးမြှင့်လိုက်သည်။ ဘယ်လ်ဂျီယံနိုင်ငံကလည်း Order of the Crown ပေးအပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အပြုသဘောဆောင် စိတ်နေစိတ်ထား

ကျွန်ုပ်၏ ပထမဆုံး အလုပ်မှာ ၁၀ နှစ်သား အရွယ်တွင် လှေများမှ ရေများ ခပ်ထုတ်ခြင်းနှင့် တီများ ရောင်းစားခြင်းဖြစ်ပါသည်။ နောင်တွင် ဘယ်တော့မှ မဆင်းရဲစေရဟု သန္နိဋ္ဌာန်ချခဲ့မိပါသည်။ ကျွန်ုပ်ရရှိခဲ့သော အောင်မြင်မှုအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ် ကိုင်စွဲကျင့်သုံးခဲ့သော အောက်ပါ ဒဿန အမြင်အချို့၏ ကျေးဇူးလည်း ကြီးမားလှပါသည်။

- အပြုသဘောဆောင် စိတ်နေစိတ်ထား (PMA) ကို မွေးမြူထားပါ။

- ယနေ့သည် ကျန်ရှိသော မိမိ ဘဝ၏ ပထမဆုံးနေ့ဖြစ်သည်ဟု စဉ်းစားပါ။ ယနေ့ လုပ်စရာရှိသမျှ များများလုပ်ပါ။

- စိတ်အားထက်သန်တက်ကြွမှုရှိပါ။ စိတ်ထက်သန်မှုသည် စိတ်စွမ်းအင်မှ ဖြာထွက်လာသော တောက်ပမှုတစ်မျိုး ဖြစ်သည်။

- ဝတ်ပြုဆုတောင်းခြင်းသည် အစွမ်းထက်မြက်သည်။

- ဘဝပေးအသိ (Common Sense) သည် လူတိုင်းတွင် မရှိတတ်ပါ။

- ရိုးစင်းသော အရာများသည် ဉာဏ် အမြော်အမြင် ရှိသူကိုပင် နားလည်ရ ခက်စေသည်။



- သင်သည် စကားချည့်ပြောနေလျှင် ဘာကိုမျှ မသင်ယူနိုင် မတတ်မြောက်နိုင်ချေ။

- အောင်မြင်မှုသည် 'လုပ်နိုင်သည်များ' (Cans) မှ ထွက်ပေါ်လာသည်။ 'မလုပ်နိုင်သည်များ' (Cannots) မှ ထွက်ပေါ်မလာနိုင်။

- အကြောင်းအချက်သစ်များ ပေါ်လာတိုင်း စိတ်ကို မကြာခဏ ပြောင်းပေးပါ။

- စီမံကိန်းချပါ။ လက်တွေ့လုပ်ပါ။ ပြန်လည်သုံးသပ်ပါ။

- ဦးဆောင်မလား၊ နောက်က လိုက်မလား၊ ဘာမျှ မလုပ်နိုင်လျှင် ဘေးထွက်ပေးလိုက်ပါ။

- မမှည့်သေးသော ပန်းသီးကလေးတစ်လုံးအဖြစ် အမြဲ ရှိနေပါစေ။ မှည့်သွားလျှင် မှည့်သွားချင်း တစ်ဦးဦးက ခူးယူသွားလိမ့်မည်။ ဆိုလိုသည်မှာ အမြဲပင် သင်ယူလေ့လာနေပါ။ စိတ်ကို လေ့ကျင့်ပေးပါ။

ခန့်မှန်းခြေအားဖြင့် အထက်ပါအချက်အလက်များတွင် စိတ်ကို လှုံ့ဆော်အားပေးနိုင်သော အဖိုးတန်စိတ်ကူးကလေးများ ပါရှိနိုင်ပါလိမ့်မည်။ လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိယူပါ။ အောင်မြင်မှုသို့ လမ်းပြ ပို့ဆောင် ပေးပါလိမ့်မည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Muriel "Mickie" Siebert*

## မျူရီယယ် "မစ်ကီ" ဆီဘာတ်

### မျူရီယယ် ဆီဘာတ် ကုမ္ပဏီတည်ထောင်သူ၊ အမျိုးသမီးချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ်

Muriel 'Mickie' Siebert သည် ငွေကြေးလောကတွင်
ပါဝင်လုပ်ဆောင်နေသူ ပထမဆုံးအမျိုးသမီးအဖြစ် ထင်ရှားသည်။
လျှောက်ခဲ့ရသည့်လမ်းမှာမူ လွယ်ကူခဲ့သည်မဟုတ်ချေ။
စတော့ဈေးကွက်တွင် ပထမဆုံး အမျိုးသမီးအဖွဲ့ဝင်အဖြစ် လျှောက်ထားမှုကို ထောက်ခံပေးရန် တင်ပြခဲ့ရာတွင် ပထမဆုံး အမျိုးသားဆယ်ဦးအနက်
ကိုးဦးက ပယ်ချခဲ့သည်။ သို့ရာတွင် အောင်မြင်မှုရအောင်
ကြိုးစားနိုင်ခဲ့သည်။ နယူးယောက်ပြည်နယ် ဘဏ်လုပ်ငန်းဌာနကြီးတွင်
ကြီးကြပ်သူအဖြစ် ခန့်အပ်ခံရသည်။ မျူရီယယ် 'မစ်ကီ' ဆီဘာတ်သည်
လူလေးစားခံရသော၊ ဇွဲရှိသော၊ ပင်ကိုစွမ်းရည်ရှိသော၊
စိတ်စွမ်းအင်ကြီးမားသော၊ လွန်လွန်ကဲကဲ သိမြင်နှံ့စပ်သော
ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဤစာတွင် ဆီဘာတ်က ခေါင်းဆောင်ဖြစ်နိုင်ရေး၊
အောင်မြင်ကြီးပွားရေးအတွက် စဉ်းစားစရာ အချက် ၁၀ ချက်ကို
တင်ပြထားသည်။

---

ဝေါလ်စထရိ စီးပွားရေး အကျိုးဆောင်ကုမ္ပဏီတွင် အစုစပ်တစ်ဦးအဖြစ် ပါဝင်ခွင့်ရပြီးနောက် မျူရီယယ် 'မစ်ကီ' ဆီဘာတ်သည် ၁၉၆၇ ခုနှစ်တွင် နယူးယောက်စတော့ဈေးကွက်၌ ပထမဆုံး အမျိုးသမီးအဖွဲ့ဝင်တစ်ဦး ဖြစ်လာသည်။ ထိုနှစ်မှာပင် မျူရီယယ် ဆီဘာတ်ကုမ္ပဏီကို တည်ထောင်သည်။ ၁၉၇၇ ခုနှစ်တွင် ကုမ္ပဏီမှ ငါးနှစ်မျှနားပြီး New York State Banking Department တွင် ဝင်ရောက် လုပ်ကိုင်သည်။ နယူးယောက် ဘဏ်များအားလုံး ခိုင်မာရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



## ပထမဆုံး ငွေကြေးလုပ်ငန်းဆိုင်ရာ အမျိုးသမီး၏ ဦးစားပေး ၁၀ ချက်

၁။ သင်သည် မိမိ၏စွမ်းပကားကို ထုတ်ဖော်ပြသစေလျက် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည်။ မကျေမနပ် ညည်းညူခြင်းဖြင့် ဖန်တီးမပေးနိုင်ပေ။

၂။ အခွင့်အလမ်းတစ်ခုခုကို မြင်လိုက်လျှင် အမြန်ဆုံး ရယူ အကောင်အထည် ဖော်လိုက်ပါ။

၃။ ရပ်တည်ချက်များ ထားရှိပါ။ စွန့်စားမှုများ လုပ်ကိုင်ပါ။ လုပ်ထားသမျှ တာဝန်ယူပါ။

၄။ ဖြစ်ပေါ်လာနိုင်သော အဆိုးဆုံး အခြေအနေကို လက်မခံလိုလျှင် ထိုအလုပ်ကို မလုပ်ပါနှင့်။

၅။ ရွက်လှေပြိုင်ပွဲတွင် လေကြောင်း မည်သည့်ဘက်သို့ တိုက်ခတ်နေကြောင်း စောင့်၍ကြည့်နေသူတို့သည် ရွက်များကို ဖွင့်ကြည့်နေလိမ့်မည်။ ထိုအချိန်တွင် ပြိုင်ဘက်များသည် ပန်းတိုင်ကို ဖြတ်ကျော်သွားပြီ ဖြစ်သည်။

၆။ ပြိုင်ပွဲတိုင်းတွင် အောင်နိုင်မှုများရှိသကဲ့သို့ ရှုံးနိမ့်မှုများလည်း ရှိတတ်သည်။ ရှုံးနိမ့်မှုများအတွက် မျက်နှာပျက်စရာ မဟုတ် ပေ။ သို့ရာတွင် သင့်အနေဖြင့် လုပ်ခဲ့မိသော အမှားကို နှစ်ကြိမ် ထပ်၍ မလုပ်မိ စေနှင့်။



www.burmeseclassic.com

www.burmeseclassic.com

၇။ စီးပွားရေးလုပ်ငန်းတွင် အရေးပါသော အပြောင်းအလဲတိုင်းသည် စီးပွားရေးလုပ်ငန်းသစ်အတွက် အခွင့်အလမ်းတစ်ရပ်ပင် ဖြစ်သည်။

၈။ အခွင့်အရေး ကြီးကြီးမားမား ပေါ်လာလျှင် အရယူလိုက်ရမည်ဟု ယုံကြည်ထားပါသည်။ ထင်မြင်ယူဆချက်များကို ထုတ်ကြည့်သည်။ သို့ရာတွင် လက်တွေ့ ဘာမျှ မလုပ်မိ။ ထိုကိစ္စကို စေ့စေ့စပ်စပ် အပြန်ပြန်အလှန်လှန် လေ့လာဆန်းစစ်ပါသည်။

၉။ ကျွန်ုပ်သည် သူတစ်ပါးနှင့် အပြိုင်အဆိုင် လုပ်ကိုင်နေပါသည်။ သို့ရာတွင် ပွင့်လင်းဖြောင့်မတ်စွာ ယှဉ်ပြိုင်ပါသည်။ ကျားကုတ်ကျားခဲ ယှဉ်ပြိုင်ပါသည်။ သို့ရာတွင် ရိုးသားမှန်ကန်စွာ ယှဉ်ပြိုင်ပါသည်။ ကြမ်းကြမ်းတမ်းတမ်း ယှဉ်ပြိုင်ပါသည်။ သို့ရာတွင် တရားမျှတမှုရှိပါ သည်။ ကျွန်ုပ် ဤကဲ့သို့ သိထားသောကြောင့် ညအခါ ကောင်းစွာ အိပ်ပျော်ပါသည်။

၁၀။ ပြန်ပေးခြင်းသည် အသိတရား (Obligation) ထက် ပိုမိုသာလွန် သည်။ အထူးအခွင့်အရေး (Privilege) တစ်ရပ် ဖြစ်ပါသည်။

●



*Jean Pierre Garnier*

## ယွန်း – ပီရီ ဂါနီယာ

### ဂလက်ဇို စမစ် ကလိုင်းကုမ္ပဏီ အမှုဆောင်အရာရှိချုပ်ဟောင်း

Jean - Pierre Garnier သည် ထိပ်တန်း ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း ကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် Smith Kline Beecham နှင့် Glaxo Wellcome တို့ကို ပေါင်းစပ်စေခဲ့သည်။ ဆေးဝါးလုပ်ငန်းနယ်ပယ်တွင် သိမြင်နှံ့စပ်ဆုံး ခေါင်းဆောင်များအနက် တစ်ဦးအဖြစ် သတ်မှတ်ခံရသည်။ အခြား အမှုဆောင်အရာရှိချုပ်များစွာနှင့် ခပ်စိမ်းစိမ်း ခပ်ခွာခွာ မနေတတ်ပေ။ ကုမ္ပဏီအတွင်းအပြင်မှ ရရှိသော စိတ်ကူး အယူအဆများ အတွက် အမြဲ တံခါးဖွင့်ပေးထားသည်။ ဤစာထဲတွင် ဘဝကောင်းစားရေး အတွက် သော့ချက်နှစ်ချက်ကို တင်ပြထားသည်။ စည်းစိမ်ဥစ္စာကို ကြောင်းကျိုးမမြင်ဘဲ ကောက်ကောက်ပါအောင် လိုက်လံရှာဖွေပါဟူ၍ ဆိုမထားပေ။

---

ယွန်း - ပီရီ ဂါနီယာသည် ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် Glaxo Smith Kline ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဖြစ်လာသည်။ United Technologies Corporation, Committee to Encourage Corporation Philanthropy နှင့် Eisenhower Exchange Fellowship, Inc. တို့တွင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ Chevalier de la Legion d' Honneur ဆု ချီးမြှင့်ခံရသည်။ ၂၀၀၇ ခုနှစ်တွင် Officier de la Legion d' Honneur အဖြစ် ရာထူးတိုးမြှင့်ခံရသည်။ ၁၉၉၇ ခုနှစ် ဧပြီလတွင် ဂါနီယာသည် Advancing Cancer Rescarch အတွက် ထူးချွန်စွာ ဆောင်ရွက် ပေးခဲ့မှုအတွက် Cancer Research Institute မှ Oliver R. Grace ဆု ပေးအပ် ချီးမြှင့်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် Glaxo Smith Kline ကုမ္ပဏီမှ အငြိမ်းစား ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘဝကောင်းစားရေးအတွက် သော့ချက် ၈ ချက်

၁။ ဘဝဟူသည် စွန့်စားခန်းတစ်ခုဖြစ်သည်။ ဘဝတွင် လိုက်လျောညီထွေ နေထိုင်ပါ။

၂။ မိမိဘာဖြစ်ချင်နေသလဲ၊ ဘာလုပ်ချင်နေသလဲ၊ စိတ်ကူးအမြော်အမြင် ထားရှိပါ။ သတ္တိရှိပါ။ မိမိ၏စိတ်ကူးနှင့် ပတ်သက်၍ မည်သူကမျှ အဝေဖန်မခံပါနှင့်။ လုပ်စရာရှိသည်ကို ဆက်လုပ်သွားပါ။

၃။ မိသားစုနှင့် မိတ်ဆွေများသည် အရေးကြီး ပါသည်။ သူတို့ကဲ့သို့ မည်သည့်အရာမျှ အမှန်တကယ် ကြာရှည်မခြနိုင်ပါ။ မျိုးတူလုပ်ငန်း လုပ်ကိုင်သူချင်း ဆက်သွယ်ခြင်း (Networking) နှင့် မိမိတက်လမ်း အတွက် မင်းမြှောင်စိုးကပ်လုပ်ခြင်း (Social Climbing) တို့သည် လူပျော့လူညံ့များအတွက် ဖြစ်သည်။ ရိုးရိုးကျင့် မြင့်မြင့်ကြံပါ။ မိမိ ကိုယ်ကိုမိမိ ယုံကြည် အားကိုးပါ။

၄။ အောင်မြင်ကြီးပွားလိုလျှင် မိမိစွမ်းအားများမှ အမြတ်ထုတ်ပါ။ မိမိတွင် မရှိသော အရာများကို ယင်းတို့က ထေမိစေပါလိမ့်မည်။ ချက်ချ ပါးနပ်စေနိုင်လိမ့်မည်။ သို့ရာတွင် ပိုမို၍ ဒုပေနာပေ ခံနိုင်တတ်ရန်နှင့် ကြိုးစားလုပ်ကိုင်တတ်ရန် ကူညီပါလိမ့်မည်။

၅။ အရေးအကြီးဆုံးမှာ သွားရမည့်ခရီးရှည်ကြီးဖြစ်သည်။ ခရီးလမ်းဆုံး တွင် ဘာတွေဖြစ်မလဲ၊ ဘာတွေရှိနေမလဲ လုံးဝမသိနိုင်ပါ။ ကြင်နာစိတ် မွေးပါ။ စေတနာ ထားပါ။ အချိန်တိုင်းတွင် ပေးဆပ်ခံရပါလိမ့်မည်။



၆။ နှင်းဆီပန်းရနံ့ နမ်းရှိုက်နိုင်ရန် အချိန်ပေးပါ။ (အနားယူခရီးထွက်ပါဟု ဆိုလိုသည်) လေ့ကျင့်ခန်းလုပ်ပါ။ ပျော်ပျော်နေတတ်သလို နေပါ။ ကျန်းမာရေး ချွတ်ခြုံကျသွားရန် မရှိတော့ပေ။ မိမိသားသမီးတစ်ဦးဦး ပါဝင်တင်ဆက်သည့် ကျောင်းပြဇာတ် သွားကြည့်ခြင်းသည် ဘုတ်အဖွဲ့ အစည်းအဝေး သွားတက်ခြင်းထက် ပိုမိုအရေးကြီးပါသည်။

၇။ မိမိလုပ်ကိုင်နေသည့် လုပ်ငန်းတွင် အောင်မြင်ဖို့လွယ်ပါသည်။ မိမိ၏ ကိုယ်ရေးကိုယ်တာ ဘဝတွင် အောင်မြင်ရန်မှာမူ ရာနှုန်းပြည့် အာရုံ စူးစိုက်နိုင်စွမ်း လိုအပ်သည်။

၈။ John Lennon ပြောခဲ့သည်မှာ မှန်ပါသည်။ အချစ်သည် အဖြေ ဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Oswald J. Grubel*

## အော့စဝေါ ဂျေ ဂရူဘယ်

### ခရဲဒစ် ဆွစ် ငွေကြေးလုပ်ငန်း အမှုဆောင်အရာရှိချုပ်ဟောင်း

Oswald J. Grubel သည် တက္ကသိုလ်ကျောင်းသို့ တစ်ခါမျှ မတက်ခဲ့ဖူးပါ။ ဘဏ်လုပ်ငန်းနှင့် ငွေကြေးလုပ်ငန်း နယ်ပယ်အတွင်း ကြိုးစားလုပ်ကိုင်ရင်း ပညာရှာခဲ့ရသော အမှုဆောင်အရာရှိတစ်ဦးဖြစ်သည်။ ဂရူဘယ်သည် Credit Suisse Group ကို လက်တွေ့ဘဝနှင့် နီးစပ်သော ပုံဟန်မျိုးဖြင့် ဦးဆောင်ခဲ့သည်။ ဂရူဘယ်သည် မိမိ၏ ဒုတိယဥက္ကဋ္ဌများအပေါ် ယုံကြည်အားကိုးမှု မပြုဘဲ လူများနှင့် ကိုယ်တိုင်ချိန်းဆိုတွေ့ဆုံတတ်၍ လူသိများသည်။ သူသည် အလုပ်များကို ပြီးအောင် လုပ်စေချင်သည်။ မြန်မြန် လုပ်စေချင်သည်။ သူ့စာထဲတွင် ဘဏ်လုပ်ငန်းနှင့် ငွေကြေးလုပ်ငန်းများအကြောင်း ရေးသားထားသော်လည်း အနာဂတ် အခြေအနေတစ်ရပ် ဖန်တီးရယူနိုင်စေမည့် သူ၏ ပညာရှိစကားများသည် မည်သည့်နယ်ပယ်တွင်မဆို အသုံးဝင်ပေလိမ့်မည်။

---

Oswald J. Grubel သည် ၂၀၀၇ ခုနှစ်အထိ Credit Suisse Group နှင့် Credit Suisse ကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်တာဝန် ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ် ဇူလိုင် မှ ၂၀၀၄ ဇူလိုင်အထိ Credit Suisse Financial Services ၏ အမှုဆောင်အရာရှိချုပ်၊ ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၄ ခုနှစ် ဇူလိုင်လ အထိ Credit Suisse Group ၏ ပူးတွဲ အမှုဆောင် အရာရှိချုပ် အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ သူသည် ၁၉၉၇ ခုနှစ် နှင့် ၂၀၀၂ ခုနှစ်အတွင်း Credit Suisse Group အုပ်ချုပ်ရေး ဘုတ်အဖွဲ့ဝင် လူကြီးတစ်ဦး အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။




## အနာဂတ်နှင့် ၇၅ ရာခိုင်နှုန်း သက်ဆိုင်

ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းများသည် ယေဘုယျအားဖြင့် အောင်မြင်စေနိုင်သော လုပ်ငန်းမျိုးဖြစ်သည်ဟု ထင်မိပါသည်။ သို့ရာတွင် လူငယ်များ ငွေကြေးဆိုင်ရာစီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် လိုအပ်ချက်များသည် လွန်ခဲ့သော ဆယ်နှစ်ကာလကထက် ပိုမိုများပြားလာခဲ့သည်။ ဈေးကွက်များနှင့်ပတ်သက်၍ အထုံပါရမီ ရှိသင့်သည်။ လုပ်ငန်းအကြောင်း နားမလည်သေးသည်မှာ အရေးမကြီးပါ။ နောင်မှ သင်ယူလျှင် တတ်မြောက်နိုင်ပါသည်။ ဈေးကွက်နှင့် ပတ်သက်၍ အထုံပါရမီ ပေါ်လာရေးအတွက် လာသင်ယူ၍ မရပါ။ အထုံပါရမီမှာ အရာဝတ္ထုများ မည်သည့်အခါ ပြောင်းလဲ သွားတတ်သလဲ၊ ဝယ်သူတို့၏ သဘောထား ဘယ်အချိန် စတင်ပြောင်းသွားတတ်သလဲ ဆိုသည့်အချက်ကို သိနားလည်ထားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းမျိုးသည် အနာဂတ်နှင့် ၇၅ ရာခိုင်နှုန်း သက်ဆိုင်နေသည်။ အတိတ်ကာလ အကြောင်းလည်း မဟုတ်ပါ။ ယနေ့ အကြောင်း ဟူ၍လည်း အများကြီး မပြောနိုင်ပါ။ ကျွန်ုပ်တို့သည် အနာဂတ်အရေးနှင့် ပတ်သက်၍ ဆက်ကာ ဆက်ကာ ဆုံးဖြတ်ချက်များ ချမှတ် လုပ်ဆောင်သွားဖို့ပင် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဂျိမ်းစ် ဒီ ရော်ဘင်ဆန် (တတိယ)

### ပီအာရ်အီး ဗင်းချား ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၏ အထွေထွေပါတနာ

American Express ကုမ္ပဏီ၏ ဥက္ကဋ္ဌ နှင့် အမှုဆောင် အရာရှိချုပ်ဟောင်း ဖြစ်သည်။ ဂျိမ်းစ် ဒီ ရောဘင်ဆန် တတိယ၊ James D. Robinson III သည် ကုမ္ပဏီ၏ ကျော်ကြားမှုကို တိုးချဲ့ပေးနိုင်ခဲ့သည့်အလျောက် အိမ်ထောင်စုတိုင်းတွင် လက်စွဲ ဖြစ်လာသည်။ ငွေကြေးအရလည်း အောင်မြင်တိုးတက်လာစေခဲ့သည်။ သူကိုယ်တိုင် ချမ်းသာကြွယ်ဝလာသည့်အလျောက် ကိုယ်ပိုင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ တည်ထောင်နိုင်ခဲ့ပြီး လက်တွေ့ အောင်မြင်မှုများ ရှိနေသည်။ အီတာလျံ အစားအစာများ သဘောကျတတ်သော်လည်း ကိုယ်ခန္ဓာ ပိန်ပါးနေဆဲပင်။
ဤစာတွင် ဂျိမ်းစ် ဒီ ရော်ဘင်ဆန်က ခေါင်းဆောင်ကောင်းဖြစ်ရေး လမ်းညွှန်ချက် ၁၀ ချက်ကို ရေတွက်ပြထားသည်။

---

RRE Ventures ကုမ္ပဏီကို ပူးတွဲမတည်ထောင်မီ ဂျိမ်းစ် ဒီ ရော်ဘင်ဆန် တတိယ သည် American Express Company တွင် နှစ်ဆယ့်သုံးနှစ်ကြာမျှ ဥက္ကဋ္ဌနှ အမှုဆောင် အရာရှိချုပ်အဖြစ် တာဝန်ယူခဲ့သည်။ Bristol - Myers Squib ကုမ္ပဏီနှင့် ညွှန်ကြားရေးမှူးနှင့် Coca-Cola Company, First Dat Corporation, Novell Inc., ကုမ္ပဏီတို့၏ ဥက္ကဋ္ဌ ဖြစ်သည်။ Busines Council, Council on Foreign Relations, U.S - Japan Business Counci အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်လည်း ဖြစ်သည်။



## ခေါင်းဆောင်မှု တစ်မှ တစ်ဆယ်

၁။ မိမိထက် တော်သူတတ်သူများဖြင့် ရံဝန်းထားပါ။ ထိုလူများ တော်လေလေ မိမိ အောင်မြင်နိုင်လေလေ ဖြစ်သည်။

၂။ သတိရရန်။ အပြောင်းအလဲသည် မလွှဲ မရှောင်သာ တတ်ပါ။ အပြောင်းအလဲကို လက်ခံယုံကြည်လိုက်ပါ။ အပြောင်းအလဲနှင့်အတူ လှုပ်ရှားပါ။ ထိုအပြောင်းအလဲကို မောင်းနှင်အားအဖြစ် အသုံးပြုပါ။

၃။ နားထောင်ပါ။ စိတ်ကူး အကြံအစည်သစ်များနှင့် အခြားသော ရှုထောင့်များကို လက်ခံလိုက်ပါ။ ပြဿနာတစ်ရပ်ကို ရင်ဆိုင် ဖြေရှင်းနည်း၊ စီးပွားရေးလုပ်ငန်းတစ်ရပ် ထူထောင်ခြင်း စသည်တို့အတွက် နည်းလမ်းကောင်းတစ်ရပ် ပေါ်လာနိုင်ပါသည်။

၄။ ဘာကိုပင်လုပ်လုပ် ဆန္ဒပြင်းပြင်းပြပြ လုပ်ဆောင်ပါ။ မိမိ၏ လုပ်ငန်းနှင့် ပတ်သက်၍ မမှိတ်မသုန် ဂရုစိုက်ပါ။ ကိုယ်တိုင် တာဝန်ယူတတ်ပါစေ။

၅။ မိမိ၏ပတ်ဝန်းကျင်လောကနှင့် ပါဝင်ပတ်သက်မှုရှိပါ။ ဘဝလက္ခဏာ သွင်ပြင်အရ အရေးကြီးသော အကြောင်းအချက် သုံးရပ် ရှိသည်။ မိသားစု၊ လုပ်ငန်းခွင်နှင့် မိမိနေထိုင်လုပ်ကိုင်နေသော ပတ်ဝန်းကျင်လောက ကောင်းမွန်လာရေးတို့ ဖြစ်သည်။ အသိအမြင်ကြွယ်သော ကိုယ်ကျိုးကြည့်မှု (Enlightened Self - interest) ဟု ခေါ်သည်။ ဤနည်းဖြင့် မိမိ ကိုယ်ကိုမိမိ အဘက်ဘက်တွင် ပိုမို၍ အရည်အချင်း ပြည့်စုံသော စီမံခန့်ခွဲတတ်သူတစ်ဦး ဖြစ်လာစေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

၆။ တည်ကြည်မှုသည် နေ့ရောညပါ အရေးကြီးသည်။ နှိမ့်ချတတ်ဖို့လည်း ထို့အတူပင်။ လုပ်ငန်းတွင် အထက်စီးဆန်မှု အနေအထားမျိုးကို အချိန်မီ ထိန်းချုပ်ထားပါ။ အောင်မြင်မှုဟု စိတ်လှည့်စားခံရမှုများကို သတိထားပါ။

၇။ ခေါင်းဆောင် အစစ်အမှန်ဖြစ်လျှင် နောက်လိုက်ကောင်း ရှိရမည်။ စီမံအုပ်ချုပ်မှုပုံစံချင်း ခြားနား နေနိုင်သည်။ သို့ရာတွင် ဩဇာဖြင့် အုပ်ချုပ်စီမံတတ်သူ (သက်ဦးဆံပိုင်မင်း) ပင်ဖြစ်စေ၊ ယုံကြည်ရိုး မိမိကိုကြောက်ရွံ့၍သာ ခိုင်းသမျှ လိုက်မလုပ်တတ်သူ နောက်လိုက် မျိုး လိုအပ်သည်။

၈။ ထွေပြားမှု အမျိုးမျိုးကြောင့် အကျပ်အတည်း ဆိုက်စေ နိုင်သည်။ လူမျိုးအနွယ်၊ ဘာသာရေး၊ အသက်အရွယ်နှင့် လူမှုရေး နောက်ခံ စသည်ဖြင့် အမျိုးမျိုး ကွဲပြားနိုင်သည်။ ထိုသို့သော ပင်ကိုစွမ်းရည် ပြည့်သူများဖြင့် ကောင်းစွာ ဖွဲ့စည်းထားသော အစုသည် အကောင်း တကာ့ အကောင်းဆုံးပင်ဖြစ်သည်။

၉။ ဆက်ဆံပြောဆိုနိုင်စွမ်း ရှိမှုသည်လည်း အရေးကြီးသည်။ ယင်းသို့ ဆက်ဆံပြောဆိုရာတွင် တိကျပြတ်သားမှုရှိရမည်။ ရိုးသားပွင့်လင်းမှု ရှိရမည်။ မကြာမကြာလည်း လုပ်ဆောင်ရမည်။

၁၀။ မိမိထက် အသက်အရွယ် ပိုကြီးသူ၊ ဉာဏ်ပညာပြည့်စုံသူများထံမှ သင်ယူတတ်ရမည်။ သူတို့တွင် ကြီးမားသော အတွေ့အကြုံများစွာ ရှိသောကြောင့်ပင်။ လူများသည် အကြိမ်များများဆိုသလို အသက် အရွယ်ကြီးမားသူများသည် နေဝင်ချိန် ရောက်နေပြီး၊ အကြံဉာဏ် မတောင်းထိုက်တော့ဘူး ဟု ယူဆမိတတ်သည်။ အသက်အရွယ် ကြီးလာမှုနှင့်အတူ အမြော်အမြင် အသိပညာ ယူဆောင်လာတတ် သည်။ အမြဲတမ်းမဟုတ်သည့်တိုင် ကြိမ်ဖန်များစွာ ယူဆောင်လာ တတ်သည်။

●



## အေလိယပ် အေ ဇာဟူနီ (အမ် ဒီ)

### ညွှန်ကြားရေးမှူး၊ အမျိုးသားကျန်းမာရေးဌာန

အမေရိကန်ပြည်သူတို့အား ရောဂါအန္တရာယ်များနှင့် ကျန်းမာရေး မရှိမဖြစ် လိုအပ်ချက်အကြောင်း ပြောဟောနေသည့် အဖွဲ့အစည်းကြီး တစ်ရပ်ကို ကြီးကြပ်ကွပ်ကဲနေရမှုသည် လွယ်ကူလှသည် မဟုတ်ချေ။ သို့ရာတွင် Elias A. Zerhouni, M.D သည် Dr. Diplomat တစ်ဦးပင် ဖြစ်သည်။ အဖွဲ့အစည်းကြီးအပေါ် ကောင်းစွာ ထိန်းချုပ်ထားနိုင်သည်။ ဤစာထဲတွင် ဇာဟူနီက သူ၏ နည်းဥပဒေများအကြောင်း ရှင်းပြထားသည်။ ၅၀/၅၀ အခြေခံသဘောတရားများအပေါ် အခြေပြုထားသော နည်းဥပဒေများဖြစ်သည်။ သို့ရာတွင် စောင့်ကြည့်လိုက်ပါဦး၊ နည်းဥပဒေ တိုင်းတွင် ခြွင်းချက်များ ပါရှိနေပေသည်။

---

အေလိယပ် အေ ဇာဟူနီ (အမ်ဒီ)သည် အမေရိကန်ဆေးသုတေသန အေဂျင်စီ ဖြစ်သည့် အမျိုးသားကျန်းမာရေးဌာန (NIH) ကို ဦးဆောင်လျက်ရှိသည်။ ညွှန်ကြားရေးမှူးတာဝန်ပိုင်း NIH ဌာန လက်အောက်ခံဌာနနှင့် စင်တာ ၂၇ ခု အပေါ် ကြီးကြပ်နေသည်။ အဆိုပါဌာနခွဲကလေးများတွင် ဝန်ထမ်း ၁၀,၀၀၀ ကျော် ခန့်ထားသည်။ အသုံးစရိတ် ဒေါ်လာ ၂၉ ဒသမ ၅ ဘီလီယံ သတ်မှတ် ထားသည်။ National Institute of Health (NIH) သည် အများဖြစ်ပွားတတ် သော ရောဂါများ၊ ဖြစ်တောင့်ဖြစ်ခဲ ရောဂါများ၊ ဖြစ်ရသည့်အကြောင်းများ၊ ကုသမှု များနှင့် ကြိုတင်ကာကွယ်ရေး နည်းမဟာဗျူဟာများ၊ အကြောင်းကိစ္စ များနှင့် ပတ်သက်၍ လေ့လာစုံစမ်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## အမှန် ၅၀ / အမှား ၅၀ နည်းဥပဒေသများ

ကျွန်ုပ်၏ ကိုယ်ပိုင်သုံး လမ်းစဉ် နည်းဥပဒေသများကို မျှဝေ ပေးလိုပါသည်။ ကျွန်ုပ် ဘွဲ့ရချိန်မှစ၍ နှစ်ဆယ့်ရှစ်နှစ် ကျော်ကျော် သေချာစွာ ပြင်ဆင် ရေးသား လာခဲ့ရပါသည်။ အဆိုပါ နည်းဥပဒေသများကို အမှန် ၅၀/အမှား ၅၀ နည်းဥပဒေသများဟု ခေါ်ပါသည်။

ပထမဆုံး နည်းဥပဒေသမှာ သင်လေ့လာရရှိမှု ငါးဆယ်ရာခိုင်နှုန်းသည် မှန်ကန်နိုင်ဖွယ်ရှိသည်။ လေ့လာရရှိခဲ့မှု ငါးဆယ် ရာခိုင်နှုန်းသည် မှားယွင်း ကောင်း မှားယွင်းနိုင်သည်။ သင်၏ စိန်ခေါ်ချက်သည် ဘယ်အချက်များသည် မှန်ကန်ပြီး၊ ဘယ်အချက်များသည် မှားယွင်းကြောင်း ခန့်မှန်း တွက်ချက်ကြည့် တတ်ဖို့ပင် ဖြစ်သည်။

နေ့စဉ်နှင့်အမျှ အသစ်အဆန်းတစ်ခုခု ကြားရတတ်သည်။ ထိုအခါမျိုး တွင် ‘ဘယ်အစိတ်အပိုင်းက အဓိပ္ပာယ်ရှိပြီး ယုတ္တိတန်သလဲ’ ‘မည်သည့် အစိတ် အပိုင်းကမူ သတိထားဖို့နှင့် ပိုမိုကြိုးစားလုပ်ကိုင်ဖို့ လိုအပ်သလဲ’ ဟူ၍ မိမိကိုယ် ကို မိမိ မေးကြည့်ပါ။ အတည်တကျ ပြောဆို ဖော်ပြထားသော အချက်အလက် တစ်ခုသည် မည်သို့ အခြေတကျ သတ်မှတ်ခံရတတ်ကြောင်း အမြဲ စဉ်းစား ထားပါ။

ကမ္ဘာလောကကြီးကို ဤသို့ဤပုံ ရှုမြင်သုံးသပ်လိုက်လျှင် ပျော်စရာ ကောင်းမည် မဟုတ်ချေ။ ဤသို့ ရှုမြင်သုံးသပ်လိုက်မှုသည် ဖန်တီးနိုင်စွမ်း (Creativity) ၏ အရင်းအမြစ်လည်း ဖြစ်သည်။ ကွဲပြားသောအမြင် ရှာတွေ့ နိုင်စေသော အကြောင်းရင်းခံလည်း ဖြစ်သည်။ ကျွန်ုပ်သည် ယမန်နေ့က စိတ်ကူးထဲ၌ပင် မထည့်ခဲ့မိသော အခြေခံသဘောတရားသစ်တစ်ရပ် သို့မဟုတ် ဆက်နွယ်မှုတစ်ရပ်ကို ရှာတွေ့သွားလျှင် အလွန်အမင်း သဘောကျသွားမိတတ် သည်။



ကျွန်ုပ်၏ ဒုတိယမြောက် ၅၀/၅၀ နည်းဥပဒေသသည် ပြဿနာ တစ်ရပ်၏ အဖြေကို ရှာရာတွင် အချိန် ထက်ဝက် ကျော်ကျော်သည် မိမိ၏ နယ်ပယ်ထက် ကျွမ်းကျင်ထားမှု နယ်ပယ်တွင် ရှိနေတတ်သည်။ သိပ္ပံရေးရာ နယ်ပယ်တွင် အလားတူဥပမာများဖြင့် ပြည့်နှက်လျက်ရှိသည်။ ဤနည်းဖြင့် မိမိ၏ လေ့လာသင်ယူမှုကို ၅၀/၅၀ ခွဲခြားကြည့်ရမည်။ မိမိ၏ အဓိက ကျင့်ဝတ် နည်းလမ်း (Core Discipline) နှင့် ယင်းမှ ကွာလှမ်းလှသော အမြင် သဘော တရား (Concept) နှစ်ခုအကြား ၅၀/၅၀ ခွဲခြားကြည့်ရန်ဖြစ်သည်။

ဥပမာအားဖြင့် ကျွန်ုပ် ဖတ်ရှုမိသည့် အချက် ၅၀ ရာခိုင်နှုန်းသည် ကျွန်ုပ်ကျွမ်းကျင်သော ရေဒီယိုရောင်ခြည်အမျိုးမျိုးဖြင့် ရောဂါကုသမှုနှင့် အဓိက အများဆုံး သက်ဆိုင်ပတ်သက်မှု ရှိကို ရှိရမည်ဟု သတ်မှတ်ထားတတ်သည်။ ကျန်သည့် ၅၀ ရာခိုင်နှုန်းမှ ရေဒီယိုကုထုံးနှင့် ဘာမျှမဆိုင်သော ဘာသာရပ် များဖြစ်သည်။

ကျွန်ုပ်၏ တတိယ ၅၀/၅၀ နည်းဥပဒေသမှာ အနည်းဆုံး ကျွန်ုပ်၏ အတွေ့အကြုံအရ လူများသည် အခြားသူများနှင့် ပေါင်းဖွဲ့မိသည့်အခါ မူလထက် ပို၍ဆပိုတော်လာတတ်ကြသည်။ အထူးသဖြင့် ပေါင်းဖက်မိသည့် အခြားသူများ သည် သူတို့ထက် ပိုတော်နေတတ်ကြသည်။ သေချာတာ တစ်ခုတော့ရှိနေသည်။ ယင်းအတွက် မိမိအသုံးပြုခဲ့သည့် အသိဉာဏ်အထောက်အကူများ၏ ထက်ဝက် သည် အခြားနယ်ပယ်မှ အယူအဆကို ယူငင်သုံးစွဲမှု (Cross - fertilization) နည်းလမ်းဖြင့် သူတစ်ပါးလှုံ့ဆော်မှုကြောင့် ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ မိမိတို့ သည် အဆိုပါ အပြန်အလှန်အကျိုးပြုတတ်မှုကိုရှာဖွေပြီး ပျိုးထောင်ပေးသင့်သည်။

၅၀/၅၀ နည်းဥပဒေသ မှန်ကန်မှုရှိကြောင်း နိုဘယ်ဆုရ သိပ္ပံပညာရှင် James Watson နှင့် Francis Crick သက်သေ ပြခဲ့သည်။ ကဝင်းဒစ်ရှ် ကဲ့သို့သော ကမ္ဘာကျော် ဓာတ်ခွဲခန်းကြီးများမှ ရောက်ရှိစုဝေးမိကြပြီး သမိုင်းဝင် ထင်ရှားအောင်မြင်မှုများကို ကြည့်ပါ။ ရှာဖွေတွေ့ရှိမှုနှင့် ဖန်တီးနိုင်စွမ်းတို့သည် အံ့ဘွယ်ပင် လူမှုရေးသဘာဝဖြစ်စဉ်များ ဖြစ်ကြသည်။

ကျွန်ုပ်၏ စတုတ္ထမြောက် ၅၀/၅၀ နည်းဥပဒေသမှာ မိမိ၏ ပတ်ဝန်းကျင် တွင်ရှိမှာ ဘက်မှ အပေါင်းအသင်းနှင့် မိတ်ဆွေများ ထက်ဝက်ခန့်ကို မိမိ အနေဖြင့် ပျိုးထောင်ပေးခဲ့ခြင်း ရှိ မရှိ စစ်ဆေးကြည့်ခြင်းဖြစ်သည်။ ကျွန်ုပ်အား စိတ်အားတက် ကြွသန်း ထက်မြက်စေခဲ့သော အရင်းနှီးဆုံး မိတ်ဆွေများအနက်မှ တစ်ဦးမှာ အရင်းကိုင်တစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ ၅၀/၅၀ နည်းဥပဒေသနှင့် ပတ်သက်၍ ခြွင်းချက်များ ရှိနိုင်ပါသည်။

ပထမဆုံးအချက်မှာ မိမိ၏ ကိုယ်ပိုင်ရိုးဖြောင့်တည်ကြည်မှုကို ဖြိုခွဲ မပစ်လိုက်ပါနှင့်။ အမြဲပင် ရာနှုန်းပြည့်ရှိနေသင့်သည်။ သင်၏ နာမည်ဂုဏ်သတင်းသည် သင်၏ အရင်းအနှီးပင်ဖြစ်သည်။ အရဲမစွန့်လိုက်ပါနှင့်။

ဒုတိယအချက်မှာ ချစ်ရေးချစ်ရာကိစ္စတွင် ၅၀/၅၀ နည်းဥပဒေသကို မသုံးစေချင်ပါ။ အန္တရာယ်ကြီးလှပါသည်။

နောက်ဆုံးအချက်မှာ ရည်မှန်းချက်အိပ်မက်များကို တစ်ဝက်တစ်ပျက် မထားရှိပါနှင့်။ သေတ္တာကလေးတစ်လုံးအတွင်းသို့ သေတ္တာကြီးတစ်လုံးထည့်၍ မဖြစ်ပါ။ ထို့ကြောင့် ဘဝကြီးတစ်ခုလုံးသည် ရည်မှန်းချက် အိပ်မက် သေတ္တာကလေးတွင် မဆန့်နိုင်ပါ။ နောက်ဆုံးတွင် စိတ်ဆင်းရဲမိစေမည့် တရားခံမှာ ရှုံးနိမ့်ခြင်း မဟုတ်ဘဲ လုပ်သင့် လုပ်အပ်သည့်အတိုင်း မလုပ်ခဲ့မှုသာ ဖြစ်သည်။

သို့ဖြစ်၍ မိမိတွင် မိမိဘဝကြီး တစ်ခုလုံးအတွက် အကြီးမားဆုံး ပေါ်လွင် ထင်ရှားသော ရောမအမြော်အမြင် စိတ်ကူးအတွေးတို့ ထားရှိမိပြီလား ရှိထားလျှင် ဆက်လက် လုပ်ဆောင်သွားဖို့သာ ရှိတော့သည်။

●



*Cathie Black*

## ကေသီ ဘလက်ခ်

### ဥက္ကဋ္ဌ၊ ဟတ်စ် မဂ္ဂဇင်းများ

ကေသီ ဘလက်ခ်သည် အမေရိကန်ပြည်ထောင်စုတွင် စွမ်းအားအကြီးမားဆုံး အမျိုးသမီးများစွာအနက် တစ်ဦးဖြစ်သည်။ မာကျောသည်။ ချက်ချာပါးနပ်သည်။ ဒေါ်လာ ၁ ဒသမ ၅ဘီလီယံတန်ဖိုးရှိ ကုမ္ပဏီကြီးတစ်ခုကို တည်ထောင်ထားသည်။ အလွန် မြတ်စွန်းသည်။ ဤသို့ဖြစ်လာရန် မည်သို့လုပ်ကိုင်ခဲ့ပါသလဲ။ ဤစာထဲတွင် ထိုမေးခွန်းအတွက် အဖြေ တစ်စွန်းတစ်စကို ပေးထားသည်။ သူသည်ကို အောင်မြင်ခြင်းဟု ခေါ်သနည်း။ မည်မျှ အတိုင်းအတာအထိရမှ အောင်မြင်ခြင်းဟု ခေါ်ဆိုနိုင်သနည်း။ အောင်မြင်ခြင်းဝေါဟာရကို ကိုယ်တိုင် ဖွင့်ဆိုခိုင်းထားသည်။ မိမိကိုယ်တိုင် ဖွင့်ဆိုချက်အတိုင်း ပြည့်မီရရှိစေရေးအတွက် ဘဝအတွေ့အကြုံအမျိုးမျိုး ရှာကြည့်သင့်ကြောင်း အကြံပေးထားသည်။

---

အမေရိကန် မဂ္ဂဇင်းလောက၏ စံဒေဝီ (First Lady of American Magazine) ဟု အမည်ပေးထားသည်။ Financial Times အဆိုအရ မဂ္ဂဇင်းစံဒေဝီအပြင် 'နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလအတွင်း အမေရိကန်စာနယ်ဇင်း ထုတ်ဝေရေး လောကၡ် ဆောင်ပုဂ္ဂိုလ်များစွာအနက် တစ်ဦးလည်း ဖြစ်သည်။ ကေသီ ဘလက်ခ် သည် Hearst Magazine ကို ဦးစီးထုတ်ဝေလျက်ရှိသည်။ ဟတ်စ်မဂ္ဂဇင်းသည် ဟတ်စ် ကော်ပိုရေးရှင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည်။ ကမ္ဘာပေါ်တွင် လစဉ်ထုတ် မဂ္ဂဇင်းများ အကြီးမားဆုံး ထုတ်ဝေရေးလုပ်ငန်းကြီးများစွာအနက် တစ်ခုအပါအဝင် ဖြစ်သည်။ ကေသီ ဘလက်ခ်သည် အမေရိကန် စာအုပ်ထုတ်ဝေရေးလောကကြီး အတွင်း အကျော်ကြားဆုံး *Cosmopolitan, Esquire; Good House-keeping, Harper's BAZAAR, Marie Clarie. O, The Oprah Magazine, Popular Mech- anics, Redbook* နှင့် *Town & Country* စသည့် မဂ္ဂဇင်းပေါင်း ၁၉ အုပ်ကိုလည်း ကြီးကြပ် ထုတ်ဝေလျက်ရှိသည်။ ကေသီ ဘလက်ခ်သည် *Fortune* မဂ္ဂဇင်း၏ 'အမေရိကန် စီးပွားရေးလောက၏ စွမ်းအားအကြီးမားဆုံး အမျိုးသမီး ၅၀ စာရင်း တွင် ၁၉၉၈ ခုနှစ်မှစ၍ နှစ်စဉ် ထည့်သွင်း ဖော်ပြခံခဲ့ရသည်။ *Forbes* မဂ္ဂဇင်း၏ 'စွမ်းအား အကြီးမားဆုံးအမျိုး သမီး ၅၀' စာရင်းတွင်လည်း ပါရှိဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘဝစက်ဝိုင်းပြည့် (၃၆၀ ဒီဂရီ) နေထိုင်ပါ

အောင်မြင်ခြင်းဟူသည်မှာ မည်သည်ကို သတ်မှတ်ခေါ်ဝေါ်ခြင်း ဖြစ်ပါသနည်း။ အောင်မြင်ခြင်းဆိုတာ ဘာကို ဆိုလိုတာလဲဟု မိမိဘာသာ ဆုံးဖြတ် သတ်မှတ် တတ်ဖို့ အရေးကြီးသည်။ အောင်မြင်ခြင်းသို့ ရောက်ရှိနိုင်ရန် တစ်လမ်းတည်း မရှိပါ။ 'မင်း အောင်မြင်သွားပြီဟေ့' ဟု သတ်မှတ်နိုင်သော လုပ်ငန်း၊ ဂုဏ်ပုဒ် လစာ သို့မဟုတ် အသိအမှတ်ပြုချက် မရှိပါ။ မိမိရည်မှန်းသည့်အတိုင်း ရှင်သန် ရောက်ရှိ နေထိုင်နိုင်ပြီဟု ခံစားမိစေသည့်အရာမှန်သမျှသည်သာ အောင်မြင်မှု ဖြစ်သည်။

'အောင်မြင်ခြင်းသည် ဘာလဲ' ဟု မိမိဘာသာမိမိ စိတ်ကူးဖြင့် ဆုံးဖြတ် သတ်မှတ်ထားလျှင် စိတ်သောကဖိစီးမှုကို ဖယ်ရှားပစ်နိုင်လိမ့်မည်။ အားနည်း ချို့ငဲ့နေသည်ဟု အထင်ရောက်နေမိမှုကိုလည်း ပယ်ရှားနိုင်လိမ့်မည်။ သူတစ်ပါး က မိမိကို ဖြစ်လာလိမ့်မည်ဟု မျှော်လင့်ထားချက်အတိုင်း ဖြစ်လာအောင် ကြိုးပမ်းမှုမှန်သမျှသည် ဆိုးဝါးလှသည်။ အောင်မြင်မှုကို မိမိ စိတ်တိုင်းကျ သတ်မှတ်နိုင်ခဲ့လျှင် ထိုကဲ့သို့ မှားယွင်းကြိုးပမ်းနေမိမှုမျိုးကိုလည်း ဖယ်ရှားပစ်နိုင် လိမ့်မည်။ မိမိသည် အမှန်တကယ် အမှီအခိုကင်းမဲ့ လိုပါသလား။ မိမိကို ဘယ်လို လူမျိုးဖြစ်လာသင့်သည်ဟု သူတစ်ပါး၏ စိတ်ကူးသတ်မှတ်ခံထားရမှုမှ လွတ်ကင်းခွင့် ရှိရမည်။

ဘဝကို ၃၆၀ ဒီဂရီပြည့် နေထိုင်ပါ။ အတွေ့အကြုံများ၊ လူများနှင့် အပြည့်အဝ နေထိုင်ပါ။ အောင်မြင်မှုကြောင့် ပျော်ရွှင်ရမှုထက် ပျော်ရွှင်မှုကြောင့် အောင်မြင်ရမှုသည် ပို၍အရေးကြီးပါသည်။ အလုပ်ကိစ္စဖြစ်စေ၊ အလုပ်ခွင်နှင့် သက်ဆိုင်သော ကိစ္စ တစ်ခုခုဖြစ်စေ၊ မိမိသဘောကျနှစ်ခြိုက်ရာအလုပ်ကို စိတ်ကိုင်ခွင့်ရနေသောအခါ မိမိ၏ လောကကမ္ဘာထဲတွင် မိသားစုများ၊ မိတ်ဆွေ များ ပတ်ဝန်းကျင်နေထိုင်သူများနှင့် ဖြည့်တင်းထားနိုင်သောအခါ မိမိလုပ်ကိုင် သမျှ ထိကိုင်မိသမျှတို့အတွက် စိတ်အားထက်သန်မှုနှင့် ချမ်းမြေ့မှုတို့ ရောက်ရှိ လာစေနိုင်သည်။

သို့ရာတွင် ဤအကြောင်းအချက်များသည် သင့်အတွက် အကုန်အစင် မဟုတ်သေးချေ။ ၃၆၀ ဒီဂရီပြည့် ဘဝတိုင်းတွင် အကြင်နာမေတ္တာ၊ စာနာကြည့် ရှုတတ်မှုနှင့် ဘဝကို အဓိပ္ပာယ်ရှိအောင် စွမ်းဆောင်ပေးနိုင်မှုတို့ လိုအပ်သည်။ သင်၏ ပိုင်ဆိုင်သမျှဖြင့် ထူးခြားမှုရှိလာအောင် ဖန်တီးရယူပါ။ မိမိ၏ ပျော်ရွှင်မှု ကြောင့် အထောက်အကူ ရနိုင်ပါစေ။ မိမိ၏ စိတ်နှလုံး အလွန့်အလွန် ပျော်ရွှင်မှု မရှိဘူးဟု ခံစားမိသောနေ့ရက်မျိုးတွင် ဖြစ်လာနိုင်မှုကို ကြို၍ကြည့်လိုက်ပါ။ ရှေ့သို့ တိုးပါ။ တက်လှမ်းပါ။

●





www.burmeseclassic.com

*Howard J. Rubenstein*

## ဟောင်းဝပ် ဂျေ ရူဘင်စတိန်း

**ဥက္ကဋ္ဌ၊ Rubenstein Associates, Inc.**

အမေရိကန်ပြည်ထောင်စုအတွင်း ထိပ်တန်းလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းအချို့အတွက် ကိုယ်စားပြုဆောင်ရွက်ပေးနေသော ပြည်သူ့ဆက်ဆံရေး ဂုရုဖြစ်သည်။ ယင်းတို့တွင် New York Yankees အပြင် နယူးယောက်မြို့တော်နှင့် အခြားမြို့များရှိ အိမ်မြေ အရောင်းအဝယ်လုပ်ငန်းရှင်ကြီးထက်ဝက်တို့ ပါဝင်သည်။ သူမသိတာ ဘာတစ်ခုမျှမရှိ၊ သိသမျှလည်း ဘာတစ်လုံးမှ ဖွင့်မပြောတတ်သော သူ့အကြောင်း ရုပ်ရှင်ရိုက်ဖို့ကောင်းသည်ဟု ဆိုသည်။ ဤစာတွင် ရူဘင်စတိန်းက အောင်မြင်ရေးအတွက် ကန့်သတ်ချက်တစ်ရပ်ဟု ဆိုနိုင်မည့် လက်တွေ့အသုံးချ အကြံပေးစကားခြောက်ခွန်းကို ဖော်ပြထားသည်။

---

Howard J. Rubenstein သည် ၁၉၅၄ ခုနှစ်တွင် မိမိ အမည်ဖြင့်ပင် ကုမ္ပ တည်ထောင်ခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာပေါ်ရှိ ဩဇာ အကြီးမားဆုံး ကော် ရေးရှင်းများ၊ အဖွဲ့အစည်းများနှင့် သဘောထားအမြင် တောက်ခံရေးအ အသင်းများအတွက် ရာပြတ် အကြံပေးပညာရှင်တစ်ဦးအဖြစ် ဆောင်ရွက်ပေးလ ခဲ့သည်။ ရူဘင်စတိန်းသည် လူမှုရေးနှင့် ပရဟိတအဖွဲ့အစည်းများတွင်လည် ပါဝင် ဆောင်ရွက်ခဲ့သည်။ ဂျူးများကို နာဇီများက အစုအပြုံလိုက် မီးလောင်တိုက် သွင်းမှု အထိမ်းအမှတ် Museum of Jewish Heritage တွင် ဒုတိယဥက္က U.S Foreign Claims Settlement Committee တွင် အတိုင်ပင်ခံ၊ Hous Judiciary Committee တွင် လက်ထောက်အတိုင်ပင်ခံ အဖြစ် ဆောင်ရွက် သည်။



## အောင်ခတ်ကန့်သတ်ချက် တစ်ရပ်

လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော် ကာလမှစ၍ အလုပ် လာရောက်အပ်နှံသူများစွာနှင့်အတူ ဆောင်ရွက်ရန် အခွင့်အရေး ရခဲ့ပါသည်။ ထိုသူများသည် ခေါင်းဆောင်များနှင့် ရှေ့ဆောင်တီထွင်သူများ ဖြစ်ကြသည်။ ထိုအတွေ့အကြုံ အပေါ် အခြေခံလျက် လူငယ်များအတွက် အောက်ပါ လက်တွေ့အသုံးကျသော အကြံပေးစကားများ ပေးလိုက်ပါသည်။

- လုပ်ကိုင်သမျှ မှန်ကန်ပါစေ။ လူတိုင်းသိထားသောတန်ဖိုးများရှိသည်။ သို့ရာတွင် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင်မူ တန်ဖိုးမထားတတ်ကြပေ။ လူကျင့်ဝတ်နှင့်အညီ ပြုမူကျင့်ကြံပါ။ အလုပ်ကြိုးစားလုပ်ပါ။ သူတစ်ပါး အပေါ် လေးစားပါ။ ဤအတိုင်း လက်ခံယုံကြည်ထားပါက မိမိအတွက် ကောင်းသတင်း ထွက်လာလိမ့်မည်။

- တာဝန်သိတတ်ပါစေ။ ခေါင်းဆောင်စစ် ခေါင်းဆောင်မှန် တစ်ဦးသည် အသေးစိတ် အလေးထားတတ်၏။ မကြာ မကြာပင် အသေးအမွှား ကလေးများကြောင့် စီမံ ထားသမျှ ပျက်ပြား သွားတတ်သည်။ ထို့ကြောင့် အသေးအမွှား အထူးအလေးထားပါ။ တစ်ချိန်တည်းမှာပင် သူတစ်ပါးထံမှ အမိန့်နာခံလုပ်ဆောင်ရသည့် ဘဝမျိုး မရောက်ပါ စေနှင့်။ မိမိ၏ ထိုးထွင်း သိမြင်စွမ်းသော ဉာဏ်အမြင်မျိုး၊ အတွေး အခေါ်မျိုးဖြင့် လုပ်ဆောင်ပါ။

- တွေးခေါ်ကြံဆရာတွင် သီးသန့်သီးခြားကြီး ဖြစ်မနေပါစေနှင့်။ အောင်မြင် သွားသူများသည် စူးစမ်းလိုစိတ် ပြင်းပြတတ်သည်။ စူးစမ်းလေ့လာလို စိတ်ရှိသည်။ မိမိ စိတ်ဝင်စားမိသည့်အချက်အပေါ် ဆုံးဖြတ်လုပ်ကိုင် တတ်သည်။ အဆိုပါ ဝိသေသ လက္ခဏာကို စာအုပ်စာတမ်းများ အငမ်းမရ ဖတ်ခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးပါစေ။ ကောင်းသောနည်းဖြင့် ကျော်နေပါစေ။ ပညာရေးကို ဆုံးခန်းတိုင် လိုက်ပါ။



www.burmeseclassic.com

မိမိ၏ ထူးခြားသော ပင်ကိုအရည်အသွေး (Personality) နှင့် ပင်ကိုစွမ်းရည်တို့ လိုက်ဖက်ညီသော ကဏ္ဍ နယ်ပယ်တစ်ခုကို ရှာဖွေပါ။ အောင်မြင်သူများသည် မိမိ တို့လုပ်ကိုင်သမျှ နှစ်သက် သဘောကျတတ်သည်။ မိမိရွေးချယ်လိုက်မှုသည် မက်မောဖွယ် ကောင်းဖို့မလို။ ထင်ထင်ရှားရှားကြီး ဖြစ်နေဖို့မလိုပေ။ ဘဝတွင် မိမိ ဘာကိုလိုချင်သလဲ။ ဖော်ထုတ်ကြည့်ပါ။ ကြိုးစားလုပ်ကြည့်ပါ။ ရည်မှန်းချက်အတိုင်း မဆုတ်မနစ် ရောက်အောင် အားထုတ်ပါ။

- အပြုသဘောဆောင်သော စိတ်ကို မွေးမြူပါ။ သူတစ်ပါးလုပ်သမျှ လက်ညှိုးထိုး အပြစ်တင်တတ်သူများ ပေါများလှ၏။ ဘာလုပ်လုပ် မဟုတ်သေးဘူး၊ မမှန်သေးဘူး ပြောမည့်သူများ ဒုနှင့်ဒေး ရှိသည်။ သို့ရာတွင် အပြုသဘော ဆောင်သည့်ဘက်မှ ကြည့်လျှင် အခွင့်အလမ်းသာလျက်ရှိသည်။ အလုပ်များ ပြီးမြောက်နိုင်သည်။ စွမ်းဆောင်ဖန်တီးနိုင်သည်။ အတင်းအဖျင်းပြောဆိုခြင်း၊ ဘာလုပ်လုပ် အပြစ်မြင်နေခြင်းဖြင့် သူတစ်ပါးကို မထိခိုက်ပါစေနှင့်။ မိမိရည်မှန်းရာသို့သာ အရောက်သွားပါ။

- နိုင်ငံ၏ လွတ်လပ်ခွင့်များကို လေးစား လိုက်နာပါ။ အမေရိကန်ပြည်တွင်သာ ဖြစ်ပျက်နိုင် ရရှိနိုင်သော အောင်မြင်မှုတက်လမ်းများစွာ တွေ့နိုင်သည်။ နိုင်ငံသားတစ်ဦးချင်းစီအနေဖြင့် မိမိခံစားနိုင်သော ရပိုင်ခွင့်များက မိမိရည်မှန်းရာသို့ အရောက်သွားနိုင်ရန် လွတ်လပ်ခွင့် ပေးထားပါသည်။

မိမိ၏ ပြင်းပြသော ဆန္ဒရည်မှန်းချက်များနှင့် ခံယူချက်အတွေးအခေါ်များ ချိတ်ဆွဲထားနိုင်ရန် အထက်ပါ လက်တွေ့ အသုံးကျ အကြံပေးစကားများကို ကန့်သတ်ချက်ဘောင်တစ်ရပ်အနေဖြင့် အသုံးပြုပါ။ ကံကောင်းပါစေ။ ကမ္ဘာလောကကြီးက သင့်ကို လိုအပ်လျက်ရှိပါသည်။

●



*Joseph H. Flom*

# ဂျိုးဇက် အိပ်ချ် ဖလွမ်း

## Skadden, Arps, Slate, Meagher နှင့် Flom
## ဥပဒေ အကြံပေး ကုမ္ပဏီ စီနီယာ အစုစပ်

Joseph H. Flom သည် အမေရိကန်ပြည်ထောင်စုတွင် အလေးစားခံရဆုံးနှင့် တစ်ခါတစ်ရံ ကြောက်လန့်စရာ ရှေ့နေတစ်ဦးဖြစ်သည်။ ကုမ္ပဏီများသည် အခြားကုမ္ပဏီများက ဦးသွားမည် စိုးရိမ်မှုတစ်ခုတည်းအတွက် သူ့ကို တစ်နှစ်လျှင် အကျိုးဆောင်ခ ပုံမှန်ပေးငွေ (retainer) ဒေါ်လာ တစ်သန်း ပေးနေကြရသည်။ ဥပဒေအကျိုးဆောင်လုပ်ငန်းလောကတွင် အကြီးမားဆုံး အမှုလိုက်ရှေ့နေကြီးများအနက် တစ်ဦးဖြစ်သည်။ လွန်ကဲစွာ လေးစားခံရသည်။ အလေးထားခံရသည်။ ရိုသေသည်။ ဥပဒေအကြံပေး ကုမ္ပဏီများစွာ၏အရေးပါဆုံး ထိပ်တန်းခေါင်းဆောင်များအနက် တစ်ဦးဖြစ်သည်။ ဤစာတွင် အောင်မြင်မှုရရှိရေးအတွက် နည်းဥပဒေ ဟူ၍ သီးသီးသန့်သန့် မရှိတတ်ကြောင်း၊ သို့ရာတွင် ဝေဖန်မှုမှန်သမျှကို လက်ခံတတ်ခြင်း၊ လုပ်ငန်းခွင်ကျေနပ်မှုရှိခြင်း၊ ဆန်းသစ် တီထွင်တွေးခေါ်တတ်ခြင်းနှင့် အမြတ်အစွန်းရှေ့တန်းတင်မလုပ်ဆောင်တတ်မှုတို့သည် မိမိဘဝတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်စေနိုင်ကြောင်း ဖော်ပြထားသည်။

---

Arps ဥပဒေအကြံပေးအဖွဲ့သည် ၁၉၄၈ ခုနှစ် Skadden ၏ ပထမဆုံး စပ်တူလုပ်ဖက်ဖြစ်လာချိန်ကစ၍ ဂျိုးဇက် အိပ်ချ် ဖလွမ်းသည် ဥပဒေလောကထဲသို့ ရောက်လာသည်။ ဦးဆောင်လုပ်ကိုင်လာခဲ့သည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး အချိန်ပြည့် ဥပဒေအကြံပေးကုမ္ပဏီကြီးများစွာအနက် တစ်ခုအပါအဝင်ဖြစ်လာသည်။ ကုမ္ပဏီချင်းပေါင်းခြင်း၊ ဝယ်ယူခြင်း နယ်ပယ်တွင် အကောင်းဆုံး ဥပဒေအကြံပေး ရှေ့နေကြီးတစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြသည်။ မျက်မှောက်ကာလ လေလံဆွဲသူများ၊ ဈေးကွက် မဟာဗျူဟာဆွဲသူများနှင့် ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းရှင်များ အသုံးပြုနေသည့် မဟာဗျူဟာများစွာကိုလည်း [illegible] ချမှတ် ပေးခဲ့သည်။

www.burmeseclassic.com

## ပဥ္စလက်ဖော်မြူလာ မရှိပါ

ယနေ့ငယ်ရွယ်သူများ ရရှိနေကြသော အခွင့်အလမ်းများသည် အတိတ်ကာလက ရရှိမှုထက် ပိုမိုကြီးမားများပြားလျက် ရှိသည်။ မိမိတို့လုပ်ကိုင်ချင်သမျှ ဘာတစ်ခုမျှ အဆီးအတား အကန့်အသတ် မရှိသော လူ့ဝန်းကျင် ဖြစ်လာသောကြောင့်ပင်။ ကွန်နိုပ်သည် ထိုကိစ္စနှင့် ပတ်သက်၍ အကောင်းဆုံး သက်သေ အထောက်အထား တစ်ခုပင်ဖြစ်သည်။ ကွန်နိုပ်သည် အလွန်ဆင်းရဲ ချို့တဲ့စွာ မွေးဖွား ကြီးပြင်းလာခဲ့ရသည်။ လက်ကြောတင်းအောင် အနည်းအပါးလုပ်ခြင်း၊ မဖြစ်စလောက် ကံဇာတာက ဖေးမခံခဲ့ရခြင်းကြောင့် ကွန်နိုပ် ယနေ့ ယခုဘဝသို့ ရောက်လာခဲ့ရပါသည်။

အခွင့်အလမ်း အမျိုးမျိုးရှိသည်။ အသက်မွေးမှုအလုပ်များတွင် အခွင့်အလမ်းများ ပေါ်တတ်သည်။ ကော်ပိုရေးရှင်းများတွင် အခွင့်အလမ်းများ ပေါ်တတ်သည်။ ထိပ်ဖျားမှနေ၍ လှေကားတစ်စင်းပေါ် မတက်နိုင်ပါ။ အောက်မှ စတင်၍သာ တက်ရသည်။ မိမိဖြစ်စေချင်သည့်အတိုင်း ဆောင်ရွက်ရယူနိုင်ရန် ဆန္ဒရည်မှန်းချက် အလုံအလောက် ရှိထားဖို့ လိုသည်။ အားထုတ်ကြိုးပမ်း ရယူလိုစိတ် အလုံအလောက် ရှိထားဖို့ လိုသည်။ ကျောင်းတက် ပညာ သင်ယူမှုကြောင့် ဉာဏ်ပညာပြည့်စုံစေမှုပမာဏ ပို၍ ပြည့်စုံလာစေသည်။ လူ့လောကတွင် မိမိ၏ ဉာဏ်ပညာပမာဏ အသုံးချတတ်လာစေသည်။ သို့ရာတွင် မိမိ ရွေးချယ်လိုက်သော နယ်ပယ်တိုင်းတွင် အခွင့်အလမ်းများ ရှိနေတတ်သည်။ မိမိကိုယ်ကို မိမိ အသုံးချတတ်မှ ယနေ့ ကြိုးပမ်း လှုံ့လထုတ်လိုက်သမျှကြောင့် နက်ဖြန် အကျိုးကျေးဇူးများ ဖြစ်ထွန်းလာလိမ့်မည်ဟု သိမှတ်ထားတတ်မှ အခွင့်အလမ်းများ တွေ့ရလိမ့်မည်။



ရှေ့သို့တက်လှမ်းရောက်ရှိသွားနိုင်ရန် ကွန်နိုပ်တွင် ပဥ္စလက်ဖော်မြူလာ တစ်ခုမျှမရှိပါ။ သို့ရာတွင် ပြစ်တင်ဝေဖန်ခံရမှုသည် အမြဲတစေ စိတ်ဓာတ် ကျစရာ မဟုတ်ပါ။ နှလုံးပိုက်တတ်လျှင် မိမိသွားသင့်သည့်ဘက်သို့ လမ်းပြခေါ်ဆောင် သွားပေလိမ့်ဦးမည်။ စောစောပိုင်းကာလတွင် နယ်ပယ်တစ်ခုခုတွင် အလုပ် တစ်ခုခု ရရှိနိုင်ရမည်။ ထိုအလုပ်နှင့်ပတ်သက်၍ ဘာကိုပင်လုပ်လုပ် နှစ်သက် သဘောကျနေဖို့ အရေးကြီးသည်။ ရှေ့တစ်ဆင့် တက်လှမ်းနိုင်ဖို့လည်း အာရုံ စိုက်ထားရမည်။ မိမိ နှစ်သက်သဘောကျရာကိုသာ လုပ်ခွင့်ရကြည့်စမ်းပါ။ ရှေ့သို့ တိုးတက်သွားဖို့ မခက်လှတော့ပါ။ ထို့အတူပင် မိမိ နယ်ပယ်ထဲမှ အပြင် ထွက်၍ အခြေအနေ လေ့လာကြည့်သင့်သည်။ သို့မှသာ မိမိရဲ့ ဘေးမှလူထက် ခေါင်းတစ်လုံးသာနေနိုင်လိမ့်မည်။ ဤသို့ပင် ကွန်နိုပ်များစွာ လေ့ကျင့်ခဲ့ရသည်။ လေ့ကျင့်ခဲ့သည့် အချက်မှာ ကွန်နိုပ် ဘာတွေ လုပ်နေသည်ကို တကယ်တမ်း သိနားလည်ဖို့ ကြိုးစားခြင်းဖြစ်သည်။ ဆက်စပ်ပါဝင် ပတ်သက်မှုများ (Collateral Implications) ကိုလည်း သိနားလည်ဖို့ ကြိုးစားခြင်းဖြစ်သည်။ ယင်းသို့ ကြိုးစားခြင်း နည်းလမ်းသည်ပင် မိမိအား လူအုပ်ထဲမှ ခွဲထုတ်ပြီး မိမိမည်မျှ တော်ကြောင်း တတ်ကြောင်း ခွဲခြားသိရှိနိုင်လိမ့်မည်။ နောက်ဆုံးအချက်မှာ အမြတ်အစွန်း ရရှိရေးအတွက် မဟုတ်သော အဖွဲ့အစည်းများတွင် မိမိ၏ဝန်ဆောင်မှုကို ပေးအပ်ပြီး ပါဝင်ဆောင်ရွက်ရ၍ အကျိုးကျေးဇူးများရှိနိုင်ကြောင်း ပြောလိုပေသည်။ ထိုသို့သော အမြတ်ပမာနမဟုတ်သော အဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင် ဝန်ဆောင်မှု ပေးခဲ့မှုကြောင့် မိမိတွင် ကျေနပ်ပျော်ရွှင်မှု ရရှိခံစားနိုင်ရုံမျှသာ မဟုတ်ပေ၊ ပတ်ဝန်းကျင်ရှိ အခြားသူများထံသို့ သင့်ကို အရောက်လည်း ပို့ဆောင် ပေးနိုင်သည်။ ထိုသူများသည် မိမိဘဝ ရှေ့တစ်လှမ်း တက်သွားနိုင်ရေးအတွက် ချိတ်ဆက် ကူညီပေးမည့်သူများပင် ဖြစ်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

စိတ်ထက်သန်မှုနှင့်
လုပ်ငန်းခွင်ကျေနပ်မှု

www.burmeseclassic.com

www.burmeseclassic.com

*John F. Welch Jr.*

## ဂျွန် အက်ဖ် ဝဲလ်ချ် ဂျူနီယာ

### ဂျင်နရယ် အီလက်ထရစ် ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်ဟောင်း

John F. Welch Jr. သည် တကယ်ပင် အထင်ကရပုဂ္ဂိုလ်ဖြစ်သည်။ ဖြောင့်မတ်ရိုးစင်းသည်။ စေတနာကောင်းသည်။ စရိုက်လက္ခဏာ ထူးခြားသည်။ ထူးထူးခြားခြား ဖြစ်ပေါ်နေရမှုကို ဂုဏ်ယူမိကြောင်း ပထမဆုံး ဝန်ခံခဲ့သူဖြစ်သည်။ စာရေးသည်။ ဟောပြောသည်။ လောကကြီးတွင် အကျိုးရှိရှိ နေထိုင်သည်။ သူ ပြုနေ ပြောနေသမျှအတွက် သဘောကျတတ်သည်။ ဂျင်နရယ် အီလက်ထရစ်မှ အနားယူလိုက်ချိန်အထိ ဤပုံအတိုင်းပင်။ မိမိကို စိတ်ကျေနပ်စေမည့် လုပ်ငန်းနယ်ပယ်ခေါင်းဆောင်သူတစ်ဦး ဖြစ်လာစေနိုင်သော လိမ္မာရေးခြား အကြံပေးစကားများစွာကို ဝဲလ်ချ်က တင်ပြထားသည်။

---

ဂျွန် အက်ဖ် ဝဲလ်ချ် ဂျူနီယာသည် ၁၉၆၀ ပြည့်နှစ်တွင် General Electric သို့ ဝင်ရောက်သည်။ ၁၉၇၂ ခုနှစ်တွင် ဒုတိယ ဥက္ကဋ္ဌ၊ ၁၉၇၉ ခုနှစ်တွင် ဒုတိယ ချယ်ယာမင်အဖြစ် ရွေးချယ်ခံရသည်။ ၁၉၈၁ ခုနှစ်တွင် ကုမ္ပဏီကြီး၏ ၁၂၀ နှစ် သက်တမ်း သမိုင်းကာလအတွက် အဋ္ဌမမြောက် ချယ်ယာမင်နှင့် အမှုဆောင် အရာရှိချုပ် ဖြစ်လာသည်။ ၂၀၀၁ ခုနှစ် ဆောင်းဦးတွင် အငြိမ်းစားယူသည်။ ဝဲလ်ချ်သည် ချယ်ယာမင်းဟောင်းတစ်ဦးဖြစ်ပြီး Business Council နှင့် National Academy of Engineering နှစ်ခု စလုံးတွင် အဖွဲ့ဝင်ဖြစ်သည်။ Business Roundtable အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။



## မိမိကို တကယ်ထူးခြားဖြစ်ပေါ်စေမည့် အကြောင်းတစ်ရပ်

မိမိအနေနှင့် လေ့လာသင်ယူနိုင်ရန် အလားအလာပေးအပ်မည့် အခွင့်အလမ်းများကို အမြဲတမ်း ရှာဖွေပါ။ အလုပ်ခန့် ခံရသူများအနက် နောက်ဆုံးလူ မဖြစ်ပါစေနှင့်။ မိမိကို တကယ်ထူးခြားဖြစ်ပေါ်စေမည့် အကြောင်းတစ်ရပ်ကို အမြဲရှာပါ။ မိမိ လုပ်ကိုင်လိုသော အလုပ်မျိုးကိုရှာပါ။ မိမိလုပ်ကိုင်လိုသည့် အလုပ်ကို လုပ်ပါ။ မိမိ၏ သက်မွေးမှုလုပ်ငန်းကို ပေါင်ချိန်စက်ကဲ့သို့ သဘော မထားပါနှင့်။ အမြဲပင် ပိုမိုလုပ်ဆောင်ပါ။ အလုပ်ရှင်စေခိုင်းသမျှကိုသာ မလုပ်ပါနှင့်။ အမြဲပင် ပို၍ လုပ်ဆောင်ပါ။ အပြုသဘောဆောင် စိတ်နေစိတ်ထား မွေးမြူပါ။ မျက်နှာ ပုပ်သိုးသိုးကြီးဖြင့် လမ်းသလားမနေပါနှင့်။ ထိုပုံစံမျိုးကို မည်သူမျှ သဘောမကျတတ်ပါ။ အပြုသဘောဆောင်ပြီး 'ငါ လုပ်နိုင်တယ် ဟေ့' ဟူသော စိတ်မျိုး ထားရှိပါ။ ဆန္ဒရည်မှန်းချက် များစွာထားပါ။ မိမိနှင့် အဆင့်တူ အသက်တူများ လက်အောက်ငယ်သားများ သို့မဟုတ် အထက်လူကြီးများ မသိ မမြင် ပါစေနှင့်။



www.burmeseclassic.com

www.burmeseclassic.com

*Maurice R. "Hank" Greenberg*

## မောရစ် အာရ် 'ဟန့်ခ်' ဂရင်းဘတ်

### C.V. Star & Co. ချယ်ယာမင် နှင့် အမှုဆောင်အရာရှိချုပ်

Maurice R. "Hank" Greenberg သည် အမိကပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ငွေတစ်ပြားတစ်ချပ်မျှမရှိသည့်ဘဝမျိုးမှ ကမ္ဘာပေါ်တွင် အကြီးဆုံး ကုမ္ပဏီကြီးများအနက် တစ်ခုကို တည်ထောင်နိုင်ခဲ့သူ ဖြစ်သည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ ပါရမီ ထူးချွန်သည်။ အသက်ရွယ် ရှစ်ဆယ်ကျော်လာသည်အထိ ပါးလိုက်သမျှ ရွှေလှောင်စက္ကူက အောချရသည်။ ငွေရေးကြေးရေးနှင့် စီးပွားရေး လုပ်ငန်းတွင် မသိတာ ဘာတစ်ခုမျှမရှိ။ သူသည် တည်ထောင်သူတစ်ဦးအဖြစ် လေးစားခံရသည်။ သူနှင့် ခေတ်ပြိုင်စီးပွားရေး သမားများနှင့် တန်းတူအဆင့် ဖန်တီးပေးနိုင်သည်။ မိမိ၏ ကြိုးပမ်းအားထုတ်မှုများတွင် စိတ်ဓာတ်ပြင်းပြမှု (Passion) ရှိရန် လိုအပ်သည်ဟု အလေးထားပြောကြားရင်း ဂရင်းဘတ်က သူ၏အောင်မြင်မှုသည် သူ့ဘဝအတွေ့အကြုံများမှ သင်ယူရရှိသော သင်ခန်းစာများ တန်ဖိုးများ၏ အားပေးမြှင့်တင်မှုခံခဲ့ရကြောင်း ရှင်းပြထားသည်။ သူ့ဘဝ အတွေ့အကြုံဟု ဆိုရလျှင် ဂရင်းဘတ်သည် လယ်တောတစ်ခုတွင် မွေးဖွားကြီးပြင်းလာခဲ့ရ၏။ စစ်ထဲဝင်ဖူးသည်။ အာမခံလုပ်ငန်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ဖူးသည်။

---

မောရစ် အာရ် 'ဟန့်ခ်' ဂရင်းဘတ်သည် C.V. Starr & Co., Inc. ၏ ချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သည်။ American International Group Inc. (AIG) ၏ အငြိမ်းစားချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သည်။ Asia Society ၏ ချယ်ယာမင်ဟောင်း ဖြစ်သည်။ ယခုအခါ အုပ်ထိန်းရေးအဖွဲ့ဝင် တစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ Starr Foundation ၏ ချယ်ယာမင် တစ်ဦးလည်းဖြစ်သည်။ အဆိုပါဖောင်ဒေးရှင်းသည် ပညာရေး၊ ဆေးဝါး၊ ယဉ်ကျေးမှုနှင့် Public Policy အဖွဲ့အစည်းများသို့ ငွေကြေးများ ထောက်ပံ့ကူညီလျက်ရှိသည်။



## ထက်သန်စိတ်

...စ်ခုခုလုပ်ဆောင်ရန် မည်သည်ကို သင် ရွေးချယ် ရွေးချယ် လုပ်ကိုင်ရန် ...က်သန်စိတ် (Passion) မွေးမြူပါ။ ဖြစ်သလို ပြီးစလွယ်မလုပ်ပါနှင့်။ မိမိသည် ...ည်သည့်အလုပ်နှင့် အကျွမ်းတဝင်ရှိသလဲ။ ဘယ်လောက်တတ်သိသလဲ။ ...ာ်သလဲ။ ထိုအလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကိုင်ပါ။ မိမိမတတ်သည့် အလုပ်မျိုးကို ...ုပ်ပါနှင့်။ အလုပ်တစ်ခုလုပ်ကိုင်ရန် ထက်သန်စိတ်မရှိလျှင် မလုပ်ပါနှင့်။

ကျွန်ုပ်၏ဘဝတွင် အစိတ်အပိုင်းသုံးခုရှိ၏။ ကျွန်ုပ်၏ အသက်မွေး လုပ်ငန်း ...ပေါ် တကယ်ပင် ဩဇာသက်ရောက်မှုရှိသော အစိတ်အပိုင်းများဖြစ်သည်။ ...မအပိုင်းသည် လယ်တောတစ်ခုတွင် ကြီးပြင်းလာခဲ့ရခြင်း ဖြစ်သည်။ လယ်တော ...်ခုတွင် မွေးဖွားကြီးပြင်းလာခဲ့သော ဘဝနှင့်ပတ်သက်သည့် ကျင့်ဝတ် စည်းကမ်း ...ခဲ့ခြင်းဖြစ်သည်။ ဒုတိယအပိုင်းမှာ စစ်တပ် အတွေ့အကြုံ ဖြစ်သည်။ စစ်ပွဲ ...ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ဖူး၍ လူအတော်များများအကြောင်း သင်ယူ ရရှိခဲ့ ...ည်။ မည်သို့သော လူစားမျိုးသည် ယုံကြည်အားကိုးရပြီး၊ မည်သည့် လူစားမျိုး ...ည် ယုံကြည်အားကိုး၍ မရနိုင်ကြောင်း နားလည်သဘော ပေါက်ခဲ့မိသည်။ ...တပ် ကျင့်ဝတ်စည်းကမ်းက ကျွန်ုပ်အား ခေါင်းဆောင်မှု ပညာကိုလည်း ...ကြားပေးလိုက်သည်။ ကျွန်ုပ်သည် တပ်သား ရိုးရိုးဘဝဖြင့် တပ်ထဲသို့ ဝင်ခဲ့ ...ည်။ ဗိုလ်ကြီးအဖြစ် တပ်မှ အနားယူခဲ့သည်။ တတိယအပိုင်းမှာ အာမခံ ...ငန်း အတွေ့အကြုံ ဖြစ်သည်။ လယ်တောနှင့် စစ်တပ်တို့မှ ရရှိခဲ့သော ...တွေ့အကြုံတို့ကြောင့် ကျွန်ုပ် လုပ်ကိုင်ရန် ကြိုးစားမှုကို စွဲစွဲမြဲမြဲ လုပ်ကိုင်တတ် ...ည်။ ကျွန်ုပ်သည် အရာရာကို စွဲစွဲမြဲမြဲ လုပ်တတ်လာခဲ့သည်။ ကျွန်ုပ်၏ ဘဝ ...က်ကြောင်းက ခေါင်းဆောင်မှု အတတ်ပညာနှင့် ပတ်သက်၍ ကျွမ်းကျင်မှုကို ...အပ်ခဲ့သည်။ ကျွန်ုပ် လုပ်ကိုင်သမျှတို့ အတွက်လည်း ထက်သန်စိတ်ကို ...အပ်ခဲ့ပါသည်။ သင်သည် ခေါင်းဆောင်တစ်ယောက်ဖြစ်ရန် အရည်အချင်း ...မိသူလား၊ ထင်ရှားပေါ်လွင်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိသည် အခက်အခဲဒုက္ခအန္တရာယ်များမှ ဖြတ်ကျော်နေထိုင်မှု မပြုနိုင် ခဲ့လျှင် မိမိ ဘာကိုပင်လုပ်လုပ် ကောင်းလိမ့်မည်၊ တော်လိမ့်မည် မဟုတ်ဘေ မိမိသည် မတော်မတရားမှုများကို ကျော်လွှား နေထိုင်တတ်ရမည်။ ခံနိုင်ရည် ရှိနေဖို့ ကြိုးစားရမည်။ မိမိ အနေဖြင့် ဘာတွေ လုပ်စရာရှိနေသနည်း။ ထိုကိ ပေါ်တွင်သာ အာရုံစိုက်လုပ်ကိုင်ပါ။

●



*Joseph R. Gromek*

## ဂျိုးဇက် အာရ် ဂရိုမက်

### Warnaco Group ၏ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ်

ကမ္ဘာအနှံ့ ကျော်ကြားအောင်မြင်နေသော အဝတ်အထည် ကုမ္ပဏီ အကြီးအကဲသည် အားလပ်ချိန်တွင် မည်သို့ ပျော်အောင်နေတတ် ပါသနည်း။ နှင်းလျှောစီးပါသည်။ သွေးများ သူ့ဦးနှောက်အတွင်းသို့ ပြန်လည်စီးဝင်ရန် ရည်ရွယ်သည်ဟု ဆိုသည်။ Joseph R. Gromek ၏ ဦးနှောက်စွမ်းအားကြောင့် Warnaco ကုမ္ပဏီကြီးအတွက် ငွေကြေးမနတိုးပွား တည်ဆောက်စေနိုင်ခဲ့ သည်။ ယခုအခါ ဂရိုမက်သည် ပညာရေးကဏ္ဍ၌ ထောက်ပံ့ကူညီရန် Warnaco Foundation စတင် တည်ထောင်ခဲ့သည်။ သူသည် ရှာဖွေရရှိသမျှ ငွေကြေးမနများကို ပြန်လည်စွန့်ကြဲလျက်ရှိသည်။ လောလောဆယ်တွင် သူ့ကုမ္ပဏီကြီးမှ Calvin Klein, Chaps, Speedo အမှတ်တံဆိပ် အဝတ်အထည်များဖြင့် ငွေကြေးစုဆောင်းနေသည်။ ဂရိုမက်က မိမိလုပ်ကိုင်သည့်လုပ်ငန်းကို ချစ်ပါ။ ထိုသို့ချစ်တတ်မှ လုံ့လဝီရိယဖြင့် ကြိုးစား လုပ်ကိုင်ချင်စိတ် ဖြစ်ပေါ်လာစေလိမ့်မည်ဟု ဆိုသည်။ မိမိလုပ်ကိုင်သည့် အလုပ်ကို ချစ်မှု၊ လုံ့လဝီရိယကြီးမားမှုတို့ကို ဘဝပေးအသိ၊ လူ့စွမ်းရည်များ ဖြင့် ပေါင်းစပ်လုပ်ကိုင်နိုင်ပါက အောင်ပွဲ မလွဲမသွေ ရရှိပေလိမ့်မည်။

---

ဂျိုးဇက် အာရ် ဂရိုမက်သည် ၂၀၀၃-ခုနှစ်၊ ဧပြီလမှစ၍ Warnaco တွင် ကုမ္ပဏီ ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်လာသည်။ ထိုအချိန်မှာပင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်အဖြစ် ရွေးကောက်ခံရသည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ Brooks Brothers, Inc. ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ထမ်းဆောင် ခဲ့သည်။ Saks Fifth Avenue, Limited Brands, Inc. နှင့် AnnTaylor Stores Corporation တို့တွင် အထက်တန်း စီမံအုပ်ချုပ်မှုရေးရာများ ရှိထားသည်။ Volunteers of America ဒါရိုက်တာဘုတ်အဖွဲ့ ချယ်ယာမင်နှင့် Parsons School of Design အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## စတင်ရမည့် ပထမနေရာ

မိမိ ဘာလုပ်နေသနည်း။ ထိုလုပ်နေသည့် အလုပ်ကို သဘောကျတတ်ဖို့ အရေးကြီးကြောင်း ထင်ရှားပါသည်။ ထို့ထက်ပို၍ အရေးကြီးသောအချက်မှာ မိမိလုပ်သည့်အလုပ်ကို ခုံမင်နှစ်သက်ခြင်းရှိတတ်ဖို့ပင်။ ထိုနေရာ (ထိုအချက်) သည်ပင် စတင်ရမည့် နေရာဖြစ်သည်။ မိမိလုပ်နေသမျှကို ခုံမင်နှစ်သက်နေပါက မိမိသည် ကြိုးစားပမ်းစား လုပ်မိလိမ့်မည်။ အဆုံးစွန်ပြောရလျှင် သင်ဆောင်ရွက်အောင်မြင်သွားလိမ့်မည်ဟု ယုံကြည်မိပါသည်။ မိမိတို့စီးပွားရေးလုပ်ငန်းလုပ်ရာ၌ သာမန်အသိ (Common Sense) ရှိနေဖို့လည်း အလွန်အရေးကြီးသည်။ မိမိအပေါ် ဆက်ဆံပြုမူစေလိုသည့်အတိုင်း သူတစ်ပါးအပေါ် ဆက်ဆံပြုမူတတ်မှုသည် အောင်မြင်ရေးအတွက် ပဓာနကျသည်။

မျက်မှောက်ကမ္ဘာကြီးသည် အရည်အသွေးအလျောက် မြှောက်စားတတ်သည့်စနစ် (Meritocracy) ကျင့်သုံးလျက် ရှိသည်။ မိမိ ဘယ်လောက်အထိ ပြီးပြည့်စုံအောင် လုပ်နိုင်မည်နည်း။ လုပ်ပါ။ အဆုံးအစ အကန့်အသတ်မရှိပါ။ တစ်စုံတစ်ခုသော အရေးကိစ္စအပေါ် အာရုံစူးစိုက်ကြည့်ပါ။ ရည်မှန်းချက်များ ချမှတ်ပါ။ စိတ်ကူးကောင်းကောင်း ထုတ်ပါ။ ပန်းတိုင်ရောက်သည်အထိ ဝီရိယကြီးစွာ လုပ်ဆောင်ပါ။ နောက်ဆုံးတွင် မိမိမှန်းသမျှသည်ဖြစ်လာ၊ ဖြစ်လာသမျှသည် မိမိ၏အောင်ပွဲပင် ဖြစ်သည်။

●



# ကမ္ဘာ့ထိပ်သီးတွေ့ဆုံပွဲကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

*The Dalai Lama*

## ဒလိုင်း လာမာ

ဒလိုင်း လာမာသည် ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ အခြား ဘာသာရေးခေါင်းဆောင်များကဲ့သို့ အဆောင်အယောင် မကြီးမားလှပေ။ မြင့်မြတ်၍ ရိုးစင်းသော အခြေခံသဘောတရားများကို ကျင့်သုံးသည်။ တိဘက်ဒေသအကြောင်းကိုသာ စိတ်ဝင်စားသည်။ သတင်းကြားချင်သည်။ မှုရင်းစာရေးသူနှင့် တွေ့ဆုံရာတွင် ဒလိုင်း လာမာက ဉာဏ်အလင်း ရရှိနိုင်သော အဆင့်များကို ရှင်းပြသည်။ ဉာဏ်အလင်း အမြင့်မားဆုံးရခဲ့လျှင် အတွေးအခေါ် အယူအဆများကို ပြောင်းလဲပေးနိုင်ကြောင်း၊ သူတစ်ပါးကို ကုစားပေးနိုင်ကြောင်း ရှင်းပြခဲ့သည်။ ဒလိုင်း လာမာသည် ရိုးကုပ်သည်။ သိမ်မွေ့သည်။ ကြင်နာတတ်သည်။ ဤစာထဲတွင် ဘဝ ရည်ရွယ်ချက် ပျော်ရွှင်မှုကို ရှာဖွေခြင်းသည် တစ်ကိုယ်ကောင်းဆန်သည်ဟု ယူဆဖွယ် ဖြစ်ကြောင်း သူတစ်ပါး၏အကျိုးကို ရွက်ဆောင်ပေးရင်း ပျော်ရွှင်မှုကို ရှာကြံခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း ထိုနည်းဖြင့် မိမိတို့ တစ်ကိုယ်ကောင်းမဆန်ဆုံး လုပ်ရပ်ကို ပြသနိုင်မည်ဖြစ်ကြောင်း ရှင်းပြထားသည်။

---

၁၄ ဦးမြောက် Dalai Lama Tenzin Gyatso သည် တိဘက်ပြည်သူတို့၏ ဘာသာရေး ခေါင်းဆောင်ဖြစ်သည်။ အိန္ဒိယ နိုင်ငံမြောက်ပိုင်း ဓမ္မဆာလာတွင် နေထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

THE DALAI LAMA

## MESSAGE

One great question underlies our experience, whether we think about it consciously or not: What is the purpose of life? I believe that the purpose of life is to be happy. From the moment of birth, every human being wants happiness and does not want to suffer. From the very core of our being we simply desire satisfaction. Therefore, it is important to discover what will bring about the greatest degree of happiness.

From my own limited experience, I have found that the greatest degree of inner tranquillity comes from the development of love and compassion. The more we care for the happiness of others, the greater becomes our own sense of well-being. Cultivating a close, warmhearted feeling for others automatically puts the mind at ease. This helps remove whatever fears or insecurities we may have and gives us the strength to cope with any obstacles we encounter. It is the ultimate source of success in life.

As long as we live in this world we are bound to encounter problems. If at such times we lose hope and become discouraged, we diminish our ability to face difficulties. If on the other hand we remember that it is not just ourselves but everyone who faces hardships of one kind or another, this more realistic perspective will increase our determination and capacity to overcome our troubles. Indeed, with this attitude, each new obstacle can be seen as yet another valuable opportunity to improve our mind! Thus, we can strive gradually to become more compassionate, that is we can develop both genuine sympathy for others' suffering and the will to help remove their pain. As a result our own serenity and inner strength will increase.

I believe that to meet the challenge of our times, human beings will have to develop a greater sense of universal responsibility. It is only this feeling that can remove the self-centered motives that cause people to deceive and misuse one another. If we have sincere and open hearts, we will naturally feel self-worth and confidence and there will be no need to be fearful of others. The key to a happier world is the growth of compassion. We do not need to become religious nor do we need to believe in an ideology. What is necessary is for each of us to develop our good human qualities. We must all learn to work not just for our own self, family or nation, but for the benefit of all humankind.

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခြင်းမေတ္တာနှင့် ကရုဏာ အရာ

ကြား သတိဖြင့် တွေးမိသည်ဖြစ်စေ၊ မတွေးမိသည်ဖြစ်စေ ကျွန်ုပ်တို့၏ အတွေ့အကြုံနှင့် ပတ်သက်၍ မေးခွန်းပုစ္ဆာကြီး တစ်ရပ် ထင်ရှားဖြစ်ပေါ်လျက် ရှိသည်။ 'ဘဝ၏ရည်ရွယ်ချက်သည် အဘယ်နည်း' ဟူ၍ဖြစ်သည်။ ကျွန်ုပ် အနေဖြင့်မူ ဘဝ၏ ရည်ရွယ်ချက်သည် ပျော်ရွှင်စွာ နေထိုင်ရေးဖြစ်သည်ဟု ယုံကြည်သည်။ မွေးဖွားလာချိန်မှစ၍ လူသားတိုင်းသည် ပျော်ရွှင်မှုကို အလိုရှိကြ သည်။ မည်သို့မျှ ဝေဒနာ မခံစားလိုကြပေ။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ဗဟိုချက်မှ နေ၍ ကျေနပ်အားရမှုကိုသာ တောင့်တမိတတ်ကြသည်။ ထို့ကြောင့် ပျော်ရွှင်မှု အကြီးမားဆုံးပမာဏကို မည်သည်က ဆောင်ကြဉ်းပေးနိုင်ကြောင်း လေ့လာ တွေ့ရှိဖို့ အရေးကြီးသည်။

ကျွန်ုပ်၏ အကန့်အသတ်ရှိအတွေ့အကြုံအရ အဇ္ဈတ္တအေးချမ်းတည်ငြိမ် မှု အကြီးမားဆုံး ပမာဏသည် ချစ်ခြင်းမေတ္တာနှင့် ကရုဏာတရားတို့ တိုးတက် ဖွံ့ဖြိုးမှုမှ ထွက်ပေါ်လာကြောင်း တွေ့ရသည်။ သူတစ်ပါး ပျော်ရွှင်နိုင်ရေးကို ဂရုစိုက်လေ ကျွန်ုပ်တို့၏ စိတ်တွင်း ချမ်းသာမှုပမာဏ ပိုမိုကြီးမားလေလေ ဖြစ်သည်။ သူတစ်ပါးအတွက် ရင်းနှီးမှုရှိသော၊ နွေးထွေးလှိုက်လှဲသော ခံစား ချက်မျိုး ပြုစုပျိုးထောင်ပေးနိုင်ခဲ့လျှင် စိတ်တွင်း အလိုလို တည်ငြိမ်ချမ်းမြေ့မှု ခံစားလာရတတ်သည်။ ဤနည်းဖြင့် ကျွန်ုပ်တို့ ခံစားနေရသော စိုးရိမ်စိတ်များ မိမိကိုယ်ကို မိမိတို့ ယုံကြည်မှုနည်းပါးစိတ်တို့ကို ဖယ်ရှားပစ်နိုင်သည်။ ကျွန်ုပ်တို့ ရင်ဆိုင်နေရသော အခက်အခဲ အတားအဆီးများကို ကိုင်တွယ်ဖြေရှင်းရာ၌ ကိုယ်စိတ်စွမ်းအား တိုးပွားလာစေလိမ့်မည်။ ယင်းသည်ပင် ဘဝအောင်မြင်မှု အတွက် အန္တိမ အရင်းအမြစ်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤလောကကြီးအတွင်း နေထိုင်နေရသည့် ကာလပတ်လုံး ပြဿနာ
များနှင့် ရင်ဆိုင်ကြုံတွေ့ရန်သေချာလှသည်။ ထိုသို့ ပြဿနာပေါင်းစုံနှင့် ရင်ဆို
ဖြေရှင်းနေရချိန်မျိုးတွင် မျှော်လင့်ချက် လျှော့ချလိုက်ပြီး စိတ်ဓာတ်ကျသွားသည်
ဆိုလျှင် အခက်အခဲများကို ရင်ဆိုင်နိုင်မှုစွမ်းအားတို့ မှေးမှိန်ပျောက်ကွယ်သွ
လိမ့်မည်။ အကယ်၍ အခက်အခဲကြုံရသူမှာ မိမိတစ်ဦးတည်းမဟုတ်ဘဲ လူတို
လည်း အမျိုးမျိုး ကြုံတတ်ကြောင်း သတိရသွားခဲ့လျှင် ဤယထာဘူတကျ
အမြင်ရှုထောင့်ကြောင့် ကျွန်ုပ်တို့၏ ဒုက္ခများအပေါ် ကျော်နင်း နိုင်စေမည်
စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စွမ်းအားပမာဏတို့ကို တိုးပွား လာစေလိမ့်မည်။ ဤ
သဘောထားမျိုးဖြင့် အခက်အခဲ အတားအဆီးသစ်များကို ကျွန်ုပ်တို့အတွ
စိတ်အင်အားတိုးစေသည့် အဖိုးတန် အခွင့်အလမ်းအဖြစ် မြင်လာမိလိမ့်မည်
ဤနည်းဖြင့် ကျွန်ုပ်တို့တွင် တဖြည်းဖြည်း တစ်စတစ်စဖြင့် ကရုဏာစိတ်များ ပိုမို
ပွားများလာအောင် ကြိုးပမ်းနိုင်လိမ့်မည်။ သူတစ်ပါး၏ ခံစားချက်များအပေါ်
အမှန်တကယ် ကရုဏာသက်မိ၍ သူတို့၏ ဝေဒနာများကို ဖယ်ရှားပေးနိုင်လိမ့်
မည်။ ဤသို့ပြုကျင့်ပါက ကျွန်ုပ်တို့၏ ကြည်လင်အေးငြိမ်းမှုနှင့် အဇ္ဈတ္တစွမ်းအား
တို့ တိုးပွားလာပေလိမ့်မည်။

ကျွန်ုပ်တို့၏ခေတ်တွင် စိန်ခေါ်ချက်များကို ဖြေရှင်းလိုလျှင် လူသားတိုင်
တစ်ကမ္ဘာလုံးအတွက် တာဝန်ယူ လုပ်ကိုင်ပေးလိုစိတ် ပိုမိုဖွံ့ဖြိုးလာစေရမည်
သို့မှသာ လူအချင်းချင်း လိမ်လည် လှည့်ဖြားပြီး မတရား စေခိုင်းတတ်သည်
တစ်ကိုယ်ကောင်းဆန်ဆန် ရည်ရွယ် စေ့ဆော်မှုတို့ ဖယ်ရှား ပစ်နိုင်လိမ့်မည်
ကျွန်ုပ်တို့တွင် ရိုးသားပွင့်လင်းသော စိတ်ထားများ မွေးမြူထားရှိခဲ့လျှင် မိမိ
တန်ဖိုးကို သိမြင်ခံစားလာမိလိမ့်မည်။ ယုံကြည်စိတ်လည်းရှိလာပြီး သူတစ်ပါး
စိုးရိမ်ရစရာလည်း မရှိတော့ချေ။ ပိုမိုပျော်ရွှင်ဖွယ် ကောင်းသော ကမ္ဘာလောကကြီး
ဖြစ်ပေါ်လာရေး အဓိကသော့ချက်သည် ကရုဏာတရား တိုးပွားလာစေခြင်းပင်
ဖြစ်သည်။ ဘာသာတရား ပိုမို ကိုင်းရှိုင်းဖို့နှင့် နိုင်ငံရေးအယူဝါဒများ ယုံကြည်
သက်ဝင်ဖို့ မလိုချေ။ ကျွန်ုပ်တို့၏ လူသား အရည်အချင်းကောင်းများ ဖွံ့ဖြိုး
တိုးတက်လာစေဖို့သာ လိုအပ်သည်။ မိမိတို့ကိုယ်ကျိုးအတွက် မိသားစုအတွက်
သို့မဟုတ် နိုင်ငံအတွက်သာမဟုတ်ဘဲ လူ့ဘောင်လောကကြီးတစ်ခုလုံး အကျိုး
စီးပွား ဖြစ်ထွန်းလာစေရန် အလုပ် လုပ်ကြဖို့ လေ့လာ သင်ယူရပေမည်။

●



*Mikhail Gorbachev*

## မစ်ခေးလ် ဂေါ်ဘာချက်ဗ်

**ဆိုဗီယက် ဆိုရှယ်လစ် သမ္မတနိုင်ငံများ သမ္မတဟောင်းနှင့်**
**Green Cross International ဥက္ကဋ္ဌ**

ဆိုဗီယက်ပြည်ထောင်စုကို အသွင်ပြောင်းပေးခဲ့သူဖြစ်သည်။
ပြည်တွင်းမှာထက် ပြည်ပတွင် ပိုမိုလေးစားခံရသည်။ ဂေါ်ဘာချက်ဗ်သည်
ဘာလင်တံတိုင်းကြီးကို ဖြိုချစေခဲ့သည်။ မူရင်းစာရေးသူနှင့် တွေ့ဆုံရာတွင်
ဂေါ်ဘာချက်ဗ်က အမေရိကန်သမ္မတ ရော်နယ် ရီဂင်ကို အဆက်မပြတ်
ချီးမွမ်းစကားပြောသည်။ မိမိ အလွန်လေးစားကြောင်း ပြောပြခဲ့သည်။
ဂေါ်ဘာချက်ဗ်နှင့် ရော်နယ် ရီဂင်တို့သည် ရင်းနှီးသောမိတ်ဆွေများအဖြစ်
တစ်ဦးပေါ်တစ်ဦး ယုံကြည်စိတ်ချခဲ့ကြသည်။ ဤစာထဲတွင်
ဂေါ်ဘာချက်ဗ်သည် လူသားမျိုးနွယ်တစ်ရပ်အဖြစ် စိန်ခေါ်မှုများကို
ရင်ဆိုင်ဖြေရှင်းရာတွင် မိသားစုအချင်းချင်း မိတ်ဆွေများအချင်းချင်း
ကမ္ဘာမြေသားများအားလုံး စုပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

---

ikhail Gorbachev သည် ၁၉၈၅ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု အထွေထွေ
တွင်းရေးမှူး ဖြစ်လာသည်။ ဆိုဗီယက် ပြည်ထောင်စုအတွင်း အပြောင်းအလဲ
များ စတင်ခဲ့သည်။ နိုင်ငံနှင့် လူ့ဘောင် အခြေခံကျကျ ပြုပြင်ပြောင်းလဲရေး
*Perestroika)* ဟု နောင်တွင် ထင်ရှားလာသည်။ ဂေါ်ဘာချက်ဗ်သည်
စ်အေး ကာလ အဆုံးသတ်သွားစေမှုတွင် ထင်ရှားသောအပိုင်းမှ ပါဝင်ခဲ့သည်။
တ်နက် ပြိုင်ဆိုင်မှု ရပ်ဆိုင်းစေခဲ့သည်။ နျူကလီးယား စစ်ပွဲအန္တရာယ်ကို
တ်သိမ်း စေခဲ့သည် ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် နိုဘယ်
ငြိမ်းချမ်းရေးဆု ချီးမြှင့်ခံရသည်။ ၁၉၉၃ ခုနှစ် မတ်လမှစ၍ Green Cross
International ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# လူသားအားလုံး ညီအစ်ကိုတော်ပါသည်

လူငယ်မိတ်ဆွေသို့

သင်၏ရှေ့တွင် ဘဝကြီးတစ်ခုလုံး တည်ရှိနေပါသည်။ သင် နေထိုင်သွ ရမည့် ဘဝကြီး ဖြစ်သည်။ ဂုဏ်သိက္ခာနှင့်ပြည့်စုံသော ဘဝမျိုး ဖြစ်သင့်ပါသည် မည်သို့ နေထိုင်သွားရပါမည်နည်း။ ဘယ်လိုနေမှ တကယ်မှန်တာ တစ်ဦးဦးက အခြား တစ်ယောက်ယောက်ကို သင်ပေး၍ မရနိုင်ပါ။ လူတို မိမိဘာသာ ရွေးချယ်တတ်ရမည်။ လူတိုင်း၏ ဘဝကံသည် နိမ့်လိုက် မြင့်လို ရှိတတ်သည်။ အချိုးများ အကွေ့များ တွေ့ရတတ်သည်။ ပြဿနာ အခက်အခဲမျ ပေါ်လာ တတ်သည်။ ပြီးမြောက်အောင်မြင်မှုများနှင့်လည်း ကြုံနိုင်သည်။

သို့ရာတွင် ကျွန်ုပ်တို့၏ဘဝကို မိခင်၊ ဖခင်နှင့် မိသားစုတို့က ဘဝ လမ်းကြော ကို တည့်မတ်ပေးနေကြသည်။ ဘာပဲ ဖြစ်လာဖြစ်လာ မိသားစုသည် သင် ယုံကြည်အားအထားရဆုံး အထောက်အကူတစ်ရပ်အဖြစ် ဆက်လက် ရပ်တည် နေရမည်။ သို့သော် သတိပေးထားပါရစေ။ မိသားစုက မိမိအတွက် အယုံကြည် ရဆုံး အထောက်အကူအဖြစ် ဆက်လက် ရပ်တည်နေခြင်း မနေခြင်းသည် သင့်အပေါ် တည်မှီနေပါသည်။

ဘဝတွင် အခြား အထောက်အကူကို မိတ်ဆွေ သူငယ်ချင်းများထံ ရနိုင်သည်။ ထိုသူတို့မှာ ဘဝတစ်လျှောက်လုံး သင်နှင့် အတူရှိနေပါလိမ့်မည် မှန်ပါသည်။ သူတို့ တစ်ဦးနှင့်တစ်ဦး တူညီမှုတော့ မရှိနိုင်ပါ။ သို့ရာတွ သင့်အတွက် သူတို့ရှိနေသမျှ ကာလပတ်လုံး သင် အထီးကျန် ဖြစ်မသွားနိုင်ပါ ဆိုလိုသည်မှာ သင် လိုအပ်နေချိန်တွင် တစ်စုံတစ်ဦးသည် သင့်နံဘေးတွ ရှိတတ်သည်။ လက်လှမ်းကူညီနေမည့်သူ ရှိတတ်သည်။ မိမိအား ထောက်ခံပေ မည့်သူ၊ ဖြေသိမ့်ပေးမည့်သူတစ်ဦးဦး ရှိနေတတ်သည်။ မိမိ သူငယ်ချင်းများသည် မိမိအတွက် အရေးကြီးသည်ဟု သတ်မှတ်ထားပါ။ အခြားသူများသည် မိ အတွက် အရေးကြီးသူများ ဖြစ်သည်ဟု စိတ်ပိုင်းဖြတ်ထားပါ။



လူအားလုံးသည် ငယ်ရွယ်စဉ်က ဘယ်အသက်မွေးလုပ်ငန်းမျိုး ရွေးချယ် သင့်သလဲ၊ ဘယ်လို ဘဝကြမ္မာမျိုးနဲ့ ကြုံရမလဲဟု တွေးမိတတ်ကြသည်။ ရရှိဖို့ ရွေးချယ်ရမည့်အရာမှာ အောင်မြင်မှုနှင့် ဘဝကောင်းစားရေးဖြစ်သည်။ အခြား သူများနှင့် လူ့ဘောင် လောကအတွက် လိုအပ်သောပုဂ္ဂိုလ်ဖြစ်လာရေးပင် ဖြစ် သည်။ ဘဝတွင် ပရိယေသနလုပ်ငန်းမရှိလျှင်၊ သူတကာ ဝိုင်းပယ်ထားလျှင် စိတ်ဒုက္ခ ခံစားမိလိမ့်မည်။ သင်၏ လိုအင်ဆန္ဒများ၊ စွမ်းရည်များ၊ အတွေ့အကြုံ များနှင့် လိုက်ဖက်ညီမည့် အမှန်ကန်ဆုံးရွေးချယ်မှုသည် သင့်ဘဝတစ်ခုလုံး၏ အုတ်မြစ်ပင်ဖြစ်သည်။

သို့ရာတွင် ဘာကိုပင်ရွေးချယ်လိုက်မိသည်ဖြစ်စေ၊ လူတိုင်းသည် မိမိတို့ ၏ ဘဝတာတစ်လျှောက် စမ်းသပ်မှုအမျိုးမျိုး တွေ့ရလိမ့်မည်။ ကိစ္စအတော် များများတွင် ယင်းသို့ စမ်းသပ်ခံရမှုများသည် တစ်ဦးနှင့်တစ်ဦး မတူညီကြချေ။ ယနေ့ ကျွန်ုပ်တို့၏ ခေတ်ကာလကဲ့သို့အချိန်ကြီးတွင် စမ်းသပ်မှုများသည် ပိုမို၍ ထူညီစွာ ဖြစ်ပေါ်လာခဲ့သည်။

ကျွန်ုပ်တို့သည် မတူညီသော ဘာသာစကားများဖြင့် ပြောဆိုနေကြပါ သည်။ အသားအရောင်လည်း ကွဲပြားနေကြသည်။ ဘာသာတရားလည်း မတူ ပေ။ ဘုရားမဲ့ဝါဒီများပင်ရှိသည်။ မည်သို့ကွဲပြားခြားနားနေပါစေ၊ ယနေ့ ကျွန်ုပ်တို့ တူညီသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ဤစိန်ခေါ်မှုများမှာ ကျွန်ုပ်တို့ လူသားများကိုယ်တိုင်က ဖန်တီးခဲ့သည်။ ဤသည်တို့မှာ စစ်ပွဲနှင့် အကြမ်းဖက်မှု စိန်ခေါ်ချက်များဖြစ်သည်။ အသက်အိုးအိမ်စည်းစိမ်များစွာ ဆုံးရှုံးနေရသည်။ ဆိုးဆိုးဝါးဝါး ထိခိုက်ပျက်စီးသွားသော သဘာဝ ပတ်ဝန်းကျင်စိန်ခေါ်ချက်များ ဖြစ်သည်။ ယင်းက အလေးဂရုစိုက်ကြပါ၊ ကူညီပါဟု တိုက်တွန်းလျက်ရှိသည်။ အကြမ်းဖက်ဝါဒနှင့် ရာဇဝတ်မှု စိန်ခေါ်မှုများလည်း ရှိသေးသည်။ ကြောက်စရာ သန့်စရာ ရောဂါဆိုးကြီးများကလည်း စိန်ခေါ်နေကြသည်။ ယခုအထိ ကုသနည်း ဆေးမရှိသေးပေ။ ထို့ပြင် ဆင်းရဲမွဲတေမှုနှင့် စာမတတ်မှု စိန်ခေါ်ချက်များသည်



www.burmeseclassic.com

www.burmeseclassic.com

ရှိနေသည်။ လူသန်းပေါင်းများစွာအတွက် ဝမ်းနည်းကြေကွဲစရာ အကြောင်းရင်း ဖြစ်သည်။ ထိုသူတို့က အကူအညီနှင့် ကရုဏာတရားတောင်းခံနေကြသည်။

သင် အပါအဝင် လူတိုင်းသည် ဤစိန်ခေါ်မှုကြီးများကို အဖြေရှာ မိမိ၏ အားထုတ်ရရှိမှု၊ တွေးခေါ်ရရှိမှု၊ ကြိုးပမ်း လုပ်ဆောင်ရရှိမှုတို့ကို ခွဲဝေ ပေးနိုင်ရမည်။ ပေးကိုပေးရမည်။ သို့ရာတွင် ပေါ်ထွက်လာသော စိန်ခေါ်မှုပြဿနာ များကို ဖြေရှင်းနိုင်ရန် တူညီစွာ အားထုတ်မှုဖြစ်နိုင်သည်။ လူသားအားလုံးသည် ညီနောင်သားချင်းများ တော်စပ်ကြပါသည်။ ဤသည်မှာ ပဝေဏီကပင် သိကြ သော ဆိုရိုးစကားဖြစ်သည်။ ကံဆိုးလှလေစွ၊ မြေကမ္ဘာသားများသည် ညီရင်း အစ်ကိုများကဲ့သို့ ဆက်ဆံပြုမူခြင်း မရှိကြပေ။ ဤသို့ဖြစ်နေ၍ လူသားတို့ တစ်ဦးနှင့်တစ်ဦး ကင်းကွာ နေကြရသည်။ အနာဂတ်ရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းအားထုတ်ကြမှ တော်ကာကျပေတော့မည်။

အနာဂတ်သည် အမြဲလိုလိုပင် ကြိုတင် မသိနိုင်သော တစ်စုံတစ်ခုဖြစ် သည်။ သံသယ မဖြစ်ပါနှင့်။ အနာဂတ်သည် သစ်ဆန်း၍ ကြီးမားထူးခြားသော ယနေ့အထိ ဘာမှန်း မသိရသေးသော အရာများစွာကို ပေးအပ်ပါလိမ့်မည်။ သို့ရာတွင် အနာဂတ်သည် ယခုအချိန်မှပင် စတင်နေပါပြီ။ ကျွန်ုပ်တို့၏ ကြိုးပမ်း ချက်များကြောင့် အကောင်အထည်ပေါ်လာနေပြီဖြစ်ကြောင်း တွေ့ရလိမ့်မည်။ ယနေ့ ကျွန်ုပ်တို့ တတ်စွမ်းသမျှ လုပ်ကိုင်နေမှုများအပေါ် မူတည်၍ နက်ဖြန် ဘာတွေဖြစ်ပေါ်လာမည်နည်း။

ကျွန်ုပ်အနေဖြင့် သင်တို့မြေကမ္ဘာသားလူငယ်များသို့ ပြောလိုပါသည်။ သတ္တိစိတ် မွေးထားပါ။ ဇွဲ ရှိပါ။ အရည်အချင်း ပြည့်ဝ နေပါစေ။ ဘဝကို မကြောက်ပါနှင့်။ ဘဝသည် လှုပ်ရှားသက်ဝင်မှုရှိနေ၍ လှပပါသည်။ သို့ရာတွင် ဘဝကို ပိုမို ကောင်းမွန်လာအောင် လုပ်နိုင်ပါသည်။ မိမိတို့အားလုံး ဖြစ်စေ ချင်လျှင် ပိုကောင်းအောင် လုပ်နိုင်ပါသည်။ ကျွန်ုပ်တို့ ရရှိ ခံစားနေရသော မနဥစ္စာတို့ကို သဘာဝတရားကြီးနှင့် လူ့လုပ်အားတို့က ပေးအပ်လျက်ရှိသည်။



င်းတို့ကို အတတ်နိုင်ဆုံး စောင့်ရှောက် ထိန်းသိမ်းပြီး ပမာဏ ပိုမိုများပြား အောင် လုပ်နိုင်လျှင် ဘဝကြီး ပိုမိုကောင်းမွန်လာနိုင်ပါသည်။

အဆုံးတစ်နေ့တွင် မိမိတို့ တစ်ဦးချင်းစီ ရွေးချယ်လိုက်မိသော လမ်းစဉ် ကြောင့် 'ငါတို့ ဘဝကြီးမှာ နေထိုင်ခွင့်ရခဲ့တယ်၊ ဘာမျှ အချည်းနှီးမဖြစ်စေခဲ့ဘူး ငါတို့ပျော်လိုက်တာ' ဟု ပြောနိုင်ခွင့် ရကြပါစေဟု ဆုမွန်တောင်းလိုက်ပါ၏။

●



www.burmeseclassic.com

www.burmeseclassic.com

*Vladimir Putin*

## ဗလာဒီမာ ပူတင်

### ရုရှပြည်ထောင်စု သမ္မတဟောင်းနှင့် လက်ရှိဝန်ကြီးချုပ်

တချို့က ပြင်းထန်သော အာဏာရှင်တစ်ဦးဟု ပြောကြသည်။ မည်သို့ပင်ဖြစ်စေ ရုရှနိုင်ငံခေါင်းဆောင်အဖြစ်၊ ရုရှနိုင်ငံ၏ အကျိုးစီးပွားများအကြား နိုင်ငံများထက်သာလွန်ရေးအတွက် ကြိုးပမ်းခဲ့သည်။ မူရင်းစာရေးသူက ပူတင်သည် ဟာသဉာဏ်ရွှင်၍ ခင်မင်စရာကောင်းသည်ဟု မြင်သည်။ သမီးနှစ်ဦးအပေါ် ဂရုစိုက်သည့် ဖခင်ကောင်းတစ်ဦးလည်း ဖြစ်သည်။ ပူတင်က စီးပွားရေးနှင့် ယဉ်ကျေးမှုပြောင်းလဲမှုများတွင် ပါဝင်ဆောင်ရွက်ကြရန် ကမ္ဘာ့လူငယ်များအား တိုက်တွန်းနှိုးဆော်ထားသည်။ အောင်မြင်ရေး အတွက် ရှေးပဝေသဏီကပင် ကျင့်သုံးလာခဲ့သော လုပ်နည်း ကိုင်နည်း တစ်ရပ်ကို ပေးအပ်ခဲ့သည်။

---

Vladimir Putin သည် ကေဂျီဘီ ရာထူးအဆင့်ဆင့်မှ မြင့်မား လာခဲ့သည် ရုရှအစိုးရအဖွဲ့မှ တစ်ဆင့်လည်း ရာထူး ပိုကြီးလာသည်။ ၂၀၀၀ ပြည့်နှ ရုရှနိုင်ငံသမ္မတ ဖြစ်လာခဲ့သည်။ ၂၀၀၄ ခုနှစ် မတ်လတွင် သမ္မတအဖြ ဒုတိယသက်တမ်း တင်မြှောက်ခံရသည်။ ၂၀၀၈ ခုနှစ် မေလ ၈ ရက်မှစ၍ ပူတင်သည် ရုရှနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်ထားခံရသည်။



## လုံ့လဝီရိယသည် အောင်မြင်မှု၏ အဦးအစ

သနေ့ မျိုးနွယ်ဆက်သည့် နိုင်ငံတကာအရေးကိစ္စများ အပါအဝင် ပြဿနာများ အခက်အခဲများကို ပထမဦးဆုံး ရင်ဆိုင်နေရခြင်း မဟုတ်သလို၊ နောက်ဆုံး အကြိမ် ရင်ဆိုင်နေရခြင်းလည်း မဟုတ်ပေ။ လွန်ခဲ့သော ရာစုနှစ်အတွင်း မည်မျှ ခံစားခဲ့ရပါသနည်း။ ကမ္ဘာ့လူသားအားလုံး သိထားသည်။ လွန်ခဲ့သော ရာစုနှစ် အတွင်း ဒုတိယကမ္ဘာစစ်ကြီး၏ ပြင်းထန်ဆိုးဝါးလှသော အနိဋ္ဌာရုံကြီးနှင့် ကြုံခဲ့ကြရသည်။ မျက်မှောက်ကာလတွင်လည်း အန္တရာယ်သစ်တစ်ရပ်နှင့် ရင်ဆိုင်နေရသည်။ ကံဆိုးလှသည့်အချက်မှာ အင်အားအကြီးမားဆုံး နိုင်ငံများ အပါအဝင် မည်သည့်နိုင်ငံမျှ အဆိုပါအန္တရာယ်သစ်မှ ဖုံးအုပ်ကာကွယ်ထားနိုင်မှု မပြုနိုင်ခြင်း ဖြစ်သည်။ နိုင်ငံတကာ အကြမ်းဖက်မှု ဆန့်ကျင်တိုက်ဖျက်ရေး လုပ်ငန်းအပေါ် အားလုံး အာရုံစူးစိုက်ထားသင့်ပါသည်။ လူငယ်လူရွယ်များ လည်း သီးခြားရပ်တည်၍ မနေသင့်တော့ပေ။ မိမိတို့၏ သက်ဆိုင်ရာ အစိုးရများ အပေါ် မိမိတို့၏ ယုံကြည်မျှော်လင့်ထားချက်များကို ပံ့အောပေးသင့်သည်။ လူငယ်အဖွဲ့အစည်းများသည် အစွန်းရောက်ဝါဒ၊ အကြမ်းဖက်ဝါဒ၊ လူမျိုးခွဲခြား ဆက်ဆံရေးဝါဒနှင့် ဘာသာရေးဆိုင်ရာအယူသည်းမှုတို့ကို တိုက်ခိုက်နှိမ်နင်းရေး တွင် မိမိတို့ စွမ်းအားကုန် အသုံးပြုသင့်သည်။

မျက်မှောက်လူငယ်များသည် ကမ္ဘာတစ်ဝန်းလုံးတွင် အတက်ကြွဆုံးနှင့် အစုစည်းမိဆုံးအုပ်စုများအနက် အုပ်စုတစ်အုပ်စု အဖြစ် ကိုယ်စားပြုရပ်တည်နေ ကြသည်။ ငယ်ရွယ်သောနိုင်ငံသူနိုင်ငံသားများသည် နိုင်ငံတကာ [illegible] ထောက်ထားစာနာရေး၊ အသိပညာ ကြွယ်ဝရေး၊ ယဉ်ကျေးမှု ထွန်း[illegible] စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်နေကြမှုများသည် တိုက်ဆိုင်မှု [illegible] ခေတ်မီ သတင်းအချက်အလက်နည်းပညာ၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီရေး



www.burmeseclassic.com

www.burmeseclassic.com

သာမန်တန်ဖိုးများ၊ အစိုးရများ၏ ပွင့်လင်းသော မူဝါဒများက ယင်းသို့ဖြစ်လာစေရန် ပံ့ပိုး ဆောင်ရွက်ပေးခဲ့သည်။ လူငယ်လူရွယ်များသည် ယခုအခါ ဆက်သွယ်မှုလွယ်ကူလာသည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆက်သွယ်လုပ်ကိုင်မှု ပြေပြစ်ချောမွေ့လာသည်။ မိတ်သစ်ဆွေသစ်များ တိုးပွားလာသည်။ ဤအချက်အားလုံးက လူငယ်များအတွက် ဘဝတွင် သူတို့၏နေရာကို ရှာတွေ့စေသည်။ ပညာကောင်းကောင်းသင်ခွင့်ရစေသည်။ မိမိတို့၏ ဆန္ဒရည်ညွှန်းချက်များအတိုင်း လျှောက်လှမ်းနိုင်ဖို့ စွမ်းရည်များ အသုံးပြုစေနိုင်သည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီး ဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ကူညီရာရောက်သည်။ ကမ္ဘာကြီး၏ စီးပွားရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည်။

သီးသန့် အကြံပေးစကား ပြောပါမည်။ ကျွန်ုပ်သည် အောင်မြင်ရေးအတွက် သက်တမ်းကြာမြင့်ပြီး စွမ်းရည်စမ်းသပ်ပြီး လမ်းစတစ်ရပ် ရရှိထားသည်။ ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်များသည် လွန်ခဲ့သောနှစ်ပေါင်း ရာပေါင်း များစွာ တစ်လျှောက်လုံး ထိုနည်းကို အသုံးပြုလာခဲ့သည်။ လုံ့လ ဝီရိယ ရှိမှုသည် အောင်မြင်မှု၏ အဦးအစ ဖြစ်ပါသည်။ အဆိုပါနည်းလမ်းမှာ မျက်မှောက်ကာလကြီး အတွက်လည်း ဆက်လက် တည်တံ့ ကိုက်ညီလျှက် ရှိပါသည်။

●



*Roh Tae Woo*

## ရိုတေဝူး

### ကိုရီးယားသမ္မတနိုင်ငံ သမ္မတဟောင်း

Roh Tae Woo သည် ကိုရီးယားနိုင်ငံအား တောင်နှင့်မြောက် စည်းလုံးမိရန် ပထမဆုံးကြိုးစားခဲ့သူ သမ္မတဖြစ်သည်။ ရိုတေဝူး၏ ကျေးဇူးကြောင့် တောင်နှင့်မြောက် စည်းလုံးပူးပေါင်းနိုင်ရေး ဆွေးနွေးပွဲများကို အဆက်မပြတ် ကျင်းပလာနိုင်ခဲ့သည်။ ဤစာထဲတွင် ရိုတေဝူးက သူ၏ သမ္မတ သက်တမ်း တစ်လျှောက် အန္တရာယ်ဖြစ်လောက်အောင် စွန့်စားလုပ်ကိုင်ခဲ့ရသည်ဟု ဖော်ပြထားသည်။ သို့ရာတွင် သူ၏ စွန့်စားလုပ်ကိုင်ခဲ့မှုများသည် လုပ်ကိုင်ရကျိုးနပ်ပါလိမ့်မည်။ တစ်ခါတစ်ရံတွင် သမိုင်းကြောင်းအရ စွန့်စားရကျိုးနပ်တတ်ပါသည်။

---

ရိုတေဝူးသည် တောင်ကိုရီးယားသမ္မတနိုင်ငံ၏ ၁၃ ဦးမြောက် သမ္မတအဖြစ် ၁၉၈၈ မှ ၁၉၉၃ အထိ ထမ်းရွက်ခဲ့သည်။ ဗိုလ်ချုပ်ကြီးဟောင်း ချွန်ဒိုးဟွမ်က သူ့ရာထူးဆက်ခံရန် ရွေးချယ်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ဆိုးလ်မြို့နှင့် အခြားမြို့များတွင် ဒီမိုကရေစီဆန္ဒပြမှုများ ပေါ်ပေါက်လာခဲ့သည်။ ထိုအခါ ရိုတေဝူးသည် ဒီမိုကရေစီနည်းအရ သမ္မတရွေးကောက်ပွဲများ ကျင်းပပေးခဲ့သည်။ စစ်အုပ်ချုပ်ရေး အပြီးတွင် ရိုတေဝူးသည် ပထမဆုံး ဒီမိုကရေစီနည်းအရ ရွေးကောက်ခံရသော သမ္မတဖြစ်လာသည်။ သူ၏ ကျယ်ပြန့်လှသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အမှတ်ရစရာ ကောင်းသည်။ ကိုရီးယားနိုင်ငံအား ဒီမိုကရေစီ ပိုမိုကျင့်သုံးသော နိုင်ငံကြီးအဖြစ်သို့ ရောက်ရှိစေရေး၊ လူမျိုးစုအရ၊ နိုင်ငံရေးအရ ဘာသာကိုးကွယ်မှုအရ ကွဲပြားနေသော်လည်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရေးဟူသော မူကို ချမှတ်ဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ချမှတ်လိုက်သော ဆုံးဖြတ်ချက်များအတိုင်း ရဲရဲတင်းတင်း အကောင်အထည်ဖော်

ကျွန်ုပ်၏ဘဝတွင် အကြီးမားဆုံးစိန်ခေါ်မှုကြီးမှာ ကျွန်ုပ်ဝင်ပြိုင်မိသော သမ္မတရွေးကောက်ပွဲဖြစ်ပါသည်။ သမ္မတလောင်းအဖြစ် အမည်တင်သွင်းခံရချိန်တွင် ကိုရီးယားသမ္မတကို သွယ်ဝိုက်သော ရွေးကောက်ပွဲစနစ်ဖြင့် တင်မြှောက်နေရသည်။ သဘောသဘာဝအရ အာဏာရပါတီ အသာစီးရနေသည်။

သို့ရာတွင် ထိုကာလ၌ ကိုရီးယားပြည်သူတို့က မိမိတို့၏ သမ္မတကို တိုက်ရိုက် မဲပေးစနစ်ဖြင့် တင်မြှောက်ချင် နေကြသည်။ ၁၉၆၀ ပြည့်လွန်နှစ်ကာလများမှစ၍ ထူးထူးကဲကဲ နိုင်ငံစီးပွားရေး တိုးတက်ဖွံ့ဖြိုးနေစဉ်အတွင်း အခြေခံ ပြည်သူ့ရပိုင်ခွင့် အတော်များများ ပစ်ပယ်ခံထားရသည်။ ကိုရီးယားပြည်သူတို့သည် ပြည့်ဝသော ဒီမိုကရေစီကျင့်သုံးမှုကို မျှော်လင့်စောင့်စားလျက်ရှိကြသည်။

ကျွန်ုပ်အား ထောက်ခံသူများသည် အမြင်အရ ဒီမိုကရေစီစနစ် အပြည့်အဝ ကျင့်သုံးနိုင်ရေးသည် ရဖို့လည်း မလွယ်၊ အကောင်အထည်ဖော်ဖို့လည်း ခက်လှသည်။ ဧရာမဆိုးကျိုးများစွာနှင့် အနှောင့်အယှက်ဆုတ်ဆိုင်းမှုတို့ကိုလည်း ကြိုတင်သိမြင် နေကြသည်။ ကျွန်ုပ်မှာ သမ္မတလောင်းအဖြစ် ရွေးချယ်ခံထားရ၍ ဂုဏ်ယူနေမိမှုနှင့် ပြည်သူတို့၏ ဒီမိုကရေစီရေး ရည်မှန်းချက် နှစ်ခုကြား မချိတင်ကဲ ခံစားနေရသည်။ သို့ရာတွင် ကျွန်ုပ်အနေနှင့် ကိုရီးယားတွင် ဒီမိုကရေစီထွန်းကားပြီး ကိုရီးယားကျွန်းဆွယ်မှ ဖြစ်ပေါ်လာနိုင်သည့် စစ်မက် အန္တရာယ်ကို ဖျက်သိမ်းပေးရန် အချိန်အခါသင့်နေပြီဟု သဘောပေါက်ခဲ့မိသည်။



ရက်ပေါင်းများစွာ နက်နက်နဲနဲ စဉ်းစား တွေးတော နေမိပြီးနောက် ပြည်သူတို့နှင့် သမိုင်းက အသိအမှတ်ပြုမထားသော သမ္မတရာထူးသက်တမ်းသည် အဓိပ္ပာယ်ကင်းမဲ့လှသည်ဟု ယုံကြည်လာမိသည်။ ထိုအချိန်ကာလအထိ သမ္မတအဖြစ် အရွေးခံရနိုင်စေမည့်အခြေအနေ အခွင့်အလမ်းကောင်းမှန်သမျှကိုလည်း စွန့်လွှတ်လိုက်ရန် ဆုံးဖြတ်လိုက်မိသည်။

ယင်းသို့ တွေးခဲ့မိ၍ ပြုပြင်ပြောင်းလဲရေး စနစ်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးသွားရန် စိတ်ပိုင်းဖြတ်လိုက်သည်။ နိုင်ငံရေးအရ တားဆီးခံထားရသော နိုင်ငံရေးသမား အားလုံးသည် ကိုရီးယားနိုင်ငံသား ဖြစ်နေသမျှကာလပတ်လုံး သမ္မတအဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေး၊ တိုက်ရိုက်မဲပေးစနစ်ဖြင့် ရွေးချယ်နိုင်ရေး၊ စာနယ်ဇင်းလွတ်လပ်ခွင့်ရရှိရေး စသည့် လုပ်ငန်းစဉ်များဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်များကို ထိုအချိန်က 'တော်လှန်သောလုပ်ရပ်များ' ဟု ခေါ်နိုင်ခဲ့သည်။

အဆိုပါလုပ်ငန်းလမ်းစဉ်များဟူသည်မှာ June 29 Declaration ပင်ဖြစ်သည်။ ၁၉၈၇ ခုနှစ် ဇွန်လ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထိုအခါ ကိုရီးယားပြည်သူတို့က ကျွန်ုပ်အား ချီးမွမ်းကြသည်။ ထောက်ခံအားပေးကြသည်။ 'အခြေအနေ အလားအလာ ဆိုးဝါးနေမှုကြားက ထိုးထွက်လာသော သူရဲကောင်းကြီး' ဟု ခေါ်ခဲ့ကြသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ ၁၃ ဆက်မြောက် သမ္မတအဖြစ် ရွေးကောက် တင်မြှောက်ခဲ့ကြသည်။

ဇွန် ၂၉ ကြေညာစာတမ်း သည် ကိုရီးယားနိုင်ငံ ဒီမိုကရေစီစနစ် အမြစ်စွဲအောင် ဖန်တီးပေးနိုင်ခဲ့သော အရေးကြီးသည့် အပြောင်းအလဲ အတူအညီကြီးတစ်ရပ်အဖြစ် ယနေ့ မှတ်တမ်းတင်ခဲ့ပြီဖြစ်သည်။ ထင်ရှားပေါ်လွင်စေရန် ထပ်မံ ဆိုရလျှင် ကိုရီးယားနိုင်ငံသည် ဒီမိုကရေစီနှင့် ပတ်သက်၍ အတုယူစရာ စံပြနိုင်ငံဖြစ်လာရန် အုတ်မြစ်ချပေးနိုင်ခဲ့သည်။ တစ်ချိန်တည်း



www.burmeseclassic.com

www.burmeseclassic.com

မှာပင် ကိုရီးယားနိုင်ငံသည် ကိုရီးယားစစ်ပွဲ ပြာပုံကြားမှ ပြန်လည်ထူထောင်နိုင်ခဲ့ပြီးနောက် ကမ္ဘာပေါ်တွင် ကုန်သွယ်ရေးဆိုင်ရာ အကြီးမားဆုံး နိုင်ငံကြီး ဆယ်နိုင်ငံအနက် တစ်ခုအပါအဝင် ဖြစ်လာနိုင်ခဲ့သည်။

ကျွန်ုပ်သည် သမ္မတရာထူး လက်ခံရရှိပြီးနောက် စိန်ခေါ်မှုများက စောင့်ဆိုင်းနေကြသည်။ မြောက်ကိုရီးယားနိုင်ငံနှင့် ပတ်သက်ပေါ်ပေါက်လာသည်။ ကျွန်ုပ်သည် ရှောင်လွှဲမဟာဗျူဟာကို ချမှတ် ကျင့်သုံးခဲ့ရသည်။ မြောက်ကိုရီးယား၏ ကာလရှည်ကြာ မဟာမိတ်များဖြစ်သည့် တရုတ်နိုင်ငံ၊ ထို့နောက် ဆိုဗီယက်ပြည်ထောင်စုတို့နှင့် ရင်းနှီးစွာဆက်ဆံပြီး မြောက်ကိုရီးယားနှင့် ဆွေးနွေးခွင့်ရရှိရန် ဖြစ်သည်။

အဆိုပါမဟာဗျူဟာအတိုင်း ကျင့်သုံးနိုင်ရန် ဆိုးလ်အိုလံပစ်ပွဲတော်ကြီး ကျင်းပခြင်းဖြစ်သည်။ သမိုင်းတွင် အကြီးမားဆုံး အားကစားပွဲတော်ကြီး ဖြစ်သည်။ အိုလံပစ်ပွဲတော်မှာ လွတ်လပ်သောကမ္ဘာနှင့် ကွန်မြူနစ်အုပ်စုတို့ အကြား ပဋိပက္ခများအလယ်တွင် တုံ့ဆိုင်းရပ်ဆိုင်းနေရသည်။ အရှေ့နှင့် အနောက် အကြား ချောက်ကမ်းပါးခံနေ၍ ကမ္ဘာကြီး ထိခိုက်ခံစားနေရမှု ဒဏ်ရာ ဒဏ်ချက်များကို ကုစားရန် အားထုတ်လုပ်ကိုင်ခဲ့ပါသည်။ နှစ်ပိုင်းကွဲနေသော ကိုရီးယားနိုင်ငံတွင် အိုလံပစ်ပွဲတော်ကြီးကို လူ့ဘောင်လောက၏ စစ်မှန်သောပွဲတော်ကြီး ဖြစ်သွားအောင် ဖန်တီးနိုင်ခြင်းဖြင့် မြောက်ကိုရီးယားနိုင်ငံကို ကမ္ဘာ့အသိုက်အမြုံကြီးအတွင်း ဝင်ရောက်လာရန် တိုက်တွန်းခဲ့သည်။

ယင်းကဲ့သို့ ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်နေရစဉ် ကာလအတွင်း မြောက်ကိုရီးယားက ပြင်းထန်စွာ တုံ့ပြန်ခဲ့သည်။ ကွန်မြူနစ်ဝါဒ အန္တရာယ်ကို ရှုမုန်းနေသည့် ကိုရီးယားပြည်သူလူထုကိုလည်း တစ်ဖက်က ချော့လျက် ဗျာများနေခဲ့ရသည်။ ကံအားလျော်စွာပင် ဆိုးလ်အိုလံပစ်ပွဲတော်ကြီးကို ရည်မှန်းထားသည့်အတိုင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ကိုရီးယားသည် ဟန်ဂေရီ



ဆိုဗီယက်ပြည်ထောင်စု စသည့် အရှေ့ဥရောပနိုင်ငံများ၊ တရုတ်နိုင်ငံတို့နှင့် ပြန် ဆက်ဆံလာနိုင်ခဲ့သည်။ ယင်းအကျိုးဆက်ကြောင့် မြောက်ကိုရီးယားနှင့် တောင် ဆွေးနွေးနိုင်ခဲ့သည်။ South - North Basic Agreement နှင့် Joint Denuclearization Declaration တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ဤနည်းဖြင့် ကိုရီးယားကျွန်းဆွယ်ကြီးအပေါ် စစ်ပွဲဖြစ်ပွားလာနိုင်မှု အလားအလာများကို သိသိသာသာ လျှော့ချပစ်နိုင်ခဲ့သည်။ ကျွန်ုပ် ချမှတ်ခဲ့သည့် မူဝါဒကို *Nordpolitik* ဟု ခေါ်ခဲ့သည်။ အနောက်ဂျာမန် ဝန်ကြီးချုပ် ဝီလီ ဘရန့်၏ *Ostpolitik* မူဝါဒကို ရည်ညွှန်းခေါ်တွင်ခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ဤစာအုပ်ဖတ်ရှုသူ လူငယ်စာဖတ်ပရိသတ်များသို့ ပြောကြားလိုပါသည်။ မိမိ၏ ပြည်သူများအပေါ် အမှန်တကယ် ချစ်မြတ်နိုးသော ခေါင်းဆောင်တစ်ဦးသည် မိမိ၏ အကျိုးစီးပွားကို စတေးခံနိုင်ရမည်။ ပြည်သူတို့ ပါဝင်လာအောင် စုစည်းခေါ်ဆောင်နိုင်ရမည်။ ချမှတ်ပြီးသော ဆုံးဖြတ်ချက်များအတိုင်း ရဲရဲတင်းတင်း အကောင်အထည်ဖော်ရမည်။ သမိုင်းပေးတာဝန်အဖြစ် ခံယူလုပ်ဆောင်ပေးပါမည်ဟူသော ခံယူချက်လည်း ထားရှိသင့်ပေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*King Abdullah II*

# ဒုတိယမြောက် အဗ္ဗဒူလာဘုရင်

## ဂျော်ဒန်နိုင်ငံ ဘုရင်

ဖခမည်းတော်နည်းတူပင် ဒုတိယမြောက် အဗ္ဗဒူလာဘုရင်သည်
'တိုးတိုးတိတ်တိတ် ငြိမ်းချမ်းရေးလုပ်ဆောင်ပေးနေသူ' အဖြစ်
ထင်ရှားခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း အဗ္ဗဒူလာသည် ညီညွတ်စွာ
မနေနိုင်ကြသော အာရပ်နိုင်ငံများအတွင်း ရင်ကြားစေ့ပေးလာခဲ့သည်။
အာရပ်နိုင်ငံများသည် အမေရိကန်ပြည်ထောင်စု၊ အစ္စရေးနိုင်ငံများနှင့်
သင့်မြတ်ရေးအတွက်ပင် ကြားဝင် ဆောင်ရွက်ပေးခဲ့သည်။
နိုင်ငံတကာအဖွဲ့အစည်းက အဗ္ဗဒူလာဘုရင်အပေါ် လေးစားခဲ့ပြီး
ထိပ်တန်းသတင်းစကားများ၊ စာများကိုပင် ပို့ဆောင်ခွင့် ပေးခဲ့သည်။
ယုံကြည်မှု၊ အပြုသဘောဆောင် စိတ်ထားဖြင့် အဗ္ဗဒူလာဘုရင်က
ဤစာထဲတွင် ရှေ့၌ မည်သို့သော အခက်အခဲအတားအဆီးများပင်
ရှိနေပါစေ သင့်အတွက် အောင်မြင်မှုရရှိစေမည့် အနေအထားသို့
ပို့ဆောင်ပေးပေလိမ့်မည်။

---

King Abdullah II bin al-Hussein သည် တမန်တော် မိုဟာမက်မှ တိုက်ရိုက် ဆင်းသက်လာသော လေးဆယ့်သုံး နွယ်ဆက်ဝင်ဖြစ်သည်။ ၁၉၉၉ ခုနှ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဂျော်ဒန် ဟာရှီမိုက် မင်းနေပြည်တော် ဘုရ မင်းမြတ်အဖြစ် ဖွဲ့စည်းပုံအရ နန်းတက်ခဲ့သည်။ ထိုအချိန်မှစ၍ အဗ္ဗဒူလာသည် အာရပ်နိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအကြား အင်အားတောင့်တင်းပြီး အပြု သဘောဆောင် အလယ်အလတ်လမ်းစဉ် ကျင့်သုံးလာခဲ့သည်။ အာရပ် အစ္စရေး ပဋိပက္ခအတွက် တရားမျှတပြီး ကြာရှည်ခံမည့် အဖြေတစ်ရပ် ရရှိရေးအတွက် ဦးဆောင်ကြိုးပမ်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

A school teacher, a farmer, a soldier, an athlete, a mother, and an entrepreneur can provide leadership when they decide to confront the challenges of life with honesty, courage, determination, and a sense of optimism

I have always found that one's confidence and positive attitude in dealing with issues, challenges and difficulties, usually secure over half of the victory in the battle to succeed This is true, regardless of the scope or complexity of the issues.

So my advice to the young generation is for them to always provide leadership through courage, and to always focus on doing the correct thing in life These are basic facts that, we all, I suppose, learnt at kindergarten. But they remain valid for us all as we struggle through life to make a difference for the poor, hungry and oppressed, and to provide meaning to life, one that is full of hope, promise and success

Abdullah II

www.burmeseclassic.com

www.burmeseclassic.com

# သတ္တိရှိရှိ ဦးဆောင်ပါ

စိန်ခေါ်မှုများကို ရင်ဆိုင်ရချိန်မျိုးတွင် ရိုးသားမှု၊ ရဲစွမ်းသတ္တိ၊ စိတ်ဓာတ်ခိုင်မှုနှင့် အကောင်းဘက် အပြုသဘောဘက်မှ ကြည့်မြင်သုံးသပ်တတ်မှုတို့ နေခဲ့လျှင် ကျောင်းဆရာတစ်ဦးဖြစ်စေ၊ လယ်သမားတစ်ဦးဖြစ်စေ၊ စစ်သားတစ်ဦးဖြစ်စေ၊ အားကစားသမားတစ်ဦးဖြစ်စေ၊ မိခင်တစ်ဦးဖြစ်စေ၊ စွန့်စားတီထွင်မှုများရေးလုပ်ငန်းရှင်တစ်ဦးဖြစ်စေ ကောင်းမွန်စွာ ခေါင်းဆောင်မှုပေးနိုင်ကြသည်။

ပြဿနာများ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းသောအခါ တစ်ဦး တစ်ယောက်၏ စိတ်ချယုံကြည်မှုနှင့် အပြုသဘောဆောင်ထားတို့ကြောင့် စစ်ပွဲတစ်ဝက်ကျော်ကျော် အနိုင်ရနိုင်ပြီး အောင်ပွဲခံနိုင်ခဲ့သည်၊ မှန်ပါသည်။ မည်မျှပင် ပြဿနာများ၏ပမာဏနှင့် ရှုပ်ထွေးနေမှုကြီးမားသည်ရှိနေပါစေ အောင်ပွဲခံနိုင်သည်။

ထို့ကြောင့် ငယ်ရွယ်သောမျိုးဆွယ်ဆက်များသို့ အကြံပေးစကား ပြောလိုသည်။ အမြဲလိုလိုပင် သတ္တိရှိရှိဖြင့် ခေါင်းဆောင် လုပ်ကိုင်ပါ။ အမြဲလိုလိုပင် သင့် မှန်ကန်သောအလုပ်ကိုသာ စူးစိုက်လုပ်ကိုင်ပါ။ သူငယ်တန်းကပင် သင်ယူတတ်မြောက်လာခဲ့သော အခြေခံ အကြောင်းအချက်များ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် ဆင်းရဲမွဲတေသူများ၊ အစာရေစာပြတ်ဆာလောင်နေသူများနှင့် အဖိနှိပ်ခံ လူတန်းစားများ ဘဝ ကောင်းစားအတွက် ဘဝတွင် ရုန်းကန်လှုပ်ရှားပေးနေချိန်နှင့် ဘဝအဓိပ္ပာယ်ပြည့်ဝသွားရန် ဆောင်ရွက်ပေးနေချိန်တွင် 'သတ္တိရှိရှိ ဦးဆောင်ပါက အောင်ပွဲခံနိုင်သည်' သော ခံယူချက်သည် ကျွန်ုပ်တို့အားလုံးအတွက် ဆက်လက်တည်တံ့ခိုင်မာကျ ရှိနေဆဲပင်ဖြစ်သည်။ အဓိပ္ပာယ်ရှိသော ဘဝဟူသည်ကား မျှော်လင့်ချက် အလားအလာကောင်းများ၊ အောင်မြင်မှုများဖြင့် ပြည့်ဝနေသော ဘဝမျိုးပင်ပေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Tun Dr. Mahathir bin Mohamed*

# တွန် ဒေါက်တာ မဟာသီယာ ဘင် မိုဟာမက်

## မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း

Tun Dr. Mahathir bin Mohamed ဝန်ကြီးချုပ်တာဝန် ယူထားစဉ်အတွ
မလေးရှားနိုင်ငံသည် အလွန်အမင်း တိုးတက် အောင်မြင်ခဲ့သည်။ ကြီ
ကြီးမားလှသော ဥပမိကြောင့် အလွန်အမင်း ထက်မြက်သည့်
အစိုးရခေါင်းဆောင် တစ်ဦး ဖြစ်ခဲ့သည်။ လူအများက 'သူနဲ့ သိပ်မရော
ဟူ၍ ပြောဆိုတတ်ကြသည်။ ဤစာထဲတွင် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ
တန်ဖိုးများပြောင်းလဲရေး ဆိုင်ရာ စိန်ခေါ်ချက်များအကြောင်း
ဆွေးနွေးထားသည်။

BURMESE CLASSIC .com

---

တွန် ဒေါက်တာ မဟာသီယာ ဘင် မိုဟာမက်သည် ၁၉၈၁ ခုနှစ်တွင် စတု
အကြိမ်မြောက် မလေးရှားဝန်ကြီးချုပ် ဖြစ်လာသည်။ ၂၀၀၃ ခုနှစ်အထိ အဆို
ရာထူးဖြင့် တာဝန်ယူခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ပညာရေ
ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ရာထူး အပါအဝင် ဝန်ကြီးရာထ
အမျိုးမျိုး ထမ်းရွက်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဆီးနိတ်တွင် အရွေးခံရသည
၁၉၇၅ ခုနှစ်တွင် ပါတီ ဒုတိယဥက္ကဋ္ဌ သုံးဦးအနက် တစ်ဦးအဖြစ် ခန့်အပ်
သည်။ ၁၉၇၆ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ်၊ ၁၉၇၈ ခုနှစ်တွင် ဒုတိယ သမ
ရာထူးများ ထမ်းရွက်ခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် ပါတီဥက္ကဋ္ဌအဖြစ် ရွေးကောက
ရသည်။



## ကြိုးစားရကျိုးနပ်ပါသည်

ည်ရွယ်သူများသည် အမြင်ပင် အကောင်းဘက်မှ ကြည့်မြင်တတ်ရမည်။ မိမိတို့
၏ စံပြုအတွေးအမြင်များကို ဆုပ်ကိုင်ထားရမည်။ ကမ္ဘာကြီးအား ပိုမိုကောင်းမွန်
သို့ရောက်စေရန် ကြိုးပမ်းပြောင်းလဲရာတွင် ယင်းတို့ကို တွန်းအားပေးရမည်။
၏ နောက်ပိုင်းကာလများတွင် သူတို့၏ စံပြုအတွေးအမြင်များကို လွယ်လွယ်
လိုက်နာကျင့်သုံးမှုမရှိကြောင်း တွေ့ရတတ်သည်။ သို့ရာတွင် ဆက်လက်ပြီး
ဝ်သင့်တော့ဘူးဟု ဆိုလိုခြင်း မဟုတ်ကြောင်း သိလာကြသည်။ အဆုံးတွင်
ပြားခြားနားမှုတစ်ရပ် ရယူဖန်တီးရာတွင် အောင်မြင်မှု ရသွားနိုင်သည်။

ကျွန်ုပ် အလွန်ငယ်ရွယ်စဉ်က အရာရာကို လွယ်လွယ်ဖြင့် ပြောင်းလဲပစ်
ည်ဟု ယုံကြည်မိခဲ့သည်။ နောင်မှ ကျွန်ုပ် မည်မျှ ရိုးစင်းလှကြောင်း သိသွား
ည်။ ဘဝပိုမိုကောင်းမွန်လာရေးအတွက် လူများ၏တန်ဖိုးကို ပြောင်းလဲပစ်နိုင်
ည်ဟု ကျွန်ုပ် ထင်ခဲ့မိပြန်သည်။ နှစ်ပေါင်းများစွာ ထိုအတိုင်းကြိုးစားမိခဲ့၏။
တိစွမ်း၍ အောင်မြင်မှု များများစားစား မရခဲ့ပေ။ ခြုံငုံ၍ ပြောရလျှင် မိမိ
နေဖြင့် မြန်မြန်ဆန်ဆန် ဖြစ်သွားစေချင်သလို လူများ ပြောင်းလဲသွားရန်
ွမ်းဆောင်နိုင်ပါချေ။ မည်သို့ပင်ဆိုစေ မိမိကြိုးစားခဲ့မှုများသည် ပင်ပန်းရကျိုး
သည်ဟု ပြောလိုပါသည်။ ကျွန်ုပ်အတွက် ကြိုးပမ်းအားထုတ်ရကျိုး နပ်ပါ
ည်။ ထိုကိစ္စနှင့်ပတ်သက်၍ မဖြစ်စလောက် အောင်မြင်မှုကလေးရရှိခဲ့မှုကိုပင်
င်းတိမ် ကျေနပ်လျက်ရှိပါသည်။

●



www.burmeseclassic.com

*Nursultan Nazarbayev*

## နူးစူလ်တန် နာဇာဘာယက်ဗ်

## ကာဇတ်စတန်နိုင်ငံ သမ္မတ

နူးစူလ်တန် နာဇာဘာယက်ဗ်သည် ပြင်းထန်သော အခြေခံသဘောတရား ကိုင်စွဲထားသူဖြစ်သည်။ သို့ရာတွင် ခင်မင်စရာ ကောင်းသည်။ အင်္ဂလိပ်စကားမတတ်ပေ။ မူရင်းစာရေးသူနှင့် ကာဇတ်စတန်နိုင်ငံတွင် တွေ့ဆုံစဉ်က ရင်းရင်းနှီးနှီး ရှိခဲ့သည်။ ဘာသာပြန်မှတစ်ဆင့် ကြားရသည့် စကားမှာပင် ဟာသဉာဏ်ပါရှိနေသည်။ ကာဇတ်စတန်နိုင်ငံ တည်ဆောက်ရေးအတွက်သာ အာရုံရှိသည်။ လူထုထောက်ခံမှု ရထားသည်။ သဟဇာတဖြစ်ရေး၊ အောင်မြင်ရေးအတွက် မိမိတို့ကြိုးပမ်းရှာဖွေရာတွင် မိမိတို့ ဖြေကြားပေးရမည့် မေးခွန်းပုစ္ဆာတစ်ရပ်ကို နာဇာဘာယက်ဗ်၏စာတွင် ဖော်ပြထားသည်။

---

နူးစူလ်တန် နာဇာဘာယက်ဗ်သည် ဘောဂဗေဒပညာဖြင့် ပါရဂူဘွဲ့ရထားသည်။ ဆိုဗီယက်နိုင်ငံရေးစနစ်အတိုင်း ကျင့်သုံးလာခဲ့သည်။ ၁၉၈၄ ခုနှစ်မှ ၁၉[illegible] ခုနှစ်အထိ ကာဇတ်ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးများကောင်စီဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ကာဇတ်စတန် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီတွင် ပထမအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ ဧပြီလအထိ ဆိုဗီယက် ဆိုရှယ်လစ်သမ္မတနိုင်ငံ စုပရင်းကောင်စီ သဘာပတိရာထူး ပူးတွဲ ထမ်းရွက်သည်။ ၁၉၉၀ ပြည့်နှစ် ဧပြီလမှ စ၍ ကာဇတ်စတန် သမ္မတနိုင်ငံ သမ္မတ ဖြစ်လာသည်။



## ဘဝမှာ မှန်မှန်ကန်ကန်နေတတ်မှ

လူတိုင်း၏ဘဝသည် ကံကြမ္မာ အလှည့်အပြောင်းများ၊ မိမိ မည်မျှစွမ်းအား ရှိကြောင်း စမ်းသပ်ခံနေရမှုများဖြင့် ပြည့်နှက်လျက် ရှိ၏။ ထို့ကြောင့်လည်း ဘုရားဝတ်ပြုဆုတောင်းရာတွင် လူအများစုက 'အနိဋ္ဌာရုံများ၊ ကံဆိုးမှုများ မကျရောက်အောင် ကယ်မတော်မူပါ' ဟု ဆုတောင်းတတ်ကြသည်မှာ မဆန်းလှချေ။

ဘုရားသခင်သည် လူသားတို့အား အသိတရား နှင်းအပ်ပြီးနောက် အကောင်းနှင့်အဆိုး၊ အလင်းနှင့်အမှောင်၊ အချစ်နှင့်အမုန်း၊ အသိအလိမ္မာနှင့် ညာမဲ့မှုတို့အကြား ထာဝရ ရွေးချယ်တတ်ခွင့် ပေးခဲ့သည်။

ပြဿနာအမျိုးမျိုးပေါ်လာရသည်မှာ အကြောင်းရှိပုံရသည်။ လူသားတို့ အခက်အခဲ အတားအဆီးများကို ကျော်လွှား လွန်မြောက်နိုင်စွမ်းရှိရန်၊ မိမိတို့၏ ရည်မှန်းချက်များ ပြည့်မီနိုင်စေဖို့ အသင့်တော်ဆုံးနည်းလမ်းများ ရှာဖွေတတ်ရန် အတွက်သာ ရည်ရွယ်ထားပုံရသည်။ ထို့ကြောင့် အခြေအနေကို ပြည့်ပြည့်စုံစုံ ချင့်ချိန်သုံးသပ်ခြင်း၊ မှန်ကန်စွာ ဆုံးဖြတ်ခြင်းတို့သည် အမြဲပင် တိုးတက်အောင်မြင်မှု၏ အရင်းအမြစ် တစ်ရပ်ပင် ဖြစ်သည်။

လူတစ်ဦးတစ်ယောက်သည် မိမိ၏ ဘဝတာ အခိုက်အတန့်တိုင်း၌ အကောင်းဆုံး အဖြစ်နိုင်ဆုံး ရွေးပိုင်ခွင့်များကို ခွဲခြား ရွေးချယ်တတ်ခဲ့လျှင် စိတ်မှန်သော၊ ပျော်ရွှင်ချမ်းမြေ့မှု ပေါ်ထွက်လာတတ်သည်။ ထိုမှတစ်ဆင့် ကမ္ဘာလောကကြီးနှင့် မိမိတို့ သဟဇာတ ဖြစ်စေနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ငယ်ရွယ်သူများသည် လူ အဓိကပြဿဒါ၊ အသိဉာဏ်ပညာ၊ တာဝန်ယူ လုပ်ဆောင်တတ်မှု၊ တရားမျှတမှုနှင့် သူတစ်ပါးနည်းတူ တစ်ကိုယ်ကောင်း မဆန်တတ်မှုတို့သာ ရွေးချယ် ကျင့်သုံးတတ်ခဲ့လျှင် အောင်မြင်မှုသည် ထာဝ[ရ] အတူ ရှိနေပေ လိမ့်မည်။ ယင်းသည်ပင် ကျွန်ုပ် အယူအဆ၏ အခရာပင် ဖြစ်ပေသည်။

●



*Lee Hsien Loong*

## လီရှန်လွန်း

### စင်ကာပူနိုင်ငံဝန်ကြီးချုပ်

Lee Hsien Loong ၏ ဖခင်သည် စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် ဖြစ်ခဲ့သည်။ ဖခင်ကြီးလက်ထက်တွင် စင်ကာပူနိုင်ငံအား နိုင်ငံကြီးတစ်နိုင်ငံနှင့် ကြီးမားသော စီးပွားရေးဗဟိုကြီးတစ်ခုအဖြစ် [ရ]ောက်ရှိစေခဲ့သည်။ ယခု သားဖြစ်သူမှာ ဖခင်ကြီး၏ ခြေရာကို ဆက်လက် နင်းလျှက်ရှိသည်။ လီရှန်လွန်းသည် ကင်ဆာရောဂါသည် ဖြစ်သည်။ ကျန်းမာရေးလုပ်ငန်းများ အထူး အလေးထားသည်။ အလွန် ပါးနပ်လိမ္မာသည်။ ဖခင်ခြေရာအတိုင်း လိုက်လျှောက်နိုင်သည်။ မိမိတို့ရှေ့မှ တာဝန်ယူ ဆောင်ရွက်သွားခဲ့ကြသူများ၏ လုပ်ငန်းများကို လက်ဆင့်ကမ်း သယ်ယူကြမည့် ဆက်ခံသူ နွယ်ဆက်တစ်ဦးစီ၏ တာဝန်ယူရမည့် ကိစ္စနှင့် ပတ်သက်၍ လီရှန်လွန်းက ပြောကြားခဲ့သည်။

---

[လီ]ရှန်လွန်းသည် ၂၀၀၄ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ တတိယမြောက် ဝန်ကြီးချုပ် အဖြစ် ထမ်းရွက်သည်။ လွှတ်တော်အမတ်အဖြစ် အကြိမ်များစွာ ဆောင်ရွက်ခဲ့ [ခဲ့]သည်။ စင်ကာပူ အစိုးရအဖွဲ့ အခြား တာဝန်အမျိုးမျိုးလည်း လုပ်ဆောင်ခဲ့သည်။ [ကု]န်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး၊ ကာကွယ်ရေးဌာနဝန်ကြီး၊ စီးပွားရေး [ပြ]န်လည်သုံးသပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စင်ကာပူနိုင်ငံ ငွေကြေး အာဏာပိုင်အဖွဲ့ [ချ]ယ်ယာမင်၊ ဒုတိယဝန်ကြီးချုပ် စသည့်တာဝန်များ ဆောင်ရွက်ခဲ့သည်။ ဝန်ကြီးချုပ် အဖြစ် လီရှန်လွန်းသည် ယှဉ်ပြိုင် လုပ်ကိုင်ရသော စီးပွားရေးစနစ်နှင့် ပြည်သူ အားလုံး သက်ဆိုင် အကျိုးဝင်သော လူ့ဘောင် ဝန်းကျင် တည်ထောင်နိုင်ရေး [မူ]ဝါဒများ ချမှတ်ဆောင်ရွက်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရှိစုမဲ့စု အခြေအနေများကြားမှ နိုင်ငံတည်ဆောက်ခြင်း

နှစ်ပေါင်း နှစ်ရာကျော်သက်တမ်းရှိ အမေရိကန်ပြည်ထောင်စုကြီးနှင့် မတူ
စင်ကာပူနိုင်ငံသည် အလွန်သေးငယ်ပါသည်။ သက်တမ်းနုပါသေးသည်။ ရှဒ်ကျွ
အရွယ်အစား၏ ငါးပုံတစ်ပုံသာရှိသည်။ ၁၉၆၅ ခုနှစ်တွင် မလေးရှားမှ ခွဲထွ
လာပြီး ဒုက္ခအမျိုးမျိုးကြားမှ နိုင်ငံတည်လာခဲ့ရသည်။ နိုင်ငံတကာ လေ့လာ
စောင့်ကြည့်သူ အတော်များများက စင်ကာပူသည် ယခုကဲ့သို့ အောင်မြင်
နေနေသာသာ နိုင်ငံအဖြစ် ဆက်လက်တည်နိုင်ပါ့မလားဟု သံသယဝင်ခဲ့သည်
ထို့ကြောင့် ကျွန်ုပ် မိဘများ၏ နွယ်ဆက်သည် ရှိစုမဲ့စုအခြေအနေကြား
နိုင်ငံကို တည်ခဲ့ရသည်။ စင်ကာပူနိုင်ငံအား ဝင်ငွေ အလယ်အလတ် နိုင်
တစ်နိုင်ငံအဖြစ် ပေါ်ထွန်းလာနိုင်ရန် အထူး အားစိုက် လုပ်ဆောင်ခဲ့ရသည်
အခြားနိုင်ငံများ ဆယ်စု နှစ်ပေါင်းများစွာ ကြိုးပမ်းရရှိခဲ့သော လူနေမှု အဆ
အတန်းကို စင်ကာပူနိုင်ငံသည် မျိုးဆက်တစ်ဆက်တည်း ကာလအတွင်း
ခံစားနိုင်စေခဲ့သည်။

ကျွန်ုပ်၏ မျိုးနွယ်ဆက်သည် ဤသို့သော အသွင်ပြောင်းလဲမှုများကို ကျွန်
တို့၏ သက်တမ်းအတွင်း နေထိုင်ကြီးပြင်းလာရင်း တွေ့ကြုံခံစားရသည်။ ကျွန်
တို့၏ တိုးတက်အောင်မြင်မှုသည် ပြင်းပြသောဆန္ဒစိတ်ဓာတ်ကြောင့် ပေါ်ထွ
လာရခြင်းဖြစ်ကြောင်း သဘောပေါက်မိသည်။ နောင် ဆက်လက်တိုးတက် ဖွံ့ဖြိ
အောင် လုပ်သွားနိုင်ပါ့မလားဟု သံသယဝင်ခဲ့မိသည်။ ကျွန်ုပ်တို့သည်
အမွေခံရရှိလိုက်သော အခြေအနေအပေါ် ထပ်ဆင့် တည်ဆောက်သွားနိုင်
ကြိုးပမ်းခဲ့ရသည်။ စင်ကာပူနိုင်ငံအား တိုးတက်အောင်မြင်သော စီးပွား
လုပ်ငန်း ဗဟိုအချက်အချာကြီး ဖြစ်လာရေးနှင့် ဒူပေနာပေခံနိုင်ပြီး တက်
လှုပ်ရှားနေသော လူ့ဘောင်တစ်ရပ် တည်ထောင်ရေးတို့အတွက် ကြိုးပမ်းခဲ့
ရသည်။

ယနေ့ စင်ကာပူ လူငယ်များသည် မိဘများ၊ ဘိုးဘွားများ ပင်ပန်းတ
လုပ်ကိုင်ပေးအပ်ခဲ့သော အကျိုးကျေးဇူးများနှင့် အခွင့်အလမ်းများကို ခံစား
ကြီးပြင်းလာကြသည်။ သို့ရာတွင် သူတို့ ပေါ့ပေါ့နေ ပေါ့ပေါ့စား၍ မရ
အာရှ၏ ဘေးကျပ်နံကျပ်ကာလ၊ တစ်ကမ္ဘာလုံး အကြမ်းဖက်မှုအန္တရာယ်၊ SA
ဗိုင်းရပ်စ်ပြန့်ပွားမှု ဒုက္ခဘေးကြီးများနှင့် ကြုံခဲ့ရသည်။ ကမ္ဘာအနှံ့ ပြိုင်ဆိုင်



နှင့်ပတ်သက်သည့် ကြောက်လန့်စရာ စိန်ခေါ်မှုကြီးများကို တွေ့ကြုံနေရသည်
ရှေ့သို့တိုးသွားရင်း အာရှတိုက်ကြီး စိတ်လှုပ်ရှား ပျော်ရွှင်နေမှုကြီးတို့လည်း ခံစား
နေကြသည်။ သူတို့၏ ကမ္ဘာကြီးကို ပြန်လည်တည်ဆောက်ရန် စိတ်ထက်သန်
နေကြသည်။ ကမ္ဘာတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့ကိုယ်တိုင်
အတွက် ပိုမိုတောက်ပသော အနာဂတ်တစ်ရပ် ဖန်တီးပေးရေးအတွက် စိတ်အား
ထက်သန်နေကြသည်။

အနာဂတ် စင်ကာပူနိုင်ငံသည် မည်သို့ရှိမည်နည်း ပြောရန်ခက်လှပါ
သည်။ စင်ကာပူ လူငယ်များအားလုံး ပုံဖော်ပြီး တည်ဆောက်ကြရမည့် လုပ်ငန်း
ဖြစ်သည်။ ကျွန်ုပ်တို့ လိုချင်နေသည့်အရာကို ဖော်ပြရန်လွယ်ပါသည်။ ကျွန်ုပ်တို့
သည် လူမျိုးပေါင်းစုံ နေထိုင်ရာ မြို့တော်ကြီး တည်ဆောက်ချင်ပါသည်။ သို့ရာ
တွင် ကျွန်ုပ်တို့၏ အာရှယဉ်ကျေးမှုတစ်ခုတည်း၌သာ အခိုင်အမာ အမြစ်တွယ်
နေရမည်။ မတူညီသော အမြင်သဘောထားများကို လက်ခံကြိုဆိုနေသည့်
ဟင်းလင်းပွင့် လူ့ဘောင်အဖွဲ့အစည်း တည်ထောင်လိုသည်။ သို့ရာတွင် အဆိုပါ
အမြင်သဘောထားများသည် အချင်းချင်း ညီညွတ်ပေါင်းစည်းစေပြီး အမျိုးသား
ရေး ရည်မှန်းချက်သို့ ဦးတည်ရမည်။ တတ်နိုင်သူများနှင့် စွန့်စား လုပ်ကိုင်တတ်
သူတိုင်းအတွက် အခွင့်အရေးများဖြစ်ပေါ်စေမည့် အပြိုင်အဆိုင် စီးပွားရေး
စနစ် ဖော်ဆောင်ပေးချင်သည်။ အားလုံးအတွက် မြင့်မား၍ တိုးတက်ကြီးထွား
လာနေသော လူနေမှုအဆင့်အတန်း ပေါ်ထွန်းလာစေချင်သည်။ ရိုးသား၍ အစွမ်း
အစ ကြီးမားသော ခေါင်းဆောင်များ ပေါက်ဖွားလာစေမည့် နိုင်ငံရေးစနစ်
တစ်ရပ် ကျင့်သုံးစေချင်သည်။ ထိုခေါင်းဆောင်များသည် လူထုထောက်ခံမှု
ရရှိပြီး စင်ကာပူနိုင်ငံအား ရှေ့သို့ တက်လှမ်းရန် လမ်းပြနိုင်မည့် လုပ်ပိုင်ခွင့်
အာဏာ အပ်နှင်းပေးလိုသည်။

ကျွန်ုပ်တို့၏ စိန်ခေါ်မှုသည် အထက်ပါ ပြင်းပြသောရည်မှန်းချက်များ
အကောင်အထည်ဖော်ရေးဖြစ်သည်။ နွယ်ဆက် တစ်ဦးသည် မိမိတို့၏ ပြဿနာ
များကို ကိုယ်တိုင်ဖြေရှင်းပေးရမည်။ လာမည့် နွယ်ဆက်အတွက် ပြဿနာများ
ဖြေရှင်းနိုင်စေရန် ပြင်ဆင်ပေးရမည်။ မိမိတို့ နိုင်ငံအသီးသီးတို့ စွန့်ခွာသွား
သည်။ ကမ္ဘာကြီးသည် ရှေးကထက် ပိုမိုကောင်းမွန်သော နေရာကြီးတစ်ခု ဖြစ်
သွားသင့်သည်။ ဤသည်ပင် ကျွန်ုပ်၏ ရည်မှန်းချက်ပန်းတိုင်လည်း ဖြစ်ပါသည်။

●




www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာရှာကြီး

www.burmeseclassic.com

www.burmeseclassic.com



## ဂျီ အယ်လင် အင်ဒရီးစ်

### ADM ချယ်ယာမင်ဟောင်း နှင့် အမှုဆောင်အရာရှိချုပ်

G. Allen Andreas သည် အောင်မြင်သော ကုမ္ပဏီတစ်ခုကို ရယူခဲ့သည်။ ကမ္ဘာ့အကြီးဆုံး လယ်ယာစိုက်ပျိုးမှုလုပ်ငန်းသုံးစက်များ ထုတ်လုပ်ရေး ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။ ကမ္ဘာအနှံ့ တိုးချဲ့လုပ်ကိုင်ခဲ့သည်။ တရုတ်ပြည်အထိရောက်သည်။ အင်ဒရီးစ်သည် ရှေ့ရေးကြိုမြင်တတ်သည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ အစားထိုးလောင်စာများနှင့် စွမ်းအင်များ ဖန်တီးရာ၌ ဩဇာ ကြီးမားသည်။ ကမ္ဘာပေါ်တွင် ဖြစ်ပျက်နေသည့် ပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် အနာဂတ်ကုမ္ပဏီ မထိခိုက်စေရန် စီစဉ်မှု၌လည်း ကျွမ်းကျင်သည်။ သူ့အဆိုအရ ပညာရေး၊ အထူးသဖြင့် နည်းပညာနှင့် ဘာသာဗေဒဆိုင်ရာ ပညာရေးသည် ယနေ့ကမ္ဘာ့ရွာကြီးတွင် အောင်မြင်ရေးအတွက် သော့ချက်ပင်ဖြစ်သည်။

---

G. Allen Andreas သည် ၁၉၆၉ ခုနှစ်တွင် အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာန၌ အကျိုးဆောင် ကိုယ်စားလှယ်ရှေ့နေအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် Archer Daniels Midland Company တရားဥပဒေရေးရာဌာနတွင် ဝင်ရောက်သည်။ ၁၉၈၆ ခုနှစ်တွင် ရွှေတိုက်စိုး ခန့်အပ်ခံရသည်။ ၁၉၈၉ ခုနှစ်တွင် ဥရောပသို့ ဥရောပရေးရာလုပ်ငန်းများအတွက် CFO အဖြစ် ရွှေ့ပြောင်းသည်။ ၁၉၉၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ပြန်လာပြီး အုပ်ချုပ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌ နှင့် အတိုင်ပင်ခံအဖြစ် ဆောင်ရွက်သည်။ ၁၉၉၆ ခုနှစ်တွင် Office of the Chief Executive တွင် အဖွဲ့ဝင် ဖြစ်လာသည်။ ၁၉၉၇ ခုနှစ်တွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ချယ်ယာမင်နှင့် Chief Executive ဖြစ်လာသည်။



## တတ်စွမ်းသမျှ ပညာများများရအောင်သင်

မျက်မှောက်ကမ္ဘာကြီးတွင် တတ်စွမ်းသမျှ ပညာများများရအောင် သင်ယူသင့်သည်။ လူတိုင်း၏ စီးပွားရေးလုပ်ငန်းတိုင်းတွင် နည်းပညာက ကြီးမားစွာ ပြောင်းလဲပေးနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပညာအပြည့်အဝသင်ယူဖို့ လိုအပ်သည်။ တစ်ကမ္ဘာလုံး အတွေ့အကြုံရအောင် ယူသင့်သည်။ မျက်မှောက်ခေတ်တွင် ဘာသာစကား တတ်မြောက် ကျွမ်းကျင်မှုသည် အထူးအရေးကြီးသည်။ ဘာသာစကား ကျွမ်းကျင်လျှင် စိတ်ပိုင်း၌ စွန့်စားလုပ်ဆောင်ဝံ့လာလိမ့်မည်။ မိမိ၏ ကျွမ်းကျင်မှုကို အထူးလိုအပ်နေသော နေရာဒေသသို့ ရွှေ့ပြောင်းလုပ်ကိုင်နိုင်လိမ့်မည်။ ဘာသာစကား ကျွမ်းကျင်မှုသည် ခေတ်စနစ်နှင့်အညီ မိမိ၏ ပင်ကိုစွမ်းရည်ကို ပိုမို၍ အကောင်းဆုံး အသုံးချခွင့် ရစေလိမ့်မည်။ ၎င်းသည်ပင် မျက်မှောက်ကာလ ကမ္ဘာ့စီးပွားရေးလောကကြီးတွင် အောင်မြင်ရေး အတွက် သော့ချက်တစ်ရပ်ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

*Lee Kuan Yew*

## လီကွမ်ယူ

### စင်ကာပူနိုင်ငံ သုခမိန်ဝန်ကြီး

Lee Kuan Yew သည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် အပျက်အစီးပုံများကြားမှ နိုင်ငံတစ်ရပ် တည်ထောင်ခဲ့သည်။ အခြားကမ္ဘာ့နိုင်ငံ အကြီးအကဲများ၏ လေးစားမှုခံရသည်။ မူရင်းစာရေးသူ Henry O. Dormann သည် လီကွမ်ယူထံသို့ နှစ်စဉ် အလည်အပတ် ရောက်သည်။ လီကွမ်ယူက လာမည့်နှစ်တွင် ဘာတွေဖြစ်မည်ဟု ကြိုတင်ဟောကိန်း ထုတ်တတ်သည်။ ၉၀ ရာခိုင်နှုန်းအထိ ခန့်မှန်းချက် မှန်နေတတ်သည်။ အံ့စရာကောင်းလောက်အောင် စိတ်ဓာတ်စွမ်းအင် ပမာဏ ကြီးမားလှသူဖြစ်သည်။ ဤစာထဲတွင် လီကွမ်ယူက Globalization စိန်ခေါ်မှုများကို ဖက်ပြိုင်မှုသည် နိုင်ငံအားလုံးနည်းတူ လူ တစ်ဦးချင်းနှင့် အဖွဲ့အစည်းများအတွက် ပဓာနကျကြောင်း ကွင်းကွင်း ကွက်ကွက် ရှင်းပြထားသည်။

---

လီကွမ်ယူသည် စင်ကာပူနိုင်ငံ လွတ်လပ်ရေး ရစေခဲ့ပြီး ပထမဆုံးဝန်ကြီးချုပ် အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၉ ခုနှစ်မှ ၁၉၉၀ ရာထူးမှ ဆင်းပေးချိန်အထိ ဝန်ကြီးချုပ်အဖြစ် အကြိမ်ကြိမ်ရွေးကောက်ခံခဲ့ရသည်။ လီကွမ်ယူ၏ လမ်းညွှန် ချက်ကြောင့် စင်ကာပူသည် သယံဇာတပစ္စည်း အလျှံအပယ် မကြွယ်ဝလင် ကစား ငွေရေးကြေးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ စွမ်းစွမ်းတမံ ထုတ်ပေးရာ ဌာနကြီးဖြစ်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ ဆင်းပေးပြီး နောက် လီကွမ်ယူသည် ဂိုချောက်တောင်ကို ဝန်ကြီးချုပ်အဖြစ် ရာထူးလွှဲပေး သည်။ လီကွမ်ယူသည် လက်ရှိ စင်ကာပူအစိုးရအဖွဲ့တွင် ဝါရင့်ဝန်ကြီးအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်လျက် ရှိသည်။



## ဂလိုဘယ်လိုက်ဇေးရှင်း အခွင့်အလမ်းများ

…သည်မှာ တရားမျှတမှုမရှိသော ကမ္ဘာဖြစ်သည်။ နိုင်ငံအချို့က ကြွယ်ဝ …သာသည်။ အများစုမှာ မွဲတေနေကြသည်။ Globalization ကြောင့် ပိုမို …မျှတမှု ရှိတော့မည် မဟုတ်ပေ။ ဆင်းရဲချမ်းသာမှု ပိုမို ကွာဟသွားသော …ကြောင့်ဖြစ်သည်။ သို့ရာတွင် သင်၏နိုင်ငံကို ဂလိုဘယ်လိုက်ဇေးရှင်း အခွင့်အလမ်း …အများဆုံး ရရှိခံစားစေမည့် အနေအထားတွင် ထားရှိနိုင်ပါက ယင်းသို့ …နိုင်သူများထက် သင့်အတွက် အခွင့်အလမ်းများ ပိုမို ခံစားနိုင်လိမ့်မည်။

●

www.burmeseclassic.com

*Donald J. Trump*

## ဒေါ်နယ် ဂျေ ထရမ့်ပ်

**The Trump Organization ၏ ချယ်ယာမင်၊**
**ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ်**

ဒေါ်နယ်နှင့် ပတ်သက်၍ ဘာများ ပြောရန် လိုပါသေးသနည်း။
သူ့အကြောင်းကို ဒေါ်နယ်ထက်ပို၍ ကောင်းကောင်းသိသူ မရှိပါ။
အထူးသဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် စပ်လျဉ်း၍
သူ အများဆုံး နားလည်ပါသည်။

---

Donald J. Trump သည် ကမ္ဘာ့အကျော်ကြားဆုံး စီးပွားရေးလုပ်ငန်းရှင်
ဖြစ်သည်။ အရောင်းသွက်စာအုပ်များ ရေးနိုင်သူ၊ စာနယ်ဇင်းများအတွ
မပါမပြီးသူ ဖြစ်သည်။ ကမ္ဘာပတ်လည်ရှိ လူအများ၏ အောင်မြင်မှုဆိုင်
သင်္ကေတကြီးတစ်ခုလည်း ဖြစ်သည်။ Trump University ကို တည်ထေ
ပေးခဲ့သည်။ ယင်းတက္ကသိုလ်တွင် အောင်မြင်ရေး အခြေခံသဘောတရားများ
ငွေကြေးဆိုင်ရာ အမှီအခိုကင်းရေး ပညာများ ပို့ချလျက်ရှိသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

TRUMP

THE TRUMP ORGANIZATION

*My best advice today for young people starting their careers is to be globally aware. This requires a daily discipline of keeping up with worldwide events, as well as national and local events. You must know what's going on in the world to be an effective member of the world. My father always said to me, "Know everything you can about what you're doing" and I have followed his advice.*

*Being a leader means being prepared. That also means being prepared to never give up. Being tenacious with your goals is absolutely necessary. Great success rarely comes easily. Even today I encounter problems every day, but I remain positive, disciplined and focused. Approach every day that way and it's likely you will succeed. Adversity is very often an opportunity in disguise.*

BURMESE CLASSIC .com

*I am listed in the Guinness Book of World Records for having the biggest financial turnaround in history. I owed billions of dollars in the early 1990's and many people thought I was finished. Even the newspapers were announcing my demise. The difference is that I didn't believe I was finished for one second, no matter what people thought. I simply refused to give in to negative circumstances and I kept working. In short, I refused to give up. I am now far more successful than I ever was.*

*The world is a big place. Think accordingly, be prepared, and never give up. That's a great combination for success. Work hard and good luck!*

*Donald J. Trump*

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာဆိုတာ အကြီးကြီးပါ

မိမိတို့၏ လုပ်ငန်းအသီးသီးကို လုပ်ဆောင်နေသည့် လူငယ်များအတွက် ယနေ့ ကျွန်ုပ် အကောင်းဆုံး အကြံပေးစကား ပြောပါမည်။ ကမ္ဘာတစ်ဝန်းလုံးသို့ အာရုံစိုက်ထားကြပါဟု ပြောလိုပါသည်။ ယင်းသို့ အာရုံစိုက်ရာတွင် ကမ္ဘာတစ်လွှား နေ့စဉ် ဖြစ်ပျက်နေသမျှ အကြောင်းအရာများကို မျက်ခြည်မပြတ်ဖို့လိုပါသည်။ အမျိုးသားရေးနှင့် ဒေသအရေးများကိုလည်း နေ့စဉ် စောင့်ကြည့်တတ်ရပါမည်။ ကမ္ဘာလောကသားတစ်ဦး ပီသစေရန် ကျွန်ုပ်တို့သည် ကမ္ဘာပေါ်တွင် ဘာတွေဖြစ်ပျက် နေကြောင်း သိနေရမည်။ ကျွန်ုပ်၏ဖခင်က 'မင်း ဘာလုပ်နေတယ်ဆိုတာ အရာရာသိအောင်လုပ်ကွ' ဟု အမြဲပြောတတ်သည်။ အဖေ့စကားကို နားထောင်ခဲ့ပါသည်။

ခေါင်းဆောင်တစ်ဦးဖြစ်လာသည်ဟုဆိုလျှင် အားလုံး အသင့်ပြင်ပြီး ဖြစ်သည်ဟု ဆိုလိုရာရောက်သည်။ အသင့်ပြင်ပြီး ဟူသော စကား၏ အဓိပ္ပာယ်မှာလည်း ဘယ်တော့မှ လက်မလျှော့နဲ့ ဟူ၍ ဖြစ်သည်။ မိမိ၏ ရည်မှန်းချက်ပန်းတိုင်များအတွက် ကျားကုတ်ကျားခဲ စွဲစွဲမြဲမြဲ လုပ်ဆောင်နေရန် အထူးလိုအပ်သည်။ မဟာအောင်ပွဲကိုလည်း လွယ်လင့်တကူ ရနိုင်ခဲလေစွ။ ယနေ့အထိပင် ကျွန်ုပ်သည် နေ့စဉ် ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေရသေးသည်။ သို့ရာတွင် ကျွန်ုပ်သည် အပြုသဘောဖြင့် ကြည့်ရှုလုပ်ကိုင်သည်။ စည်းစနစ်ကျကျ လုပ်ကိုင်သည်။ အာရုံစူးစိုက်လုပ်ကိုင်သည်။ ထိုနည်းအတိုင်း သင်လုပ်ကြည့်ပါ။ အောင်မြင်မှုရဖို့များပါသည်။ အခက်အခဲ ဘေးဒုက္ခအန္တရာယ်သည် ရံဖန်ရံခါ ရုပ်ဖျက်ထားသော အခွင့်အလမ်းများ ဖြစ်နေတတ်သည်။

ကျွန်ုပ်အား စီးပွားရေးသမိုင်းတွင် ငွေကြေးနှင့်ပတ်သက်၍ ယာယီအရှုံးကြီးရှုံးပြီးနောက် အကြီးမားဆုံးအောင်မြင်မှုများ ဆက်တိုက်ရရှိခဲ့သူအဖြစ် *Guinness Book of World Records* တွင် မှတ်တမ်းတင်ခံရသည်။ ၁၉၉၀



www.burmeseclassic.com

www.burmeseclassic.com

ပြည့်လွှန်နှစ် စောစောပိုင်းတွင် ဒေါ်လာဘီလီယံများစွာပေးဆပ်ရန် အခက်ကြုံခဲ့သည်။ လူအတော်များများက ဘဝဆုံးရှာပြီဟု ထင်မှတ်လိုက်ကြသည်။ သတင်းစာများစွာကပင် ကျွန်ုပ်၏နာရေးကို ရေးကြသည်။ ခြားနားချက်မှာ လူအများက ဘာတွေထင်ထင် ကျွန်ုပ်ဘဝ ပျက်စီးသွားပြီဟု မယုံကြည်မိခြင်းပင်။ အနိဋ္ဌာရုံ အခြေအနေမျိုးများကို ကျွန်ုပ်အနေဖြင့် လုံးဝအရှုံးမပေးခဲ့ဘဲ အလုပ်များ ဆက်လုပ်ခဲ့သည်။ ခပ်တိုတိုပြောရလျှင် ကျွန်ုပ် လက်မမြှောက် အရှုံးမယောက်ခဲ့ချေ။ တစ်ချိန်က ကျွန်ုပ်သည် အလွန့်အလွန် အောင်မြင်ခဲ့၏။ ယခုအခါ ထိုအလွန့်အလွန် အခြေအနေဟောင်းထက် ပို၍ ပို၍ပင် အောင်မြင်လျက်ရှိလေပြီ။

ကမ္ဘာလောကကြီးသည် ဇရာမနေရာကြီးတစ်ခုဖြစ်ပါ၏။ လိုအပ်သလို အခြေအနေနှင့် ကိုက်ညီအောင်စဉ်းစားပါ။ အသင့် ပြင်ထားပါ။ ဘယ်တော့မှ အရှုံးမပေးပါနှင့်။ ယင်းသည်ပင် အောင်မြင်ရေးနည်းလမ်း ပေါင်းချုပ်ကြီး တစ်ရပ်ပင်ဖြစ်၏။ အလုပ် ကြိုးစားလုပ်ကြပါ။ ကံကောင်းကြပါစေ။

●



အမွေခံ ဉာဏ်ပညာ

www.burmeseclassic.com

www.burmeseclassic.com

*Anton Rupert*

# အန်တွန် ရုပတ်

## Rembrandt Group စတင်တည်ထောင်သူ

Anton Rupert သည် တောင်အာဖရိကနိုင်ငံတွင် နေထိုင်သည်။ ဝိုင်အရက် ထုတ်လုပ်သည်။ သူ၏ Stellenbosch ဝိုင်ချက်လုပ်ငန်းသည် တောင်အာဖရိက နိုင်ငံထွက် ဝိုင်များအနက် အကောင်းဆုံး သတ်မှတ်ခံထားရသည်။ Cartier, Dunhill, Montblanc, Van Cleef & Arpels, Piaget, Vacheron Constantin, Jaeger-Le Coultre, IWC စသည့် ကုမ္ပဏီများ ပိုင်ဆိုင်ထားသော စုပေါင်းကုမ္ပဏီကြီးတစ်ခုကို တည်ထောင်ထားသည်။ ဘယ်လိုများ ပေါင်းစပ် လုပ်ကိုင်နေပါသနည်း။ ဤစာထဲတွင် ရုပတ်က သူ၏ သဘောအကျဆုံး အံ့ဩစရာ စကားပုံပေါင်းချုပ်တစ်ခုကို ဖော်ပြထားသည်။

---

တောင်အာဖရိက စက်မှုလုပ်ငန်းရှင်နှင့် ပရဟိတသူဌေးကြီး အန်တွန် ရုပတ် သည် ၂၀၀၆ ခုနှစ်တွင် ကွယ်လွန်သွားသည်။ သူ၏ အမွေခံ ပိုင်ဆိုင်မှုများမှာ ဆက်လက် ရှင်သန်နေဆဲပင်။ သူသည် ဆေးရွက်ကြီး ကုမ္ပဏီငယ်တစ်ခုကို နိုင်ငံပေါင်းစုံတွင် အခြေစိုက်သော ဧရာမ ပူးပေါင်းကော်ပိုရေးရှင်းကြီးတစ်ခု ဖြစ်သွားအောင် တည်ဆောက်ပေးနိုင်ခဲ့သည်။ နိုင်ငံပေါင်းများစွာတွင် စီးပွားရေးလုပ်ငန်းရာပေါင်းများစွာ ဖွင့်လှစ်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သူ၏ ကုမ္ပဏီကို Rembrandt ဟု အမည်ပြောင်းလိုက်သည်။ ငွေကြေးဆိုင်ရာ အင်ပါယာကြီး တစ်ခု၏ ဗဟို အချက်အချာဖြစ်လာသည်။ ရုပတ်သည် World Wildlife Fund (WWF) အဖွဲ့ကြီးကို တည်ထောင်ခဲ့သူ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် Peace Parks Foundation စတင် တည်ထောင်သူ နာယကကြီးတစ်ဦး ဖြစ်လာသည်။ အဆိုပါ ဖောင်ဒေးရှင်းကြီးသည် အာဖရိကတိုက် တောင်ပိုင်းတွင် နယ်နိမိတ်ဖြတ်ကျော် ထိန်းသိမ်းကာကွယ်ရေး ဘေးမဲ့တောများ တည်ထောင်ပေးခဲ့သည်။



## စကားပုံများ

- အံ့ဩလောက်အောင် အစွမ်းပြမှုများ အပေါ် သက်ဝင်ယုံကြည်မှု မရှိသူသည် အရှိကို အရှိအတိုင်း လက်ခံတတ်သူတစ်ဦး မဟုတ်ချေ။
- မှောင်မိုက်နေခြင်းအတွက် ဆဲဆို ကြိမ်းမောင်းခြင်း ပြုမနေပါနှင့်။ ဖယောင်းတိုင်ကလေးတစ်တိုင် ထွန်းညှိပေးလိုက်ခြင်းက ပိုကောင်းပါသည်။
- လိုလျှင်ကြံဆ နည်းလမ်းရ၏။ ထိုသို့ စိတ်လိုလား၍ ကြံဆ လုပ်ကိုင်လိုက်ခြင်းသည်ပင် နည်းလမ်းဖြစ်လာတတ်သည်။
- ဘေးကျပ်နံကျပ်ကိစ္စတိုင်း၊ ပူပင်ကြောက်ရွံ့မိမှုတိုင်း၊ ပြဿနာတိုင်း၏ အခြားတစ်ဖက်တွင် အခွင့်အလမ်းကိုယ်စီ ရှိနေတတ်၏။
- မိမိတို့ကိုယ်ကိုမိမိတို့ မရှိမဖြစ်သူဟု သတ်မှတ်ခံရစေလိုလျှင် ကူညီဝန်ဆောင်မှုများ ပြုပါ။ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပါ။
- မိမိကိုယ်ကိုမိမိ သူတစ်ပါးနေရာဝင်ယူလျက် ကိုယ်ချင်းစာကြည့်ပါ။ သူ၏ ရှုထောင့်သဘောထားကိုလည်း ထည့်တွက် တတ်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com

- သူတစ်ပါးအပေါ် သင်ပြုမူသမျှအတွက် သူတစ်ပါးကလည်း ထိုနည်း အတိုင်း ပြုမူလိမ့်မည်။
- ပူပန်သောက ရောက်နေရမှုများသည် လှုပ်ကုလားထိုင်တစ်လုံးနှင့် တူနေတတ်သည်။ မိမိကသာ အငြိမ်မနေနိုင်အောင် လှုပ်ရှားမောပန်း နေရ၏။ သူကမူ နေရာမှ တစ်လက်မမျှ ရွေ့မသွားတတ်ပေ။
- မည်မျှပင် ကောင်းအောင် လုပ်ပေး လုပ်ပေး အကောင်း ပြောခံရ နည်းလွန်းသည်။
- ပစ္စုပ္ပန်ကာလကို အနာဂတ်ကာလသို့ စတင်တက်လှမ်းရာ တစ် အဖြစ် အသုံးပြုပါ။ လှုပ်ကုလားထိုင်တစ်လုံးကဲ့သို့ အသုံးမပြုမိ စေနှင့်။

●



*Gerhard Schroder*

## ဂါးဟတ် ရှရုတ်ဒါး

### ဂျာမနီနိုင်ငံ အဓိပတိဟောင်း

ဂျာမနီနိုင်ငံ၏ ဩဇာတိက္ကမ အပြည့်စုံဆုံး အဓိပတိကြီးများအနက် တစ်ဦးဖြစ်သည်။ Gerhard Schroder သည် ကြောက်စရာ ကောင်းလောက်အောင် စိတ်ဓာတ်ပြင်းထန်သည်။ သို့ရာတွင် ဟာသဉာဏ် ကြွယ်ဝသည်။ ဤစာတွင် ရှရုတ်ဒါးက အီမင်နွယ်ယယ် ကင့်ကဲ့သို့ အထင်ကရပုဂ္ဂိုလ်ကြီးမျိုးထက် မည့်လှဘဲ ကမ္ဘာ့အနာဂတ် ခေါင်းဆောင်များအတွက် မိမိ၏ အသိဉာဏ်ကို ဖြန့်ဝေပေးထားသည်။

---

Gerhard Schroder သည် Gottingen တက္ကသိုလ်တွင် ဥပဒေ ဘာသာရပ် သင်ယူခဲ့သည်။ ထို့နောက် နိုင်ငံရေးလောကသို့ ဝင်သည်။ ဆိုရှယ်ဒီမိုကရက်တစ်ပါတီနှင့် ပတ်သွယ် ပါဝင်လုပ်ဆောင်ခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်တွင် အဓိပတိအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ၁၆ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး တာဝန်ထမ်းဆောင်ဆဲ Helmut Kohl ကို ရာထူးမှ ဖယ်ရှားနိုင်ခဲ့သည်။ ရှရုတ်ဒါးသည် ၂၀၀၅ ခုနှစ်တွင် အဓိပတိရာထူးမှ ဆင်းပေးလိုက်သည်။ အစုရှယ်ယာပိုင်ရှင်များ ကော်မတီ အကြီးအကဲတာဝန် ထမ်းဆောင်သည်။ အကျိုးတူကိစ္စအတွက် နိုင်ငံများ ယာယီပူးပေါင်းထားသော ရုရှနိုင်ငံ ဦးဆောင်အဖွဲ့အစည်း၏ ထိုကော်မတီကို Gazprom ဓာတ်ငွေ့ကုမ္ပဏီက ထိန်းချုပ်ထားသည်။ ဂတ်ဇ်ပရွန်သည် ရုရှားမှ ဂျာမနီသို့ ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု တည်ဆောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပြတ်သားတိကျသော မရှိမဖြစ်အရာ

မိမိကိုယ်ကို မိမိ ယုံကြည်စိတ်ချပါ။ မည်သည့်အခါမျှ လက်မလျှော့ပါနှ
စိတ်ကူးအကြံအစည်တစ်ခု အမြဲရှိနေပါစေ။ ဆန့်ကျင်ဘက်အချို့နှင့် ရင်ဆိ
ရသည့်တိုင် မိမိရည်မှန်းချက်များနှင့် တန်ဖိုးများ အကောင်အထည်ဖော်နိုင်
မြဲမြဲမြံမြံ လုပ်ဆောင်ပါ။ မိမိ၏ စီမံချက်တစ်ရပ် မအောင်မြင်သေးလျှင် စိတ်ဓာ
မကျပါစေနှင့်။ ဤအချက်နှင့်ပတ်သက်၍ 'ဥရောပဉာဏ်အလင်းရဲ့ အစ'
ခေါ်ဆိုလိုပါသည်။ Kant ၏ ပြတ်သားတိကျသော မရှိမဖြစ်အရာ Categoric
Imperative ဟူသော စကားအတိုင်း အခိုင်အမာ ရပ်တည်ပါ။ မိမိ လုပ်ဆော
ချက်၏ ဆိုရိုးနီတိသည် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းရှိသူ အားလုံးအတွက် လူတ
လက်ခံ ယုံမှတ်ကျင့်သုံးနိုင်သော အခြေခံမူတစ်ရပ် ဖြစ်လာ နိုင်စွမ်းရှိအော
လုပ်ဆောင်ပါ။

●

*Leo Hindery Jr.*

## လီယို ဟင်ဒါရီ ဂျူနီယာ

**Inter Media Partners** ကုမ္ပဏီ အုပ်ချုပ်မှုအစုစပ်

မီဒီယာအမျိုးမျိုး ပါရဂူတစ်ဦးဖြစ်သည်။ Leo Hindery Jr. သည် ရုပ်သံလုပ်ငန်းနှင့် ပုံနှိပ်လောကတွင် အမြော်အမြင်အကြီးဆုံး ရင်းနှီးမြှုပ်နှံမှုများစွာအနက် တစ်ဦးအဖြစ် သတ်မှတ်ခံရသည်။ အတိတ်ကာလက သူ့လက်ဖြင့် ထိလာခဲ့သမျှ အတော်များများ ရွှေဖြစ်သွားကြသည်။ နပိုလီယံ၏စကားကို ကိုးကားလျက် ဟင်ဒါရီက ခေါင်းဆောင်ဖြစ်ရန် ဘာတွေလုပ်ရမလဲဟူသော အချက်ကို ရှင်းပြထားသည်။

---

လီယို ဟင်ဒါရီ ဂျူနီယာသည် အထင်ကရပုဂ္ဂလိက ရှယ်ယာကုမ္ပဏီဖြစ်သည့် InterMedia Partners တွင် အုပ်ချုပ်မှု ပါတနာတစ်ဦး ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်မီ ဟင်ဒါရီသည် ဒေသဆိုင်ရာ အားကစားကွန်ရက်ဖြစ်သည့် YES Network တွင် အမှုဆောင်အရာရှိချုပ်ဖြစ်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် New York Yankees နှင့် New Jersey Nets တို့၏ ရုပ်သံထုတ်လွှင့်ခန်းအဖြစ် တည်ထောင်ပေးခဲ့သည်။ ယခင်က Global Center Inc., တွင် ချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ် AT & T Broadband တွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Tele - Communications, Inc (TCI) တွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် အသီးသီး ဆောင်ရွက်ခဲ့သည်။ ဟင်ဒါရီသည် ***The Biggest Game of All*** စာအုပ် ရေးသားခဲ့သူလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံက 'ကြီးကျယ်မြင့်မြတ်သူများသည် ဥက္ကာပျံကြီးများ ဖြစ်ကြသည်။ ကမ္ဘာလောကကြီး ထိန်ထိန်လင်းသွားအောင် မိမိကိုယ်ကိုမိမိ လောင်ကျွမ်း ပျက်စီး ခံနေကြသည်' ဟု ပြောဖူးသည်။ ကြီးကျယ်သော ခေါင်းဆောင်များ ကိုလည်း ထိုအတိုင်းပင် ပြောဆိုနိုင်သည်။

မိမိတို့၏ မျိုးနွယ်ဆက်တွင် အမှန်တကယ် ခေါင်းဆောင်ဘဝ တက်ရောက် နိုင်ခဲ့ကြသူ ရှားရှားပါးပါးပုဂ္ဂိုလ်မျိုးများ၊ ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီးကို ထိန်လင်းသွားစေသည့် ဥက္ကာပျံများတွင် သီးသန့် မဖြိုဖျက်နိုင်သော ဝိသေသ လက္ခဏာများ ပါရှိသည်။ အဆိုပါလက္ခဏာများသည် ကိုယ်တိုင် ထူးခြား ထင်ရှားပြီး ထိုပုဂ္ဂိုလ်များကိုလည်း တစ်လှည့်တစ်ပြန် ပေါ်လွင်စေသည်။

ခေါင်းဆောင်ကြီးတစ်ဦးသည် ပြည်သူတို့အား ချစ်ခင်လေးစားတတ်ရန် လိုအပ်သည်။ မိမိနှင့် အဆင်ပြေသလို ကမ္ဘာ လောကကြီးနှင့်လည်း အဆင်ပြေ နေဖို့ လိုအပ်သည်။

မိမိကိုယ်ကိုလည်း မိမိ ခွင့်လွှတ်တတ်ရမည်။ သူတစ်ပါးကိုလည်း ဇွဲမယူ တတ်ဖို့လိုသည်။ တစ်နည်းဆိုရလျှင် ခေါင်းဆောင်မှန်လျှင် 'လူမှုရေး ရည်မွန်မှု' ရှိရမည်။

ခေါင်းဆောင်ကြီးတစ်ဦးသည် အသိပညာ ဟင်းလေးအိုးကြီး ဖြစ်နေရ မည်။ ကျယ်ပြန့်လှသော မြင်ကွင်း ရှုထောင့်များလည်း ရှိရမည်။ သွက်လက် ချက်ချာမှုရှိရမည်။ အပြင်ပန်းနှင့် ရှေ့ရေးအမြော်အမြင် ကြီးမားရမည်။

လူမှုရေးရည်မွန်မှု၊ သွက်လက်ချက်ချာမှုတို့နှင့်အတူ အတွေးစိတ်ကူး (Vision) ပါရှိလာတတ်သည်။ စိတ်ကူးစိတ်သန်း ကင်းမဲ့သူ ယောက်ျားဖြစ်စေ မိန်းမဖြစ်စေ ခေါင်းဆောင်မဖြစ်နိုင်ချေ။ မိမိသည် ဘာဖြစ်ချင်သည်၊ ဘာလုပ်ချင် သည်၊ ဘာကြောင့် ဖြစ်ချင်သည်၊ ဘာကြောင့်လုပ်ချင်သည်ကို ရှင်းလင်းတိကျစွာ သိနားလည်ထားရမည်။

သူ၏ စိတ်ကူးစိတ်သန်းကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်မပြောနိုင်လျှင် ခေါင်းဆောင် ဆိုသူသည် ခေါင်းဆောင်၍ မဖြစ်တော့ပေ။ ဆိုလိုသည်မှာ



ခေါင်းဆောင်သည် ပထမဦးဆုံး ဖြောင့်ဖြောင့် တွေးခေါ်တတ်ရမည်။ မိမိ၏ စိတ်ကူးများနှင့် အယူအဆများကို ရှင်းလင်းတိကျစွာ တိုက်ရိုက်ပြောဆိုတတ် ရမည်။ ထို့ပြင် ခေါင်းဆောင်တစ်ဦးသည် မိမိ လျှာ သို့မဟုတ် ဦးနှောက်နှင့် နှလုံးသားအတိုင်း ညီတူညီမျှ ရောက်လွယ်စေရမည်။

ခေါင်းဆောင်တစ်ဦးသည် ဆုံးဖြတ်ချက်များချမှတ်ရာ၌ လုံးလုံးလျားလျား စိတ်သက်သောင့်သက်သာရှိရမည်။ အသိအမြင်ပေးပြီး အချိန်မီလုပ်ဆောင် ရမည့် ဆုံးဖြတ်ချက်မျိုး ချမှတ်ရမည်ကိုလည်း နားလည်ထားရမည်။ သူသည် တွန့်ဆုတ်နေ၍မဖြစ်ပေ။ ပေါ့ပေါ့တန်တန်လုပ်နေ၍လည်း မရပေ။ လူများစွာ စောင့်ဆိုင်းပြီး ခေါင်းဆောင်များကို အားကိုးနေကြသည်။ တစ်ခါတစ်ရံတွင် တစ်နိုင်ငံလုံးက စောင့်ကြည့်အားကိုးနေတတ်သည်။ သမ္မတ Harry Truman က ဆုံးဖြတ်ချက်တစ်ရပ်ကို အခြေခံအားဖြင့် စစ်ဆေး စမ်းသပ်ကြည့်လျှင် 'ထိုအချိန် ထိုကာလက လူကြိုက်များနေတဲ့ ဆုံးဖြတ်ချက်လား၊ မှန်ကန်တဲ့ ဆုံးဖြတ်ချက်လား စစ်ဆေးရမယ်။ တကယ်လို့ မှန်နေရင် ချမှတ်လိုက်ပါ။ ပြည်သူတွေက သူတို့အပိုင်းကို တာဝန်ယူနိုင်ကြပါစေ' ဟု ပြောခဲ့သည်။

ကိုယ်တိုင် ထက်မြက်သော ပါရမီရှင်တစ်ဦးဖြစ်သည့် Thomas Edison က ပါရမီရှင်ဖြစ်လာရန် ဉာဏ်ကွန့်မြူးမှု (Inspiration) သည် ၁၀ ရာခိုင်နှုန်း၊ ချွေး ဒီးဒီးကျအောင် ကြိုးစားလုပ်ကိုင်မှု (Perspiration) က ၉၀ ရာခိုင်နှုန်း ပါရှိသည်ဟု မိန့်ဆိုခဲ့သည်။ သို့ရာတွင် အက်ဒီဆင်သည်လည်း ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည်။ အချို့က ရာစုနှစ်၏ အမှုဆောင်အရာရှိချုပ်ကြီး ဟူ၍ပင် ခေါ်ခဲ့ကြသည်။ အက်ဒီဆင်က ခေါင်းဆောင်ဖြစ်လိုလျှင် အတွေး ၁၀ ရာခိုင်နှုန်း၊ ချွေး ၉၀ ရာခိုင်နှုန်း အဆိုအမိန့်အတိုင်း ကျင့်သုံးရမည်ဟု နားလည်ပြောကြား သည်။ မိမိသည် ကြိုးပမ်းအားထုတ်ရမည်။ အလုပ်တစ်ခု ပြီးမြောက်သွားရန် အခြားနည်း သက်သက်မရှိချေ။ သူတစ်ပါးကိုလည်း အတတ်နိုင်ဆုံး စိတ်ကူး ဉာဏ် တိုးပွားစေရန် အခြားနည်းသက်သက်ဟူ၍ မရှိပေ။

နောက်ဆုံးတွင် မရှိမဖြစ် အစိတ်အပိုင်းတစ်ရပ်မှာ အူလှိုက်သည်းလှိုက် ရွှင်လင်းဖြောင့်မတ်မှုနှင့် လူ့ကျင့်ဝတ် ကိုက်ညီမှု ဖြစ်သည်။ လူ့ကျင့်ဝတ် ကိုက်ညီရေးသည် ဘဝ နောက်ပိုင်းတွင်မှ ဖြစ်ထွန်းလာခဲ့သော အဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အသုံးတည့်မှုမျိုး မဟုတ်ပေ။ လူ့ကျင့်ဝတ် ကိုက်ညီမှုသည် အလွန်ငယ်ရွယ်စဉ်က စ၍ ဘဝသက်တမ်းတစ်လျှောက် ဖြစ်ထွန်းလာတတ်သည်။

သို့ဆိုလျှင် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်လာရန် လိုအပ်ချက်များရရှိသွားပြီဖြစ်သည်။ လူမှုရေးရည်မွန်မှု (Grace)၊ အသိပညာကြီးမားမှု (Broad Intelligence)၊ အတွေးစိတ်ကူး (Vision) နှင့် မိမိ၏ အတွေးစိတ်ကူးကို တိတိကျကျ ဖော်ထုတ်ပြောပြတတ်မှု၊ အကျိုးသင့်အကြောင်းသင့် အချိန်မီ ဆုံးဖြတ်ချက်ချမှတ်မှု၊ အလုပ်ကြိုးစားမှုနှင့် လူမှုကျင့်ဝတ် ကိုက်ညီမှုတို့ဖြစ်သည်။

ကျွန်ုပ်သည် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်နေ၍ စီးပွားရေးလုပ်ငန်းခေါင်းဆောင်အဖြစ် အမှန်တကယ်အောင်မြင်လိုပါက ရှယ်ယာပိုင်ရှင်များနှင့်ပိုင်ရှင်များအတွက်သာမဟုတ်ဘဲ အခြားပေါင်းစပ်ပါဝင်နေသူများအတွက်လည်း တာဝန်ယူ လုပ်ဆောင်ပေးရန် လိုအပ်သည်။ စီးပွားရေးလုပ်ငန်း ခေါင်းဆောင်တစ်ဦးသည် အလုပ်သမားများ၊ ဖောက်သည်များနှင့် အုပ်စု အကျိုးစီးပွားကိုလည်း ဆောင်ရွက်ရန် တာဝန်ရှိသည်။ ရောမကုမ္ပဏီကြီးများနှင့် စီမံ အုပ်ချုပ်သူများလည်း နိုင်ငံတော်အတွက် တာဝန်ယူ လုပ်ဆောင်ရန် လိုအပ်သည်။

Porsche ကုမ္ပဏီ အမှုဆောင်အရာရှိ Wendelin Wiedeking ကလည်း ဤအချက်ကိုပင် စိတ်ဝင်စားဖွယ်ပြောခဲ့၏။ စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေကြသူများအဖြစ် 'အမြတ်အစွန်းအများဆုံး ရရှိရေးကိုသာ အမြဲမကြည့်ပါနှင့်၊ အခြားသူများကိုလည်း ကြည့်ပါ။ သူတို့လည်း ပါဝင်လုပ်ဆောင်နေကြရဲ့လား' ဟု ကြည့်ပါ။ 'ကျွန်ုပ်တို့၏ဖောက်သည်များအပေါ်လည်း ကောင်းစွာ ဂရုစိုက်ပါ။ ဖောက်သည်များ ပျော်ရွှင်နေလျှင် အလုပ်သမားများလည်း ပျော်ကြလိမ့်မည်။ ကုန်ပေးသွင်းသူများလည်း ပျော်ပါ လိမ့်မည်။ ရှယ်ယာအစုဝင်များအတွက် ငွေများစွာ ကျန်ရှိနေပါစေ။ ရှယ်ယာအစုဝင်များတန်ဖိုးကို ထည့်မတွက်သင့်ပါ။ သူတို့သည် အစုရှယ်ယာဝင်ရန် တစ်ကြိမ်သာ ငွေသွင်းကြသည်။ အလုပ်သမားများမှာ နေ့စဉ်နေ့တိုင်း အလုပ်လုပ်နေကြရပါသည်' ဟု ပြောကြားခဲ့သည်။

●



*Leslie E. Bains*

## လက်စလီ အီး ဘိန်းစ်

**Modern Bank ၏ ဒုတိယ ချယ်ယာမင်**
**Modern Asset Management ၏ အမှုဆောင်အရာရှိချုပ်**

Leslie E. Bains သည် ပရဟိတလုပ်ငန်းများစွာ လုပ်ကိုင်ခဲ့သည်။ စီးပွားရေးလုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းများစွာလည်း လုပ်ကိုင်ခဲ့သည်။ အမြတ်အစွန်းအတွက်မဟုတ်သော အဖွဲ့အစည်းများ၏ ဘုတ်အဖွဲ့များတွင် အမှုထမ်းခဲ့သည်။ လက်စလီ၏ သားသမီးနှစ်ဦးသည် Duke University သို့ တက်ရောက်နေ၍ ကျောင်း၏ ဆေးဝါးကုသရေး စင်တာကို ကူညီလုပ်ကိုင်ပေးလျက်ရှိသည်။ ချက်ချာမှုနှင့် ဝန်ဆောင်ပေးမှုနှစ်ရပ် ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ဤစာတွင် လက်စလီ ဘိန်းစ်က သင်ကိုယ်တိုင်ထက် ပိုမိုကြီးမားသော စိတ်ကူးအမြင် တစ်ခုက အခြားသူများကို သင် တာဝန်ယူ လုပ်ဆောင်နေမှု ရှိရာသို့ ဆွဲဆောင်နိုင်စွမ်းရှိသည်ဟု ရှင်းပြထားသည်။ ဒဿနပညာရှင်ကြီးတစ်ဦး အဆိုအရ 'ဘာကြောင့်' (Why) ဟူသော အကြောင်းသိဖို့ အရေးကြီးသည်။ ငွေကြေးချမ်းသာရေး၊ အောင်မြင်ကျော်ကြားရေးထက် ပိုမိုအရေးပါသည်။

---

Modern Bank တွင် ဝင်ရောက်မလုပ်ကိုင်မီ Leslie E. Bains သည် AFS Intercultural Programs တွင် ဥက္ကဋ္ဌဖြစ်ခဲ့သည်။ AFS သည် ကမ္ဘာ့ အကြီးဆုံး အမြတ်အစွန်းမယူ ရပ်ရွာဒေသအခြေပြု စေတနာ့ဝန်ထမ်း အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ ၂၀၀၃ ခုနှစ်တွင် HSBC North America ၏ အထက်တန်း အုပ်ချုပ်မှု ဒုတိယဥက္ကဋ္ဌအဖြစ် အငြိမ်းစားယူသည်။ HSBC တွင် ရာထူး အမြင့်ဆုံး အမျိုးသမီးနှင့် အထက်တန်း စီမံအုပ်ချုပ်ရေး ကော်မတီဝင် တစ်ဦး အဖြစ် ဆောင်ရွက်ခဲ့သည်။ JP Morgan Chase နှင့် Citibank တို့တွင်လည်း စီမံခန့်ခွဲရေးတာဝန် ရယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အသက်ရှင်နေထိုင်ရသည့်အကြောင်းရင်း

နှစ်ပေါင်းများစွာကပင် ကျွန်ုပ်သည် စီးပွားရေးလောကနှင့် အမြတ်အစွန်း အဓိကမဟုတ်သော အဖွဲ့အစည်းများမှ အောင်မြင်သော ခေါင်းဆောင် အတော်များများနှင့် ပူးတွဲလုပ်ကိုင်ခဲ့ရသည်။ အောင်မြင်သော ခေါင်းဆောင်များသည် မိမိတို့ကိုယ်ကိုထက် ပိုမို၍ ထူးကဲသော အကြောင်းတစ်ရပ်နှင့် ပတ်သက်၍ စိတ်ကူးအမြင်တစ်ရပ် ရှိနေတတ်ကြောင်း တွေ့ရသည်။

ငွေနှင့် ရာထူးဂုဏ်သိမ် အဆင့်အတန်းနောက်သို့သာ လိုက်နေလျှင် ယင်းတို့ကို ဖမ်းမိဖို့ အခက်အခဲများစွာ တွေ့နိုင်သည်။ မိမိလိုချင်နေသည့် အရာထက် ကျော်လွန်သော စိတ်ကူးအမြော်အမြင်ရှိနေပါက လူအများက ပင်ကိုအားဖြင့် ယင်းစိတ်ကူး အမြော်အမြင်၏ အစိတ်အပိုင်းတစ်ပိုင်းအဖြစ် ပါဝင်လိုစိတ်ပေါ်လာလိမ့်မည်။ အခြားသူများ၏ ကူညီဆောင်ရွက်ပေးမှု မပါရှိဘဲ ဘာမှ ဖြစ်မလာနိုင်ပေ။ ပြည်သူ့ရေးရာလုပ်ငန်းများ သို့မဟုတ် အနုပညာလုပ်ငန်းများနည်းတူ စီးပွားရေးလုပ်ဆောင်ရာတွင်လည်း ထို့အတူပင်ဖြစ်သည်။

ဒဿနိကဗေဒပညာရှင်ကြီးတစ်ဦးက မိန့်ဆိုခဲ့ဖူး၏။ 'အဘယ်ကြောင့် အသက်ရှင်နေထိုင်နေရသည်ကို သိထားသူသည် မည်သို့သောကိစ္စမျိုး ဖြစ်လာသည့်တိုင် ခံနိုင်ရည်ရှိတတ်၏' ဟု ဆိုခဲ့သည်။ ကျွန်ုပ်က ထိုစကားကို ဖြည့်စွက်လိုက်ပါမည်။ အဘယ်ကြောင့် ခေါင်းဆောင်နေရသည်ကို သိထားသူသည် မည်သို့သော စမ်းသပ်ခံရမှုမျိုးကို မဆို ခံနိုင်ရည် ရှိတတ်ပါသည်' ဟူ၍ပင် ဖြစ်သည်။

●



*Jean Afterman*

## ယွန်း အာဖတာမင်း

နယူးယောက် ယန်းကီး ဒုတိယဥက္ကဋ္ဌ၊ လက်ထောက်အထွေထွေမန်နေဂျာ

လွန်ခဲ့သောဆယ်နှစ်က New York Yankees ဘေ့စ်ဘောအသင်း အုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးတစ်ဦးပါဝင်နေကြောင်း ကြားပင် မကြားမိခဲ့ချေ။ ယွန်း အာဖတာမင်းသည် ဟာသဉာဏ်အလွန်ရွှင်သည်။ ကြမ်းသည်။ သို့ရာတွင် သဘောကောင်းသည်။ ဆက်ဆံပြောဆိုမှု ကျွမ်းကျင်သည်။ (ရှေ့နေဖြစ်မလာမီ အင်္ဂလိပ်စာ သင်ပေးဖူးသည်) ကစားသမားအတွက် ကိုယ်စားလှယ်တစ်ဦးအနေဖြင့် နာမည်ကြီး ဂျပန်ဘေ့စ်ဘောကလပ်မှ ကစားသမားများကို အမေရိကန်အသင်းအတွက် ခေါ်ယူပေးနိုင်ခဲ့သည်။ ယခုအခါ Yankees ဘေ့စ်ဘောကလပ် နိုင်ငံတကာရောက်ရှိရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ အားကစားပွဲကြီးများတွင်လည်း ထင်ရှားကျော်ကြားသည်။ ဤစာထဲတွင် *The Diary of Ann Frank* စာအုပ်တွင် တော်ခဲ့ရဖူးသော အဖိုးတန် အကြံပေးစကား တစ်ခွန်းကို တင်ပြထားသည်။

---

Jean Afterman သည် Major League Baseball တွင် လက်ရှိ ရာထူးကြီးကြီးမျိုးကိုင်နိုင်သူ အမျိုးသမီးဟူ၍ သူတစ်ဦးတည်းသာ ရှိသည်။ ယန်းကီးကလပ်သို့ မရောက်သေးမီ ကြားဝင်စေ့စပ်ဆုံးဖြတ်ပေးမှုလုပ်ငန်းများ အထူးကျွမ်းကျင်မှုကြောင့် အားကစားဆိုင်ရာနှင့် စီမံအုပ်ချုပ်ရေးတာဝန်များ ယူခဲ့သည်။ ၁၉၉၄ မှ ၁၉၉၉ ခုနှစ်အထိ KDN Sports, Inc., ၏ အထွေထွေအတိုင်ပင်ခံ ဖြစ်လာသည်။ နိုင်ငံတကာ ဘေ့စ်ဘော အမှုသည်များအတွက် စီးပွားရေးနှင့် တရားရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## မိမိ၏ စရိုက်လက္ခဏာ နောက်ဆုံးပုံသွင်းမှု

ကျွန်ုပ်မိခင်၏ အမေသည် ရုရှနိုင်ငံ ရီဂါမှ ပြောင်းရွှေ့လာခဲ့သည်။ ၁၉၀၅ ခုနှစ်ခန့်တွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်လာသည်။ အသက် ခုနစ်ဆယ်အရွယ်တွင် ဘာသာစကားလေးမျိုး ပြောတတ်နေပြီ။ ထိုအချိန်မှာပင် စပိန်စကား သင်ရန် ဆုံးဖြတ်လိုက်သည်။ တကယ်လည်း လုပ်သည်။ သင်တန်းများ တက်သည်။ စပိန်စကားပြောတတ်သူများ ဝိုင်းဝိုင်းလည်နေပြီး စကားပြော လေ့ကျင့်သည်။ ကျွန်ုပ်အတွက် သင်ခန်းစာ ရလိုက်၏။ ပညာသင်ရာတွင် ရပ်ဆိုင်းခြင်း မပြုသင့်ဟူ၍ပင်။ အသက် ဘယ်အရွယ်သို့ပင်ရောက်ရောက် ဘယ်နေရာမှာပင်ရှိရှိ ပညာ ဆက်လက် သင်သင့်သည်။ သမားရိုးကျ ပညာသင်ကြားရေးကိစ္စအတွက်သာ မဟုတ်ဘဲ သင်လုပ်ကိုင်သမျှ အရာရာအတွက်ပါ သင်ခန်းစာရယူနိုင်သည်။

ကျွန်ုပ် ဆယ့်လေးနှစ်သမီး အရွယ်တွင် အံ့ဩချီးမွမ်းဖွယ် ကျောင်းတစ်ကျောင်းသို့ တက်နေရသည်။ ဆရာများသည် စိတ်ကို လှုံ့ဆော်ပေးတတ်သူများဖြစ်သည်။ ကျောင်းသင်ရိုးညွှန်းတမ်းအဖြစ် စာများများ ဖတ်ရသည်။ (ယခုလည်း ထို့အတူပင် ဖြစ်ပါလိမ့်မည်) ဖတ်ရှုရသော စာအုပ်များစွာအနက် တစ်အုပ်မှာ *The Diary of Anne Frank* ဖြစ်သည်။ စာပိုဒ်ကလေးတစ်ခုကို သတိရမိ၏။ ကလေးများသည် မိမိကိုယ်ကို မိမိပြုစုပျိုးထောင်ပေးရမည်ဟူ၍ ပါရှိသည်။ မကြာမီက အွန်လိုင်းတွင် စာသား အတိအကျ ဖတ်လိုက်ရသည်။ 'သားသမီး အားလုံးသည် မိမိတို့ဘာဝ ပြုစုပျိုးထောင်ရေးကို ဂရုပြုရမည်၊ မိဘများသည် အကြံကောင်း ဉာဏ်ကောင်းသာ ပေးနိုင်သည်၊ လမ်းမှန် ရောက်အောင်သာ ပြနိုင်သည်၊ သို့ရာတွင် လူတစ်ဦးတစ်ယောက်၏ စရိုက်လက္ခဏာ နောက်ဆုံး ပုံသွင်းမှုသည် သားသမီးများ၏လက်ထဲတွင် တည်ရှိသည်' ဟူ၍ ဖြစ်သည်။

ကျွန်ုပ်သည် ကံကောင်းပါသည်။ အချိန် တစ်ချိန်တွင် နေရာ တစ်နေရာတွင် ပြုစုပျိုးထောင်ခံခဲ့ရသည်။ မိဘများ၏ သင်ကြားသွန်သင်မှုကို ခံယူရရှိခဲ့သော မိဘများက ပြုစုခဲ့ကြသည်။ သူတို့က ကျွန်ုပ်အား ထပ်ဆင့် သင်ပေးသည်။ ကျား၊မ လိင်၊ လူမျိုးအနွယ်နှင့် အသားအရောင် ကွဲပြားမှုများကို အလေးမထားဖို့ သင်ပေးသည်။ ပညာကောင်းကောင်းသင်ပေးပြီး ကျွန်ုပ်သည် (ပိုမိုကောင်းမွန်မှု ရှိလျှင်) အများနှင့် တန်းတူရှိသည်ဟု မှတ်ယူရန် သင်ပေးသည်။ အကယ်၍ အများထက် ထူးအောင်လုပ်ဖို့ အခြေအနေပေးလာခဲ့လျှင် ထူးအောင်လုပ်ရန် သင်ပေးကြသည်။

ကျွန်ုပ်လောက် မည်သူမျှ ကံကောင်းလိမ့်မည် မဟုတ်ပေ။ မိမိ၏ သားသမီးများအပေါ် ယုံကြည်တတ်သော မိဘများနှင့် တွေ့ရသည်။ ကျောင်းတွင်မက အိမ်တွင်ပါ ပညာကောင်းစွာ သင်ယူခွင့်ရသည်။ Anne Frank ရေးခဲ့သလို လမ်းမှန်ပြခဲ့ကြသည်။ ကျွန်ုပ် သိပါသည်။ မိဘများထံမှ သင်ယူရရှိခဲ့သော အကြီးမားဆုံး သင်ခန်းစာသည် သူတစ်ပါးထံမှ လေ့လာသင်ယူပါ။ မိမိ၏ ကိုယ်ပိုင်အတွေ့အကြုံမှ လေ့လာ သင်ယူပါ။ အရာရာတွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပါ။ မိမိ လုပ်ကိုင်ပေးရသမျှအတွက် တာဝန်ယူတတ်ပါစေ ဟူ၍ ဖြစ်သည်ဟု ယုံကြည်မိသည်။ ရှုံးနိမ့်မှုကြုံခဲ့လျှင် (ကျွန်ုပ်လည်း ရှုံးခဲ့ဖူးပါသည်) ၎င်းတို့ အရှုံးမှလေ့လာပါ။ ရှေ့ဆက်လုပ်ပါ။ သင်၏ စရိုက်လက္ခဏာ နောက်ဆုံး ပုံသွင်းမှုသည် သင်၏လက်ထဲတွင် ရှိသည်။ ကျွန်ုပ်တို့အားလုံး ကံကောင်းကြသည်။ ပညာကောင်းစွာ သင်ရသည်။ လိုက်သွားစရာ လမ်းကြောင်းများကလည်း များပြားလှပါဘိ။ ထိုလမ်းကြောင်းများစွာလည်း 'အမှန်' သို့ချည်း ဦးတည်လျက် ရှိသည်။

နောက်ဆုံး ကိုးကားချက်တစ်ခု ပြောပြပါမည်။ ဂန္ဒီကြီးက ပြောခဲ့ပါ၏။ 'ကမ္ဘာပေါ်မှာ မင်းတို့မြင်တွေ့ချင်တဲ့ ပြောင်းလဲမှုဟာ မင်းပဲဖြစ်ရမယ်' ဟူ၍ ဖြစ်သည်။ ကျွန်ုပ် အလေးအနက် ထပ်ပြောလိုက်ပါ၏။ အပြောင်းအလဲလုပ်သူ ဖြစ်ပါစေ။

•



www.burmeseclassic.com

www.burmeseclassic.com

# ဉာဏ်သစ်လောင်း ပုဂ္ဂိုလ်များ

www.burmeseclassic.com

www.burmeseclassic.com

*Giampiero Bodino*

## ဂီယမ်ပီရို ဘိုဒီနို

### ဖန်တီးမှု ဒါရိုက်တာ၊ ရစ်ချီမွန့်

Giampiero Bodino သည် ကမ္ဘာအနှံ့ ဒန်းဟီးပြခန်းများ၏ အတွင်းပိုင်းအတွက် ရေးဆွဲပေးခဲ့ရုံသာမက သူတို့၏ ဖက်ရှင်သစ်များ အတွက်လည်း ဒီဇိုင်း စီစဉ်ပေးခဲ့သည်။ ဒန်းဟီး အမှတ်တံဆိပ် လိုဂိုကြောင့် ဒန်းဟီးဟူသော အမည်တံဆိပ်သည် ကမ္ဘာအနှံ့ ထိပ်တန်းသို့ ရောက်ရှိ နိုင်ခဲ့သည်။ ဤစာတွင် မိမိတို့၏ ဖန်တီးမှုစွမ်းအား ထုတ်လုပ် ဆောင်ရွက် ပေးမှုအကြောင်း အကြံပေးစကား အနည်းငယ်တင်ပြထားသည်။

---

ဂီယမ်ပီရို ဘိုဒီနိုသည် ဒီဇိုင်းထုတ်လုပ်ရေးဆွဲမှုလုပ်ငန်းတွင် ကြီးမားစွာ အောင်မြင် လျက်ရှိသည်။ Bulgari, Gucci, Versace, Swarovski စသည့် ကြီးကျယ် ခမ်းနား ထူးခြားလှပသော အဆောက်အအုံကြီးများအတွက် ဒီဇိုင်းဆွဲပေး သည်။ ၁၉၉၀ ပြည့်နှစ်တွင် Richemont နှင့် တွဲဖက်လုပ်ကိုင်သည်။ နာရီများ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများ၊ စာရေးကိရိယာများအတွက် ဒီဇိုင်းအမျိုးမျိုး ရေးဆွဲပေးခဲ့သည်။ ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရစ်ချီမွန့်၏ ဖန်တီးမှုဒါရိုက်တာ ဖြစ်လာသည်။ Strategic Product and Communication Committee အတွက် အဓိက ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ နောက်ပိုင်းတွင် Cartier Creative Director အဖြစ် ခန့်အပ်ခံရသည်။ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ လတွင် ရစ်ချီမွန့်တွင် အုပ်စုအနုပညာ ဒါရိုက်တာနှင့် ဘုတ်အဖွဲ့ဝင် ဖြစ်လာ သည်။



## မိမိ၏ဖန်တီးမှုအတွက် ရက်ရက်ရောရောရှိပါ

ဒီဇိုင်းလောကသို့ ထိပ်တန်းနေရာမှ ဝင်ရောက်လိုသည့် လူငယ်လူရွယ်များ အတွက် အကြံပေးလိုက်ပါသည်။ စီမံချက်သည် မည်မျှပင်အရေးကြီးသည်ပင် ဖြစ်စေ မိမိပုံထုတ်ပေးလိုက်သမျှ ဒီဇိုင်းအားလုံးအပေါ် တူညီသော စွမ်းအား အသုံးပြုပါ။ ထုတ်လုပ်လိုက်မှုသည် အရေးမပါသည်ဖြစ်စေ၊ အရေးပါသည် ဖြစ်စေ မိမိဖန်တီးပေးလိုက်မှု (Creativity) နှင့် ပတ်သက်၍ စေတနာထား ဆုပ်ကိုင်ပေးပါ။ စေတနာရက်ရောမှုသည် ဒီဇိုင်းလုပ်ငန်းအားလုံးတွင် အလွန် အရေးကြီးသည်ဟု ထင်မိပါသည်။ ထို့ကြောင့် တစ်စုံတစ်ခုအတွက် ဒီဇိုင်းပုံ ထုတ်ပေးခွင့်ရသော လူငယ်လူရွယ်များသည် မိမိ၏လက်ရာကို အတတ်နိုင်ဆုံး အကောင်းဆုံး လုပ်ဆောင်ပေးသင့်သည်။ မည်သည့်အတွက် မည်သည့် ဒီဇိုင်း ပုံကိုပင် ထုတ်ပေးရသည်ဖြစ်စေ အကောင်းဆုံး လုပ်ပေးလိုက်ပါ။ ဤသည်ပင် ရိုးရှင်းလွယ်ကူသော နည်းဥပဒေပင် ဖြစ်သည်။ သို့ရာတွင် အလွန် အရေးကြီး သည်ဟု ယူဆမိပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*John J. Brennan*

## ဂျွန် ဂျေ ဘရန်နန်

**The Vanguard Group ချယ်ယာမင် နှင့် အမှုဆောင်အရာရှိချုပ်**

တည်ငြိမ်အေးဆေးပြီး သက်သောင့်သက်သာနေတတ်သူ စီမံခန့်ခွဲရေး ပုဂ္ဂိုလ်တစ်ဦးသည် ကမ္ဘာ့အကြီးမားဆုံး ရင်းနှီး မြှုပ်နှံမှု စီမံခန့်ခွဲရေး ကုမ္ပဏီကြီးများအနက် တစ်ခုကို ဘယ်ကဲ့သို့ ဦးစီးနေပါသနည်း။ သူသည် ငွေကြေးများကို ထိန်းချုပ်လုပ်ကိုင်ဖို့ သဘောကျသည်။ အများဆုံး အမြတ်အစွန်းပေါ်အောင် မည်သည်တွင် ရင်းနှီးရပါမည်နည်းဟု အမြဲ တွက်ဆနေတတ်သည်။ ဖြစ်အောင်လည်း လုပ်နိုင်ခဲ့သည်။

John J. Brennan ၏ စာထဲတွင် အဖိုးတန်အကြံပေးစကား အတော်များများ ပါရှိသည်။ မိမိကုမ္ပဏီနှင့် တန်ဖိုးချင်း တွဲဖက်ညီသော လုပ်ငန်း အဖွဲ့အစည်းတစ်ခုကိုရှာပါ။ အလုပ်တာဝန် အမျိုးစုံဆောင်ရွက်ပါ။ ဤနည်းဖြင့် အဆိုပါ အဖွဲ့အစည်းအတွင်း မိမိ၏ အတွေ့အကြုံ တန်ဖိုးတက်ပါစေဟု ဆိုထားသည်။

---

ဒတ်မောက်ကောလိပ်တွင် စီးပွားရေးဘွဲ့ကို AB ဖြင့် ရရှိသည်။ ထို့နောက် John J. Brennan သည် ၁၉၇၆ ခုနှစ်၌ နယူးယောက် ငွေစုဘဏ် စပ်တူ လုပ်ဖက် အဖြစ် တာဝန်စတင်သည်။ ဘရန်နန်သည် ဟားဗတ်စီးပွားရေးလုပ်ငန်း သင်တန်းကျောင်းမှ MBA ဘွဲ့ရယူပြီးနောက် S.C Johnson & Son ၏ တွဲဖက် စီမံကိန်းဆွဲသူအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ နှစ်နှစ်မျှအကြာတွင် Vanguard Group သို့ပြောင်းသည်။ ၁၉၈၉ ခုနှစ်တွင် ဥက္ကဋ္ဌ၊ ၁၉၉၆ ခုနှစ်တွင် အမှုဆောင် အရာရှိချုပ်၊ ၁၉၉၈ ခုနှစ်တွင် ချယ်ယာမင် အသီးသီး ဖြစ်လာခဲ့သည်။



## တန်ဖိုးထား ဘက်ညီရေး နှင့် စွန့်ဝံ့သောစိတ်

...ဆုံး လုပ်ရမည့်အလုပ်မှာ တန်ဖိုးထား ဘက်ညီမှုတစ်ရပ် ရှာရမည်။ အဖွဲ့ ...ည်းတစ်ခုအတွက် ဘယ်လောက် အရေးကြီးသလဲ၊ သင့်အတွက် ...ယ်လောက် အရေးကြီးသလဲ တွက်ဆကြည့်ရမည်။ တန်ဖိုးထား ဘက်ညီရေး (...lues Match) သည် လုပ်ငန်းခွင်ကျေနပ်မှု (Job Satisfaction) အတွက် ...ရေးကြီးဆုံး ဖြစ် သည်။ ကျွန်ုပ်၏ အမြင်အရ လုပ်ငန်းခွင် ကျေနပ်မှုကြောင့် ...ငန်းခွင် အောင်မြင်မှု ဖြစ်ပေါ်သွားနိုင်သည်။ အခြား အကြံပေးစကား ...ခုမှာ သူတစ်ပါးအား ကျွန်ုပ် ပြောပြနေကျစကား ဖြစ်သည်။ စွန့်ဝံ့သော ...မွေးပါလေ။ တစ်ခါတစ်ရံတွင် ယေရှုယ်သူများသည် X သို့မဟုတ် Y ...မဟုတ် Z ဖြစ်ရေးအတွက် အလွန် အာရုံစူးစိုက် လုပ်ကိုင်နေကြသည်။ ...သို့ဖြစ်လာသည်ကို သင်တို့ ကြိုတင် မသိနိုင်ပါဟု ဆိုလိုက်ချင်သည်။ ...က်သည်များနှင့် ဆက်ဆံလုပ်ကိုင်ရင်း၊ လုပ်ငန်းတွင်းပြဿနာများကို ...ရှင်းရင်း၊ ငွေကြေးဈေးကွက် စသည်ကိစ္စမျိုးများ ဆောင်ရွက်ရင်း သင့်တွင် ...တွေ့အကြုံ များစွာ ရလာတတ်ပါသည်။ ထိုအတွေ့ အကြုံများက သင့်အား ...၏လုပ်ငန်း ရှေ့တိုး ဆောင်ရွက်သွားရင်း လူတစ်လုံး သူတစ်လုံး ဖြစ်လာ ...ပါလိမ့်မည်။ ထို့ကြောင့် သင့်အတွက် အလွန် အရေးကြီး သည်ဟု ...မှတ်ထားသော အဖွဲ့အစည်း၏ အစိတ်အပိုင်း ဖြစ်နေပြီး တစ်စုံ တစ်ခု ...ကိုင်ပေးပါဟု တာဝန်ပေးလာလျှင် လုပ်ပေးလိုက်ပါ။ အရည်အချင်းမီ ...အစည်းတစ်ခုက သင့်အတွက် အောင်မြင်မှုရစေရန် ငွေများပုံ၍ အောပေး ...မည်။ အမြင်ကျဉ်းကျဉ်းထားမိပြီး မိမိ၏ စွမ်းရည်ကို ချုပ်တည်းလိုက်လျှင် ...ကြီး မှားသွားလိမ့်မည်။ ထိုအမှားကြီးကို လူများ အကြိမ်များစွာ ကျူးလွန် ...ကြောင်း တွေ့နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

*Stefan Rojahn*

## စတီဖန် ရိုဂျန်

**Wittur Holding GmbH အုပ်ချုပ်ရေးဘုတ်အဖွဲ့ ချယ်ယာမင်**

ဂျာမန်တစ်ဦး၏ အသေးစိတ်မြင်တတ်ခြင်းမျိုးဖြင့် စီးပွားရေးလုပ်ငန်း စီစဉ်ရာတွင် အလွန်တော်သူတစ်ဦးဖြစ်သည့် Stefan Rojahn သည် တာဝန်အကြီးစားမျိုးများကိုသာ ထပ်ဆင့် ရွေးချယ်တတ်သူဖြစ်သည်။ အဆိုပါလုပ်ငန်းတာဝန်ကြီးများကိုလုပ်တိုင်း အောင်မြင်ခဲ့သည်။ သူ ဆုံးမစကားတွင် အဆိုပါလုပ်ငန်း အယူအဆအတွေးအခေါ်ကိုပင် ကိုင်စွဲထားသည်။ တာဝန် တိုး၍ တိုး၍ ရယူလုပ်ဆောင်နိုင်ခြင်းသည် အောင်မြင်ပြီးမြောက်မှုကြီးအတွက် သော့ချက်ဟုဆိုလိုသည်။

---

ဂျာမနီနိုင်ငံ Technical University of Aachen မှ ဘွဲ့ရသည်။ ကာ နီးယားပြည်နယ်၊ ဆန်ဂျို့စ်ပြည်နယ် တက္ကသိုလ်မှ မဟာဘွဲ့ရခဲ့သည်။ စတီ ရိုဂျန်သည် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလတွင် RPC Group Plc ဘုတ်အဖွဲ့ ဖြစ်လာသည်။ တစ်ကမ္ဘာလုံးသို့ ဓာတ်လှေကား အစိတ်အပိုင်းများ တ ရောင်းချရာ Wittur Holding GmbH အုပ်ချုပ်ရေးဘုတ်အဖွဲ့ ချယ်ယာ ဖြစ်သည်။ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အကြားတွင် Durr AG အုပ်ချုပ် ဘုတ်အဖွဲ့ ချယ်ယာမင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယခင်က Bosch Gro တွင် နှစ်ပေါင်း နှစ်ဆယ်ကျော် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ အုပ်ချုပ် ဘုတ်အဖွဲ့ဝင် ရာထူးအဆင့်အထိ ရောက်ခဲ့သည်။



## တာဝန်ကြီးကြီး တောင်းခံလုပ်ပြပါ

ပထမဦးဆုံး အချက်မှာ သင်သည် ပညာ ကောင်းစွာ တတ်မြောက်ရမည်။ မျက်မှောက်ကာလ စီးပွားရေးလောကတွင် လူတိုင်းပြောနေကျ အင်္ဂလိပ်စကား အပြင် အခြား ဘာသာစကားများကိုလည်း သင်ယူ တတ်မြောက်ထား ရမည်။ ထို့နောက် မြန်နိုင်သမျှ မြန်မြန်ပင် တာဝန်တစ်ခုခု ရယူ လုပ်ဆောင် ပြနိုင်ဖို့ ကြိုးစားစေလိုသည်။

ပိုမိုကြီးမားသော တာဝန်ယူလုပ်ဆောင်မှုမျိုးကို တောင်းခံလိုပါက လက်ရှိ သင် လုပ်နေသော အလုပ်ကို မမေ့ကောင်း မမေ့သွားနိုင်သည်။ မိမိ လုပ်နေကျ အလုပ်ကိုလည်း ကောင်းစွာ လုပ်ကိုင်ပါ။ ထိုအခါ အခြားသူများက သင် လုပ်ကိုင် နေမှုနှင့် ပတ်သက်၍ အသိအမှတ် ပြုလာကြလိမ့်မည်။ ထိုသူများကိုယ်တိုင်ပင် ခေါင်းဆောင်ကောင်းများဖြစ်နေလျက် သူတို့က သင့်အား ခေါင်းဆောင် အဆင့် သို့ ပို့ပေးလိမ့်မည်။ လူတိုင်းတွင် ခေါင်းဆောင်များ လိုအပ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Doreen A. Toben*

## ဒိုရင်း အေ တိုဘင်

**Verizon Communications Inc. အုပ်ချုပ်မှု ဒုတိယဥက္ကဋ္ဌနှင့် ငွေကြေးဆိုင်ရာအရာရှိချုပ်**

Doreen A. Toben သည် ကိန်းဂဏန်းများနှင့် ပတ်သက်လျှင် အလွန်တော်သည်။ ထို့ကြောင့်လည်း New York Times နှင့် JPMorgan Chase ဘုတ်အဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့်ရနေခြင်း ဖြစ်သည်။ တိုဘင်သည် ငယ်ရွယ်စဉ်ကပင် အလွန်ချက်ချာ ပါးနပ်သည်။ ဤစာထဲတွင် တိုဘင်က မည်သို့ ချက်ချက်ချာချာရှိခဲ့ကြောင်း ဖော်ပြထားသည်။ တိုဘင်၏အဆိုအရ မိမိ၏လုပ်ငန်း အဖွဲ့အစည်းအတွင်း ပါဝင်ပေါင်းစပ်ထားသော အစိတ်အပိုင်းအားလုံးအကြောင်း သိအောင် လေ့လာထားရမည်။ သို့မှသာ အတွင်းပိုင်း၌ မည်သို့လုပ်ဆောင်နေကြကြောင်းနှင့် မဟာဗျူဟာ အကျိုးအမြတ် အလားအလာများကို အများဆုံး သိနားလည်နိုင်လိမ့်မည်။

---

ဒိုရင်း အေ တိုဘင်သည် Verizon ကုမ္ပဏီ၏ အုပ်ချုပ်ရေး ဒုတိယဥက္ကဋ္ဌနှင့် ငွေကြေးဆိုင်ရာ အရာရှိချုပ် ဖြစ်သည်။ ၂၀၀၂ ခုနှစ် ဧပြီလမှ စတင်ထမ်းရွက်ခဲ့သည်။ လက်ရှိရာထူးမတိုင်မီက ဗယ်ရိုင်ဇွန်၏ Domestic Telcom Group အထက်တန်း ဒုတိယ ဥက္ကဋ္ဌနှင့် ငွေကြေးဆိုင်ရာ အရာရှိချုပ်အဖြစ် လုပ်ကိုင်ခဲ့ရသည်။ တိုဘင်သည် ၁၉၈၃ ခုနှစ်တွင် AT & T ဘဏ္ဍာရေးဌာန၌ လုပ်ငန်းစတင်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ဖော်ကျွန်းမဂ္ဂဇင်းက တိုဘင်အား 150 most Powerful Women in Business စာရင်းတွင် ဖော်ပြခဲ့သည်။ ထိုစာရင်းတွင် လေးနှစ်ဆက်တိုက် ဖော်ပြဂုဏ်ပြုခံခဲ့ရသည်။



## အမြင်ကျယ်ကျယ်ထားပါ

စီးပွားရေးလုပ်ငန်းနယ်ပယ်ရှိ အမျိုးသမီးများအတွက် အခွင့်အလမ်းအမျိုးမျိုးရှိသည်။ အမျိုးသားများအတွက်ရှိနေသည့် အတိုင်းပင်။ သို့ရာတွင် သင်သည် တယ်တမ်း ကြိုးပမ်းအားထုတ်နိုင်ရမည်။ မှန်ကန်စွာ ကိုင်တွယ်လုပ်ဆောင် တတ်ရမည်။ အောင်မြင်လိုလျှင် အလုပ်ပင်ပင်ပန်းပန်း ကြိုးစားကြ၊ စူးစူးစိုက်စိုက် ုပ်ကြဟု ပြောဆိုသံများ ကြားရတတ်သည်။ မှန်သောစကား ဖြစ်သည်။ အောင်မြင်မှု ရယူခြင်း၊ ထိန်းသိမ်းထားခြင်းတွင် တည်ကြည်မှုနှင့် ရိုးဖြောင့်မှုတို့ အထူးအရေးကြီးသည်ဟု ခိုင်မြဲစွာ ယုံကြည်ထားပါသည်။

ကျွန်ုပ်သည် စီးပွားလုပ်ငန်းနှင့်ပတ်သက်၍ အကောင်းဆုံး အကြံပေးစကား ရရှိထားပါသည်။ အဆိုပါ အကြံပေးစကားကို လုပ်ငန်းစောစောပိုင်းကာလကပင် သင်ယူတတ်မြောက်ခဲ့ပါသည်။ ထိုအကြံပေးစကားမှာ လုပ်ငန်း၏အစိတ်အပိုင်း အမျိုးမျိုးအကြောင်း သိနားလည်အောင် ကြိုးစားထားပါဟူ၍ဖြစ်သည်။ ကျွန်ုပ်သည် ငွေကြေးနှင့် မဟာဗျူဟာနှင့်ပတ်သက်၍ စတင်ဆောင်ရွက်ခဲ့ရသည်။ ထို့နောက် ပြင်ပလုပ်ငန်းများ စီမံအုပ်ချုပ်ရသည်။ ဈေးကွက်ဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရသည်။ ကျွန်ုပ်သည် နည်းပညာနှင့် လူအများအပေါ် စီမံအုပ်ချုပ်နည်း ပညာများကို သိနားလည်စေမည့် အလုပ်မျိုးကို ရယူလုပ်ဆောင်ခဲ့သည်။ ဤနည်းဖြင့် ကျွန်ုပ်၏ အမြင် ကျယ်လာခဲ့သည်။ ကိန်းဂဏန်းများနှင့် မဟာဗျူဟာများ အားလုံးကို သက်ဝင်လှုပ်ရှားလာစေခဲ့သည်။ ဤနည်းဖြင့် ထူးထူးကဲကဲများ ဖြစ်ထွန်းလာနိုင်ခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com

# သူတစ်ပါး နှင့် အတူလုပ်ကိုင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

*Kathryn S. Wylde*

## ကက်သရင်း အက်စ် ဝိုက်ဒ်

**New York City Partnership** ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ်

နယူးယောက်မြို့တော်တွင် အရေးကြီးသော နာမည်အားလုံးနီးပါးအတွက် ရင်းနှီးသော မိတ်ဆွေတစ်ဦးနှင့် အကြံပေး တစ်ဦးဖြစ်သည့် Kathryn S. Wylde သည် ကုမ္ပဏီများနှင့် အစိုးရအဖွဲ့အကြား နယူးယောက်မြို့တော်ကျန်းမာရေးနှင့် စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖက်စပ်လုပ်ဆောင်ပေးခဲ့သည်။ ဤစာထဲတွင် သူက ဖော်ထုတ်သိရှိခဲ့ရသော စီးပွားဖက် (Partnership) အတွေးအခေါ် ခံယူချက်အကြောင်း ဖော်ပြထားသည်။

---

ကက်သရင်း အက်စ် ဝိုက်ဒ်သည် Partnership for New York City အဖွဲ့အစည်း ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ အဆိုပါအဖွဲ့ကို ၁၉၇၉ ခုနှစ်တွ David Rockefeller တည်ထောင်ခဲ့ပြီး နယူးယောက်မြို့တော် စီးပွားရေးလော ခေါင်းဆောင်များ၏ အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်း သည်။ Partnership အဖွဲ့အစည်းသည် နယူးယောက် မြို့တော်အား ကုန်သွ ရေး၊ ငွေကြေးနှင့် ဆန်းသစ်ပြောင်းလဲရေးဆိုင်ရာ ကမ္ဘာ့ဗဟိုစင်တာကြီး တစ် အဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ရည်စူးသည်။

ကက်သရင်းသည် ဒေသ၊ ပြည်နယ်နှင့် တစ်မျိုးသားလုံး အဆင့် အ တတ်နိုင်သော အိမ်ရာများ တည်ဆောက်ပေးရေး ပဏာမစီမံကိန်းများ ရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ အိမ်ရာဆောက်လုပ်ရေး၊ စီးပွားရေး ဖွံ့ တိုးတက်ရေးနှင့် မြို့ပြမူဝါဒများနှင့် ပတ်သက်၍ နှံ့စပ် ကျွမ်းကျင်သူ နိုင်ငံတကာက အသိအမှတ်ပြုခံရသည်။ ဘုတ်အဖွဲ့များ အကြံပေးအုပ်စုများ ပါဝင်ဆောင်ရွက်လျက် ရှိသည်။



## ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်သော စီးပွားဖက်စနစ်

နိုပ်တို့အများစုသည် တစ်ဦးချင်းအနေဖြင့် ကမ္ဘာပေါ်တွင် ထူးထူးခြားခြား ပြောင်းလဲသွားရန် လုပ်ကိုင်ဖို့ မည်သည့် တန်ခိုးစွမ်းအားမျှမရှိဟု ခံစားနေကြရ သည်။ ဘဝတွင် မိမိတို့မျှော်လင့်ထားသလောက် ပြီးပြည့်စုံစေရန် နယ်နိမိတ် သတ်ချက် ကျဉ်းမြောင်းစွာချထားကြသည်။ မိမိတို့ပညာရေး သင်ယူရရှိရေး၊ ပ်ငန်းအဆင့်ဆင့် အောင်မြင်သွားရေးနှင့် မိသားစုများ၏ ပြင်းပြသောဆန္ဒများ ပတ်သက်၍ ထိုအတိုင်းမျှော်လင့်ချက်နယ်နိမိတ်ကျဉ်းကျဉ်း သတ်မှတ်ထား သည်။ ပိုမိုကြီးမားသော စိတ်ကူးယဉ် မျှော်မှန်းချက်များသို့ ဖောက်ထွက်လာ သူများမှာမူ မိမိတို့၏ ကိုယ်ပိုင်ချန်ထားနိုင်သော အမွေအနှစ် (legacy) ထက် ကြီးမားသော အမွေကို ထားပစ်ခဲ့နိုင်ကြောင်း တွေ့ကြသည်။ မည်သို့ ဆောင် ရမည်နည်း။ မိမိတို့ကိုယ်ကို မိမိတို့ ယုံကြည်စိတ်ချထားပါ။ မိမိတို့၏ မိုးများ ကိုလည်း ယုံကြည်ထားပါ။ ဘာတွေပြီးမြောက်အောင် လုပ်နိုင်မယ်လို့ လင့် ထားမှုနှင့်ပတ်သက်၍လည်း ရှင်းလင်းတိကျစွာ အမြော်အမြင်ရှိရမည်။ အမြော် အမြင်ကို မျှဝေပေးသော အခြားလူများအပေါ်တွင် ယုံကြည် ားထားပါ။ တူညီသော ရည်မှန်းချက်များ ရရှိ ရောက်ရှိအောင် ဝိုင်းဝန်း ဆောင်ရွက်ပေးလိုသော သူများ အပေါ်တွင်လည်း ယုံကြည်အားထားပါ။ ဤသည်ပင် ခေါင်းဆောင်မှု အရည်အချင်းများ ဖြစ်ကြသည်။ အရည်အချင်း ခိုက လူတစ်ဦးချင်းစီ၏ သေးမွှားသော ပင်ကိုစွမ်းရည်များနှင့် ကာယဉာဏ အားများကို ကမ္ဘာကြီးကို ပြောင်းလဲစေနိုင်မည့် စီးပွားဖက်စနစ် rtnerships) တွင် ဩဇာ အရှိန်အဝါ ကြီးမားစေလိမ့်မည်။

●



www.burmeseclassic.com

www.burmeseclassic.com

*James S. Turley*

## ဂျိမ်းစ် အက်စ် တာလီ

**Ernst & Young ချယ်ယာမင် နှင့် အမှုဆောင်အရာရှိချုပ်**

ယုံကြည်အားထားမှုနှင့် ရိုးဖြောင့်မှုအပေါ် တည်ဆောက်ထားသော ကုမ္ပဏီ တစ်ခုကို ဦးဆောင်နေသော ရိုးသားတည်ကြည်သူတစ်ဦး ဖြစ်သည်။ James S. Turley သည် Boy Scouts အဖွဲ့ခေါင်းဆောင်နှင့် အမျိုးသမီးရေးရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူတစ်ဦး ဖြစ်သည်။ ထို့ပြင် စာရင်းကိုင်ကောင်းတစ်ဦးလည်း ဖြစ်သည်။ တာလီက အရေးကြီးသော ခေါင်းဆောင်ကောင်း အင်္ဂါသုံးရပ်ကို ပေးအပ်ထားပြီး aptitude ပင်ကိုစွမ်းရည်နှင့် ကာရန်တူ (attitude) သဘောထားအကြောင်းဖြင့် အဆုံးသတ်ထားသည်။

---

James S. Turley သည် အန်နှစ် ဘင်ယန်း ကုမ္ပဏီ ချယ်ယာမင်နှင့် အမှုဆော[င်] အရာရှိချုပ် ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် ကမ္ဘာပေါ်တွင် ထိပ်တန်း ဝန်ဆောင်[မှု] ပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ စာရင်းစစ်ပေးသည်။ အခွန်နှင့် အာမ[ခံ] ကိစ္စ အကြံပေးသည်။ အခွန်တော်ကိစ္စ ဆောင်ရွက်ပေးသည်။ ညှိနှိုင်း ရောင်းဝ[ယ်] မှုများ စီစဉ်ပေးသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀ နှစ် အတွင်း အန်နှင့် ယန်း[တွင်] ဦးစီးလုပ်ငန်းများ ဆင့်ကာဆင့်ကာ ဆောင်ရွက်ခဲ့ရသည်။ ထိုသို့ လုပ်ကိုင်နေရ[စဉ်] အတွင်း မြို့တော်ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ တွင် တက်ကြွစွာ အားပေးခဲ့သည်။ Boy Scouts of America, Catalyst နှ[င့်] National Corporate Theater Fund တို့အတွက် ဒါရိုက်တာ ဘုတ်အဖွဲ့ဝ[င်] အဖြစ် ဆောင်ရွက်လျက်ရှိသည်။ Business Roundtable နှင့် Transatlan[tic] Business Dialog အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။



## တည်ကြည်မှု၊ အလေးထားတတ်မှု နှင့် ပူးပေါင်းဆောင်ရွက်မှု

[မ]ကြာမကြာဆိုသလိုပင် တက္ကသိုလ်မှ ဘွဲ့ရပြီးခါစ ဝန်ထမ်း ပူပူနွေးနွေးကလေး [များ]က 'မိမိတို့လုပ်ငန်း စတင်တော့မည် ဖြစ်၍ ဘယ်လိုများ အကြံပေးစကား [ပြော]ချင်ပါသလဲ' ဟု မေးလာကြသည်။

ကျွန်ုပ်အတွက် အလွန်ဖြေရကျပ်သော မေးခွန်းများအနက် တစ်ခုဖြစ် သည်။ ကျွန်ုပ်တို့ ရရှိ ရောက်ရှိလိုသည့် အောင်မြင်မှုသို့ ကိုယ့်လမ်း ကိုယ်ရှာ၍ [သွား]ရမည် ဖြစ်သောကြောင့်ပင်။ သို့ရာတွင် ကိုယ့်လမ်း ကိုယ်မလျှောက်တတ် [လျှ]င် အောင်မြင်မှုလမ်းစကို တွေ့ရလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့သည် 'လုပ်ငန်းခွင် [အ]ဝ' ၌လည်း နေတတ်ရမည်။ ထိုသို့ နေထိုင်ရာတွင် တည်ကြည်မှု၊ အလေး [ထား]တတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အလေးအနက် ကျင့်သုံးတတ်ရ [သ]ည်။

တည်ကြည်မှု (integrity) သည် အခြေခံမှု ဖြစ်သည်။ ထိုအခြေခံမှုအပေါ် [တ]ွင် အရာရာကို တည်ဆောက်ထားသည်။ တည်ကြည်မှုတည်းဟူသော ကျစ်လျစ် [ခို]င်မာသည့် အုတ်မြစ်မပါရှိလျှင် မည်သည့်အောင်မြင်မှုမဆို လုံးလုံးလျားလျား [တ]စ်စစီ ပြိုကွဲကျသွားလိမ့်မည်။

သူတစ်ပါးလေးစားတတ်မှုလည်း အထူးအရေးကြီးသည်။ အခြားသူများ [ဟု] ဆိုရာတွင် မိမိကဲ့သို့ စဉ်းစားတတ်သူများ၊ မစဉ်းစားတတ်သူများ၊ မိမိနှင့် [ရု]ပ်ချင်းဆင်တူသူများ၊ မဆင်သူများ၊ မိမိနှင့် ကျားမလိင်တူသူ မတူသူများ၊ [လူ]မျိုးနွယ်တူသူ မတူသူများ၊ လူမျိုးချင်းတူသူ မတူသူများတို့ ပါဝင်သည်။ မိမိက [ရို]သေလေးစားမှုမပြုလျှင် သူတစ်ပါးကလည်း မိမိအပေါ် ရိုသေလေးစားလိမ့် [မ]ည် မဟုတ်ပေ။ ရိုသေလေးစားမှုမပါဘဲရရှိသော အောင်မြင်မှုသည် လေးနက်မှု [မ]ရှိတတ်ပေ။




www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးပြောလိုသည့်အချက်မှာ ပူးပေါင်းဆောင်ရွက်တတ်မှုသည် အခြေခံကျလှသည်။ မိမိဘာသာလုပ်၍ မည်သူမျှ ကြာရှည်စွာ အောင်မြင်မှု မရနိုင်ပေ။ ကျွန်ုပ် တွေ့ဖူးသော စီးပွားရေးလုပ်ငန်းခေါင်းဆောင်၊ ပညာရှင် နိုင်ငံရေးသမား၊ ပရဟိတ ဝန်ထမ်း၊ မိဘ၊ စီးပွားရေး စွန့်စားတီထွင်လုပ်ငန်းရှင် စသည့် အောင်မြင်နေသူတိုင်းက အောင်မြင်ရေးသည် တူညီသောရည်မှန်း ချက်အတွက် ဝိုင်းဝန်းစုပေါင်းလုပ်ဆောင်သူတစ်ရပ်လုံး၏ ကြိုးပမ်းမှုရလဒ်ဟု သတ်မှတ်ကြသည်။

အားလုံးခြုံကြည့်လိုက်လျှင် အထက်ပါ ဝိသေသလက္ခဏာ သုံးရပ်ကို အထောက်အကူပြုနေသည့် အရေးတကြီး အချက်တစ်ရပ် ရှိသေးသည်။ လူတစ်ဦးဦး၏ သဘောထား (attitude) ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးတွင် ကွဲပြားသော ကျွမ်းကျင်မှုများ၊ သင်တန်းတက်ထားမှုများ၊ ပင်ကိုစွမ်းရည် (aptitute) များ ကိုယ်စီရှိနေကြသည်။ သို့ရာတွင် attitude သည် aptitude ထက် ပိုမိုအရေးကြီးသည်။ အခန်းတစ်ခန်းထဲသို့ ဝင်သွားသောအခါ နှစ်သက် လိုလားစွာ လက်ခံကြိုဆိုကြမည့် လူစားမျိုးဖြစ်ပါစေ။ မှန်ကန်သော သဘောထား နှင့် မှန်ကန်သောတည်ကြည်မှု၊ အလေးထားတတ်မှုနှင့် ပူးပေါင်းဆောင်ရွက် တတ်မှုတို့သည် သင့်အား သင် မျှော်မှန်းထားသည်ထက် ပိုမို ခရီးရောက်စေ လိမ့်မည် ဖြစ်သည်။





# လီကာရှင်း

## Cheung Kong (Holdings) Limited နှင့် Hutchison Whampoa Limited ချယ်ယာမင်

အာရှတိုက်တွင် အချမ်းသာဆုံးပုဂ္ဂိုလ်နှင့် တရုတ်ပြည်တွင် မြေယာ အများဆုံး ပိုင်ဆိုင်ထားသူဟု ခေါ်ကြသည်။ Li Ka - Shing သည် လိမ္မာပါးနပ်လှပြီး လူအားလုံးနီးပါးနှင့် သိကျွမ်းသည်။ ထိုသူတို့အကြောင်းကိုလည်း နှံ့နှံ့စပ်စပ် သိသည်။ ကြီးမားလှသော အကြံပေးစကားသည် ရံဖန်ရံခါ အသေးအဖွဲကလေး တစ်ခုမှပင် ရရှိနိုင်ကြောင်းကိုလည်း သိထားသည်။

---

လီကာရှင်းသည် Cheung Kong (Holdings) Limited နှင့် Hutchison Whampoa Limited တို့၏ ချယ်ယာမင်ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် Cheung Kong စက်မှုလုပ်ငန်းများ စတင်လုပ်ဆောင်သည်။ ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်နေမှုမှ မိမိ၏ကုမ္ပဏီအား ဟောင်ကောင်တွင် ထိပ်တန်း လယ်၊ အိမ်၊ ခြံ မြေ ရင်းနှီးမြှုပ်နှံရေး ကုမ္ပဏီကြီးအဖြစ်သို့ ဦးဆောင်တိုးတက်လာစေခဲ့သည်။ သူသည် ဟတ်ချီဆန် ဝှမ်ပိုအာနှင့် ဟောင်ကောင် လျှပ်စစ် ဦးပိုင်လီမိတက်တို့ကို ယူလိုက်ပြီး ချောင်ကျွန်းကုမ္ပဏီကြီးကို ဆက်လက်တိုးချဲ့ခဲ့သည်။ လန်ဒန်မြို့ထုတ် The Times နှင့် Ernst & Young UK တို့က လီကာရှင်းအား နှစ်ဆယ်ရာစု အတုန်တွင် Entrepreneur of the Millennium ဟု ပူးတွဲ သတ်မှတ် ကြေညာ ခဲ့သည်။ လီသည် ၁၉၈၁ ခုနှစ်တွင် တရုတ်ပြည် ရှန်တောင်မြို့၌ ရှန်တောင် တက္ကသိုလ်ကိုလည်း တည်ထောင်ပေးခဲ့သည်။ တရုတ်ပြည် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက် ရည်ရွယ်တည်ထောင်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## တရားမျှတမှု

တရားမျှတမှု (Fairness) နှင့် သမစိတ္တရှိမှု (Fair-mindedness) တို့သည် ဘဝတည်း ဟူသော စီးပွားရေးလုပ်ငန်းကြီး၌ အောင်မြင်ရေးအတွက် သူလည်း နိုင်စေ၊ ကိုယ်လည်း နိုင်စေ သဘောထားပင်ဖြစ်သည်။

●



*Charles O. Holiday Jr.*

## ချားလ်စ် အို ဟောလီးဒေး ဂျူနီယာ

### DuPont ချယ်ယာမင် နှင့် အမှုဆောင်အရာရှိချုပ်

ဓာတုလုပ်ငန်းတွင် ဘဝကို ကုန်ဆုံးလာစေခဲ့သည်။ သူသည် နောက်ကွယ်မှ လုပ်ကိုင်ပေးတတ်သူဖြစ်ပြီး စိတ်ထား သိမ်မွေ့သည်။ Charles O. Holiday ဂျူနီယာသည် ကျော်ကြားမှု၊ ထင်ရှားမှုတို့ကို မကြိုက်ပေ။ သို့ရာတွင် DuPont ကုမ္ပဏီကြီးကို ပိုမိုကြီးမားသည့် ရောမကုမ္ပဏီကြီး တစ်ခုအဖြစ်သို့ပင် တည်ဆောက်ပေးနိုင်ခဲ့သည်။ ဤစာထဲတွင် အလုပ်တာဝန်များကို အပြီးသတ်အောင်လုပ်ပါ။ နာမည်ကောင်းရဖို့ ပွက်ပွက်ညံနေအောင် မတောင်းဆိုပါနဲ့ဟု ဆိုသည်။ ယင်းအချက်များ သည်ပင် အောင်မြင်ရေး၏ သော့ချက်များဖြစ်သည်ဟု ထင်ရှား သိသာစေသည်။

---

လိုင်စင်ရ လုပ်ငန်းဆိုင်ရာ အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ချားလ်စ် အို ဟောလီးဒေး ဂျူနီယာသည် DuPont ကုမ္ပဏီသက်တမ်း နှစ်ပေါင်း ၂၀၀ ကျော် ကာလအတွင်း ၁၈ ဦးမြောက် စီမံခန့်ခွဲရေး ပုဂ္ဂိုလ်ဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် National Academy of Engineering တွင် အဖွဲ့ဝင်အဖြစ် ရွေးကောက်ခံရ သည်။ ထိုနှစ်မှာပင် Business Roundtable ၏ Task Force for Environment, Technology, and Economy တွင် ချယ်ယာမင်ဖြစ်လာသည်။ ဟောလီးဒေးသည် WBCSD (World Business Council for Sustainable Development), Business Council နှင့် Society of Chemical Industry (အမေရိကန်တဏ္ဍ) တွင် ချယ်ယာမင်ဟောင်းတစ်ဦးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အလုပ်မယ်ပြိုင်ပွဲမဟုတ်ပါ

မိမိအတွက် မည်သည့်အလုပ်သည် အရေးကြီးဆုံးလဲဟု အာရုံစူးစိုက် ဆုံးဖြတ်လိုက်ပါ။ ထို့နောက် ရည်မှန်းချက်သို့ ရောက်ရှိရေးအတွက် အစီအစဉ် စတင်ပါ။ အကျိုးဆက်များပေါ်လာအောင် အသေအချာ လုပ်ကိုင်ပါ။ အလုပ်မယ်ပြိုင်ပွဲကျင်းပခြင်း မဟုတ်ပါ။ အကျိုးဆက်များ ပေါ်ထွန်းလာအောင် လုပ်ဆောင်ချက်သာ ဖြစ်သည်။ အကျိုးဆက်ပေါ်လာအောင် လုပ်ကိုင်ရလိမ့်မည်။ သူတစ်ပါး၏ ချီးကျူးလေးစားမှုကို မခံယူပါနှင့်။ အခြားသူများက သင့်အား ချီးကျူးလေးစားမှုပြုခဲ့ပါစေ။ သင်ကသာ လူတိုင်းကို ချီးကျူးလေးစားပါ။ လူအများက ဘာလုပ်ခဲ့၍ ဘယ်သူက ဘာရသလဲဆိုသည်ကို မြင်နိုင်သောကြောင့်ဖြစ်သည်။

ကျွန်ုပ်သည် ဒူးပွန့်တွင် နွေရာသီ ကျောင်းသားတစ်ဦးအဖြစ် စတင်လုပ်ဆောင်ခဲ့ပါသည်။ ဒူးပွန့်တွင် ကျွန်ုပ် လုပ်ကိုင်ခဲ့သမျှ သက်တမ်းသည် သုံးလခန့် ကြာလိမ့်မည်ဟု ထင်မိသည်။ အံ့ဩစရာလည်း ကောင်းသည်။ ယခင်က ကျွန်ုပ် လုပ်ကိုင်ရရှိခဲ့သည့် ငွေပမာဏထက် ဒူးပွန့်တွင် နှစ်ဆ ရခဲ့သောကြောင့် ဖြစ်သည်။ ကျွန်ုပ်၏ရုံးခန်းကို လေအေးပေးစက် တပ်ထားသည်။ သို့ရာတွင် ကျွန်ုပ်သည် ဒူးပွန့်အလုပ်ကို မလိုချင်ခဲ့ပါ။ ကျွန်ုပ်၏ ဖခင်နှင့်အတူ အလုပ်သွားလုပ်ရမည်ဟု ထင်မှတ်ထားသောကြောင့် ဖြစ်သည်။ ထို သုံးလ ကာလအတွင်း တတ်နိုင်သမျှ ကျွန်ုပ် အကောင်းဆုံးလုပ်သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။ နေ့စဉ် နေ့တိုင်းသည် အဖိုးတန်လှ၏။ ကျွန်ုပ်သည် အပျော်ကြီး ပျော်ခဲ့မိသည်။ ဤသို့လျှင် ကျွန်ုပ်သည် အလုပ် သုံးလဝင်လုပ်သည်။ အလုပ်များစွာ လုပ်နိုင်ခဲ့သည်။ အပျော်ကြီး ပျော်ခဲ့သည်။ ထို့နောက် ကျွန်ုပ်သည် အစမှ ပြန်ကောက်ခဲ့သည်။

●



*Maria Razumich Zec*

### မာရီယာ ရာဇူမစ် ဇက်

## The Peninsula Hotels ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာ

ကမ္ဘာပေါ်တွင် အကောင်းဆုံးဟိုတယ်ကြီးများကို စီမံအုပ်ချုပ်နေနိုင်သူ ဟိုတယ်ပိုင်ရှင် Hotelier ဟု ထိုက်ထိုက်တန်တန် နာမည်ခံနိုင်သူ အမျိုးသမီးဦးရေ များများစားစား မရှိလှပေ။ ချီကာဂိုမြို့ရှိ ပင်နီဆူလာ ဟိုတယ်တွင် Maria Razumich - Zec ဆိုသူ ပါရဂူတစ်ဦး ရှိသည်။ အခြား လုပ်ဖော်ကိုင်ဖက်များထက် ဟိုတယ်အကြောင်း အဘက်ဘက်မှ သိနားလည်ထားသူ ဖြစ်သည်။ ပင်နီဆူလာဟိုတယ်များအတွက် ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေမန်နေဂျာတစ်ဦး အနေဖြင့် တစ်မူထူးခြားပြီး နှစ်သက်သဘောကျစရာကောင်းသော အမျိုးသမီးကြီး တစ်ဦးဖြစ်သည်။ သူ၏ အကြံပေးစကား ၁၀ ချက်၏ ဦးတည်ချက်သည် မိမိတို့၏ မိသားစု၊ မိတ်ဆွေသူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများနှင့် အပြုသဘောဆောင် ဆက်ဆံပေါင်းသင်းမှု တိုးပွားစေမှုပင် ဖြစ်သည်။

---

Maria Razumich - Zec သည် ၂၀၀၇ ခုနှစ်မှစ၍ လက်ရှိ ပင်နီဆူလာဟိုတယ် ရာထူးကို ရရှိခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ပင်နီဆူလာ ချီကာဂိုတွင် အထွေထွေမန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့သည်။ ပင်နီဆူလာဟိုတယ်စုသို့ ရောက်မလာမီ နယူးယောက် ပဲလေ့စ်ဟိုတယ်တွင် အုပ်ချုပ်မှုဒါရိုက်တာ၊ ဟိုတယ်မန်နေဂျာ ရာထူးများ ထမ်းရွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## မိမိ၏ဂုဏ်သတင်းနှင့် တည်ကြည်မှုတို့သည် အရာရာကို အဆုံးအဖြတ် ပေးနိုင်သည်

ကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ကျွန်ုပ်၏မိသားစု၊ မိတ်ဆွေများနှင့် အပေါင်းအဖော်များကြောင့် စိတ်ဓာတ် တက်ကြွနိုင်ခဲ့သည်။ အောက်ပါတို့မှာ ကျွန်ုပ်၏ အသက်မွေးမှုလုပ်ငန်းနှင့် ဘဝအတွက် လမ်းပြရှေ့ဆောင်ခဲ့သော အခြေခံ သဘောတရားအချို့ပင် ဖြစ်သည်။

၁။ သင်၏ ဂုဏ်သတင်းနှင့် တည်ကြည်မှုတို့သည် အရာရာကို အဆုံးအဖြတ် ပေးနိုင်သည်။ မိမိ ဘာလုပ်မည်ဟု မိမိပြောခဲ့သည့် အတိုင်း ဆုံးခန်းတိုင်အောင် လုပ်ပြပါ။ သင့်အပေါ် အများ ယုံကြည်လက်ခံနိုင်မှုကို အချိန်ယူပြီးမှ တည်ဆောက်နိုင်သည်။ မိမိ၏ အပြောနှင့် အလုပ်သမိုင်းပေါ် မူတည်ပြီး တည်ဆောက်ရသည်။

၂။ အချိန်အကန့်အသတ်ဖြင့် လုပ်ကိုင်ပေးရသော အလုပ်မျိုးကို အချိန်မီ လုပ်ပြလိုက်ပါ။ ဤနည်းဖြင့် အလေးဂရုပြုမှုနှင့် တာဝန်ယူတတ်မှုကို ပြသရာရောက်သည်။

၃။ လူအသီးသီးအပေါ် လေးစားသမှုဖြင့် ဖော်ဖော်ရွေရွေ ဆက်ဆံပါ။ ပြုမူဆောင်ရွက်ပါ။ မည်သည့် ဘဝ အဆင့်အတန်း ရာထူးအဆင့်အတန်း ရှိနေပါစေ ထိုအတိုင်း ပြုမူဆက်ဆံပါ။

၄။ ဖြစ်နိုင်သော နေရာတိုင်း၊ အချိန်တိုင်းတွင် ရှိရင်း တာဝန်အပြင် နောက်ထပ် အပိုတာဝန် ယူတတ်ပါစေ။



၅။ မိမိ ဖြစ်စေ ရောက်စေလိုသော ရာထူးအနေအထားနှင့်အညီ ဝတ်စားဆင်ယင်ပါ။ ပြုမူဆောင်ရွက်ပါ။ မကြာမီ အခြားသူများက သင့်အား ထိုရာထူးအနေအထားအတိုင်း မြင်လာကြလိမ့်မည်။ အဆင့်လည်း တိုးသွားလိမ့်မည်။

၆။ ပွင့်လင်းသောစိတ်ထားဖြင့် အခြေအနေများကို ကိုင်တွယ်ဖြေရှင်းပါ။ ရလာမည့်အကျိုးကို မျှော်ကိုးမထားပါနှင့်။ သို့ရာတွင် မျှော်လင့်နိုင်ဖွယ် အလားအလာများစွာကိုမူ စိတ်ထဲ ထားရှိပါ။

၇။ မိမိ၏ ဆန္ဒနှင့် သတ္တိ အခြေအနေကို နားထောင်ပါ။ စိတ်တွင်း၌ မှန်သည် သို့မဟုတ် မှားသည်ဟု ထင်မှတ်မိနေလျှင် ထို အတိုင်းပင် ဖြစ်နေနိုင်သည်။ ထို့ကြောင့် မိမိအတွင်းမှအသံကို နားထောင် ကြည့်ပါ။ မိမိကိုယ်ကိုမိမိ မေးခွန်းများထုတ်ပါ။ မှန်သည့်အတိုင်းဖြေပါစေ။ မိမိကိုယ်ကိုမိမိ မည်သူဖြစ်သလဲ သိထားပါ။ မိမိ ဘာလိုချင်သနည်း၊ ဘာဖြစ်ချင်သနည်း သိထားပါ။ ဤစွမ်းအားက မိမိဘဝအား ဘဝခရီး တစ်လျှောက် လမ်းပြသွားနိုင်ပါစေ။

၈။ သူတစ်ပါးအပေါ် စာနာထောက်ထားပါ။ ကရုဏာတရား မွေးမြူနိုင်ခြင်းသည် လူသားဆန်သည်။ ထောင်လွှားမှု မရှိခြင်း ဖြစ်သည်။

၉။ မိမိနေထိုင်ရာ၊ အလုပ်လုပ်ရာ ဝန်းကျင်အစုအဝေးအတွက် အကျိုးကျေးဇူးပြန်ပြုတတ်ဖို့ အရေးကြီးသည်။

၁၀။ သဘောထားအပြုအမူသည် အရာရာတိုင်းအတွက် အရေးကြီးသည်။ အပြုသဘောစိတ်ကို မွေးပါ။ အကောင်းမြင်စိတ်ကို မွေးပါ။ ဆွဲဆောင်မှု ရှိစေမည့်စိတ်ကို မွေးပါ။ မာန်ပါတက်ကြွသောစိတ်ကို မွေးမြူထားရှိပါ။

●



www.burmeseclassic.com

www.burmeseclassic.com

*Farooq Kathwari*

## ဖာရွတ် ကတ်သ်ဝါရီ

**Ethan Allen ချယ်ယာမင်၊ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ်**

Farooq Kathwari သည် Ethan Allen ကို ကမ္ဘာပေါ်တွင် အကြီးမားဆုံး အိမ်ထောင် ပရိဘောဂထုတ်လုပ်ရေး ကုမ္ပဏီကြီးအဖြစ်သို့ ပေါင်းစပ် တည်ထောင်ပေးခဲ့သည်။ ရည်ရွယ်ချက် အမျိုးမျိုးအတွက် အိမ်ထောင် ပရိဘောဂများကို အကောင်းဆုံး အကျော်ကြားဆုံး တံဆိပ်တပ် ရောင်းချ နိုင်ခဲ့သည်။ သူ၏ မူလဇာတိမှာ ကက်ရှ်မီးယား ဖြစ်သည်။ ကတ်သ်ဝါရီက ခေါင်းဆောင်သည် လက်တွေ့ လုပ်ကြည့်ရမည်၊ မိမိမြင်လိုသည့်အတိုင်း အရည်အသွေးများနှင့် အပြောင်းအလဲများကို မြှင့်တင်အားပေးရမည်ဟု ရှင်းပြသည်။ Ethan Allen ကုမ္ပဏီကြီး၏ ခေါင်းဆောင်မှု အခြေခံသဘောတရား ၁၀ ချက်ကိုလည်း ပေးအပ်လိုက်သည်။

---

Farooq Kathwari သည် ၁၉၈၅ ခုနှစ်မှစ၍ Ethan Allen ၏ ဥက္ကဋ္ဌ ဖြစ်လာခဲ့ သည်။ ၁၉၈၈ ခုနှစ်မှစ၍ ချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ် ဖြစ်လာ သည်။ ၁၉၈၉ ခုနှစ်တွင် အီသန်အယ်လင်ကုမ္ပဏီကို ဝယ်ယူရန် အုပ်စုတစ်စု ထူထောင်သည်။ ထိုအုပ်စုက ၁၉၉၃ ခုနှစ်တွင် အစုရှယ်ယာများ ဝယ်ယူပြီး အီသန်အယ်လင်ကို သိမ်းယူလိုက်သည်။ ကတ်သ်ဝါရီ၏ ဦးဆောင်မှုအောက် တွင် အီသန်အယ်လင်သည် Vertically Integrated နည်းဖြင့် စုဖွဲ့ထားသော အဆောက်အအုံအတွင်းပိုင်း ဒီဇိုင်းကုမ္ပဏီကြီးအဖြစ်သို့ ကူးပြောင်းနိုင်ခဲ့သည်။ ကတ်သ်ဝါရီသည် အမြတ်အစွန်းရရှိရေး မရည်ရွယ်သော အဖွဲ့အစည်း များစွာ တွင် ပါဝင်ဆောင်ရွက်လျက် ရှိသည်။



## ဝေဖန်ဆွေးနွေးမှုဖြင့် အကောင်အထည်ဖော်ပါ

ခေါင်းဆောင်လုပ်သူ၏ တာဝန်ယူရမှုသည် ဝေဖန်ဆွေးနွေးမှုများဖြင့် လုပ်ငန်း များ အကောင်အထည် ဖော်ဆောင်ရေး ဖြစ်သည်ဟု ယုံကြည်မိပါသည်။ လက်တွေ့ ကျင့်သုံးနိုင်ရန်နှင့် မှန်ကန်သော ပင်ကိုအရည်အသွေးများ အစီ အစဉ်တကျ ပေါ်ထွက်လာရေးအတွက် ဝေဖန်ဆွေးနွေးရခြင်း ဖြစ်သည်။ စီးပွား ရေး လုပ်ငန်းတွင် ဖြစ်ချင်ဖြစ်မည်။ လူ့ဘောင်ဝန်းကျင်တွင် ဖြစ်ချင်ဖြစ်မည်၊ ဘာသာရေးကိစ္စများမှာပင် ဖြစ်ချင်ဖြစ်မည်။ အားလုံး ဝေဖန်ဆွေးနွေးမှုများ ပြုသင့်သည်။ အကယ်၍ ခေါင်းဆောင်သည် ဦးစားပေး လုပ်ငန်းများအတွက် ပရိုဂရမ် အစီအစဉ်များ ချမှတ်ခြင်း၊ ဝေဖန်ဆွေးနွေးပွဲများ ကျင်းပခြင်း စသည့် လုပ်ငန်းများကို မပြုပါက လစ်ဟာနေမှု (Vacuum) တွင် ကြောက်မက်စဖွယ် အကျိုးဆက်များဖြင့် ပြည့်ဝလာတတ်သည်။ အဆိုပါ လစ်ဟာကွက်ကြီးတွင် အသံကျယ်ကျယ် လူစားမျိုးများ ဝင်လာတတ်သည်။ လွန်ကဲ အစွန်းရောက် လုပ်ငန်း အစီအစဉ်များဖြင့် ပြည့်ကျပ်လာတတ်သည်။ ရံဖန်ရံခါတွင် မုန်းတီးမှု ကြောက်ရွံ့မှု သဘောထားသေးသိမ်မှုများ မတရားမှုများနှင့် ရှေ့လည်းမတိုး နောက်လည်း မဆုတ် ပိုနေမြဲ ကျားနေမြဲ အခြေအနေတွင်သာ ရပ်တည်နေရမှုတို့ကို ဖြစ်ပေါ် လာစေတတ်သည်။

၁၉၈၀ ပြည့်လွန်နှစ်အလယ်တွင် ကျွန်ုပ်သည် အီသန်အယ်လင်ကုမ္ပဏီ ကို အုပ်ချုပ်ရသည်။ ထိုအချိန်တွင် အစီက ပြန်လည်ဆန်းသစ်တီထွင်ပေးရန် လိုအပ်လျက်ရှိသည်။ ကုမ္ပဏီ၏ ထုတ်လုပ်ပစ္စည်းများသည် ခေတ်နှင့် မဆီလျော် တော့ပေ။ ဈေးကွက်စနစ်နှင့် ထုတ်လုပ်ဖြန့်ဖြူးရေးစနစ်တို့မှာလည်း အလုံးစုံ ပြင်ဆင်ပြုပြင်ပေးရန် အထူးလိုအပ်လျက်ရှိသည်။ အုပ်ချုပ်ရေးပိုင်းမှာလည်း ပိုနေမြဲကျားနေမြဲ ကုမ္ပဏီအခြေအနေအဆင့်တွင်သာ ကျေနပ်တင်းတိမ်နေကြ သည်။ ဘာမျှ ပြောင်းလဲပစ်ဖို့မလိုဟုလည်း ယုံကြည် ထားကြသည်။ အလုံးစုံ ပြင်ဆင်ပြုပြင်ပေးခြင်း (Reinvention) ပြုလုပ်ရာတွင် ပထမဆုံးအဆင့်မှာ ခိုင်မာသော ဦးဆောင်သူအုပ်စု တစ်စု ဖွဲ့ပေးရမည်။ ယင်းအုပ်စုက ပြောင်းလဲရန် လိုအပ်ချက်ကို လက်ခံနိုင်ရမည်။ ယုံကြည်မှုရှိရမည်။ ကျန်ရှိသော အဖွဲ့အစည်း အတွက် လုပ်ငန်းအစီအစဉ်နှင့် ဝေဖန်ဆွေးနွေးမှုကို အကောင်အထည်ဖော် ပေးနိုင်ရမည်။ လွန်ခဲ့သော ဆယ့်ခြောက်နှစ်ခန့်က အီသန်အယ်လင်ကုမ္ပဏီ ကို ကြည့်လျှင် ကျွန်ုပ်သည် ဦးဆောင်သူပေါင်း ၄၀ ပါဝင်သည့် အကြံပေးအုပ်စု



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု ဖွဲ့လိုက်သည်။ ထိုသူတို့မှာ ခေါင်းဆောင်အရည်အချင်း ပြည့်ဝသူများ စွန့်စားလုပ်ကိုင်ချင်သူများနှင့် ရာထူးတူအချင်းချင်း လေးစားချစ်ခင်မှုခံရသူများဖြစ်သည်။ အဆိုပါအုပ်စုသည် လွန်ခဲ့သော ဆယ့်ငါးနှစ်ကာလအတွင်း အီသန်အယ်လင်ကို ပြုပြင်ပေးနိုင်ခဲ့သည်။ ဈေးကွက်စနစ်နှင့် ပတ်သက်၍ အထင်ကရအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ အပြောင်းအလဲများ ပြုလုပ်ရန် စတင်ဦးဆောင်ခဲ့ကြသည်။ ဘက်စုံပတ်ဝန်းကျင် အခြေအနေထူထောင်ရန်နှင့် လုပ်ငန်းများ လည်ပတ်လှုပ်ရှားစေနိုင်မည့် လုပ်ငန်းလမ်းညွှန်များ ချမှတ်ရန်မှာ ခေါင်းဆောင်ပိုင်း၏ လုပ်ငန်းအဖွဲ့အစည်းအသီးသီး၌ ခေါင်းဆောင်မှုအပိုင်း ဖန်တီးပေးသမျှ လေ့ကျင့်ပျိုးထောင်မှုအရ ဆောင်ရွက် အကောင်အထည်ဖော်ရသည်။

စီမံအုပ်ချုပ်မှုနှင့် ခေါင်းဆောင်မှုအကြောင်း စာအုပ်စာတမ်းများစွာ ရေးသားခဲ့ကြပြီး လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် မိမိတို့လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ ခေါင်းဆောင်ပိုင်းအတွက် လုပ်ငန်းလမ်းညွှန်များ သို့မဟုတ် ညွှန်ကြားချက်များ ပြုစုသတ်မှတ်ပေးရန် လိုအပ်သည်ဟု သဘောပေါက်မိခဲ့သည်။ အဆိုပါလမ်းညွှန်ချက်များကို အီသန်အယ်လင် ခေါင်းဆောင်မှုဆိုင်ရာ အခြေခံ သဘောတရားများဟု ခေါင်းစဉ် တပ်ခဲ့သည်။ အီသန်အယ်လင် ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ကြသည်။

The Ethan Allen Leadership Principles ကြောင့် တစ်မူထူးကဲသော လေ့ကျင့် ပျိုးထောင်မှု ပေါ်ထွန်းလာခဲ့ရသည်။ အဆိုပါ ပျိုးထောင်မှုကြောင့် စွမ်းရည်မြင့်မား ခေါင်းဆောင်ပိုင်းအုပ်စုတစ်သင်း ထွက်ပေါ်လာနိုင်ခဲ့သည်။ ထိုအချိန်က အဆိုပါ ခေါင်းဆောင်အုပ်စုကြောင့် စပ်တူလုပ်ဖက် ၁၀,၀၀၀ ရရှိလာနိုင်ခဲ့သည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုဆိုင်ရာ အခြေခံ သဘောတရားများသည် အောက်ပါအတိုင်း ဖြစ်သည်။

၁။ **ခေါင်းဆောင်ပိုင်း** - စံနမူနာဖြင့် ခေါင်းဆောင်မှုအပိုင်း ဖော်ထုတ်ပြသပါ။

၂။ **လွယ်ကူမှု** - ဆက်ဆံလုပ်ကိုင်မှု လွယ်ကူပါစေ။ အထောက်အကူဖြစ်ပါစေ။ သူတစ်ပါး၏ ထောက်ကူ ဆောင်ရွက် ပေးမှုများကို အသိအမှတ်ပြုပါ။

၃။ **ဖောက်သည်အပေါ် သဘောထား** - ခေါင်းဆောင်၏ ပထမဆုံး တာဝန်ယူ လုပ်ဆောင်ပေးရမည့်သူမှာ ဖောက်သည် ဖြစ်သည်ဟု နားလည်ထားပါ။ ဤအချက်ကို ~~လုပ်ဖော်ကိုင်ဖက်များ~~ နားလည်ပါစေ။ ဖောက်သည်ကို ဦးစားပေး လုပ်ကိုင်ပေးမှုသည် မိမိတို့၏ ဦးစားပေး လုပ်ငန်းဟု သိထားပါစေ။

၄။ **ထူးဆန်းမှုနှင့်ဆန်းသစ်ပြောင်းလဲမှု** - ထူးချွန်စေရေး၊ ဆန်းသစ်ပြောင်းလဲရေးအတွက် စိတ်ဆန္ဒပြင်းပြနေပါစေ။

၅။ **မိမိကိုယ်ကိုမိမိယုံကြည်မှု** - သူတစ်ပါး အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်စေနိုင်မည့် မိမိ၏ စွမ်းအားအပေါ် ယုံကြည်ထားပါ။

၆။ **အပြောင်းအလဲ** - အပြောင်းအလဲသည် အခွင့်အလမ်းဖြစ်ကြောင်း နားလည်ထားပါ။ အပြောင်းအလဲ ပြုရန် မကြောက်ပါနှင့်။

၇။ **အရှိန်အဟုန်** - အခွင့်အလမ်းသစ်များပေါ်လာသည်နှင့် အမြန်ဆုံး လုပ်ပြလိုက်ခြင်းဖြင့် ပြိုင်ဆိုင်မှု အခွင့်သာမှုတစ်ရပ် ထိန်းသိမ်းထားပါ။

၈။ **ကြိုးစားလုပ်ကိုင်မှု** - ကြိုးစားလုပ်ကိုင်မှုနှင့် သက်ဆိုင်သော စံတစ်ရပ် သတ်မှတ်ပေးထားပါ။ ထိုစံအတိုင်း စဉ်ဆက်မပြတ် လက်တွေ့ကျင့်သုံးသွားပါစေ။

၉။ **ဦးစားပေးလုပ်ဆောင်မှု** - အရေးကြီးကိစ္စလော၊ အရေးမကြီးကိစ္စလော ပြတ်ပြတ်သားသား တိတိကျကျ နားလည်ထားခြင်း၏ ဦးစားပေး အဆင့် သတ်မှတ်နိုင်ပါစေ။

၁၀။ **တရားမျှတမှု** - ဆုံးဖြတ်ချက်များကို အမြဲတစေ တရားမျှတစွာ ချမှတ်ပါ။ တရားမျှတမှုသည် ယုံစားမှု (Confidence) နှင့် စိတ်ချ အားကိုးမှု (Trust) တို့ကို တည်ဆောက်ပေးတတ်သည်။ ယင်းသို့ တည်ဆောက်ပေးနိုင်သည်နှင့်အမျှ စိတ်ဓာတ်လှုံ့ဆော်မှု (Motivation) နှင့် ပူးပေါင်းဆောင်ရွက်မှု (Teamwork) တို့ကို တိုက်တွန်း အားပေးတတ်သည်။

အထက်ပါ အခြေခံသဘောတရားများသည် တစ်ဦး တစ်ယောက်ချင်းအတွက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ရပ်အတွက် ဖြစ်စေ အောင်မြင်ရေး ပင်တိုင်ရည်မှန်းချက်များဖြစ်ကြောင်း ခေါင်းဆောင်မည့်သူတို့ သဘောပေါက်ထားရန် အထူးအရေးကြီးလှပေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Bernd Pischetsrieder*

## ဘန့် ပစ်ချက်စရီဒါ

### Volkswagen ချယ်ယာမင်ဟောင်း

မော်တော်ကားလုပ်ငန်းနယ်ပယ်တွင် ပါရဂူတစ်ဦးဖြစ်သည်။ Bernd Pischetsrieder သည် BMW ကို ဗိုင်းဝန်း တည်ထောင်ပေးခဲ့သည်။ ထို့နောက် Volkswagen သို့ ရောက်သွားသည်။ ဖောက်စ်ဝေဂွန် ကုမ္ပဏီအား ဥရောပတွင် အမြတ်အစွန်း အများဆုံး မော်တော်ကားကုမ္ပဏီကြီး တစ်ခုအဖြစ်သို့ ပို့ဆောင်နိုင်ခဲ့သည်။ ဘာဗေရီယန်လူမျိုးတစ်ဦးဖြစ်သည်။ ထို့ကြောင့် ဆွဲဆောင်နိုင်သည့် အရည်အချင်းနှင့် စိတ်အားတက်ကြွမှုတို့ ပြည့်စုံသည်။ မိမိလုပ်ကိုင်သမျှအတွက် သဘောကျနေတတ်သည်။ ပစ်ချက်စရီဒါ ၏ အဆိုအရ ပြောဆိုခြင်းထက် နားထောင်ခြင်းက အမြဲပင် ပို၍အရေးကြီးသည်။ သို့ရာတွင် တကယ်တမ်း နားထောင်တတ်မှ မိမိ တွေးတောမိသည်ထက် ပိုမို အကျိုးရှိပေလိမ့်မည်။

---

ဘန့် ပစ်ချက်စရီဒါသည် သီးခြား အထင်ကရ မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီနှစ်ခုကို တစ်ဦးတည်း ဦးဆောင်နေသူ ဖြစ်သည်။ Bayerische Motoren Werke (BMW) ကုမ္ပဏီတွင် လုပ်ငန်း စတင်ခဲ့သည်။ လုပ်သက် ပထမ အနှစ်နှစ်ဆယ် ကာလတစ်လျှောက် ကားပုံစံဆွဲသည်။ တည်ဆောက်သည်။ ငွေကြေး ချမ်းသာသူများ ဝယ်ယူသုံးစွဲမှုကို ရည်ရွယ်၍ ပရီမီယံ အရည်အသွေးမြင့်ကားများ ထုတ်လုပ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဖောက်စ်ဝေဂွန်ကုမ္ပဏီသို့ ဝင်ရောက်သည်။ အင်ဂျင်နီယာတစ်ဖြစ်လဲ မန်နေဂျာကြီးသည် ဆယ်စုနှစ်ပေါင်း များစွာ အတွင်း အများကြိုက် ပြည်သူ့ကားအဖြစ် ထင်ရှားခဲ့မှုရုပ်သွင်ပုံစံကို ပြောင်းလဲ လိုက်သည်။ ပစ်ချက်စရီဒါသည် ဇိမ်ခံကား အမျိုးများ လှိုင်လှိုင်ကြီး ထုတ်လုပ် စေခဲ့သည်။ ထိုကုမ္ပဏီမှ တစ်ချိန်သောကာလက သာမန် လူတန်းစားများ အတွက် ကားအသေးစားကလေးများ ထုတ်လုပ်ကျော်ကြားခဲ့သည်။



## အသေအချာ နားထောင်ပါ

ကျွန်ုပ်အနေဖြင့် ငယ်ရွယ်သူများအတွက် ပြောစရာစကားတစ်ရပ် ရှိသည်ဟု ဆိုလျှင် 'မောင်ရင်တို့ စကားတွေသာ ဖောင်လောက်အောင် ပြောဆိုတတ်ပြီး သူတစ်ပါး ပြောနေတာကို ကောင်းကောင်း နားမထောင်တတ်ကြဘူး' ဟု ပြောလိုက်ချင်ပါသည်။ ငယ်ရွယ်သူတိုင်းတွင် ကိုယ်ပိုင်သဘောထား ကိုယ်စီ ရှိတတ်ပါသည်။ သို့ရာတွင် စကားပြောခြင်းဖြင့် သင်ယူ မတတ်မြောက်နိုင်ပါ။ နားထောင်ခြင်းဖြင့်သာ သင်ယူ တတ်မြောက်နိုင်ပါသည်။

နားထောင်ခြင်းသည် ပြောစကားများကို ကြားသိနိုင်ရန် ရုပ်ပိုင်း ဆိုင်ရာ ဆောင်ရွက်ချက်တစ်ခုမျှသာ မဟုတ်ချေ။ သမိုင်းထဲတွင် လေ့လာစရာ များစွာ ရှိနေသောကြောင့် သမိုင်းကြောင်းပြောလျှင် သမိုင်းစကားလုံးများကိုလည်း နားထောင်တတ်ရမည်။ လူမှုသမိုင်း၊ စီးပွားရေးသမိုင်းနှင့် ဒဿနဆိုင်ရာသမိုင်း တို့မှ စကားလုံးများကို နားထောင်တတ်ဖို့လိုသည်။ လူများ တစ်ဦးမှ တစ်ဦးသို့ ပြန်လည် ပြောပြပုံ နည်းလမ်းချင်း မကွာခြားလှပေ။ အငြင်းပွားခဲ့ရသော အကြောင်းအချက်များ၊ သုံးစွဲခဲ့ကြသည့် လက်နက်ပစ္စည်းများသာ ကွဲပြား ခြားနား သွားနိုင်သည်။ အခြေခံအားဖြင့် လူသားတို့မှာ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀ က လူများနှင့် အတူတူပင် ဖြစ်သည်။

အားလုံးခြုံငုံပြီး စဉ်းစားလိုက်လျှင် သင်ကြားလေ့ကျင့်ပေးမှု (Education) သည် အတတ်ပညာပိုင်းကျွမ်းကျင်မှု (Skills) ထက် ပိုအရေးကြီးသည်။ လူများ သည် သင်တန်းအမျိုးမျိုးတက်ရောက်ပြီး ကျွမ်းကျင်မှုအမျိုးမျိုး သင်ယူကြသည်။ သို့သော် လူ့ဘောင် အသိုင်းအဝန်း၏ အဖွဲ့ဝင်တစ်ဦးအဖြစ် မှန်ကန်စွာ ဆက်ဆံနိုင်မည့် မရှိမဖြစ် သင်ကြားလေ့ကျင့်ပေးမှု မရှိတတ်ကြပေ။ ကျွန်ုပ်တို့၏ လူ့ဘောင် အသိုင်းအဝန်း၏ အစိတ်အပိုင်း တစ်ပိုင်း ဖြစ်လာရေးအတွက် သင်ကြား လေ့ကျင့်ပေးမှုသည် ကျွမ်းကျင်မှုများထက် ပိုမို၍ အရေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဦးသည် မိမိ၏ အောင်မြင်မှုများထက် ရှုံးနိမ့်ခဲ့ရမှုများမှ ပိုမို လေ့လာ
သင်ယူတတ်ကြသည်။ ထို့ကြောင့် လူတစ်ဦးသည် စောစောပိုင်းက အမှားတစ်
လုပ်မိသည်။ ထိုအမှားမှ သင်ခန်းစာ ရယူသည်။ သင်ခန်းစာ ယူတတ်သည်
အမှ ထိုအတွေ့အကြုံမှ အကျိုးအမြတ် ရနိုင်သည်။ ကျွန်ုပ် အမှားများစွာ ပြု
ဖူး၏။ ထို့ကြောင့် ကျွန်ုပ် လုပ်ခဲ့ဖူးသော အမှားတစ်ခုတည်းကို မမှတ်မိတော့
သို့ရာတွင် ကျွန်ုပ်ကြုံခဲ့ရသော အဓိက ကွဲပြားခြားနားခဲ့ရမှု၏ အကြောင်းရင်း
တစ်ခုတည်းသာရှိ၏။ ရိုးရိုးကလေးပင် ဖြစ်၏။ အဆက်အသွယ် မှားယွင်း
(Miscommunication) ဖြစ်သည်။ သူတစ်ပါးပြောလိုသည့်အချက်ကို ကျွ
နားမလည်ခဲ့ပေ။ သို့မဟုတ် ကျွန်ုပ် ပြောလိုသည့်အချက်ကို သူတို့ နားမလ
ခြင်းလည်း ဖြစ်သည်။ အဆိုပါ ဝိရောဓိများသည် ဆက်သွယ်မှု ချို့တဲ့ခြင်းကြော
ဖြစ်ပေါ်လာရသည်။ တစ်စုံတစ်ယောက်၏ စကားလုံးများကို နားလည်မှု လွဲ
ဖြင့်လည်း ဖြစ်ပေါ်လာရသည်။ သို့ရာတွင် တစ်စုံတစ်ဦး၏ ရည်ရွယ်ချက်မျာ
တလွဲ အဓိပ္ပာယ်ကောက်မိ၍လည်း ဖြစ်သည်။ ထိုသို့သော သဘော အယူအ
မျိုးကို ဖြစ်ထွန်းလာစေခဲ့သော နောက်ခံ အကြောင်းကိုလည်း အဓိပ္ပာယ်
ကောက်မိ၍လည်း ဖြစ်နိုင်သည်။ သို့ဖြစ်သည့်အားလျော်စွာ ငယ်ရွယ်သူမျာ
ကျွန်ုပ် ပြောလိုသည့် အကြံပေးစကားမှာ အခြားမဟုတ်ပေ။ အပြော လျှော
များများ နားထောင်ပါ။

●



*Shelly Lazarus*

## ရှယ်လီ လာဇရုး

**Oeilvy & Mather Worldwide ချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ်**

ကမ္ဘာပေါ်တွင် ခေတ်ဆန်ဈေးကြီးပြီး အရေးပါဆုံး ကြော်ငြာအေဂျင်စီ
များစွာအနက် တစ်ခု၏ အမှုဆောင်အရာရှိချုပ် ဖြစ်သည်။
လုပ်ငန်းအဆင့်ဆင့် အသီးသီးပင် ကိုယ်တိုင် ကြီးကြပ်
ဆောင်ရွက်လျက်ရှိသည်။ American Express နှင့် IBM မှ
အမှုဆောင်အရာရှိချုပ်များအတွက် အကြံပေးလျက်ရှိသည်။
မိမိတို့၏ ကုမ္ပဏီများကို စိတ်ကူးအကြံဉာဏ်များ ပေးလျက်ရှိသည်။
ဤစာတွင် လာဇရုးက မိမိ နဂိုအတိုင်း ရှိနေဖြစ်နေမှုအတွက်
ရဲစွမ်းသတ္တိရှိသူကိုမှ ခေါင်းဆောင်ဟု ခေါ်နိုင်ကြောင်း
သတ်မှတ်ပေးထားသည်။

---

Shelly Lazarus သည် ၁၉၇၁ ခုနှစ်တွင် နိုင်ငံစုံတွင် လုပ်ကိုင်နေသော Ogilvy & Mather Worldwide ကြော်ငြာ အေဂျင်စီတွင် ဝင်ရောက် လုပ်ကိုင်သည်။ ၁၉၈၉ ခုနှစ်တွင် ယင်းအေဂျင်စီ၏ အမေရိကန် တိုက်ရိုက် ဈေးကွက် စီးပွားရေး လုပ်ငန်း ဥက္ကဋ္ဌဖြစ်လာသည်။ ထို့နောက် Ogilvy & Mather New York နှင့် Ogilvy & Mather North America တို့၏ ဥက္ကဋ္ဌ အသီးသီး ဖြစ်လာသည်။ ၁၉၉၁ ခုနှစ် Worldwide Agency ဥက္ကဋ္ဌနှင့် COO, ထို့နောက် ၁၉၉၆ ခုနှစ်တွင် အမှုဆောင်အရာရှိချုပ် ဖြစ်လာသည်။ ၁၉၉၇ ခုနှစ်တွင် ချယ်ယာမင်အဖြစ် ဆောင်ရွက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## ခွင့်တောင်းတာထက် ပိုပြီး ခွင့်လွှတ်ခိုင်းချင်တယ်

ကျွန်ုပ်သည် ခေါင်းဆောင်မှုအကြောင်း ခေါင်းစဉ်ဖြင့် ဟောပြောပေးမှု အကြိမ်ကြိမ် ဖိတ်ကြားခံခဲ့ရသည်။ ယင်းဘာသာရပ်အကြောင်း ဟောပြောရာ တွင် ကျွန်ုပ် အဓိက အားအပြုရဆုံးမှာ အတွေ့အကြုံ ဖြစ်သည်။ ကျွန်ုပ်၏ လုပ်ငန်းဆိုင်ရာ ကြီးမားသော တာဝန်တစ်ခုမှာ အဖွဲ့အစည်း (ကော်ပိုရေးရှင်း) အတော်များများမှ ဦးဆောင်နေသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ နှစ်ပေါင်းသုံးဆယ်ကျော်မျှ ယင်းသို့လုပ်ဆောင်ခဲ့ပြီးနောက် ခေါင်းဆောင်နည်း ဟူ၍ မရှိကြောင်း၊ ပဋ္ဌလက်ဖော်မြူလာဟူ၍မရှိကြောင်း၊ ခေါင်းဆောင်ဖြစ်လို လျှင် ဤသို့ ဤသို့လုပ် ဟူသော သေချာပေါက်စာရင်းဇယားဟူ၍ မရှိကြောင်း သင်တို့အား ကျွန်ုပ် ပထမဆုံး ပြောပြချင်ပါသည်။

ခေါင်းဆောင်မှုမှာ လူတစ်ဦးချင်းစီ၏ လိုက်ပါရှာဖွေမှုနှင့် သက်ဆိုင် သည်ဟု ဆိုချင်သည်။ ထိုသို့ တစ်ဦးချင်း လိုက်လံ ရှာဖွေမှုတွင် မိမိနဂိုအတိုင်း ရှိနေဖြစ်နေမှုအတွက် ရဲစွမ်းသတ္တိရှိရန် လိုအပ်သည်။ ခေါင်းဆောင်သူသည် ထ၍ စကားပြောဝံ့ရမည်။ ခက်ခဲသော မေးခွန်းများကို မေးရဲရမည်။ မဟုတ်ဘူး ဟု ပြောဝံ့ရမည်။ ခေါင်းဆောင်ဟူသည် ရေလိုက်ငါးလိုက် မပြုတတ်ပေ။ (ကောင်းကောင်းမွန်မွန်ပြောဆိုစရာများရှိနေတတ်သော်လည်း) ခေါင်းဆောင် များသည် သေချာပေါက် ယဉ်ကျေး နေရမည် မဟုတ်ပေ။ မှန်သည်ဟု မိမိ စဉ်းစား တွေးခေါ်မိသမျှ လုပ်ကိုင်သမျှ ပြောချရန် ကြောက်ရွံ့စိုးရိမ်ခြင်းမရှိရပေ။ သမားရိုးကျ တွေးခေါ်မှု သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့မှ ရရှိသော အမိန့်များ နှင့် ဆန့်ကျင်နေလျှင်ပင် မှန်လျှင် ပြောရဲရမည်။ ကျွန်ုပ် သဘောအကျဆုံး စကားများမှာ 'လုပ်ပါရစေလို့ ခွင့်တောင်းတာထက် လုပ်ပြီးမှ မှားသွား ပါတယ်လို့ ခွင့်လွှတ်ခိုင်းတာ ပိုကြိုက်တယ်' ဟူ၍ ဖြစ်သည်။ သို့ရာတွင် မလွယ် ပါ။ သို့ရာတွင် သင်၏ စီမံကွပ်ကဲမှုပေါ် မူတည်သည်။

ခေါင်းဆောင်များသည် မိမိတို့ လုပ်ကိုင်သမျှအတွက် စိတ် လှုပ်လှုပ် ရှားရှား ဖြစ်တတ်ကြသည်။ ကျွန်ုပ် တိုက်တွန်းပါ၏။ ဘာကိုပင် လုပ်လုပ်၊ သင် လုပ်သမျှကို သင် သဘောကျသည့် အနေအထားမျိုးတွင် ရှိနေသင့်သည်။ မိမိလုပ်သမျှ သူတစ်ပါးအတွက် လှုံ့ဆော်ပေးရာ ရောက်စေသင့်သည်။ ရောမ လုပ်ငန်းကြီးများကို တည်ဆောက်ပါ။ ရောမ လုပ်ငန်းကြီးများကို လုပ်ကိုင်ပါ။ သို့မှသာ စစ်မှန်သော စိတ်ကျေနပ်ချမ်းသာမှု ရရှိခံစား နိုင်လိမ့်မည်။ စိတ် ကျေနပ်မှု ပြည့်စုံ နေမှလည်း ပြောင်မြောက်သော ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်လာနိုင်ပေလိမ့်မည်။

•





www.burmeseclassic.com

www.burmeseclassic.com

*Sanford I. Weill*

## စန်းဖို့ အိုင် ဝေးလ်

**Citigroup Inc., New York ဂုဏ်ထူးဆောင် ချယ်ယာမင်**

Sanford I. Weill သည် စီးပွားရေးလုပ်ငန်းများစွာကို ကော်ပိုရေးရှင်းများအဖြစ် ပူးပေါင်းတည်ထောင်ပေးခဲ့သည်။ Citigroup သည် အကြီးဆုံးဖြစ်သည်။ ယခု အခါ အိမ်ထောင်သာယာရေးအတွက် လုပ်ဆောင်နေပြီး နယူးယောက်ဆေးရုံရှိ Weill Pavilion ကဲ့သို့သော အဆောက်အအုံမျိုး လှူဒါန်း ဆောင်ရွက်ပေးလျက် ရှိသည်။ သူတစ်ပါးအတွက် ဒေါ်လာ ဘီလီယံများစွာ အကုန်အကျခံကာ ကူညီလျက် ရှိသည်။ အနာဂတ်ခေါင်းဆောင်လေးများထံသို့ သူ၏ အိတ်ဖွင့်ပေးစာတွင် ပြဿနာပေါင်းများစွာနှင့် ပတ်သက်၍ ဆွေးနွေးထားသည်။ မိမိ၏ အမှားအယွင်း လုပ်ထားမိမှုများကို 'ပြန်လည်ဖော်ထုတ် စစ်ဆေးကြည့်သင့်သည်' ဟူသော ခံယူချက်ကိစ္စ အပါအဝင်ဖြစ်သည်။ အခြားသူများနှင့် ညှိနှိုင်း တိုင်ပင်လျက် ထိုအမှားများကို အမှန်ပြင်သင့်သည်ဟူ၍လည်း ဆိုထားသည်။

---

စန်းဖို့အိုင်ဝေးလ်သည် Citigroup Inc., ၏ ဂုဏ်ထူးဆောင် ချယ်ယာမင်အဖြ ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၃ ခုနှစ်တွင် စီတီဂရု (ပ်) အမှုဆောင် အရာရှိချ ဘဝမှ အနားယူခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ချယ်ယာမင်အဖြစ်မှ အငြိမ်းစာ ယူလိုက်သည်။ သမ္မတ ဂျော့ဘုရှ်က ဝေးလ်အား အခြား ပုဂ္ဂလိကစီးပွားရေ လုပ်ငန်း ခေါင်းဆောင်များနှင့် ပူးပေါင်းလျက် ပရဟိတလုပ်ငန်းတစ်ရပ် ဆောင်ရွ ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၈ ရက်၊ အာ တောင်ပိုင်း လေျှင်ကြောင့် ပျက်စီးသွားရမှုများကို ကယ်တင်ရေး၊ ပြန်လည် တည်ဆောက်ပေးရေးအတွက် နိုင်ငံအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များထံ အလှူ ပေးရန် ဖြစ်သည်။



## ထိုအမှားကို ပြန်ဖော်ထုတ်ကြည့်ပါ

လူငယ်လူရွယ်များကို အကြံပေးလိုပါသည်။ လုပ်ငန်းကို အရေးတကြီး အလျှင်စလို မပြုပါနှင့်။ လိုအပ်သော အခြေခံ အချက်အလက်အားလုံး ပြည့်စုံမှု ရှိမရှိ စစ်ဆေး ကြည့်ပါ။ ထို့ပြင် အခြား စိတ်ဝင်စားမှုတစ်မျိုးလည်း ရှိနေသင့်သည်။ မိမိတို့ လုပ်ကိုင်နေသည့် စီးပွားဖြစ်လုပ်ငန်းပိုင်းတွင်သာ စိတ်ဝင်စားမှုမထားပါနှင့်။ အချိန်ပြည့်လုပ်ငန်းများ လုပ်ကိုင်နေရင်း မည်သည်တို့ကို သင်ယူနားလည် ခဲ့ကြောင်း အနည်းငယ်မျှဖြစ်ဖြစ် တွေးကြည့်စေချင်ပါသည်။ ထိုသို့ သင်ယူရရှိ မှုသည် မိမိတို့ဘဝ စောစောပိုင်းမှာပင် ကမ္ဘာလောကကြီးကို ပိုမိုကောင်းလာ စေမည့် အမြတ်အစွန်းသက်သက် ရရှိရေးအတွက် မဟုတ်သော နယ်ပယ်တစ်ခုတွင် ပါဝင်ပတ်သက်စေလိမ့်မည်။

မိမိတို့ များစွာမအောင်မြင်မီ ငွေကြေးများစွာမရရှိသေးမီမှာပင် အချိန်နှင့် စွမ်းအားများ အသုံးချကာ မိမိတို့နေထိုင်ရာ လူ့ဝန်းကျင်နှင့် ကမ္ဘာလောကကြီး အပေါ် အလေးထားနိုင်ရန် စိတ်အားထက်သန်စေလျက် ပရဟိတသမားများ အဖြစ် ရပ်တည် နေနိုင်ကြသည်။ မိမိတို့ စိတ်ဝင်စားသော လူမှုရေးနယ်ပယ်၊ အနုပညာနယ်ပယ်၊ ဆေးဝါးနယ်ပယ် သို့မဟုတ် အခြားနယ်ပယ် တစ်ခုခုအတွက် ဘက်ကြွစွာ ဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုခုတွင် စေတနာသက်သက် အချိန်ပေး ဆောင်ရွက်သင့်သည်။ ကမ္ဘာပေါ်ရှိ အမြတ်အစွန်းအတွက် မဟုတ် သော အဖွဲ့အစည်းအများစုတွင် ပင်ကိုအရည်အသွေး နည်းပါးသူဦးရေ ပေါများ လှပြီး အမြတ်ရရေးအပိုင်းဘက်မှ အရည်အချင်း ပြည့်ဝသူများထံမှ အကူအညီ များ လိုအပ်နေသောကြောင့် ဖြစ်သည်။

မိမိတို့၏ရည်မှန်းချက်များသို့ ရောက်ရှိနိုင်ရေးအတွက် ပန်းတိုင်ရှိရာသို့ ကြိုးစကို အနည်းငယ်စီ ပို၍ လှမ်းပစ်နေရမည်။ ထိုပန်းတိုင်သည် ရှင်းလင်း လွယ်ကူ၍ ရလွယ် ရောက်လွယ်သည်။ ထိုပန်းတိုင်အနီးသို့ ရောက်ရှိသွားချိန်တွင် ကြိုးစကို ကြိုးစား၍ နောက်ထပ် ခပ်ဝေးဝေးသို့ လှမ်းပစ်သင့်သည်။ ထိုသို့ ကြိုးပမ်း လုပ်ကိုင်မှုကြောင့် ထူးခြားသောအကျိုးထူးများ ဖြစ်ပေါ်လာနိုင်ကြောင်း ယုံကြည်ထားစေချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိတို့သည် ပေါ်ပေါက်လာတတ်သော အခွင့်အလမ်းများအတွက်လည်း အသင့် ပြင်ဆင်ထားသင့်သည်။ ကျွန်ုပ်၏ လုပ်ငန်း နယ်ပယ်တွင် ကျွန်ုပ်သည် ငွေကြေးနှင့်ပတ်သက်သော စာအုပ်စာတမ်းများစွာကို ဖတ်ခဲ့သည်။ ထိုစာအုပ်များတွင်ပါရှိသမျှ ဖတ်ရှုမိခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ကျွန်ုပ်သည် လေးစားစရာကောင်းပြီး အလုပ်ကောင်းစွာ လုပ်ကိုင်နေသည်ဟု ယူဆမိသော ကုမ္ပဏီများအကြောင်းကို ဖတ်မိသည်။ ထိုအခါ ထိုကုမ္ပဏီများ အဘယ်ကြောင့် အောင်မြင်နေရကြောင်း သဘောပေါက်သွားမိသည်။ ကျွန်ုပ်သည် ပြောင်းလဲမှုနှင့် ပတ်သက်သော အခြေအနေတစ်ရပ်ကို အမြဲ စောင့်ကြည့်နေခဲ့သည်၊ ကြောက်ရွံ့စိုးရိမ်စိတ်ဖြင့် မဟုတ်။ အခွင့်အလမ်း တွေ့လိုတွေ့ငြား ရှာကြည့်ခြင်းသာဖြစ်သည်။ အရာဝတ္ထုများ ပြောင်းလဲသွားသောအခါ အပြောင်းအလဲဟူသည်မှာ သူတစ်ပါးအတွက် မည်သို့အဓိပ္ပာယ်ရှိကြောင်း သိနားလည်သူများအတွက် ကြီးမားသော အခွင့်အလမ်းကောင်းများ ပေါ်လာတတ်သည်။

ဆန့်ကျင်မှုများနှင့် ရင်ဆိုင်ရသောအခါ မိမိတို့အပေါ် မှန်ကန်စွာ ဆက်ဆံပြုမူမှု မပြုသူများအပေါ် အချိန်များစွာ အာရုံ စူးစိုက်မထားသင့်ပေ။ ကျရောက်လာလိမ့်မည်ဟု မျှော်လင့်ထားသောအရာများ တကယ်ဖြစ်လာလိမ့်မည် မဟုတ်ပေ။ အခြေခံအကြောင်းရင်းကို ဆင်ခြင်သုံးသပ်နိုင်မှုစွမ်းအားကို တိုးတက်ဖြစ်ပေါ်စေပြီး မိမိတို့နောက်သို့မဆုတ် ရှေ့သို့သာတိုး၍လုပ်သွားလျှင် အခွင့်အလမ်းများ မလှမ်းမကမ်းတွင် ပေါ်လာလိမ့်မည်ဟု ယုံကြည်ထားသင့်သည်။

နံနက် အိပ်ရာကထတိုင်း ပျော်ပျော်ရွှင်ရွှင် နိုးလာတတ်ရန် ကြိုးစားပါ။ ညတိုင်း မည်သူမျှ အိပ်ရာသို့ ပျော်ပျော်ရွှင်ရွှင် ဝင်နိုင်လိမ့်မည် မဟုတ်ပါ။ သို့ရာတွင် နောက်တစ်နေ့ အိပ်ရာမှနိုးထချိန်တွင် တစ်ဖန်ပြန်၍ ပျော်ရွှင်မှုရရှိပြီး စိတ်အားထက်သန်မှု ပေါ်လာပေလိမ့်မည်။ ခေါင်းဆောင်ဖြစ်လိုလျှင် စိတ်အားထက်သန်မှုရှိသော၊ အရည်အချင်းပြည့်ဝသော၊ မိမိတို့ လုပ်ကိုင်သမျှကို စိတ်ထက်သန်မှုပြင်းပြသော၊ မိမိ၏ စိတ်အားထက်သန်မှုကို လက်တွေ့ အကောင်အထည် ဖော်တတ်သော ပုဂ္ဂိုလ်မျိုးများနှင့်အတူ လိုက်ပါ လုပ်ဆောင်ရမှုကို လူအများ နှစ်သက် သဘောကျတတ်ကြောင်း သိထားသင့်သည်။



ထို့ကြောင့် ပထမဦးဆုံး အခြေခံသဘောတရား **အချက်အလတ်များကို** လေ့လာပါ။ ဒုတိယအနေနှင့် ထိုလုပ်ဆောင်မှုတွင် မိမိ ပါဝင်လုပ်ဆောင်ခွင့် ရအောင် ကြိုးစားပါ။ အဆိုပါအချက်နှစ်ရပ်မှာ အရေးကြီးဆုံးဟု ယူဆမိပါသည်။ တတိယအချက်မှာ အလုပ်လုပ်ရာတွင် အလောတကြီး မလုပ်ပါနှင့်။ လောဘမကြီးပါနှင့်။ မိမိအနေဖြင့် လုပ်ဆောင်မှုမှန်နေလျှင် အကျိုးသက်ရောက်မှုများ ဖြစ်ထွန်းပေါ်ပေါက်တတ်စမြဲပင်။ စတုတ္ထအချက်မှာ မိမိတို့၏ဘဝများကို ဟန်ချက်ညီနေအောင် ဖန်တီးပေးပါ။ မိမိတို့၏ မိသားစု ဘဝများအပြင် မိမိတို့၏ ငင်ရင်းလုပ်ငန်းအပြင်ဘက်သို့ ပေးလျှုနေသမျှကိစ္စများနှင့်လည်း ဟန်ချက်ညီရန် လိုအပ်ပါသည်။ နောက်ဆုံးအချက်မှာ အမှားများတွေ့ရတတ်ကြောင်း သဘောပေါက်ထားသင့်သည်။ အကယ်၍ အမှားတစ်ရပ် လုပ်မိလျှင် ထိုအမှားကို ဖော်ထုတ် ဆန်းစစ်ကြည့်ပါ။ မိမိဘာသာ ဖြေရှင်းနိုင်ရန် မကြိုးစားပါနှင့်။ ညေသို့ကိစ္စကြောင့် မှားယွင်းသွားကြောင်း ဝန်ခံပါ။ အခြေအနေကို ဖြေရှင်းပေးနိုင်မည့် အကူအညီကောင်းကို ရှာပါ။ ကောင်းမွန်သော ကုမ္ပဏီအများစုသည် ညေသူမျှ ချောက်ပစ်ကင်း သဲလဲစင် မဟုတ်ကြောင်း၊ လူဆိုသည်မှာ အမှားလုပ်တတ်ကြောင်း သိရှိ သဘောပေါက်ထားကြသည်။ မည်သူမျှ အမှားများမှုလုပ်နိုင်သည့် အခြေအနေမျိုးသို့ မရောက်ရမချင်း ဆုံးဖြတ်ချက်ကြီးကြီးမားမား ချမှတ်နိုင်လိမ့်မည် မဟုတ်ပါ။ သူတို့သည် ထိုအမှားမျိုးကို ဖော်ထုတ်ဆန်းစစ်ကြည့်တတ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Beth Brooke*

## ဘက်သ် ဘရွတ်ခ်

### Ernst & Young ကမ္ဘာလုံးဆိုင်ရာ ဒုတိယ ချယ်ယာဝူးမင်း

Beth Brooke သည် ထူးချွန်ပြောင်မြောက်သော ကောလိပ်ကျောင်းသူဘဝ အားကစားမယ်တစ်ဦး ဖြစ်ခဲ့သည်။ အောင်မြင်ခဲ့မှုများ ရရှိရန် အားကစား စိတ်ဓာတ် ပြည့်ဝမှုအတွက် လေးစားဂုဏ်ပြုခံရသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး စာရင်းစစ် ကုမ္ပဏီပေါင်းများစွာအနက် တစ်ခုတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ဒုတိယ ချယ်ယာဝူးမင်းဖြစ်သည်။ ယှဉ်ပြိုင် အားကစားမှုမှ အတွေ့အကြုံ များစွာ ရရှိခဲ့ကြောင်း ပြသနေခြင်းပင်။ ဘရွတ်ခ်က မိမိချမှတ်ထားသော မူဝါဒလမ်းစဉ်အတိုင်း လျှောက်လှမ်းရန် အကြံပေးထားသည်။ မူဝါဒလမ်းစဉ်ဟူသည်မှာ လူတိုင်း ကိုယ်စီပါရှိသော ထူးကဲသည့် အမြင်ရှုထောင့်ကို ဆိုလိုသည်။ ယင်းအမြင်ရှုထောင့်များပေါ် အခြေပြုလျက် ဤကမ္ဘာလောကကြီးအတွင်း အများထက်ထူးအောင် လုပ်ဆောင်နိုင်သည်။

---

၂၀၀၃ ခုနှစ်တွင် လက်ရှိရာထူးကို မယူမီ Beth Brooke သည် အမေရိကန် ပြည်ထောင်စုရှိ Ernst & Young တွင် အခွန်တော်ကိစ္စ အတိုင်ပင်ခံဌာန အမျိုးသားညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ထိုကုမ္ပဏီမှ ယာယီ နုတ်ထွက်ခဲ့ပြီး ကလင်တန်အစိုးရအဖွဲ့အတွက် ဝင်ရောက် လုပ်ကိုင်သည်။ အာမခံနှင့် စီမံဂရုစိုက်မှုကိစ္စများနှင့် ပတ်သက်သော အခွန် မူဝါဒများ ကိုင်တွယ် ခဲ့ရသည်။ ဘရွတ်ခ်သည် Partnership for Public Services, White House Project, Atlantic Council of the United States, Technoserve, Committee for Economic Development, National Women's Hall of Fame Advisory Council ဘုတ်အဖွဲ့များတွင်လည်း ပါဝင် ဆောင်ရွက်လျက် ရှိသည်။



## မိမိမူအတိုင်း လျှောက်ပါ

မိမိ၏ဘဝ မည်သည့်အခြေအနေမျိုးတွင် ရှိနေပါစေ ဆောင်ရွက်ရမည့် အရေး အကြီးဆုံး အရာများစွာအနက်မှ အရေးတကြီး တစ်ခုရှိသည်။ ကမ္ဘာလောက ကြီးတွင် သူများထက် ထူးအောင် သာအောင် လုပ်ဖို့ပင်ဖြစ်သည်။ လူတိုင်းတွင် မူဝါဒလမ်းစဉ် ကိုယ်စီ ပါရှိတတ်သည်။ မိမိ ရရှိထားသော အလုပ်ဖြစ်ချင် ဖြစ်မည်။ ဝန်းကျင်အစုအတွင်း မိမိ၏ အခန်းကဏ္ဍ ဖြစ်ချင် ဖြစ်နေမည်။ မိသားစုအတွင်း မိမိ၏ အစိတ်အပိုင်း ဖြစ်ချင်ဖြစ်မည်။ အချိန်ကြာလာသည်နှင့် အမျှ ပြောင်းလဲလာတတ်သည်။ လူတိုင်း ကိုယ်စီ ခြားနားလာပုံ ပေါ်လာသည်။ သို့ရာတွင် မိမိတို့အားလုံးတွင် ပါရှိသည့် မိမိမူဝါဒလမ်းစဉ်အတိုင်း ကျင့်ကြံ နေထိုင်ပါ။ ထိုမူဝါဒသည် ကြီးချင် ကြီးမည်။ သေးချင် သေးမည်။ ထူးထူးခြားခြား ဖြစ်သွားစေရန် မိမိ၏မူဝါဒအတိုင်း လျှောက်ရမည်။ ပြောသင့်သည့် အချိန်လား၊ ပြောချလိုက်ပါ။ လိုအပ်နေသူတို့အား လက်ကမ်းကူညီပါ။ အခြားသူများအတွက် အဖိုးမဖြတ်နိုင်သူတစ်ဦး ဖြစ်လာရန် နေ့စဉ် ကြိုးပမ်းပါ။

မိမိ၏ ဘဝလမ်းညွှန်ချက်အတိုင်း လျှောက်နေစဉ် ပတ်ဝန်းကျင်လောက အသံကို နားထောင်ပါ။ မဆိုင်းမတွ အလိုက်သင့် တုံ့ပြန်ပါ။ သူတစ်ပါးအပေါ် အာရုံထားပါ။ မတူညီသောအမြင်များကို လက်ခံနားထောင်လိုက်ပါ။ သူတစ်ပါး၌ အတွေးအမြင် အကြံအစည်များ ရှိနိုင်သည်။ မကြာမကြာပင် မိမိသည် သူတို့ထံမှ အကြံကောင်း ဉာဏ်ကောင်း ရနိုင်သည်။ ဘဝများသည် ထာဝရ ပြောင်းလဲလျက်ရှိသည်။ ထူးခြားအောင် မိမိ လုပ်ကိုင်လိုက်သောအခါ ကြီးမား သော အရာများ ပြီးမြောက်သွားတတ်သည်။ မိမိဘဝသည် မည်သည့်အခြေအနေ၌ပင် ဦးတည်နေပါစေ။ တစ်မူထူးအောင် လုပ်နိုင်မည့်နေရာသို့ အရောက်သွား ပါလေ။

●



www.burmeseclassic.com

www.burmeseclassic.com

# သူတစ်ပါးအတွက် အလုပ်လုပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

*Richard Holbrooke*

## ရစ်ချတ် ဟောလ် ဘရွတ်

**အမေရိကန်ပြည်ထောင်စုဆိုင်ရာ ကုလသမဂ္ဂ သံအမတ်ကြီးဟောင်းနှင့်**
**Perseus ကုမ္ပဏီ ဒုတိယချယ်ယာမင်**

နိုင်ငံခြားရေးဝန်ကြီးဖြစ်ရန် အလားအလာ ရှိခဲ့သည်။ ယခုအထိ ရှိဆဲပင်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဘဝတွင် Richard Holbrooke သည် အပြင်းအထန် ဆန့်ကျင်နေသောနိုင်ငံများနှင့် အမေရိကန်ဆီးနိတ်၊ အထွေထွေအတွင်းရေးမှူးချုပ်တို့အကြား ဖျန်ဖြေ စေ့စပ်ပေးနိုင်ခဲ့သည်။ ဟောလ်ဘရွတ်သည် နိုင်ငံခြားရေးရာ ကိစ္စများနှင့် ပတ်သက်၍ အထူးကျွမ်းကျင်သည်။ အာရှဒေသအပေါ် အကျိုး သက်ရောက်စေခဲ့သည်။ သမ္မတ ဂျွန် အက်ဖ် ကနေဒီ၏ ကျမ်းသစ္စာကျိန်ဆို မိန့်ခွန်းကို ကိုးကားလျက် ဟောလ်ဘရွတ်က ပြည်သူ့ရေးရာ နယ်ပယ် အတွင်း မိမိတို့ ပါဝင်လှုပ်ရှားရမည့် အခန်းကဏ္ဍကို ဖော်ပြထားသည်။

---

Perseus ကုမ္ပဏီ ဒုတိယချယ်ယာမင်ဖြစ်သော Richard Holbrooke သည် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ထမ်းရွက်ခဲ့သည်။ ၁၉၉၉ - ၂၀၀၁ ခုနှစ်တွင် သမ္မတ ကလင်တန်အစိုးရအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ခဲ့သည်။ ၁၉၉၄ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ဥရောပဆိုင်ရာ လက်ထောက် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ဆောင်ရွက်သည်။ နောင်တွင် သမ္မတ ကလင်တန်၏ ဘော့စနီးယား နှင့် ကိုဆိုဗိုဆိုင်ရာ အထူးသံတမန်နှင့် ဆိုက်ပရပ်ဆိုင်ရာ အထူးသံတမန်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၃ ခုနှစ်မှ ၁၉၉၄ ခုနှစ် အထိ ဂျာမနီနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးအဖြစ် ဆောင်ရွက်သည်။ ၁၉၇၇ - ၁၉၈၁၊ သမ္မတ ဂျင်မီကာတာ အစိုးရလက်ထက်တွင် အာရှအရှေ့နှင့် ပစိဖိတ်ရေးရာ လက်ထောက် အတွင်းရေးမှူးတာဝန်ယူခဲ့သည်။ အမေရိကန် - တရုတ် ဆက်ဆံရေးအတွက် ဦးစီးဆောင်ရွက်ခဲ့သည်။



## ပြည်သူ့အကျိုးဆောင်ရွက်မှု

ကျွန်ုပ်သည် သမ္မတကနေဒီ ကျမ်းသစ္စာဆိုပွဲမိန့်ခွန်း တိုက်ရိုက်အကျိုးဆက်ကြောင့် အစိုးရအဖွဲ့အတွင်းရောက်ခဲ့ရသည်။ 'နိုင်ငံတော်က မိမိအတွက် ဘာလုပ်ပေးနိုင်သလဲ မေးမနေနဲ့၊ မိမိက နိုင်ငံတော်အတွက် ဘာလုပ်ပေးနိုင်မလဲ ဆိုတာကိုပဲ မေးပါ' ဟူသောစကားဖြစ်သည်။ ထိုခေတ်ထိုအခါက ကနေဒီ၏ စကားသည် ရေဒီယို ရုပ်မြင်သံကြားထုတ်လွှင့်စဉ် စက္ကန့်ပိုင်း ကြားဖြတ် ကိုးကားချက်တစ်ရပ် မဟုတ်ပေ။ ဖန်တစ်ရာတေနေသည့် လက်သုံးစကားလည်း မဟုတ်ခဲ့ပေ။ အမှန်တကယ် နှိုးကြားလုပ်ဆောင်ကြရန် တပ်လှန့်လိုက်မှုသာဖြစ်သည်။ ထို့ကြောင့် ကနေဒီကျေးဇူးဖြင့် နိုင်ငံခြားရေးဌာနထဲ ရောက်သွားရသည်။ လူများက ထူးထူး ခြားခြား လုပ်ပြကြလိမ့်မည်ဟုလည်း ထင်ထားမိသည်။ အစိုးရဝန်ထမ်းအလုပ်သည် စိတ်ရှုပ်စရာကောင်းသည်။ သို့ရာတွင် လူတိုင်း မိမိဘဝ၏ အစိတ်အပိုင်းကို ပြည်သူ့တာဝန်ထမ်းဆောင်ပေးနိုင်ရန် ကြိုးစားသင့်သည်ဟု ယုံကြည်မိသည်။ ပြည်သူ့အတွက် ဝန်ဆောင်မှုပေးရာတွင် အစိုးရအဖွဲ့ထဲတွင်လည်း ပါဝင်နိုင်သည်။ ဒေသအဖွဲ့အစည်းများတွင်လည်း ပါဝင်နိုင်သည်။ အစိုးရနှင့် မဆိုင်သော အခြားအဖွဲ့အစည်းများတွင်လည်း ပါဝင်လုပ်ဆောင်ပေးနိုင်သည်။ ပြည်သူတို့သည် လစ်ဘရယ်၊ ကွန်ဆာဗေးတစ်၊ ရီပတ်ဘလီကင်၊ ဒီမိုကရက် တစ်ခုခုဖြစ်လိမ့်မည်။ ဘာပင်ဖြစ်နေနေ မိမိတို့၏မိသားစုဘဝများနှင့် လုပ်ငန်းခွင် ဘဝများထက် ကျော်လွန်၍ တစ်ခုခုလုပ်ပေးနိုင်ရန် ကြိုးစားသင့်သည်။ ပြည်သူတို့သည် တတ်နိုင်သလောက် လူ့ဘောင်လောကကို ပြန်လည် ပေးဆပ်သင့်သည်။ ငွေကြေးတတ်နိုင်သော အမေရိကန်လူမျိုးများသို့ အထူးသဖြင့် ပြောလိုပါသည်။ သူတို့သည် လူ့ဘောင်လောကကို အများဆုံး ပေးဆပ်သင့်သူများဖြစ်ကြပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*John D. Negroponte*

## ဂျွန် ဒီ နီဂရိုပွန်တီ

### အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး

မူရင်းစာရေးသူသည် John D. Negroponte နှင့် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဘဝတွင် တွေ့ဆုံခဲ့ရသည်။ ထို့နောက် ကုလသမဂ္ဂ ဆိုင်ရာ အမေရိကန်သံအမတ်ကြီးဖြစ်သွားသည်။ ယခုအခါ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူထားသည်။ နိုင်ငံခြားရေးရာနှင့် အစိုးရတို့နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုတွင် အသိအကြွယ်ဆုံး ပုဂ္ဂိုလ်များစွာအနက် တစ်ဦးဖြစ်သည်။ ဤစာတွင် နီဂရိုပွန်တီက အများအကျိုးစီးပွားအတွက် ဆောင်ရွက်ပေးရသော ဘဝအကျိုးကျေးဇူးများစွာအကြောင်း အသေးစိတ် ရှင်းပြထားသည်။

---

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှ ဘုရှ်အစိုးရ အဆုံးသတ်သွားချိန်အထိ John D. Negroponte သည် လက်ထောက် နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ထမ်းရွက်ခဲ့သည်။ ယင်းသို့ တာဝန်မထမ်းဆောင်မီ ၂၀၀၅ ခုနှစ် မှ ၂၀၀၇ ခုနှစ် အတွင်း အမျိုးသား ထောက်လှမ်းရေးဌာန ပထမညွှန်ကြားရေးမှူး၊ ၂၀၀၄ ခုနှစ် မှ ၂၀၀၅ ခုနှစ်ထိ အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခင် လုပ်ဆောင်ခဲ့သော ရာထူးများတွင် ဟွန်ဒူးရပ် နိုင်ငံဆိုင်ရာ သံအမတ်၊ သမုဒ္ဒရာများနှင့် ငါးဖမ်းလုပ်ငန်းများအတွက် ဒုတိယ လက်ထောက် နိုင်ငံခြားရေးဝန်ကြီးရာထူးများလည်း ပါဝင်သည်။ အာရှအရှေ့နှင့် ပစိဖိတ်ရေးရာ ဗျူရိုတွင် တာဝန် ယူရသည်။ သမ္မတ ရီဂင် လက်ထက်တွင် အမျိုးသားလုံခြုံရေး အကြံပေး၊ မက္ကဆီကိုနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ထို့နောက် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ သံအမတ် စသည့် ရာထူးအသီးသီး ရရှိခဲ့သည်။



## ပြည်သူ့ဝန်ထမ်းဘဝတစ်ခု

လူတိုင်းသည် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်သည်။ စိတ်ပိုင်းဖြတ်နိုင်သည်။ စက်တင်ဘာလ ၁၁ ရက် အကြမ်းဖက်မှုကြီး အပြီးတွင် လူငယ်အတော်များများ အား နံဘေးဖယ်ထားသည်ထက် ဝန်ထမ်းဘဝသို့ ပို၍ပို၍ တွန်းပို့လိုက်သည်ဟု ထင်ပါသည်။ ပြည်သူ့ဝန်ထမ်းအဖြစ် ကျွန်ုပ်အား တိုက်ကြီး လေးတိုက်သို့ သွားရောက်နေထိုင်ကာ တာဝန်ထမ်းရွက်စေခဲ့သည်။ ဘာသာစကား အမျိုးမျိုး သင်ယူတတ်မြောက်စေခဲ့သည်။ အာဖရိကတိုက်တွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း မှ အမေရိကတိုက် အလယ်ပိုင်းတွင် ဒီမိုကရေစီ အမြစ်တွယ်စေရေး လုပ်ငန်း အထိ လုပ်ငန်းအမျိုးမျိုး စုံလင်သည်။ ကျွန်ုပ်အပေါ် နစ်မြုပ်ဖိစီးနေသော ပြဿနာ များသည် ကမ္ဘာလောကကြီးအပေါ် ဖိစီးနေသည့် ပြဿနာများ ဖြစ်သည် ဟူသော အသိဖြင့် နံနက်တိုင်း အိပ်ရာမှနိုးခဲ့ရသည်။ ပြည်သူ့ဝန်ထမ်း (Public Service) ဘဝတစ်ခုသည် ပြည်သူ့အစေခံ (Public Servant) ဘဝ တစ်ခုထက် မိုကြီးမားကြောင်း ပြောလိုပါသည်။ ကျွန်ုပ်အနေဖြင့် အစိုးရ ဝန်ထမ်းအလုပ်ကို ညီသည့်အလုပ်နှင့်မျှ လဲလိမ့်မည်မဟုတ်ပေ။

●



www.burmeseclassic.com

www.burmeseclassic.com

*Diana DeGette*

ဒိုင်ယာနာ ဒီ ဂက်

**အမေရိကန် ကွန်ဂရက်လွှတ်တော်အမတ်နှင့် နိုင်ငံရေးပါတီ ခေါင်းဆောင်ကြီး**
**လက်ထောက် အကြီးအကဲ**

ကိုယ်ကျင့်တရားဆိုင်ရာနှင့် သိပ္ပံသုတေသနဆိုင်ရာ ပြည်သူ့ပေါ်လစီဥပဒေပြု အမျိုးသမီးအမတ်၊ ကွန်ဂရက်ခေါင်းဆောင်ရေးသမားတစ်ဦး ဖြစ်သည်။ Diana DeGette သည် ပြည်သူ့ဝန်ထမ်းအဖြစ် အောင်မြင်မှုရရှိစေရန် မည်မျှလောက် အာရုံစူးစိုက်နစ်မြုပ်ထားရတတ်ကြောင်း မည်မျှ အကျိုးကျေးဇူးဖြစ်ထွန်းလာစေနိုင်ကြောင်း သိသည်။ ဆယ့်ငါးနှစ်ကြာမျှ အမှုထမ်းခဲ့ပြီးနောက် ကျွန်ုပ်တို့၏ဘဝများ ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ ဤစာထဲတွင် အစိုးရအဖွဲ့အတွင်း အသက်မွေးဝမ်းကျောင်းမှုတစ်ရပ်၏ အကျိုးကျေးဇူးများကို ဖော်ပြထားသည်။

---

ဒိုင်ယာနာ ဒီ ဂက်သည် First Congressional District of Colorado ကိုယ်စားလှယ် ကွန်ဂရက်အမတ်အဖြစ် ခြောက်နှစ်သက်တမ်း ထမ်းဆောင် လျက်ရှိသည်။ ကွန်ဂရက်တွင် လက်ထောက်ခေါင်းဆောင်မှု အကြီးအကဲ တာဝန် ယူထားသည်။ နှစ်ပါတီစလုံးနှင့် သက်ဆိုင်သော Pro- Choice Caucus နှင့် Congressional Diabetes Caucus အစည်းအဝေးများတွင် ပူးတွဲအမျိုးသမီး သဘာပတိဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် စွမ်းအင်နှင့် ကူးသန်းရောင်းဝယ်ရေး ကော်မတီ ဒုတိယ သဘာပတိ တာဝန်ထမ်းဆောင်သည်။ ကွန်ဂရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု၊ ကုန်သွယ်ရေး၊ နည်းပညာ၊ စားသုံးသူကာကွယ်ရေး၊ အစားအသောက်ဘေးရန်ကင်းရှင်းရေး လုပ်ငန်းများ လုပ်ဆောင်ပေးနေသော ကော်မတီဖြစ်သည်။ Stem Cell Research Enhancement Act အဓိက ရေး ချမှတ်ခဲ့သူဖြစ်သည်။ အဆိုပါအက်ဥပဒေဆောင်ရွက်ရန် လွှတ်တော်နှစ်ရပ်စလုံး မှ ထောက်ခံအတည်ပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

DIANA DEGETTE
MEMBER OF CONGRESS
FIRST DISTRICT, COLORADO

Dear future leaders of America,

As a girl, I wanted to be a lawyer because I saw it as a way to help people. I went to law school and became a public interest lawyer helping people solve their legal problems. After many years of practicing law I realized that I could have a bigger impact on people's lives if I could *write* the laws that would affect them. So I ran for the Colorado Legislature and was elected. I found that I was able to positively contribute. After four years, I had an opportunity to run for the U.S. Congress. I was elected, and am finishing my 6th term.

I can tell you that, based on my experience there is no better way to affect lives for the better. I have focused on social equality, improving health care, promoting medical research and protecting the environment.

Whatever your interest is, whether science, public health, military affairs or the environment, you can immerse yourself and have a fulfilling career that also has the benefit of changing lives. Best of luck. You are our future leaders.

Sincerely, Diana DeGette

Authorized and paid for by the DeGette for Congress Inc.

www.burmeseclassic.com

www.burmeseclassic.com

## ဘဝအပြောင်းအလဲအတွက် အကျိုးအမြတ်

မိန်းမငယ်ကလေးဘဝက ကျွန်ုပ်သည် ရှေ့နေတစ်ဦး ဖြစ်ချင်လှသည်။ ရှေ့နေအလုပ်သည် ပြည်သူတို့အား အကူအညီပေးနိုင်သည့် အလုပ်အဖြစ် မြင်မိခဲ့သောကြောင့်ဖြစ်သည်။ ကျွန်ုပ် ဥပဒေသင်တန်းတက်ခဲ့သည်။ ပြည်သူ့အကျိုးပြု ရှေ့နေတစ်ဦး ဖြစ်လာခဲ့သည်။ ပြည်သူတို့၏ ဥပဒေရေးရာ ပြဿနာများကို ဖြေရှင်းပေးခဲ့သည်။

ဥပဒေပညာဖြင့် အသက်မွေးခဲ့ပြီးနောက် နှစ်ပေါင်းများစွာအကြာတွင် ဥပဒေပြင်ဆင်ရေးဆွဲခွင့်ရလျှင် ပြည်သူတို့အတွက် ပိုမိုထိရောက် အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ကျွန်ုပ် သဘောပေါက်လာသည်။ ထို့ကြောင့် ကော်လိုရာဒိုပြည်နယ် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်သည်။ ရွေးကောက်ခံရသည်။ အကျိုးရှိရှိ ကူညီဆောင်ရွက်ခွင့်ရခဲ့ပါသည်။ လေးနှစ်မျှအကြာတွင် အမေရိကန် ကွန်ဂရက်အတွက် ဝင်ရောက် ယှဉ်ပြိုင်ရန် အခွင့်အလမ်းရခဲ့သည်။ ရွေးကောက်ခံရပြန်သည်။ ယခုအခါ ကျွန်ုပ်၏ ဆဌမ သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။

ကျွန်ုပ်၏ အတွေ့အကြုံအပေါ် မူတည်ပြောရလျှင် ဘဝများစွာအပေါ် အကျိုးသက်ရောက်စေရေးအတွက် အကောင်းဆုံး လုပ်ဆောင်ပေးရန် ပိုမိုကောင်းမွန်သောနည်းလမ်း မရှိပါ။ ကျွန်ုပ်သည် လူမှုရေးမျှတမှု၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ကောင်းမွန်ရေး၊ ဆေးသုတေသန အဆင့်မြှင့်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အထူးအာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မိမိ၏ စိတ်ဝင်စားမှုသည် အဘယ်နည်း။ သိပ္ပံလော၊ ပြည်သူ့ ကျန်းမာရေးလော၊ စစ်ရေးစစ်ရာလော၊ ပတ်ဝန်းကျင်လော။ ဘာပဲဖြစ်ဖြစ် အရေးမကြီးလှပါ။ ဘဝများစွာကိုလည်း ပြောင်းလဲစေနိုင်သည့် သက်မွေးမှုလုပ်ငန်း (Career) တစ်ခုခုတွင် နှစ်မြှုပ်ဖြည့်ဆည်းပေးနိုင်ပါသည်။ ကံကောင်းကြပါစေ။ သင်တို့သည် ကျွန်ုပ်တို့၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြပါသည်။

●



*His Majesty*

*King Bhumibol Adulyadej*

## ဘူမိဘော အဒူယာဒက်ဂျ်

## ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်

Bhumibol Adulyadej ဘုရင်သည် သင့်တော်လျောက်ပတ်စွာ ထူးခြားသင်ရှားမှုရှိသော ပြည်သူတို့၏ ကြေးမုံ 'မင်းကောင်းမင်းမြတ်' ဖြစ်သည်။ သို့ရာတွင် လက်တွေ့ဘဝနှင့် နီးစပ်သည်။ လိုက်လျောညီထွေမှုရှိသည်။ ကြင်နာတရား ပြည့်ဝသည်။ ဘာသာတရားကိုင်းရှိုင်းသော ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သည်။ ဂျက်ဇ် တေးဂီတဝါသနာထုံသည်။ မိမိမည်သူမှန်း မသိသူများနှင့် Short-wave radio ဖြင့် ဆက်သွယ်တတ်သည်။ သူ့ကိုယ်သူ လူမှုရေး ...မစ်ကြီး၏ အဆင့်မြင့် အမိုးထိပ်ဖျားပိုင်းဟု မမြင်တတ်ပေ။ ပိရမစ်ကြီး၏ အခြေခံအဖြစ်သာ မြင်တတ်သည်။ ပြည်သူတို့ ကောင်းစားရေးသည် မိမိတာဝန်ဟု ခံယူထားသည်။ ဤသဝဏ်လွှာတွင် မည်သူမဆို ခေါင်းဆောင်တစ်ဦးဖြစ်လာရန် စိတ်ကူးရည်မှန်းချက်ရှိလျှင် အလားတူ ...ကြည်စိတ် အခိုင်အမာထား၍ ကြိုးပမ်းသင့်ကြောင်း ဖော်ပြထားသည်။

---

...ဘုရင်သည် Ecole Nouvelle de la Suisse Romande, Chailly sur ...sanne, နောက်ပိုင်းတွင် Gymnase Classique Cantonal of Lausanne ...င်းများသို့ တက်ခဲ့သည်။ *bachelier es lettres* diploma ရရှိသည်။ ၁၉၄၆ ...တွင် နောင်တော်ဖြစ်သူ King Ananda ရုတ်တရက် နတ်ရွာစံသွားပြီးနောက် ...နိုင်ငံ ဘုရင်အဖြစ် တင်မြှောက်ခံခဲ့ရသည်။ ဘုရင်ဖြစ်ပြီးနောက် ဆွစ်ဇာလန် ...သို့ တစ်ခေါက်ပြန်သွားပြီး နိုင်ငံရေးသိပ္ပံပညာ လေ့လာသင်ယူပါသည်။ ...အစိုးရဖွဲ့နိုင်ရန် ဥပဒေများ လေ့လာသည်။ ၁၉၅၀ ပြည့်လွန်နှစ် စောစော...တွင် ပညာပြည့်စုံ၍ ထိုင်းနိုင်ငံသို့ ပြန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## တကယ့် စိတ်ကောင်းနှလုံးကောင်း

ခေါင်းဆောင်ဖြစ်လာရန် ရည်ရွယ်ချက်ပြင်းပြနေသူ တစ်ဦးသည် စာပုဒ်စု [illegible] ကို သတိရနေရမည်။ 'လူပီသရမည်' (to be human) ဟူသော စကား ဖြစ်သ[illegible] လူပီသမှုသည် အရာရာနှင့် အကျုံးဝင်သည်။ မဆိုင်သောအရာဟူ၍ မရှိ[illegible] လူသည် လူပီသရမည်။ နိုင်ငံအကြီးအကဲအဖြစ် သို့မဟုတ် စစ်သားများအ[illegible] တွေ့ဆုံမေးမြန်းသူများအဖြစ် သို့မဟုတ် ဓာတ်ပုံဆရာများအဖြစ် ဘာကိုလုပ်[illegible] ဆင်ခြင်တုံတရားရှိရမည်ဟု ဆိုလိုသည်။ လူသည် လူပီသရမည်။ တစ်ချိန်တ[illegible] မှာပင် လူစိတ်ကင်း (inhuman) တတ်ရသည့်အခါ ရှိကောင်း ရှိမည်။ သို့ရာ[illegible] လူပီသဖို့ အရေးကြီးသည်။ တစ်ဦးတစ်ယောက်သည် လူစိတ်ကင်းမှ ဖြစ်[illegible] အနေအထားမျိုး၊ ရာထူးအဆင့်အတန်း မြင့်မားနေသည့် အချိန်မျိုးတွင် လူ[illegible] ကင်းတတ်ရသည်။ လူသည် လူသားအဆန်ဆုံး၊ လူသားအပီသဆုံး နည်းလ[illegible] လုပ်ကိုင်ရမည်။ လုပ်ဖြစ်အောင် လုပ်ရမည်။ နိုင်ငံတော်အတွက် ဖြစ်စေ၊ ဘ[illegible] လူသားများအတွက်ဖြစ်စေ အကောင်းဆုံးအရာများကို လုပ်ပေးရမည်။ ဘ[illegible] လူသားများအတွက် အကောင်းဆုံးအရာများ ဖန်တီးပေးနိုင်လျှင် ကျွန်ုပ်[illegible] အားလုံးအတွက် ပိုမိုကောင်းမွန်လာစေလိမ့်မည်။ ကျွန်ုပ်တို့အတွက် တ[illegible] ပြီးမြောက်ရရှိစေသောကြောင့် ဖြစ်သည်။ လောကကြီးတွင် ကျွန်ုပ်တို့ လူသားအ[illegible] ရောက်နေရသည်။ သုံးရန် ငွေရှာရသည်။ လူရှိသေ ရှင်ရှိသေ ဖြစ်အော[illegible] နာမည် ဂုဏ်သတင်း တက်နေစေရသည်။ သို့ရာတွင် ငွေရှိတိုင်းသုံးပစ်[illegible] ကုန်ခန်းသွား လိမ့်မည်။ မည်မျှပင် အသုံးပြုသည်ဖြစ်စေ မကုန်ခန်းနိုင်[illegible] အရာရှိသည်။ စိတ်ကောင်း နှလုံးကောင်း စစ်စစ်ပင်ဖြစ်သည်။ တကယ်တ[illegible] စိတ်ကောင်း နှလုံးကောင်းထား၍ လုပ်ဆောင် ပေးနေရသောကြောင့် ရာ[illegible]



[illegible]မြင့်မားသူ ခေါင်းဆောင်များသည် 'ငါတို့ ဘာမှ ပင်ပင်ပန်းပန်း မလုပ်ရဘဲ [illegible]ရာထူးမျိုးကို ရရှိနေတာပါလား' ဟု မတွေးသင့်ခြင်းဖြစ်သည်။ ဤသို့ [illegible]အဆင့်မြင့်မြင့်မားမားသို့ ရောက်ရှိနိုင်ရန် ကြိုးစားလုပ်ကိုင်ရပါသည်။ ထိုမျှသာ [illegible]ဟုတ်သေးချေ။ အဆိုပါ ရာထူးအဆင့် မြဲအောင်လည်း ကြိုးစားရသေးသည်။ [illegible]သို့မြဲမှ စိတ်ကျေနပ်မှု ပိုမိုရနိုင်လိမ့်မည်။ ထို့ကြောင့် ကမ္ဘာ့ခေါင်းဆောင်များကို [illegible]ပြောခဲ့သည့်အတိုင်း လုပ်ဆောင်ပေးစေလိုပါ၏။ များများ ပေး၍ နည်းနည်း [illegible]ယူကြပါ။

•



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကြီးထဲက မိမိနေရာ တောင်းယူပါ

www.burmeseclassic.com

www.burmeseclassic.com

*Lord E. John P. Browne*

## လော့ဒ် အီး ဂျွန် ပီ ဘရောင်း

### ဗြိတိသျှ ရေနံကုမ္ပဏီ အမှုဆောင် အရာရှိချုပ်ဟောင်း

နူးညံ့သော်လည်း စိတ်ဓာတ်ခိုင်မာလှသော လုပ်ငန်းအကြီးအမှူးကြီးတစ်ဦး ဖြစ်သည်။ British Petroleum (BP) ကို ကမ္ဘာ့အမှတ်တံဆိပ် ရေနံကုမ္ပဏီကြီး တစ်ခုအဖြစ်သို့ ပို့ဆောင် တည်ထောင်နိုင်ခဲ့သည်။ Lord E. John P. Browne သည် ကုမ္ပဏီကို စွမ်းအင်ထုတ်လုပ်ရေးအဆင့်မှ မြေကမ္ဘာဝန်းကျင် ကျန်းမာကောင်းမွန်ရေး ရည်စူးလုပ်ကိုင်နေသည့် လုပ်ငန်းအဖွဲ့အစည်းကြီးတစ်ခု ဖြစ်လာအောင် တိုးချဲ့ခဲ့သည်။ ဤစာထဲတွင် တစ်ချိန်တွင် အတတ်ပညာတစ်ခု ကောင်းစွာ ကျွမ်းကျင်တတ်သိအောင် လုပ်ပါ။ အန္တိမ်တွေ့လျှင် ပြန်ခုန်ထွက်တတ်အောင် သင်ယူပါဟု အကြံပေးထားသည်။

---

Lord E. John P. Browne သည် အလာစကားပြည်နယ် Prudhoe Bay ရှိ ဘီပီရေနံပိုက်လိုင်းတစ်ခုတွင် အင်ဂျင်နီယာအဖြစ် စတင် လုပ်ကိုင်သည်။ ၁၉၈[illegible] ခုနှစ်ခန့်တွင် ဘီပီသည် အမေရိကန်ပြည်ထောင်စုတွင် အကြီးဆုံး ရေနံကုမ္ပဏီကြီး ဖြစ်လာသည်။ ၁၉၉၅ ခုနှစ်တွင် ဘရောင်းသည် ကုမ္ပဏီ တည်ငြိမ်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်မှုကြောင့် အမှုဆောင်အရာရှိချုပ် ခန့်အပ်ခံရသည်။ ၁၉၉၇ ခုနှစ်တွင် သူပြောကြားသည့် စတန်းဖို့တက္ကသိုလ်မိန့်ခွန်း၌ ကမ္ဘာတစ်ဝန်းလုံး ပူနွေးလာမှုကြီးသည် အမှန်တကယ် ဖြစ်လာနိုင်ကြောင်း မကြာမီကာလအတွင်း မိမိသည် Green ဟူသောစကားကို ဘီပီကုမ္ပဏီလုပ်ငန်းတိုင်းအတွက် အခြေခံ အစိတ်အပိုင်းတစ်ရပ်ဖြစ်လာစေမည်ဖြစ်ကြောင်း ပါရှိသည်။ ကုမ္ပဏီ၏ သန့်စင်သော လောင်စာဆီများထုတ်လုပ်ရေးအတွက်သာမဟုတ်ဘဲ၊ ထုတ်လုပ်မှုမှ ထွက်ပေါ်လာသော အမှိုက်သရိုက်များ ကင်းစင်ရေးအတွက်ပါ ရည်ရွယ်လျက် ဘရောင်းသည် ဘီပီကုမ္ပဏီကြီးအား အစားထိုးလောင်စာ အရင်းအမြစ် လုပ်ငန်းကြီးအဖြစ်သို့ ပို့ဆောင်ခဲ့သည်။



### အမာခံ ခိုင်ခိုင်တည်ဆောက်ပါ

လူတိုင်းသို့ ကျွန်ုပ် ပထမဦးဆုံးပေးလိုသော အကြံပေးစကားမှာ ဘာကိုပင် လုပ်လုပ် ထိုအလုပ်နှင့် ပတ်သက်၍ တော်အောင်ကို ကြိုးစားပါ။ မိမိသည် လုပ်ငန်းတာဝန်တစ်ခုနှင့် ပတ်သက်၍ ထူးထူးကဲကဲ အောင်မြင်မှုမရရှိသေးမီ လူအများစုထဲသို့ ရောနှောရောက်ရှိမသွားပါစေနှင့်။ မိမိဘာကိုပင် လုပ်နေပါစေ အမာခံ ခိုင်ခိုင် တည်ဆောက်ထားပါ။ ယင်းသို့ လုပ်ကိုင်ရာတွင် အခြေခံသဘောတရားများ ချမှတ်ပြီး မိမိကိုယ်ကိုမိမိ အကဲဖြတ်ခန့်မှန်းပါ။

တစ်စုံတစ်ခုကို ထူးထူးကဲကဲ နားလည်တတ်သိမှုသည် လုပ်ငန်းလုပ်ဆောင်ရာတွင် တစ်ခုတည်းသော အရေးအကြီးဆုံး အချက်ဖြစ်သည်ဟု ယူဆမိသည်။ လူအများကို ယင်းသို့ တစ်ခုတည်းကျွမ်းကျင်အောင် လုပ်ပါဟု တိုက်တွန်းရခက်ပါသည်။ British Petroleum (BP) မှ လူများကို ကျွန်ုပ် ပြောနေမိသေးသည်။ ဥပမာအားဖြင့် 'ရေနံ အင်ဂျင်နီယာ အရင်ဆုံး ဖြစ်အောင် လုပ်၊ တစ်ဝက်တစ်ပျက် ရပ်မပစ်လိုက်နဲ့၊ အဲဒီလို အင်ဂျင်နီယာကြီး ဖြစ်ပြီးမှ အခြားတစ်ခုခုကို လုပ်ကြ' ဟု ပြောနေရသည်။ ထိုသို့ မဟုတ်လျှင်လည်း 'မင်းဟာ တို့ကုမ္ပဏီမှာ ငွေစာရင်းအရာရှိဖြစ်ဖို့ ဝင်လာတယ်နော်၊ ပထမဆုံး ငွေစာရင်း အရာရှိကြီး ဖြစ်အောင် လုပ်ပါ၊ အဲဒီနောက်မှ မိမိရဲ့ကျွမ်းကျင်မှုကို အခြား လုပ်ငန်းဘက်သို့တည့်ချက်ပြောင်းပါ' ဟု ပြောနေမိသည်။ ဘာမျှမရှိသည့် အရာအပေါ် ဘာကိုမျှ တည်ဆောက်၍ မရနိုင်ပါ။ အမာခံမဏ္ဍိုင်ရှိဖို့ လိုအပ်ပါသည်။ ဤသို့သာပင် ကျွန်ုပ်သည် လူတိုင်းလိုလိုကို လုပ်ငန်းအရ အကြံပေးစကား ပြောခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေတစ်ခုသည် ပုဂ္ဂိုလ်ရေး သို့မဟုတ် စီးပွားရေး လုပ်ငန်းနှင့် သက်ဆိုင်နေပါလိမ့်မည်။ မည်သည့်ကိစ္စမျိုးပင်ဖြစ်နေပါစေ၊ မိမိ ယုံကြည်ရာ စံနှုန်းနှင့် တန်ဖိုးများထားရှိရမည်။ ယင်းစံနှုန်းများ၊ တန်ဖိုးများအပေါ် မိမိ ပတ်ဝန်းကျင်တွင် အရာရာ အခြေအနေမလှလျှင် အားကိုး အားထားပြုနိုင်ပါသည်။ တစ်ဦးတည်းသဘောအရပြောရလျှင် အကောင်းဆုံးတို့ ဖြစ်မလာသေးဟု ခိုင်ခိုင်မြဲမြဲ ယုံကြည်ထားပါသည်။ ထိုအချက်ကို အလေးအနက် ယုံကြည်ထားပါသည်။ ကျွန်ုပ်အနေဖြင့် ထိုအချက်ကို အယုံအကြည်မရှိလျှင် ရှေ့တိုးနေမှုကို ရပ်တန့်လိုက်ရပါလိမ့်မည်။

အရှုံးနှင့်ကြုံရသည့်အခါ အခြေအနေ ပိုကောင်းလာအောင် မည်သို့ လုပ်မည်နည်း။ အဖြေမှာ နောက်ပြန်ဆုတ်ရန် မဟုတ်။ ထိုအနာဂတ် အတွက် မစွန့်စားတော့ရန် မဟုတ်ပါ။ 'ဟုတ်ပြီ၊ အခြေအနေတော့ပေါ်လာပြီ၊ ဘယ်လို ဖြေရှင်းရမလဲ အဖြေရှာမယ်၊ အကောင်းဆုံးက ဖြစ်ကို ဖြစ်မလာသေးလို့ပဲပေါ့' ဟု ပြောသင့်သည်။ ကျွန်ုပ်၏ မိခင်ကြီးသည် လွန်ခဲ့သော လေးနှစ်ခန့်က ကွယ်လွန် သွားပါသည်။ ကျွန်ုပ်နှင့် အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးလည်း ဖြစ်ပါသည်။ မိခင်ကြီး မရှိတော့၍ အခက်ကြီးစွာ ကြုံခဲ့ရပါသည်။ အကောင်းဆုံးတွေ ဖြစ်မလာသေးဘူးဆိုရင် အခြားရင်းနှီးသူတွေဟာ ငါ့အတွက် အစားထိုးမိသားစု ဖြစ်ရမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်ုပ် ဤနည်းအတိုင်း ကျင့်သုံးလာခဲ့ပါသည်။ 'ငါ့နှယ်နော် ကံဆိုးလိုက်တာ၊ ငါရှေ့ဆက် ဘာလုပ်ရမလဲ' ဟု ပြောလေ့ ပြောထ မရှိခဲ့ပါ။ ကျွန်ုပ်သည် အနာဂတ်ကို ရင်ဆိုင်ရန် အပြုသဘောနည်းကို အခိုင်အမာ ခံယူခဲ့ပါသည်။

●



*Tony Hall*

## တိုနီ ဟောလ်

**The Royal Opera House, London အမှုဆောင်အရာရှိချုပ်**

Tony Hall သည် လန်ဒန်မြို့ Royal Opera House
အုပ်ချုပ်ရေးတာဝန်နှင့် ဇာတ်ခုံကြီး ကမ္ဘာ့အကောင်းဆုံးစာရင်းဝင်နိုင်ရန်
ရန်ပုံငွေ ရှာဖွေရေးတာဝန်နှစ်ရပ်ကို ပြိုင်တူ ထမ်းဆောင်လျက်ရှိသည်။
ယခင်က ရုပ်သံသတင်းလုပ်ငန်းတွင် လုပ်ဆောင်ခဲ့ပြီး လန်ဒန်နှင့်
ဂရိတ်ဗြိတိန်တွင် တေးဂီတ ဆက်လက်ရှင်သန်ရေး
လုပ်ငန်းအမျိုးမျိုးအတွက် ဆက်သွယ်လုပ်ကိုင်ပေးနိုင်ခဲ့သည်။

---

ဤစာတွင် အမျိုးမျိုးစမ်းသပ်လုပ်ကိုင်ရင်း ရရှိလာသော အတွေ့အကြုံအမျိုးမျိုး အသုံးပြုနိုင်ခဲ့လျှင် မိမိ လိုလားတောင့်တနေသော လုပ်ငန်း နယ်ပယ်အတွင်း မည်သည့် အခန်းကဏ္ဍ၌ မိမိ အောင်မြင်စွာ ပါဝင် ဆောင်ရွက်နိုင်မည်ကို သိရလိမ့်မည်ဖြစ်ကြောင်း အကြံပေးထားသည်။

တိုနီ ဟောလ်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး သတင်းလုပ်ငန်းကြီး ဖြစ်သည့် BBC News တွင် ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီးနောက် ရွိုင်ရယ် အော်ပရာဇာတ်ရုံကြီးသို့ ဝင်ရောက်လုပ်ကိုင်သည်။ ဇာတ်ရုံကြီးတွင် အနုပညာသည်သစ်များ မွေးထုတ်ရေး၊ ပရိသတ်သစ် တိုးပွားရေးအတွက် $ROH_2$ ဌာနကြီးတစ်ခုကို တည်ဆောက်သည်။ ထိုအချိန်မှစ၍ ဇာတ်ရုံကြီးသို့ ပရိသတ် မပြတ် ရောက်ရှိစေရေးအတွက် ရှေ့ပြေးစီမံချက်သစ်များ ရေးဆွဲ လုပ်ကိုင်လာ ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## မတူညီသော ကဏ္ဍအထွေထွေ

မည်သည့်အလုပ်မျိုး၊ အတွေ့အကြုံမျိုးရနိုင်သည်ကို ကြည့်ပါ။ ကောလိပ်မှာဖြစ်စေ၊ တက္ကသိုလ်မှာဖြစ်စေ ကစားကြည့်ပါ။ ကြိုးစား လုပ်ကြည့်ပါ။ မိမိဘယ်အရာတွင် ဘယ်လောက်တော်သလဲ စမ်းကြည့်ပါ။ လူအတော်များများသည် အော်ပရာနှင့် ဘဲလေးအကကို သဘောကျတတ်ကြသည်။ သို့ရာတွင် ကံမကောင်းအကြောင်းမလှစွာ ပြောရလျှင် သူတို့ တစ်ယောက်မျှ အဆိုတော် သို့မဟုတ် ကချေသည်တစ်ဦး ဖြစ်မလာနိုင်ချေ။ သို့ရာတွင် သူတို့၌ အနုပညာ နယ်ပယ်အသီးသီးကို အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်သော အရည်အသွေးအမျိုးမျိုး ပါရှိလာကြသည်။ အနုပညာလုပ်ငန်း နယ်ပယ်၌ အလုပ်လုပ်ကြည့်ပါ။ အနုပညာသည်တို့ ဘဝကို လေ့လာကြည့်ပါ။ ထိုအခါ မိမိပင်ကို အရည်အသွေး အစစ်အမှန်သည် မည်သည့်၌ တည်ရှိနေကြောင်း ရှာဖွေတွေ့နိုင်သည်။ အဆိုပါ အခန်းကဏ္ဍ အမျိုးမျိုးကိုရှာရင်း တွေ့လာနိုင်လိမ့်မည်။ စိတ်မလျှော့လိုက်ပါနှင့်။

●



*Thomas Hoving*

## သောမတ် ဟိုဗင်

**Metropolitan Museum of Art, New York** ပြတိုက်မှူးဟောင်း

အနုပညာလောကတွင် ထူးခြားသူအဖြစ် သတ်မှတ်ခံထားရသည်။
ဟိုဗင်သည် မည်သူ၏လှည့်စားမှုကိုမျှ မခံတတ်။ ကြိုက်သည်ဖြစ်စေ၊
မကြိုက်သည်ဖြစ်စေ သူပြောချင်သမျှကို တိတိကျကျ ပြောဆိုတတ်သည်။
ယခုအခါ အနုပညာလောက၏ ဝါရင့်ပုဂ္ဂိုလ်ကြီးအဖြစ် ခံယူထားကြသည်။
အလယ်ခေတ် အနုပညာလက်ရာများနှင့်ပတ်သက်လျှင် ကမ္ဘာပေါ်တွင်
အတော်ဆုံးပါရဂူကြီးဟုပင် ဆိုနိုင်သည်။ အနုပညာပစ္စည်းလောကတွင်
စွယ်စုံ ပညာရှင်ကြီးတစ်ဦးဖြစ်သော်လည်း ဤစာတွင်
မည်သည့်လုပ်ငန်းနယ်ပယ်တွင်မဆို ဇလိုလားတောင့်တနေသည့်
အခန်းကဏ္ဍတစ်ရပ် ရှာကြည့်ကြရန် အကြံပေးထားသည်။

---

Thomas Hoving သည် မက်ထရိုပိုလီတန် အနုပညာပြတိုက်ကြီး ညွှန်ကြားရေးမှူးဟောင်းဖြစ်သည်။ *Connossieur* အယ်ဒီတာနှင့် ABC ၏ ၂၀/၂၀ အတွက် ယဉ်ကျေးမှုသတင်းထောက် အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ စာအုပ်ပေါင်း ၁၅ အုပ် ရေးသားခဲ့သည်။ အရောင်းသွက် စာအုပ်များဖြစ်သည့် *Making the Mummies Dance* နှင့် *Tutankhamun, The Untold Story* စာအုပ်များ အပါအဝင် ဖြစ်သည်။ နယူးယောက်စီးတီးတွင် နေထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## လူတိုင်းက အလိုရှိနေသည်

ကျွန်ုပ် လူငယ်ဘဝက ဘွဲ့လွန် သင်တန်းတက်တော့မည့် အချိန်တွင် ကျွန်ုပ်က 'အနုပညာသမိုင်းမှာ သက်မွေးမှုလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ဖို့ ဘာလိုအပ်ပါသလဲ' မေးခဲ့သည်။ ပါမောက္ခတစ်ဦးက 'အမှိုအခိုကင်းတဲ့ ဝင်ငွေပေါ့ကွယ်' ဟု ဖြေကြား ခဲ့သည်။ ယင်းအချက်သည်ပင် ယခုတိုင် ပြဿနာဖြစ်နေဟန် တူသည်။ နောက် တစ်ကြိမ် လုပ်ငန်းတစ်ခု ရွေးချယ်ခွင့်မရခဲ့လျှင် အနုပညာသမိုင်းနှင့် ပတ်သက်၍ ဘာတစ်ခုမျှ လုပ်တော့မည် မဟုတ်ပေ။ (အနုပညာ ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိအောင်) ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်း (Conservation) ကိုသာ ရွေးလိုက်ပါသည်။ လူတိုင်းက သင့်ကို အလိုရှိနေသည်။ တကယ်ပင် ထူးထူးကဲကဲ စိတ်လှုပ်ရှားဖွယ် ကောင်းသည်။ လူတိုင်းက အနုပညာ လက်ရာများကို ပြုပြင် ပေးစေလိုသည်။ ပြင်ဆင်ပေးစေချင်သည်။ သမိုင်းဝင် ပစ္စည်းအတိုင်း ထားရှိပေး စေချင်သည်။ အလုပ်မလုပ်ရသည့် နေ့ဟူ၍ ရှိလိမ့်မည် မဟုတ်ပေ။ ပြန်လည် တွေ့ရှိမှုကြောင့် စိတ်လှုပ်ရှားခံစားရမှုသည် ကြီးမားပြင်းပြလှသည်။ ထိုလုပ်ငန်း ခွင်အတွက် ယနေ့အထိ ဝင်ရောက်လုပ်ကိုင် နေသူ မများလှသေးပေ။ ကျွန်ုပ်သာ ဆိုလျှင် ထိုသဘောကြောင့် Conservation အလုပ်သာ ဝင်လုပ်တော့မည်။

●



*Donald R. Keough*

## ဒေါ်နယ် အာရ် ကီယူး

**Allen & Company ဘုတ်အဖွဲ့ အုပ်ချုပ်မှုနှင့် မသက်ဆိုင်သော ချယ်ယာမင်**

Donald R. Keough သည် အမေရိကန်ပြည်၌ ဩဇာအကြီးမားဆုံး
စီးပွားရေးလုပ်ငန်းရှင်များအနက် တစ်ဦးဖြစ်သည်ဟု ဆိုနိုင်သည်။
ကိုကာကိုလာ အောင်မြင်ရေးကြီးအတွက် Roberto Goizueta နှင့် ပူးတွဲ
လုပ်ဆောင်ခဲ့သည်။ ကိုလံဘီယာရုပ်ရှင်လုပ်ငန်းကြီးနှင့် အခြား မရေမတွက်
နိုင်သော စီးပွားရေးလုပ်ငန်းအမျိုးမျိုး ဝယ်ယူနိုင်မှုအတွက် အထူး
အရေးပါခဲ့သည်။ အိုင်းရစ်လူမျိုးတစ်ဦးဖြစ်သည်။ ဟာသဉာဏ်ရှိသည်။
မိတ်ဆွေ အလွန်အလွန်ပေါများသည်။ ဇာတ်လမ်းဆန်ဆန် ဤစာထဲတွင်
ကီယူးက မိမိ၏စွမ်းအားကို မည်သို့ ရင်းနှီးမြှုပ်နှံမည်ဟု
ဆုံးဖြတ်ချက်ချတတ်မှုသည် မည်မျှထိရောက်မှုရှိကြောင်း
ဖော်ပြထားသည်။

---

[illegible]နှစ်ကျော်ကျော်ကာလအတွင်း ကီယူးသည် Allen & Company Incor-[illegible]orated (ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ) နှင့် Allen & Company LLC ([illegible]ရင်းနှီးမြှုပ်နှံမှုဘဏ်လုပ်ငန်း) ဘုတ်အဖွဲ့များတွင် အုပ်ချုပ်ရေးနှင့် မသက်ဆိုင် သော ချယ်ယာမင် အဖြစ် လုပ်ကိုင်ခဲ့သည်။ Coca-Cola Co., Berkshire [illegible]athaway Inc., Convera Corporation နှင့် IAC / Inter Active Corp. [illegible]တို့၏ ညွှန်ကြားရေးမှူးတစ်ဦးလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆုံးဖြတ်ချက်ကလေးတစ်ခု

ဘဝတွင် ထူးခြားသော အခိုက်အတန့်ကလေးများ ရှိသည်။ ထိုအခါမျိုးတွင် အများနှင့် နှိုင်းဆလျှင် အရေးမကြီးလှပဟု ထင်မှတ်ရလောက် သော်လည်း တကယ်တမ်းအားဖြင့် လွန်မင်းစွာ အရေးကြီးကြောင်း တွေ့ရတတ်သည်။

ကျွန်ုပ် ဆယ့်လေးနှစ်သားအရွယ်တွင် မိခင်ကြီးသည် ဆုံးဖြတ်ချက် အသေးကလေး တစ်ခုကို ပြန်လည်စဉ်းစား ပြောင်းလဲပစ်စေခဲ့သည်။ ထို ကျေးဇူး ကြောင့် ကျွန်ုပ်၏ဘဝကြီးတစ်ခုလုံး လုံးဝဥသုံ ထူးထူးကဲကဲ ဦးတည်ချက် ပြောင်းလဲ ရောက်ရှိသွားခဲ့ရသည်။

အိုင်အိုဝါပြည်နယ် ဆီအူးစီတီ အထက်တန်းကျောင်း လူသစ်အဖြစ် ကျောင်းစတက်ရသောနေ့တွင် ပတ်ဝန်းကျင်နှင့် အဆင်ပြေစေရေး လေ့ကျင့်ခန်း အချိန်နှင့် ကြုံရသည်။ ကျွန်ုပ်အနေဖြင့် သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်သော အခြား မည်သည့်လုပ်ငန်းမျိုးကို စိတ်ဝင်စားသလဲဟု ဆုံးဖြတ်ခိုင်းသည်။ မိမိတို့ မည်သည်ကို စိတ်ဝင်စားကြောင်း ရွေးချယ်ရန် စာရင်းရှည်ကြီးတစ်ခုကိုလည်း ပြသည်။ ပထ္တူ ဖျဉ်ချပ်ပေါ်တွင် ခုန်ပျံ ကျွမ်းထိုးခြင်းကို ကျွန်ုပ် ရွေးချယ်လိုက် သည်။ အိမ်ပြန်ရောက်သောအခါ မိခင်ကြီးကမေးသည်။ ဘယ်လို လှုပ်လှုပ် ရှားရှား အလုပ်မျိုး ရွေးချယ်ခဲ့သနည်းဟု မေးခဲ့သည်။ 'ကျွမ်းထိုး တာလေ' ဟု ကျွန်ုပ်ပြန်ဖြေသည်။ မိခင်ကြီးသည် ကျောင်းက ပေးလိုက်သည့် စာရင်းကို အခေါက်ခေါက်အခါခါ ဖတ်ကြည့်သည်။ ထို့နောက် 'သားရယ်၊ ဘဝမှာ အခွင့် ရှိသရွေ့ တက်လိုက် ကျလိုက် ခုန်ပေါက် လုပ်နေရမယ့်အလုပ်မျိုးကို ရွေးခဲ့ သလားကွယ်' ဟု မေးလိုက်သည်။ ကျွန်ုပ်က ကျွမ်းထိုးနေရမယ့် အလုပ်မျိုး မလုပ်ချင်ပါကြောင်း ပြန်ဖြေလိုက်ပါသည်။ မိခင်ကြီးက 'ဒီလို မလုပ်ချင်ရင် စကား အချေအတင် ပြောတာမျိုးကို ရွေးလိုက်ပါလား' ဟု အကြံပေးသည်။ မိခင်ကြီး ပြောသည့်တိုင်း စကားရည်လုပွဲ ပြိုင်ပွဲဝင်ရန် ဆုံးဖြတ် လုပ်ဆောင်ခဲ့ပါသည်။

ကျန်ရှိသော ကျွန်ုပ်၏ဘဝတာခရီးတစ်လျှောက် ခုန်ပေါက် ကျွမ်းထိုးခြင်း မလုပ်ခဲ့ရပါ။ စကား အချေအတင်ပြောပြိုင်ပွဲ အများကြီးသို့သာ ဝင်ပြိုင်ခဲ့ ပါသည်။ ကျေးဇူးတရား ကြီးလှပါသည် အမေ။

●



*David Rockefeller Jr.*

### ဒေးဗစ် ရော့ခ်ဖဲလား ဂျူနီယာ

**Rockefeller Financial Services** ဘုတ်အဖွဲ့ဝင်

ဒေးဗစ်ရော့ခ်ဖဲလာ ဂျူနီယာ၏ ဖခင်သည် **Chase Bank** ၏
ချယ်ယာမင်ဖြစ်ခဲ့သည်။ ရော့ခ်ဖဲလား ညီနောင်ငါးဦးအနက် နောက်ဆုံး
ကျန်ရှိသောသူ့ဖခင်သည် မိသားစုအစဉ်အလာကို ထိန်းသိမ်းခဲ့သည်။
ရော့ခ်ဖဲလား ငွေကြေးခနေများကို ရင်းနှီးမြှုပ်နှံသည်။ ထို့ပြင်
မိသားစုအလှူဒါန ကိစ္စများကိုလည်း ကြီးကြပ် ဆောင်ရွက်ခဲ့သည်။
ပမာဏအားဖြင့် များပြားလွန်း၍ အများသိရှိခွင့်ပင် မရခဲ့ပေ။ မိမိအတွက်
မှန်ကန်သော စိတ်ဝင်စားမှုကို ရှာဖွေပါဟု အကြံပေးရင်း
ရော့ခ်ဖဲလား ဂျူနီယာက ပြီးပြည့်စုံသောဘဝများသို့ ရောက်ရှိစေမည့်
သော့ချက်အချို့ကို ပေးအပ်ထားသည်။

---

David Rockefeller Jr. သည် ရော့ခ်ဖဲလားအင်ကုမ္ပဏီ၏ ညွှန်ကြားရေးမှူးနှင့် ချယ်ယာမင်ဟောင်းဖြစ်သည်။ ပတ်ဝန်းကျင်ရေးရာ ပရဟိတ လုပ်ငန်းများ၊ အနုပညာနှင့် ပြည်သူ့ပညာရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။ National Park Foundation ၏ ဂုဏ်ထူးဆောင် ဒုတိယ ချယ်ယာမင်၊ North American Nominating Committee for the Praemium Imperiale (ဂျပန်နိုင်ငံ၏ အနုပညာထူးချွန်သူများအတွက် နိုင်ငံတကာဆု) ၏ ချယ်ယာမင် ဟောင်း၊ Museum of Modern Arts နှင့် Asian Cultural Council တို့၏ ဝေါပကအဖွဲ့ဝင် ဖြစ်သည်။ American Academy of Arts and Science အုပ်ချုပ်ရေးအဖွဲ့ဝင် လူကြီးတစ်ဦးလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အတည်တကျ အခြေချလုပ်ကိုင်ပါ

ပထမဦးဆုံး ဘဝတွင် မိမိဘာကို အမှန်တကယ်စိတ်ဝင်စားကြောင်း သိအောင် ဖော်ထုတ်ပါ။ ထို့နောက် စိတ်ဝင်စားမှုအပေါ် အတည်တကျ အခြေချ လုပ်ကိုင်ပါ။ ယင်းကိစ္စနှင့်ပတ်သက်၍ များစွာ သိနားလည်အောင် ရှာဖွေပါ။ ကျွမ်းကျင်သူတစ်ဦး သို့မဟုတ် အနည်းဆုံး သိမြင်နှံ့စပ်သူတစ်ဦး ဖြစ်လာနိုင်သည်။ ဖြစ်တန်သလောက် တွေးဆပြီး ဘဝတွင် မိမိအမှန်တကယ် အလေးထားသော အရာကို လိုက်လုပ်ပါ။ မိမိသဘောကျသူများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။ အဓိပ္ပာယ်ရှိသော အသက်မွေးလုပ်ငန်းတစ်ရပ် သို့မဟုတ် ဘဝလမ်းကြောင်းတစ်ခုကို ကျွမ်းကျင်စွာ ဖော်ဆောင်နိုင်ရန် ကြိုးစားပါ။ ထို့နောက် ထကြွလှုံ့လ အားထုတ်မှုတို့ အလိုလို စီးဆင်းလာလိမ့်မည်။ မိမိ လုပ်သင့် လုပ်ထိုက်သည်ဟု ထင်မှတ်ထားသောအရာများကို မိမိလုပ်ကိုင်ခဲ့လျှင် နံနက်ပိုင်းတွင် အိပ်ရာမှထဖို့ ခက်ခက်ခဲခဲ ကြိုးစားရလိမ့်မည်။ သို့ရာတွင် မိမိ သဘောကျ စီမံချက်တစ်ခု ရှိနေလျှင် အိပ်ရာထဖို့ ပြဿနာ မရှိနိုင်တော့ပါ။ မိမိ သဘောကျသော စီမံချက်တစ်ခုခုဆိုသည်မှာ မိမိ၏ ဉယျာဉ်၊ မိမိ၏ သားသမီးများ၊ မိမိ၏ စီးပွားရေးလုပ်ငန်းများ၊ မိမိ၏ အားကစား စသည့် ကိစ္စတစ်ခုခုဖြစ်နိုင်သည်။ ထို့ကြောင့် ဇောသန်သန် လုပ်ဆောင်ပါ။ စူးစူးစိုက်စိုက် လုပ်ဆောင်ပါ။ ကြိုးပမ်း အားထုတ်ပါ။ လေ့လာသင်ယူစရာ ရှိသည်ကို ကန့်သတ်မထားပါနှင့်။ ကမ္ဘာ လောကကြီးသည် လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းသည်။ လူများအကြောင်း၊ သဘာဝတရားကြီးအကြောင်း၊ အရာရာတို့၏ စက်ယန္တရားဆန်ဆန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် ပတ်သက်သည့် သတင်း အချက်အလက်များကလည်း ပေါများလှပါဘိ။ ဘယ်သော အခါမျှ သင်ယူမှုကို မရပ်ဆိုင်းလိုက်ပါနှင့်။

နောက်ထပ် သတိရစရာတစ်ခုမှာ မိမိတို့သည် တစ်ခါတစ်ရံတွင် စိတ်ဓာတ်ကျသွားရတတ်ပါသည်။ ထို့ကြောင့် မိတ်ကောင်းဆွေကောင်း ရှာထားပါ။ မိမိ စိတ်ဓာတ်ကျနေလျှင် မိတ်ဆွေများက ကူညီပံ့ပိုးကြပါလိမ့်မည်။ မိမိ စိတ်ဓာတ်ကျနေချိန်တွင် သူတို့ ကျချင်မှ ကျနေလိမ့်မည်။ သူတို့ ထံမှ အကူအညီ သွားယူပါ။ မရှက် မကြောက်ပါနှင့်။ သူတို့လည်း အကူအညီ လိုအပ်လျှင် မိမိထံသို့ ရောက်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

*Sir David Tang*

## ဆာ ဒေးဗစ် တန်

### D.W.C. Tang Development Limited ချယ်ယာမင်နှင့် အုပ်ချုပ်မှု ညွှန်ကြားရေးမှူး

Sir David Tang သည် လုပ်ငန်းနယ်ပယ်အမျိုးမျိုး၌ ဦးဆောင်နေသူ တစ်ဦးဖြစ်သည်။ အာရှတိုက်နိုင်ငံအားလုံးသို့ ဆေးပြင်းလိပ်များ အထူး အခွင့်အရေးအဖြစ် ဈေးနှုန်းလျှော့သွင်းရန် ဖီဒယ်ကက်စထရိုနှင့်ပင် ဆွေးနွေးခဲ့ဖူးသည်။ ဟောင်ကောင်ရှိ စံပြုစရာနှင့် ဥပမိအကောင်းဆုံး များအနက် တစ်ဦး အပါအဝင်ဖြစ်သည်။ ဒေးဗစ် ရော့ခ်ဖဲလား (အကြီး) နှင့် နှိုင်းယှဉ်ရလောက်အောင်ပင် အပေါင်းအသင်းပေါ်များလှသည်။

တန်၏ အဆိုအရ ဘဝတွင် မည်သည့်လမ်းကြောင်းကိုပင်လိုက်လိုက် တစ်စုံတစ်ခုသော စီးပွားရေးလုပ်ငန်းခွင်တွင် အကောင်းဆုံး အတော်ဆုံး ဖြစ်အောင် ကြိုးပမ်းအားထုတ်သင့်သည်။ ထိုသို့ ကြိုးပမ်းနိုင်ခဲ့လျှင် ထိုနယ်ပယ်အတွင်း ခေါင်းဆောင်စစ်စစ် ဖြစ်လာပေလိမ့်မည်။

---

ဟောင်ကောင်တွင် မွေးဖွားသည်။ ဟောင်ကောင်၊ ကိန်းဗရစ်၊ လန်ဒန်နှင့် ဘေဂျင်းတွင် ပညာသင်ခဲ့သည်။ D.W.C. Tang Development အတွက် တာဝန်ရှိသည့်အပြင် ဟောင်ကောင်၊ ဘေဂျင်း၊ စင်ကာပူ၊ လန်ဒန်ရှိ China Clubs များကို တည်ထောင်သူ ချယ်ယာမင်လည်းဖြစ်သည်။ Shanghai Tang ကုန်ပဒေသာစတိုးများကိုလည်း တည်ထောင်သည်။ ပစိဖိတ် ဆေးပြင်းလိပ် ကုမ္ပဏီ ကိုလည်း တည်ထောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် Officer of the British Empire (OBE) နှင့် ၁၉၉၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ Chevalier de L'Ordre des Arts et des Lettres ဘွဲ့များ ချီးမြှင့်ခံရသည်။



## နေရာတိုင်းတွင် သူဘုရင်

ယှဉ်ရွယ်သူများအတွက် အကြံပေးစရာအကောင်းဆုံးတစ်ခုရှိပါသည်။ စိတ်ကို အမြဲစူးစိုက်ထားပါ။ မိမိတို့ လုပ်ကိုင်ချင်သည့် မည်သည့်ကိစ္စမဆို လုပ်ဖြစ်အောင် လုပ်ပါ။ လုပ်လျှင်လည်း ကောင်းကောင်းမွန်မွန် လုပ်ကိုင်ပါ။ မိမိ လုပ်သမျှ အကောင်းဆုံးဖြစ်နေမှုသည် အရေးကြီးသည်။ မည်မျှပင် နိမ့်ကျသည့် အလုပ်မျိုး ဖြစ်ပါစေ၊ အကောင်းဆုံးဖြစ်အောင် လုပ်ပါ။ 'လုပ်ငန်းတိုင်းတွင် ဘုရင်တစ်ပါးစီ ရှိတတ်သည်' ဟူ၍ တရုတ်ဆိုရိုးစကားတစ်ရပ် ရှိသည်။ လျှို့ဝှက်ချက်တစ်ရပ်မှာ လုပ်ငန်းတစ်ခုတွင် ဘုရင်ဖြစ်နေမှုသည် အခြားအလုပ်တစ်ခုတွင်လည်း ဘုရင် ဖြစ်နိုင်သည်။ မိမိသည် အလျှော့မပေးတတ်။ လူတကာနှင့်လည်း သင့်မြတ်သည်။ စိတ်ဖြာလေ့လာမှု ကောင်းသည်။ လုံ့လဝီရိယ ကြီးမားသည်။ စဉ်းစားချင့်ချိန်တတ်သည်။ တာဝန်ယူ တတ်သည်။ အလုပ်ကြိုးစား လုပ်ကိုင်တတ်သည်။ ဤသို့သော အရည်အချင်းမျှလောက် ရှိနေရုံဖြင့် အလုပ်ခန့်ရန် သင့်တော်နေပြီ ဟု မိမိကိုယ် မိမိ မလှည့်စားပါနှင့်။ အနိမ့်ဆုံး လိုအပ်ချက်များလောက်သာ ရှိသေးသည်။ မိမိသည် ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းတစ်ရပ်ကို အမြဲ ရှာကြံနေသင့်သည်။ အခြားသူများ မရနိုင်သောနေရာမှ အခြားသူများ မလုပ်နိုင်သည့် အခွင့်အလမ်းမျိုးကို တွေ့အောင် ရှာရမည်။ အရေးအကြီးဆုံး အချက်တစ်ရပ်လည်း ရှိသေးသည်။ အပြောကို ရပ်ပြီး အလုပ်ကို စတင်ကြပါ။

●



www.burmeseclassic.com

www.burmeseclassic.com

*James S. Tisch*

ဂျိမ်းစ်၊ အက်စ် တစ်ရှ်

**Loews Corporation ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်**

Loews Corporation သည် ဟိုတယ်များ၊ အားကစားအသင်းများ၊ နာရီကုမ္ပဏီများကို ပိုင်ဆိုင်သည်။ James S. Tisch သည် အဆိုပါလုပ်ငန်းများကို ကြီးကြပ်ရသည်။ ကတ်သီးကတ်သတ် တွေးဆလုပ်ကိုင်မှုဝိဇ္ဇာ ဖြစ်သည်။ လူအများ မလျှောက်တတ်သည့်လမ်းကို ရွေးချယ်ရန် အကြံပေးတတ်သည်။ လစာကောင်းကောင်း အလုပ်အကိုင်မျိုးများသည် ဝေါစထရိကဲ့သို့သော စီးပွားရေးအချက်အချာတစ်ခုတွင် ရှိနေသည်။ ထိုကဲ့သို့သော သီးသန့်နေရာမျိုးထဲသို့ မိမိတို့ခုန်ဝင်ရန် မသင့်ချေ။ Tisch သည် Loews Corporation အကြီးအကဲအဖြစ် နေထိုင်ခဲ့ရင်း စီးပွားရေး လုပ်ငန်းများနှင့် လုပ်ငန်းအဖွဲ့အစည်းများသည် တစ်ခုပေါ်တစ်ခု မှီခိုနေကြကြောင်း၊ အောင်မြင်ရေးနှင့် ပတ်သက်သော မိမိ၏ အခွင့်အလမ်းသည် လူသူအရောက်အပေါက်နည်းသည့် နေရာ၌ ရှိနေနိုင်ကြောင်း ရေးသားခဲ့သည်။

---

James S. Tisch သည် Loews Corporation နှင့် ၁၉၇၇ ခုနှစ်မှ စတင်လက်တွဲ ခဲ့သည်။ ၁၉၈၆ ခုနှစ်မှ စ၍ ညွှန်ကြားရေးမှူး၊ ၁၉၉၄ ခုနှစ်မှစ၍ ဥက္ကဋ္ဌ၊ ၁၉၉၉ ခုနှစ် ဇန်နဝါရီလမှ စ၍ အမှုဆောင်အရာရှိချုပ် ဖြစ်လာသည်။ Diamond Offshore Drilling Inc. ဘုတ်အဖွဲ့ ချယ်ယာမင်လည်း ဖြစ်သည်။ Educational Broadcasting Corporation ဘုတ်အဖွဲ့ ချယ်ယာမင်အဖြစ်လည်း ထမ်းဆောင်လျက် ရှိသည်။ CNA Financial Corporation ညွှန်ကြားရေးမှူး ဘုတ်အဖွဲ့ ချယ်ယာမင်လည်း ဖြစ်သည်။



## သူတစ်ပါး မလုပ်ချင်သည်ကို လုပ်

အနာဂတ်ခေါင်းဆောင်များကို အကြံပေးစကားပြောပါမည်။ အမှန်တကယ် တတ်သိ နားလည်၊ သွက်လက်ချက်ချာသော မန်နေဂျာများ လိုအပ်နေသော စီးပွားရေး လုပ်ငန်းများစွာရှိနေပါသည်ဟု ပြောလိုပါသည်။ ကျွန်ုပ်၏ သဘောအရ လူများသည် သူတစ်ပါးမလုပ်ချင်သည့်အရာကို လုပ်ကိုင်သင့်ပါသည်။ ယခုပင် ကျွန်ုပ် တင်ပြခဲ့သည့်အတိုင်း အတော်ဆုံးနှင့် အထက်မြက်ဆုံးလူများသည် ဝေါစထရိနှင့် ငွေကြေးကုလားဖန်ထိုး လုပ်ငန်းများတွင်သာ ဝင်လုပ်နေကြသည်။ သို့ရာတွင် ကျွန်ုပ်က လူငယ်လူရွယ်များကို ပြောပြပါသည်။ 'မောင်ရင်တို့မှာ ပင်ကိုစွမ်းရည်ရှိတယ် ရည်မှန်းချက် ကြီးကြီးမားမား ရှိတယ်ဆိုရင် အခြား တစ်နေရာရာမှာ ဝင်လုပ်ကြပါ။ ဒါမှ မင်းတို့ ရှေ့တန်းရောက်ဖို့ ပိုလွယ်သွားမယ်' ဟု ပြောမိပါသည်။ ဝေါစထရိ စာနယ်ဇင်း လုပ်ငန်းများနှင့် ငွေကြေးကုလားဖန်ထိုး လုပ်ငန်းများသည် အမှန်တကယ်အားဖြင့် တစ်စုံတစ်ခုကို အလဲအလှယ်ပြုနေကြခြင်း ဖြစ်ကြောင်း၊ အမေရိကန်စီးပွားရေးလုပ်ငန်းများကို ကုလားဖန်ထိုးနေခြင်း ဖြစ်ကြောင်း အမှတ်ရဖို့ အရေးကြီးသည်။ ထိုလုပ်ငန်းများကို စီမံအုပ်ချုပ် လုပ်ကိုင်ရန်နှင့် တိုးတက်ဖွံ့ဖြိုးလာစေရန် လူတော်လူကောင်းနှင့် အရည်အသွေး မြင့်မားသော ပုဂ္ဂိုလ်မျိုးများ လိုအပ်လျက်ရှိသည်။ ထို့ကြောင့် ကျွန်ုပ်က ပြောပြသည်။ 'အဲဒီ လူတော်လူကောင်းတွေထဲမှာ မောင်ရင်တို့ပါနေရင် သူတို့က မင်းတို့ တန်ဖိုးနားလည်လာကြလိမ့်မယ်။ ဝေါစထရိမှာ ဝင်လုပ်လို့ရတာထက် မင်းတို့ပိုပြီး စိတ်ကျေနပ်စရာ လခကောင်းကောင်း ရနိုင်လိမ့်မယ်ကွယ်' ဟု ပြောခဲ့ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

အချက်အချာ / ဗူးဗိုက်နှင့်မြှင့်ထားမှု

www.burmeseclassic.com

www.burmeseclassic.com

*Henry Kaufman*

## ဟင်နရီ ကော့ဖ်မင်း

**Henry Kaufman & Company, Inc.** ဥက္ကဋ္ဌ

ဝေါလ်စထရိတ်တွင် အကြံပေးအဖြစ်ဆောင်ရွက်စဉ်က ဟင်နရီ ကော့ဖ်မင်းကို ဒေါက်တာ စိတ်ပျက်စရာ (Dr. Gloom) ဟု ယူဆခံခဲ့ရသည်။ ယနေ့အထိလည်း အကြံပေးအဖြစ်ဆောင်ရွက်ပြီး စီးပွားရေးလောက အနာဂတ်အခြေအနေကို ကြိုတင်ဟောကိန်း ထုတ်လျက်ရှိသည်။ ထုံးစံအတိုင်းပင် သူ တွက်ဆထားသမျှလည်း မှန်ကန်နေဆဲပင်။ ဤစာထဲတွင် တစ်နေ့လျှင် ဆယ်နာရီ လေ့လာ၊ ဆယ့်နှစ်နာရီ အလုပ်လုပ်လျှင်ပင် မလွဲမသွေ အောင်ပွဲခံနိုင်လိမ့်မည်ဟု အကြံပေးထားသည်။

---

Henry Kaufman သည် ဟင်နရီ ကော့ဖ်မင်း အင် ကုမ္ပဏီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ၁၉၈၈ ခုနှစ်မှ စ၍ အဆိုပါ ရင်းနှီးမြှုပ်နှံရေး စီမံအုပ်ချုပ်မှုနှင့် စီးပွားရေး၊ ငွေကြေးဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီတွင် တာဝန်ယူခဲ့သည်။ လွန်ခဲ့သော နှစ်ဆယ့်ခြောက်နှစ်ကာလက ကော့ဖ်မင်းသည် Salomon Brothers Inc. တွင် လုပ်ကိုင်ခဲ့သည်။ အုပ်ချုပ်မှုဒါရိုက်တာ စီမံအုပ်ချုပ်ရေး ကော်မတီဝင်၊ ဆာလမွန်ဘရားသား၏ သုတေသနဌာနလေးခု အကြီးအကဲ အဖြစ် တာဝန်ယူခဲ့ရသည်။ Salomon Inc. ပင်မ ကုမ္ပဏီကြီး၏ ဒုတိယ ချယ်ယာမင် အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။



## မဆုတ်မနစ် ကြိုးပမ်းအားထုတ်တတ်မှု

ကျွန်ုပ် အရွယ်ရောက်လာချိန်တွင် အခက်အခဲများစွာ ကြုံခဲ့ရသည်။ သို့ရာတွင် ကျွန်ုပ် ကံကောင်းပါသည်။ ပထမအချက်မှာ ထိုစဉ်က မိမိတို့ သွားလိုရာသွားပြီး လုပ်လိုရာလုပ်နိုင်ရန် ဇွဲစိတ်ဓာတ်ရှိနေဖို့ အရေးကြီးသည်။ တက္ကသိုလ်လောကမှ စီးပွားရေးလောကသို့ ရွှေ့ပြောင်းဝင်ရောက်ရင်း တင်ကြို၍ ဦးစားပေးအချက်များကို ချမှတ်ထားနိုင်သည်။ မဆုတ်မနစ် ကြိုးပမ်း အားထုတ်တတ်မှုသည် သေရေးရှင်ရေးတမျှ အရေးကြီးသည်။ တစ်နေ့လျှင် ဆယ်နာရီ စာကျက်ရမည် ဆိုလျှင် တစ်နေ့ ဆယ်နာရီ စာကျက်ကြရမည်ဟု ဆိုလိုသည်။ တစ်နေ့ ဆယ့်နှစ်နာရီ အလုပ်လုပ်ရမည်ဆိုလျှင်လည်း တစ်နေ့ ဆယ့်နှစ်နာရီပြည့်အောင် လုပ်ကိုင်ကြရမည်ဟု ဆိုလိုပါသည်။ ဤသည်ပင် အချက်အမှတ်တစ်ဖြစ်သည်။ ထို့ပြင် ပညာရေးကို မိမိတတ်စွမ်းသလောက် အရယူကြပါဟူ၍လည်း ဆိုလိုပါသည်။ ဤအချက်သည် ပတ်ဝန်းကျင် အနေအထားတွင် အလွန် အရေးကြီးသည်။ နောက် တစ်ခု ပြောစရာရှိသေးသည်။ လုပ်ငန်းကျွမ်းကျင်မှု အပိုင်းဘက်မှ ပြောရလျှင် ကောင်းကောင်းမွန်မွန်ပြောတတ်ဆိုတတ်ရန်လည်း အထူးလေ့လာ သင်ယူထားသင့်သည်။ ကျွန်ုပ်တို့သည် သိက္ခာ၊ ပညာ စသည်တို့ကို ရောင်းစားနေရသောကြောင့် အပြောသည် အရေးထက်ပို၍အရေးကြီးသည်ဟု ယူဆမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့အကြောင်းကို စာဖြင့် မည်သို့သရုပ်ဖော်ပြောပြတတ်ရန် အရေးအသား သင်ယူထားကြသော်လည်း အပြောက အရေးထက် ပိုမို အရေးကြီးသည်ဟု ဆိုချင်သည်။ ဤသို့ပြောကြားရမည်ဟူသော အချက်သည် အရေးကြီးလှသည်။ MBA ပညာရပ်ဒီဂရီ ယူထားသူများအတွက် အထူး ပြောစရာလိုမည်မထင်ပေ။

●



*Raymond W. Kelly*

## ရေမွန် ဒဗလျူ ကယ်လီ

### ရဲချုပ်၊ နယူးယောက်မြို့တော် ရဲအဖွဲ့

လွန်ခဲ့သော နှစ်ငါးဆယ်အတွင်း Raymond W. Kelly သည် နယူးယောက် စီးတီး၏ အတော်ဆုံး ရဲမင်းကြီးအဖြစ် ထင်ရှားလာခဲ့သည်။ မြို့တော်ဝန် Bloomberg ကလည်း ထိုအတိုင်းပင် ဆိုခဲ့သည်။ ကယ်လီသည် သူ၏ ရဲအဖွဲ့အပေါ် အလွန်အာရုံထားခဲ့ပြီး ပြည်သူ့အကျိုးကို ထမ်းရွက်ခဲ့သည်။ တစ်နေ့တွင် မြို့တော်ဝန်ကြီးပင် ဖြစ်လာနိုင်သည်ဟု ခန့်မှန်းကြသည်။ ကမ်းတက် တပ်ဖွဲ့ဝင်ဟောင်း ကယ်လီက တပ်ဖွဲ့အတွင်း အမှုထမ်းစဉ် သင်ယူ လေ့လာတတ်မြောက်ခဲ့သော အခြေခံသဘောတရားများ အောင်မြင်ရေး အမြော်အမြင်များ ပေါ်ထွန်းလာစေခဲ့သော အခြေခံသဘောတရားများကို ဖော်ပြထားသည်။

---

ရေမွန် ဒဗလျူ ကယ်လီသည် နယူးယောက်မြို့တော် ရဲမင်းကြီးအဖြစ် သက်တမ်း နှစ်ခုခွဲလျက် လုပ်ကိုင်ခွင့်ရခဲ့သော ပထမဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ယခင်က Bear, Stearns & Co. Inc. ခေါ် တစ်ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီလုံခြုံရေးဌာန အုပ်ချုပ်မှု ဒါရိုက်တာ ဖြစ်ခဲ့သည်။ ထိုသို့ မတိုင်မီက အမေရိကန် အထက်လွှတ်တော် ဌာနမင်းကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ် US Treasury Department undersecretary အဖြစ် ထမ်းရွက်ရသည်။ ကယ်လီ သည် နယူးယောက်မြို့တော် ရဲတပ်ဖွဲ့တွင် သုံးဆယ့်တစ်နှစ် အမှုထမ်းခဲ့သည်။ ဌာန ၂၅ မျိုး ကိုင်ခဲ့သည်။ ဗီယက်နမ် စစ်ပြန်တစ်ဦးလည်း ဖြစ်သည်။ နှစ်ပေါင်း သုံးဆယ် စစ်မှုထမ်းခဲ့ပြီး ကမ်းတက်ဗိုလ်မှူးကြီးဘဝမှ အနားယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## မိမိကိုယ်ကို လုံးလုံးလျားလျား နှစ်မြှုပ်ထားပါ

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ သိသင့်သိအပ်သော အချက်အလက်မှန်သမျှကို ကမ်းတက်တပ်ဖွဲ့တွင် စတင်၍ လေ့လာတတ်မြောက်ခဲ့ပါသည်။ အသက်များစွာ ငယ်ရွယ်သေးသည့် အချိန်မှာပင် ကျွန်ုပ်သည် အခြေခံ သက်ဝင်ယုံကြည်မှု အနည်းငယ်နှင့် အခြေခံသဘောတရားများကို တတ်မြောက်ခဲ့ပါသည်။

သင်တို့တွင် သင်တို့၏အလုပ်အကိုင်နှင့်ပတ်သက်၍ ကျင့်ဝတ်စည်းကမ်း နှင့် အသိပညာအတော်များများရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် လုပ်နေရ သည့်အလုပ်ကို အာရုံထားပါ။ ကောင်းစွာ နားလည်တတ်မြောက်ရန် ကြိုးစား လေ့လာပါ။ တည်ကြည်မှုနှင့် စိတ်အားထက်သန်မှုတို့လည်း ရှိဖို့ လိုအပ်သည်ဟု ယူဆမိပါသည်။ မိမိလုပ်နေရသည့်အလုပ်ကို သဘောမကျလျှင် မည်သည့် အောင်မြင်မှုကိုမျှ ရလိမ့်မည်မဟုတ်ပေ။ စိတ်ချမ်းသာစရာလည်း တွေ့လိမ့်မည် မဟုတ်ချေ။ မိမိ လုပ်ကိုင်နေသည့်အလုပ်ကို သဘောကျနေလျှင် အရာရာ အဆင်ပြေလိမ့်မည်။

ကျွန်ုပ်သည် ဘွဲ့လွန်သင်တန်းနှစ်ခု၌ မိန့်ခွန်းပြောဖူးပါသည်။ ငွေအသပြာ အပေါ် များစွာ အထင်ကြီးလွန်းစိတ် မထားကြပါနှင့်ဟု အမြင် ပြောခဲ့မိပါသည်။ ကျွန်ုပ်သည် ငွေအသပြာအပေါ် အခြေပြု၍ မည်သည့် ဆုံးဖြတ်ချက်မျိုးကိုမျှ မချခဲ့ပါ။ ယင်းကဲ့သို့ ငွေကြေးကို ပမာနမထားခဲ့မိ၍လည်း နောင်တ မရခဲ့ပါ။ ထို့ကြောင့် ငွေကြေးအပေါ် အခြေခံ၍ မည်သည့် ဆုံးဖြတ် ချက်မျိုးကိုမျှ မချမိ ပါစေနှင့်။ အမေရိကန်ပြည်ထောင်စုတွင် ငွေအသပြာ ရအောင်လုပ်နိုင်သူ များစွာ ရှိပါသည်။ ကျွန်ုပ်တို့သည် အမြော်အမြင် ကြီးမားသူများနှင့် အခြေခံ သဘောတရား ပြည့်ဝသူ များစွာလိုအပ်ပါသည်။ ငွေကြေးအသပြာ ရှိခြင်းသည် ကောင်းပါ၏။ သို့ရာတွင် ငွေကြေး အသပြာသည် မိမိအတွက် တစ်ခုတည်းသော စေ့ဆော် ဖန်တီးနိုင်မှု စွမ်းအားသက်သက် ဖြစ်နေပေလျှင် မိမိအတွက် ဆုံးရှုံးနစ်နာမှု ရှိသွားနိုင်သည်။



ထို့ကြောင့် လူငယ်များအတွက် အကြံပေးလိုပါသည်။ ကိုယ့်လမ်းကိုယ် ထူးစမ်းလျှောက်လှမ်းပါ။ မိမိ အမှန်တကယ် လုပ်ကိုင်လျှင် နှစ်သက် သဘောကျ စေမည့် အရာကိုရှာပါ။ ထိုအလုပ်တွင် မိမိကိုယ်ကို အပြည့်အဝ မြှုပ်နှံထားပါ။ အဆိုပါ လုပ်ငန်းလမ်းစဉ်သည် အောင်မြင်မှုသို့ ရောက်ရှိစေလိမ့်မည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Leon M. Lederman*

# လီယွန် အမ် လီဒါမင်း

## ၁၉၈၈ ခုနှစ် ရူပဗေဒဆိုင်ရာ နိုဘယ်ဆုရှင်နှင့် Ferm National Accelerator Laboratory ဂုဏ်ထူးဆောင် ညွှန်ကြားရေးမှူး

တစ်စုံတစ်ခုတွင် ထူးချွန်မှုရှိမှ နိုဗယ်ဆုရနိုင်သည်။ Leon M. Lederman သည် နိုဗယ်ဆုရခဲ့သည်။ နိုဗယ်ဆုရပုဂ္ဂိုလ်များ အားလုံးအနက် ဆံပင်အသန်ဆုံးတစ်ဦးလည်း ဖြစ်ပါသည်။ လီဒါမင်းက ဆံပင်များသည် ဖြစ်စေ၊ ပင်ကိုစွမ်းရည် ကောင်းသည်ဖြစ်စေ အရေးမကြီး၊ အောင်မြင်အောင်လုပ်လျှင် အောင်နိုင်သည်ဟု ပြောထားသည်။

---

လီယွန် အမ် လီဒါမင်းသည် ကိုလံဘီယာတက္ကသိုလ်မှ ရူပဗေဒမဟာသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ရခဲ့သည်။ နှစ်ပေါင်း ၃၀ နီးပါး ကိုလံဘီယာတက္ကသိုလ်တွင် ဆက်လက် လေ့လာခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် အီလီနွိုင်ပြည်နယ်၊ ဘာတာဗီးယားမြို့တွင် Fermi National Accelerator Laboratory ပေါ်ပေါက်လာစေခဲ့သည်။ ၁၉၈ ခုနှစ်တွင် သူ့တွဲဘက် Melvin Schwartz, Jack Steinberger တို့နှင့်အတူ ရူပဗေဒဘာသာ (transforming the ghostly neutrino into an active too of research) ဆောင်ရွက်နိုင်ခဲ့မှုအတွက် နိုဗယ်ဆုချီးမြှင့်ခံရသည်။ ၁၉၈၉ ခုနှ တွင် လီဒါမင်းသည် ဖာမီ ဒါရိုက်တာအဖြစ်မှ ဆင်းပေးပြီး ဂုဏ်ထူးဆော ဒါရိုက်တာအဖြစ် ဆောင်ရွက်သည်။ ယခုအခါ အီလီနွိုင် စက်မှုတက္ကသိုလ်တွ Pritzker Professor of Physics အဖြစ် တာဝန်ယူလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

In response to your request, my greatest challenge was to succeed in my chosen profession and passion of research in physics given limited intellectual capabilities.

This is not at all modesty or humility. It is a clear recognition, verified by the mediocre grades received in middle, high school and college and seconded by intimate contact with creative physicists as teachers and colleagues. One would not expect a B (sometimes B+) student to make important discoveries in elementary particle physics. The process of "overcoming" such a formidable handicap involved much hard work, total, obsessive dedication, luck and a few sparks of imagination.

Leon Lederman

www.burmeseclassic.com

www.burmeseclassic.com

## လုံးဝဥဿုံ စိတ်အာရုံဝင်စားမှု

ကျွန်ုပ်၏ အကြီးမားဆုံးစိန်ခေါ်မှုကြီးမှာ ကျွန်ုပ် ရွေးချယ်ထားသော အသက်မွေးမှုလုပ်ငန်းများနှင့် ကန့်သတ်အသိပညာ စွမ်းအားပါရှိသော ရူပဗေဒနှင့်ပတ်သက်၍ စူးစမ်းလေ့လာလိုစိတ် ကြီးမားနေမှုအပေါ် အနိုင်ရရှိရေးဖြစ်သည်။

ဤအချက်သည် မပလွှားတတ်မှု၊ အောက်ကျို့ခံလိုက်မှု လုံးလုံးလျားလျားမဟုတ်ပေ။ ယတိပြတ် အသိအမှတ်ပြု လက်ခံလိုက်ခြင်းသာ ဖြစ်သည်။ ထိုသို့သိမှတ်နိုင်စေရန် အလယ်တန်း၊ အထက်တန်းနှင့် ကောလိပ်ကျောင်းများမှ ရရှိခဲ့သော သာမန်ဉာဏ်ညအဆင့်များက စိစစ်အတည်ပြုပေးသည်။ ဆရာများ၊ ကျောင်းနေဖက်များ စသည့် ဖန်တီးနိုင်သော ရူပဗေဒပညာရှင်များနှင့် တရင်းတနှီးဆက်ဆံခဲ့ရမှုက ထောက်ခံ အားပေးသည်။ ဘီအဆင့် (တစ်ခါတစ်ရံ ဘီ + အဆင့်) ကျောင်းသား အချို့က ရူပဗေဒဆိုင်ရာ အခြေခံအမှန်နှင့်ပတ်သက်၍ အရေးကြီးသော တွေ့ရှိချက်များ ဖော်ထုတ်နိုင်လိမ့်မည်ဟု မည်သူမျှ ထင်မှတ်မိလိမ့်မည် မဟုတ်ပေ။

ယင်းကဲ့သို့ ရှိန်လောက်၊ ဖြုံလောက်သော ချို့ယွင်းအားနည်းမှုအပေါ် ကျော်လွှားအောင်မြင်နိုင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် ကြိုးပမ်းလုပ်ဆောင်မှု၊ လုံးဝဥဿုံ စိတ်အာရုံဝင်စားမှု၊ ကုသိုလ်ကံနှင့် စိတ်ကူးအမြော်အမြင် မြင့်မားတက်ကြွမှုတို့ အကျုံးဝင်လျက် ရှိပေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Dean Kamen*

## ဒင်း ကေမင်

**DEKA Research ဥက္ကဋ္ဌ**

Dean Kamen သည် တီထွင်သူတစ်ဦးဖြစ်သည်။ သို့ရာတွင်
တီထွင်သူများတွင် ရှိနေကျ ခနဲ့တဲ့တဲ့ စိတ်ဓာတ်မျိုး ပါရှိသည်ဟု
ယူဆမိပါသည်။ အချို့က ကေမင်ကို ဝိဇ္ဇာကြီးဟု ခေါ်သည်။ အချို့က
ပေါင်းရသင်းရကျပ်သူဟု ပြောကြသည်။ နှစ်မျိုးစလုံး ဖြစ်တန်ရာသည်။
ဤစာတွင် မိမိရရှိထားသောအချိန်ကို မည်သို့အသုံးချရမည်ကို
မာလိုက် ပျော့လိုက် အကြံပေးစကား အနည်းငယ် ပေးထားသည်။

---

ဒင်း ကေမင်သည် DEKA Research & Development Corporation ဥက္ကဋ္ဌ ဖြစ်သည်။ တီထွင်သူ၊ ရူပဗေဒပညာရှင်၊ စွန့်ဦးတီထွင် စီးပွားရေး လုပ်ငန်းရှင် တစ်ဦးအဖြစ် လူတို့၏ ဘ၀ကောင်းစားရေး နည်းပညာများအပေါ် အာရုံစူးစိုက် ဖော်ထုတ်ပေးခဲ့သည်။ သူ၏ ဆေးပညာဆိုင်ရာ အောင်မြင်မှုကြီးများတွင် သယ်ဆောင်ရလွယ်သော Home Choice (ကျောက်ကပ်မှ ရေပိုနှင့် အညစ်အကြေး သန့်စင်စက်) ပါဝင်သည်။ အဆိုပါစက်ကို Baxter Healthcare မှ ဈေးကွက်တင်ခဲ့သည်။ IBOT 4000 Mobility System (ဂျွန်ဆင် အင်ဂျွန်ဆင် အတွက် တီထွင်ပေးခဲ့သော) Mobility Aid လည်း ပါဝင်သည်။ ကေမင်သည် Segway Human Transporter ယာဉ် တီထွင်ခဲ့သူလည်းဖြစ်သည်။ National Academy of Engineering အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် ကေမင်ကို National Inventors Hall of Fame တွင် ထည့်သွင်း ပြသခဲ့သည်။





သင့်အတွက် ဘာအရေးကြီးဆုံးလဲ တွက်ချက်ကြည့်ပါ။ မည်သည့်အရာသည် အရေးကြီးသည်။ မည်သည့်အရာသည် အရေးမကြီး။ မည်သည့်အရာသည် မှန်သည်။ မည်သည့်အရာသည် မှားသည်။ မည်သည့်အရာသည် လိုက်လံရှာဖွေထိုက်သည်။ မည်သည့်အရာသည် အာရုံနှောင့်ယှက်ခံရမှုသာ ဖြစ်သည်ဟူ၍ အရွယ်ရောက်ပြီးသူများကသာ အဆုံးအဖြတ်ကောင်းကောင်း ပေးနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် အရွယ်ရောက်ပြီးသူတို့သာ ခွဲခြားနိုင်စွမ်းရှိသည်။ လူငယ်များအတွက် ကမ္ဘာလောကကြီးသည် မည်သည့်အရာသည် အရေးကြီးကြောင်း ပြသနိုင်သည့် လမ်းညွှန်မြေပုံကို ပေးထားသည်။

လေ့လာသင်ယူမှုသည် အလွန်ပင် တစ်ဦးတစ်ယောက်ချင်းနှင့်သာ သက်ဆိုင်သည်ဟုဆိုသည်။ အလုပ်လုပ်ရင်း စာဖတ်ရင်း၊ ထိုစာအုပ်ကို ပြန်ဖတ်ရင်း၊ အလုပ်ကြိုးစားလုပ်ရင်း လေ့လာသင်ယူရသည်။ ဘောလုံးပွဲ၊ ဘတ်စကက်ဘောပွဲကို တစ်နေကုန် ထိုင်ကြည့်နိုင်သည်။ သို့ရာတွင် မိမိကိုယ်တိုင် အားကစားတော်ရန် ကိုယ်တိုင်ဝင်လုပ်ကြည့်မှဖြစ်လိမ့်မည်။ ထိုနည်းတူစွာပင် စိတ်အင်အားတိုးပွားစေလိုလျှင် စိတ်ကို အလုပ်ပေးမှဖြစ်နိုင်သည်။ မည်သူကမျှ ဝင်လုပ်မပေးနိုင်။ မိမိ လိုချင် ဖြစ်ချင်ရာကို ရအောင် မကြိုးစားလျှင်လည်း ဘယ်သူ့ကိုမျှ အပြစ်တင်၍မရနိုင်ပေ။ လူငယ်များကိုပြောပါမည်။ ကျစ်လျစ်ခိုင်မာသော လက်တွေ့ဘ၀ကို ပြောပါမည်။ သင်သည် ဘာကိစ္စအတွက်မှ မိဘများ၊ ဆရာများ သို့မဟုတ် အစိုးရအပေါ် အပြစ်မတင်နိုင်ပါ။ မှန်ထဲကို ကြည့်ပြီး မညည်းညူနှင့်။ သင်သည် အနာဂတ်အတွက် ပြင်ဆင်ရင်း နေ့တစ်နေ့စီကို လိမ္မာရေးခြားရှိစွာ ကုန်ဆုံးသွားစေရန် ရွေးချယ်လိုလျှင် ရွေးချယ်လိမ့်မည်။ မရွေးဘဲ နေချင်လည်း နေလိမ့်မည်။ အမေရိကန်ကလေးငယ်တိုင်းတွင် စာအုပ် ကိုယ်စီရှိ၏။ ကွန်ပျူတာတော့ မရှိဘူး၊ အခြား ကိရိယာတန်ဆာပလာများလည်း မရှိဘူး ဆိုပါတော့။ ကျွန်ုပ်ကို မပြောပါနှင့်။ အောင်မြင်မှုသည် ရတောင့်ရခဲအရာ ဖြစ်သည်။ စိတ်ပျက်စရာ ကောင်းလှသည်။ သို့ရာတွင် အောင်မြင်မှုရအောင် ကြိုးစားရကျိုးနပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ချီးမြှောက်ခံရမည့်ဇာတာ ပါ မလာပါ

ရုပ်ရှင်ဒါရိုက်တာ မင်းသား Woody Allen က သူ၏ ဇာတ်ကားတစ်ကားတွင် 'ခင်ဗျားတို့ သိတဲ့အတိုင်း၊ လူ့ဘဝ ၉၀ ရာခိုင်နှုန်းဟာ သူ့ဘာသာ ဖြစ်ချင်လို့ ဖြစ်လာနေတာပဲ' ဟု ပြောခဲ့သည်။ ကျွန်ုပ်သည် လူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အလုပ်ခွင် ကျင့်ဝတ်များအကြောင်း ပြောဆိုတိုင်း ထိုစကားစုကို သွားရောက် အမှတ်ရမိသည်။ မိမိတို့အများစုမှာ ဘယ်သူကမျှ လာရောက် ချီးမြှောက်ခံရမည့် ကံဇာတာ မပါရှိကြသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ထဲမှ အချို့သည် ဖန်တီးလုပ်ဆောင်နိုင်မှု ပင်ကိုစွမ်းရည် ပါရှိလာတတ်သည်။ ကျွန်ုပ်တို့အများစုမှာ ကျွန်ုပ်တို့ ဘာကိုပင်လုပ်လုပ် နဖူးကချွေး ခြေမအထိ ကျရတတ်သည်။ ထို့ကြောင့် အကြံပြုလိုက်ပါသည်။ ရည်မှန်းချက် ကိုယ်စီထားပြီး ထိုရည်မှန်းချက်အပေါ် အာရုံစူးစိုက် လုပ်ကိုင်သင့်သည်။ ဤသို့သော ရည်မှန်းချက်များကို စွဲစွဲမြဲမြဲ ဖော်ဆောင်ပါ။ ယင်းသို့ လုပ်ဆောင်နိုင်ခြင်းသည် မိမိ၏ ရည်မှန်းချက်အောင်မြင်ရေး ပုံသေနည်းကောင်း တစ်ခုပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် ရောက်ရှိနေကြသည့် အသက်နှစ်ဆယ်အရွယ် လူငယ်လူရွယ်များသည် ကျွန်ုပ်တို့ မွေးဖွားရောက်ရှိနေခဲ့သည့် ကမ္ဘာကြီးမှာထက် ပိုမို၍ ရှုပ်ထွေးခက်ခဲမှုများများနှင့် ရင်ဆိုင်နေကြရသည်။ သူတို့သည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော လူ့ဝန်းကျင် စီးပွားရေးလောက၊ စီးပွားရေး ဈေးကွက်ထဲသို့ ရောက်ရှိနေကြရသည်။ နောက်ပြီး သူတို့သည် ဘေးချင်းကပ် အိမ်ကလူနှင့် ယှဉ်ပြိုင်နေရခြင်း မဟုတ်ပေ။ ကမ္ဘာကြီးတစ်ခုလုံးနှင့် ယှဉ်ပြိုင်နေရခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့ အကောင်းဆုံး အတော်ဆုံးတွေ ဖြစ်နေဖို့ အရေးကြီးသည်။



မျက်မှောက်ကမ္ဘာကြီးသည် ရှေးကနှင့် မတူတော့ပေ။ အကောင်းဆုံး အတော်ဆုံးနှင့် အရည်အသွေး ပိုမို တောက်ပ ထက်မြက်လျက် ရှိသောကြောင့် ဖြစ်သည်။ ယှဉ်ပြိုင်ပွဲကြီးသည် အမေရိကန်ပြည်ထောင်စုအတွင်း၌ မဟုတ်ပေ။ အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် အာရှတို့တွင် ယှဉ်ပြိုင်နေရသည်။ ဤမြေကမ္ဘာကြီးတစ်ခုလုံးတွင် ယှဉ်ပြိုင်နေရခြင်း ဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းများ လုပ်ဆောင်ရာတွင် အောင်မြင်ရေးထက် အများထက် ပိုမိုသာလွန် ကောင်းမွန်ဖို့ အရေးပိုကြီးသည်။ တစ်နည်းဆိုရလျှင် ဒစ်ဂျစ်တယ် ခေတ်ကြီးသည် လူတိုင်းအတွက် ဧရာမ အခွင့်အလမ်းကြီးများ ပေးအပ်လျက်ရှိသည်။ ဆက်သွယ်ရေး နည်းလမ်းသစ်များတိုလည်း ပေးအပ်လျက်ရှိသည်။ အရာရာ အံ့သြကုန်နိုင်ဖွယ်ပင်။

●



www.burmeseclassic.com

www.burmeseclassic.com

အခြေခံအားဖြင့် သင်ကြိုက်ရာ သင်ရွေးချယ်လိုက်သည်။ အဆုံးပိုင်းတွင် မိမိ ရွေးချယ်မိမှုကြောင့် ပေးဆပ်ရလိမ့်မည်။ သို့မဟုတ် အကျိုးခံစားခွင့် ရလိမ့်မည်။ ကျွန်ုပ်သည် ကျောင်းများသို့ရောက်လျှင် ကလေးသူငယ်များအား အမေရိကန်ပြည်ကြီး မည်မျှကောင်းကြောင်း ပြောပြမိသည်။ သင့်အနေဖြင့် ရွေးချယ်နိုင်သည်။ ပျော်ပျော်ကြီး နေနိုင်သည်။ သို့ရာတွင် အနာဂတ်အရေးကို အထိခိုက်ခံလျက် အပျော်လွန်သွားလျှင်မူ ကိုယ့်မိုက်ပြစ်ကိုယ်ဆပ်ရလိမ့်မည်။ ထိုအရာသည် သင်၏ ရွေးချယ်မှုဖြစ်သည်။ စီးပွားရေးအတွက် မဟုတ်ဘဲ ဝါသနာပါ၍လုပ်သောအလုပ်သည် ပျော်စရာကောင်းတတ်ပါသည်။ ကလေး သူငယ်များသည် အားကစား လုပ်နိုင်သည်။ မိမိတို့ကိုယ်ကို မိမိတို့ စိတ်ပျော်ရွှင်အောင် လုပ်နိုင်သည်။ ဤအချက်များသည် ကျွန်ုပ်တို့အတွက် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုအတွက် ကျွန်ုပ်တို့၏ နိုင်ငံများ၊ ကျွန်ုပ်တို့၏ ကမ္ဘာလောကကြီးအတွက် အရေးကြီးလှသည်။ နည်းနည်းကလေးလောက် ပျော်အောင် မလုပ်နိုင်ဘူးလား။ မလုပ်နိုင်လျှင် လူဖြစ်ရကျိုးနည်းလိမ့်မည်။ ကမ္ဘာလောကကြီးသည် စိတ်ပျက်စရာနေရာကြီး တစ်ခုအဖြစ် စခန်းသိမ်း သွားနိုင်သည်။

●



*Richard S. Le Frak*

## ရစ်ချတ် အက်စ် လီ ဖရက်

**Le Frak Organization ချယ်ယာမင်၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်**

Richard S. Le Frak သည် တစ်သက်လုံး အိမ်ခြံမြေလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လာခဲ့သည်။ လီဖရက် အဖွဲ့အစည်းသည် နယူးယောက် မြို့တော်ဒေသ အတော်များများ၌ အဆောက်အအုံများစွာ ပိုင်ဆိုင်ထားသည်။ 'အအောင်မြင်ဆုံး တိတ်တိတ်ဆိတ်ဆိတ် မြေပိုင်ရှင်ကြီး' ဟု လူသိများခဲ့သည်။ ဒေါ်နယ်ထရမ့်အကြောင်း ဖတ်ဖူး ကြားဖူးသူပေါများသည်။ လီဖရက်ကမူ ကန့်လန့်ကာ နောက်ကွယ်မှ လှုပ်ရှားခဲ့သည်။ ဤနည်းဖြင့် ငွေကြေးသန်းပေါင်းများစွာ ရခဲ့သည်။ ဤစာထဲတွင် လီဖရက်က အများက လာပြီး ချီးမြှောက်ခံရကိန်း မရှိသူ အများစု ဖြစ်နေကြောင်း၊ ထို့ကြောင့် မိမိတို့၏ ရည်မှန်းချက် ရောက်အောင် မဆုတ်မနစ် ကြိုးပမ်းအားထုတ်ခြင်းဖြင့် အောင်ပွဲခံနိုင်ကြောင်း ဆွေးနွေးထားသည်။

---

ရစ်ချတ် အက်စ် လီ ဖရက်သည် Le Frak Organization ၏ ဥက္ကဋ္ဌ၊ ချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သည်။ လီ ဖရက် ကုမ္ပဏီကို ၁၉၀၁ ခုနှစ်တွင် သူ့အဘိုးက တည်ထောင်ခဲ့သည်။ အဆိုပါကုမ္ပဏီသည် နေအိမ်များ၊ စီးပွားရေးအချက်အချာ အိမ်ခြံမြေများ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ထင်ရှားသည်။ ရေနံ၊ ဓာတ်ငွေ့ထုတ်ဖော်ရေးနှင့် ငွေကြေးမြှုပ်နှံမှုကိစ္စများအတွက်လည်း လုပ်ဆောင်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

*Gary Mirabelk*

## ဂယ်ရီ မီရာဘဲလ်

### ရုပ်တုပညာရှင် Stricoff Gallery

Gary Mirabelk သည် လူနှင့်ရွယ်တူ တကယ့်အဝတ်အစားဝတ် ရုပ်တုများ ထုလုပ်မှုလုပ်ငန်းကြောင့် ထင်ရှားသည်။ အံ့စရာ လက်ရာများဖြစ်သည်။ ယခုအခါ ကြေးညိုရုပ်တုငယ်များ ဆက်လက်သွန်းလုပ်လျက်ရှိသည်။ သူ့ ဓာတ်ပုံများလည်း ရိုက်ကူးခဲ့ရာ သူ၏ ရုပ်တုများနည်းတူ အံ့စရာကောင်းလှ သည်။ ဤစာတွင် မီရာဘဲလ်က အနုပညာသည် ငွေကြေးအရ မက်မောစရာ မရှိတတ်ကြောင်း၊ သို့ရာတွင် ဝါသနာသက်သက် လုပ်ငန်းအဖြစ် သဘောထားပြီး စူးစူးစိုက်စိုက် လုပ်ဆောင်ခဲ့လျှင် ပင်ပန်းရကျိုးနပ် စေနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ထိုအသိပညာကိုပင် အခြား လုပ်ငန်းနယ်ပယ်များတွင် အသုံးပြုနိုင်သည်။

---

ပုံမှန် အနုပညာ သင်ယူလေ့ကျင့်ခဲ့ပြီးနောက် ဂယ်ရီ မီရာဘဲလ်သည် နွံ့စေးရုပ် ကလေးများကို ပုံသွန်းသည်။ ဗိသုကာလက်ရာ ပြန်လည်ထိန်းသိမ်းရေး ကုမ္ပဏီ တစ်ခုတွင် ရုပ်တုဌာနဦးစီးအဖြစ် ဆောင်ရွက်သည်။ တစ်ဖက်ကလည်း အကုန် အကျနည်းနည်း ရုပ်ရှင်ဇာတ်ကားများအတွက် အထူးပြုလုပ်ချက်များ စီစဉ်ပေး သည်။ မီရာဘဲလ်၏ လက်ရာများကို Photo-realism ဟူ၍ လည်းကောင်း hyper realism ဟူ၍ လည်းကောင်း အမည် ပေးခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ သူ၏ ထိုးထွင်းသိမြင်တတ်မှု၊ ခန့်တဲ့တဲ့ စိတ်ဓာတ်တို့ကြောင့် သူ့လက်ရာများ အများနှင့်မတူအောင် ထူးခြားနေခြင်းဖြစ်သည်။ မီရာဘဲလ်သည် ရုပ်တုများကို ပထမဆုံး မြေစေးဖြင့် ပုံစံငယ် လုပ်သည်။ နောက်မှ ကော်စေးဖြင့် ပုံသွန်းသည်။ ယခုအခါ Tribeca Studio တွင် အချိန်ပြည့် ရုပ်လုံးပညာရှင်အဖြစ် ရာသက်ပန် ပျော်မွေ့နေထိုင်လျက်ရှိသည်။



## လွန်လွန်မင်းမင်း စူးစိုက် နှစ်မြုပ်ထားခြင်း

လူငယ်တစ်ဦးဦးက မိမိသည် အနုပညာဖြင့် ဝင်ငွေရှာရန်စဉ်းစားနေပါသည်ဟု ဆိုလာခဲ့လျှင် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော အခြေအနေမျိုးများနှင့် ရင်ဆိုင်ရဖွယ် ရှိကြောင်း အကြံပြုလိုပါသည်။ မိမိဘဝရပ်တည်နိုင်ရေးအတွက် အလုပ် အမျိုးမျိုး လုပ်ကိုင် စားသောက်ရဖွယ်ရှိသည်။ ကျွန်ုပ်သည် ကံကောင်းသည်။ သူတစ်ပါး အတွက် ရုပ်တုများ နှစ်ပေါင်းများစွာ လုပ်ကိုင်ပေးခဲ့ပြီး မိမိ ကိုယ်ပိုင် အနုပညာသည် တစ်ဦးဖြစ်လာရန် အသွင်ပြောင်းနိုင်ခဲ့သည်။ သို့ရာတွင် မိမိတို့အတွက် ကံကောင်း စေနိုင်သော အကြောင်းတရားနှင့် အချိန်ကိုက် ဖြစ်နေဖို့ လိုအပ်သည်။ မိမိ တတ်ကျွမ်းမှုများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမည်။ ယင်းသို့ လုပ်ကိုင်ရာတွင် အလွန်အမင်း မိမိကိုယ်ကို စူးစိုက် နှစ်မြုပ်ထားရမည်။ အချိန်ပေါင်း များစွာ ကြာလာသည်နှင့်မျှ တန်ဖိုး ပိုမိုကြီးမားလာတတ်သည်။ ကျွန်ုပ်သည် ပန်းချီဆရာ တစ်ဦးအဖြစ်ဖြင့် စတင် အသက်မမွေးခဲ့ပေ။ အသက်လေးဆယ် အရွယ်ရောက်မှ ပန်းချီဖြင့် ထမင်းစားခဲ့သည်။ ကျွန်ုပ်သည် ပညာ ကောင်းစွာ တတ်မြောက်ပါ သည်။ သို့ရာတွင် ပန်းချီဆရာဖြစ်လာရန် အချိန်များစွာ စောင့်လာခဲ့ရသည်။ အခြား လုပ်ငန်းနယ်ပယ်တွင်သာ ထိုစဉ်က ဝင်ရောက် လုပ်ကိုင်ပါက ဝင်ငွေ ကောင်းကောင်း ရနိုင်ပါသည်။ ထို့ကြောင့် ထိုအခြေအနေမျိုးကို သဘောကျမိ လိမ့်မည်။ ငွေအသပြာသည် မိမိ ထိုအလုပ်ကို ဘာကြောင့်လုပ်ရသည် ဟူသော အချက်အတွက် ဆင့်ပွား အစိတ်အပိုင်းလောက်သာ ဖြစ်နိုင်လောက်သည်။ ငွေများများရလာခဲ့ လျှင် သိပ်ကောင်း၏။ မရခဲ့လျှင်မူ အပျော်လုပ်ငန်း သက်သက်သဘောကို ဆောင်သွားလိမ့်မည်။

သင်တို့ လေ့ကျင့်သင်ကြားပြီး ဖြစ်နေဖို့ အကြံပြုလိုသည်။ မိမိ၏ အခြေခံ အုတ်မြစ် ခိုင်မာစေရေးအတွက် အနုပညာနှင့် ပတ်သက်သည့် ပညာရေး ကောင်းကောင်း တတ်ထားဖို့လိုသည် ဟူသော အချက်သည် အကြောင်းယုတ္တိ ခိုင်လုံသည်။ မိမိအနေဖြင့် ကောင်းစွာ လေ့ကျင့် တတ်မြောက်ခဲ့လျှင် အခြား ပန်းချီအလုပ် သို့မဟုတ် စီးပွားရေးနယ်ပယ်ထဲမှ အလုပ်တစ်ခုခုကို သွားရောက်



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်နိုင်သည်။ ထိုသို့ လုပ်ကြည့်လျှင် မိမိ၏ ပန်းချီပညာ ကျွမ်းကျင်မှုကို ဖော်ထုတ် နိုင်လိမ့်မည်။ ထင်ရှားသည့် အချက်တစ်ရပ်မှာ ပန်းချီဆရာတစ်ယောက် ဖြစ်ချင်သည်ဆိုလျှင် သာမန်ရုံးအလုပ်မျိုးကို စိတ်ဝင်စားတော့မည် မဟုတ်ပေ။ အကယ်၍ မဂ္ဂဇင်းတစ်စောင်အတွက် ဂရပ်ဖစ် ပညာရှင်အဖြစ် သို့မဟုတ် မိမိ စွမ်းရည်ကို ဖော်ထုတ် ပြသနိုင်သည့် ပညာရှင်အဖြစ် လုပ်ကိုင်မည်ဆိုလျှင် လုပ်သင့်သည့် အလုပ်မျိုးဖြစ်သည်။ မိမိ၏ ပညာစွမ်းရည်နှင့် စပ်ဆိုင်သမျှ စိုက်လိုက်မတ်တပ်လုပ်ပါ။ ရှေ့သို့တိုးသွားပါ။

သင်၏ ရည်မှန်းချက်မှာ မိမိ၏ ပန်းချီပုံများကို ပန်းချီပြခန်းကြီးအတွင်း ချိတ်ဆွဲပြသထားနိုင်ရေး ဖြစ်သည်။ သင့်လက်ရာများကို စုထားပါ။ တစ်စု တစ်ဝေးကြီး စုထားနိုင်ရန် အချိန်များစွာ ကြာတတ်ပါသည်။ သင့်အနေဖြင့် သူများထက်ထူးရန် လိုအပ်သည်။ ထင်ရှားနေအောင်လုပ်ရမည်။ ဆက်၍ ဆက်၍ လုပ်သွားရမည်။ တက်ကြွရှင်သန်နေဖို့လည်း လိုသည်။ ပန်းချီဆရာအချို့က မိမိ လက်စွမ်းပြရုံသက်သက် ရေးနေသည်။ အချို့က ဇွတ်တွန်း ရောင်းထုတ်ဖို့ ရေးဆွဲနေကြသည်။ ပန်းချီဆရာအချို့က မိမိကိုယ်ကို မိမိ မြှင့်တင်ပေးရာတွင် တော်ကြသည်။ သူတို့၏ ကျွမ်းကျင်မှု ဖြစ်သည်။ သူတို့သည် စီးပွားရေး အခွင့်အလမ်း ဖန်တီးလုပ်ကိုင်တတ်သည်။ အချို့က တော်ရုံ တော်သည်။ သူတို့၏ လက်ရာကို မြင်လျှင် တအံ့တသြ ဖြစ်မိလောက်သည်။

မိမိ၏လက်ရာများ ရောင်း၍မစွံလျှင် အခြေအနေတစ်မျိုးသို့ ရောက်သွားတတ်သည်။ ပန်းချီပြခန်းအချို့ကိုပင် လက်လွတ်သွားနိုင်သည်။ ဝန်ဆောင်ခ လည်း ရချင်မှ ရမည်။ အရေးကြီးသည့်အလုပ် ဆက်လုပ်နေဖို့ပင် ဖြစ်သည်။ မိမိ၏ အလုပ်တာဝန်က အမြဲ ရှိနေသည်။ နောက်ထပ် အနုပညာမြောက် လက်ရာများ ဖန်တီးပေးရလိမ့်မည်။ ဆိုလိုသည်မှာ ဤသို့ပင် ဖြစ်သည်။ ကျွန်ုပ် ငယ်ရွယ်စဉ်က ကိုယ်ပိုင်စတူဒီယို မရှိသေးပါ။ ထိုစဉ်က အလုပ် လုပ်ချင်လျှင် ကျွန်ုပ်၏တိုက်ခန်းရှိ အိပ်ခန်းထဲဝင်ပြီး လုပ်စရာရှိသမျှ လုပ်ရသည်။ ကျွန်ုပ်သည် ဘယ်လိုရုပ်တုမျိုး ဖန်တီးလျှင် ကောင်းမလဲ ဟူ၍သာ အမြဲ တွေးနေ စိတ်ကူးနေ တတ်သည်။ အနုပညာ လက်ရာများအကြောင်းပဲ ရှိသည်။ ထိုလက်ရာများ ဖော်ထုတ်နိုင်ရန် နည်းလမ်းကလည်း ရှိနေသည်။ မိမိ၏ ပိုင်ဆိုင်ရာ နယ်ပယ် အတွင်း မိမိ ရှိသမျှဖြင့် လုပ်ကိုင်ပါ။ နေရာကျယ်ကျယ် မရနိုင်ဘူးလား။ နေရာ ကျဉ်းကျဉ်းကလေးတွင် ရအောင်လုပ်ပါ။

မိမိတကယ်စိတ်ဝင်စားစရာများကိုသာ လုပ်ကိုင်ပါ။ အစကတည်းကပင် ကျွန်ုပ်သည် ဂန္ထဝင်ပညာရှင်တစ်ဦး မဖြစ်ဖြစ်အောင် အားထုတ်လုပ်ကိုင်ခဲ့သည်။ သို့ရာတွင် တစ်ဖက်ကလည်း ဟာသမြောက်သော ရုပ်တုများ သွန်းလုပ်ချင်မြန် သည်။ ကျွန်ုပ် မွေးဖွားကြီးပြင်းလာခဲ့ရသော ပေါ့ပ်ယဉ်ကျေးမှု အစိတ်အပိုင်း တစ်ရပ် ဖြစ်ပုံရပါသည်။ ၁၉၉၀ ပြည့်လွန်နှစ် စောစောပိုင်းတွင် Red Grooms ကဲ့သို့သော ပန်းချီပညာရှင်များကို တွေ့ခဲ့ရသည်။ ဂရွန်းစ်က Comic Realism ကို ဖန်တီးတတ်သည်။ Dwayne Hanson ကမူ hyper realism များကို ဖန်တီး တတ်သည်။ သူတို့လက်ရာများကို သဘောကျမိသည်။ ထိုစဉ်က အဆိုပါ လက်ရာမျိုး လုပ်နိုင်ရန် လမ်းပွင့်လျက်ရှိသည်။ ကျွန်ုပ် စီးပွားရေးအကွက်အကွင်းကို သွားတွေ့ သည်။ ထိုစဉ်က မည်သူမျှမလုပ်သေးသော လူအရွယ်ရုပ်တုများ ဖန်တီး လုပ်ဆောင် နိုင်ကြောင်း သတိပြုမိသည်။ ကျွန်ုပ်၏ လက်ရာများသည် အထက်ပါ ပန်းချီဆရာ နှစ်ဦး၏ကြားတွင် ကျရောက်နေပါသည်။ Hyper realistic ဆန်ဆန် ရုပ်တု တစ်စိတ်တစ်ပိုင်းမျိုးလောက်သာ ဖြစ်သည်။ ရက်ဒ်ဂရွန်းစ် ကဲ့သို့လည်း ကာတွန်း မဆန်လှပေ။ ထိုလက်ရာမျိုး ပြုလုပ်ရန်မှာ မည်သူမျှမလုပ်ကြသေးသော ကြား ကာလကြီးဖြစ်လျက်ရှိသည်။ ထို့ကြောင့် ထိုသို့လုပ်ဆောင်ရန် အခွင့်ကောင်း အခြေအနေကောင်းဖြစ်ကြောင်း ထင်ရှားသည်။ လုပ်ကြည့်၏။ ဟန်ကျသွားသည်။ ကျွန်ုပ် အံ့သြသွားမိသည်။ Halloween makeup (တစ္ဆေကြီးပွဲ မျက်နှာဖုံးမျိုးများ) ရုပ်မျိုးများဖြင့် စတင် အောင်မြင်သွားသည်။ တစ်ခုပြီးတစ်ခု ဆက်တိုက် လုပ်ကြည့် သည်။ ဟန်ကျသွားသည်။ နောက်တစ်ချက်မှာ ကျွန်ုပ် အောင်မြင်လိုလျှင် ဘာတွေ ဘယ်လိုလုပ်ရမည်ကို သဘောပေါက် သွားခဲ့ခြင်းပင် ဖြစ်သည်။

●



www.burmeseclassic.com

ကောင်းရာညွှန်သူများနှင့်
စံနမူနာထားထိုက်သူများ

www.burmeseclassic.com

*Josef Ackermann*

## ဂျိုးဇက် အက်ကာမင်

**Deutsche Bank အမှုဆောင်အရာရှိချုပ်၊ ချယ်ယာမင်နှင့် ညွှန်ကြားရေးမှူး**

Josef Ackermann သည် Deutsche ဘဏ်လုပ်ငန်းများကို ယေဘုယျ ဂျာမန်ဘဏ်ဘဝမှ နိုင်ငံတကာ ငွေကြေး အဆောက်အအုံကြီးအဖြစ် ဦးတည်ချက်ပြောင်းပေးခဲ့သည်။ ထိုသို့ ပြောင်းလဲသွားနိုင်ရန် အေးအေးဆေးဆေး လူမှုဆက်ဆံရေးပရိယာယ် သုံးခဲ့သည်။ စိတ်ခတ်ခိုင်ခိုင်ဖြင့် လုပ်ဆောင်ပေးခဲ့သည်။ သူ၏ အကြံပေးချက်အရ စိန်ခေါ်မှုများ၊ အာရုံပျက်စရာများ၊ အပြောင်းအလဲများနှင့် ရင်ဆိုင်ရချိန်မျိုးတွင် ကျွန်ုပ်တို့သည် အာရုံပြောင်းမသွားစေရေးအတွက် ကောင်းရာညွှန်ပြသူ (mentor) များနှင့် သူတစ်ပါးအား ကောင်းရာညွှန်ပြမှု နည်းလမ်းများကို အသုံးပြုသင့်သည်။

---

ဂျိုးဇက် အက်ကာမင်သည် Deutsche Bank AE တွင် အမှုဆောင်အရာရှိချုပ် အဖြစ် ထမ်းရွက်သည်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဘဏ် စီမံအုပ်ချုပ်မှုဘုတ်အဖွဲ့ ချယ်ယာမင် ဖြစ်လာသည်။ Deutsche Bank တွင် တာဝန်မထမ်းဆောင်မီ Credit Suisse တွင် လုပ်ကိုင်ခဲ့သည်။ အက်ကာမင် သည် Deutsche Bank တွင် သမားရိုးကျအုပ်ချုပ်မှုပုံစံမှ အစုရှယ်ယာဝင်သူ များ၏ လိုအပ်မှုကို အလေးဂရုပြုပြီး နိုင်ငံတကာအထိ တိုးချဲ့လုပ်ကိုင်ရန် ပြောင်းလဲ လုပ်ကိုင်ပေးခဲ့၍ ထင်ရှားကျော်ကြားခဲ့သည်။ ဂျာမနီနိုင်ငံ၏ ငွေကြေး လုပ်ငန်းတွင် ဩဇာအကြီးမားဆုံး ပုဂ္ဂိုလ်များစွာအနက် တစ်ဦးဖြစ်လာသည်။



## အာရုံ မများစေနှင့်

သင်၏ ရည်မှန်းချက်များနှင့် ပတ်သက်၍ အာရုံစူးစိုက် လုပ်ကိုင်ပါ။ အာရုံ မများပါနှင့်။ ဝေဖန်ခံရမှုမှ လေ့လာသင်ယူပါ။ ဝေဖန်ခံရ၍ အာရုံပြောင်းမသွား စေနှင့်။ အရှိန် မလျှော့လိုက်ပါနှင့်။ ဆုံးဖြတ်ချက်များ ချပြီး မဟာဗျူဟာ ဦးတည်ချက် ပြောင်းလဲ လမ်းညွှန်ပြမည့် ကောင်းရာညွှန်ပြသူတစ်ဦးကို ရှာပါ။ ဖြစ်နိုင်လျှင် မိမိကိုယ်တိုင် ကောင်းရာညွှန်ပြသူ ဖြစ်ပါစေ။ မိမိ၏ စိတ်ဝင်စားမှု များ၊ စွမ်းရည်များနှင့် လုပ်ငန်းခွင်ကျင့်ဝတ် ကိုက်ညီမည့် သက်မွေးမှုလုပ်ငန်း (career) တစ်ခုကို ရှာဖွေပါ။ အောင်မြင်မှု ရနိုင်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

*Warren M. Washington*

## ဝါရင် အမ် ဝါရှင်တန်

**National Center for Atmospheric Research**

သိပ္ပံနှင့် စက်မှုပညာသည် Warren M. Washington ၏ ပညာရပ်နယ်ပယ်ဖြစ်သည်။ ယခုအခါ ထိပ်တန်းသိပ္ပံပညာရှင်တစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။ သူ့ပညာရပ်နယ်ပယ်အတွက် equations, formulae နှင့် theories တို့နှင့်ပတ်သက်၍ သိမြင် နှံ့စပ်ကျွမ်းကျင်လှသော ဝါရှင်တန်သည် သူ့နယ်ပယ်များအတွင်း pioneers များ အကြောင်းကိုလည်း ကောင်းကောင်း နားလည်သည်။ မိမိ ရွေးချယ်လိုက်သောလမ်းကြောင်းကို ကြိုးမားစွာ ရှေ့ဆောင်ကူညီခဲ့ကြသူများက မိမိတို့အတွက် အောင်မြင်မှု စံနမူကို ပြသနိုင်လိမ့်မည်ဟု ဆိုသည်။

---

ဝါရင် အမ် ဝါရှင်တန်သည် ထိပ်တန်းသိပ္ပံပညာရှင်တစ်ဦးဖြစ်သည်။ National Center for Atmospheric Research (NCAR) ၏ Climate and Global Dynamics Division, Climate Change Research Section အကြီးအကဲ ဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် American Meteorological Society (AMS) အဖွဲ့ ဥက္ကဋ္ဌရာထူးဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၉၅ ခုနှစ် မေလတွင် သမ္မတကလင်တန်က National Science Board တွင် ခြောက်နှစ်သက်တမ်း ထမ်းဆောင်စေခဲ့သည်။ ထိုဘုတ်အဖွဲ့သည် National Service Foundation ကို ကြီးကြပ်သည်။ သိပ္ပံရေးရာကိစ္စများကို Executive Branch နှင့် ကွန်ဂရက်သို့ အကြံပေးရသည်။ ဝါရှင်တန်သည် အဆိုပါဘုတ်အဖွဲ့ ချယ်ယာမင်အဖြစ် ၂၀၀၂ ခုနှစ် မှ ၂၀၀၆ ခုနှစ်အထိ တာဝန်ယူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

National Center for Atmospheric Research
Climate Change Research Section • Climate and Global Dynamics Division

The greatest challenge that I had to overcome was to convince myself that I could become a scientist. there are many great men and women of science and as a young boy I did not know if that was possible for me. I was greatly helped by reading stories about famous scientists and engineers such as Albert Einstein and George Washington Carver. Reading these stories showed me that many of them came from ordinary families and that they had normal childhoods. Also, many of them had difficult times sometimes with school. they all showed desire for hard work and at times had to overcome personal challenges. My suggestion to young people is that not only should they read about the history of science and engineering, but that they should read about the lives of those that have made contributions to these fields.

Warren M. Washington

www.burmeseclassic.com

www.burmeseclassic.com

## ကျော်ကြားခဲ့သူများ၏ ဘဝအကြောင်း ဖတ်ရှုပါ

ကျွန်ုပ် ကျော်နှင်း အောင်မြင်အောင်လုပ်ရမည့် အကြီးမားဆုံး စိန်ခေါ်မှုမှာ ကျွန်ုပ်သည် သိပ္ပံပညာရှင်တစ်ဦး ဖြစ်လာနိုင်သည်ဟု မိမိကိုယ်ကို မိမိ အသိပေးရေးဖြစ်သည်။ သိပ္ပံပညာနှင့်ပတ်သက်၍ အမျိုးသား၊ အမျိုးသမီး ကြီးကျယ်ထင်ရှားသူ များစွာရှိသည်။ အလွန်ငယ်ရွယ်သော ကလေးဘဝတွင် ကျွန်ုပ်သည် သိပ္ပံပညာရှင်တစ်ဦး ဖြစ်လာနိုင်မှု ရှိ မရှိ မသိခဲ့ပါ။ ကျွန်ုပ်သည် အဲလ်ဘတ်အိုင်းစတိုင်းနှင့် ဂျော့ ဝါရှင်တန် ကာဗာ ကဲ့သို့သော ထင်ရှားလှသည့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာကြီးများ၏ အကြောင်းကို ဖတ်ရှုရခြင်းဖြင့် အထောက်အကူ များစွာရခဲ့ပါသည်။ အဆိုပါပုဂ္ဂိုလ်ကြီးများ၏ အကြောင်းကို ဖတ်ရှုရသောအခါ သူတို့သည် သာမန်မိသားစုများမှ ပေါက်ဖွားလာသူများဖြစ်ပြီး ကလေးဘဝတွင်လည်း ဘာမှ ထူးထူးခြားခြား မရှိခဲ့ကြကြောင်း သိရသည်။ ထို့ပြင် သူတို့အများစုသည် ခက်ခဲကြမ်းတမ်းသောအချိန်ကာလများနှင့် ရင်ဆိုင်ခဲ့ရသည်။ တစ်ခါတစ်ရံ ကျောင်းပင် မတက်နိုင်သည့်အခါမျိုး ရှိခဲ့သည်။ သူတို့အားလုံးတွင် အလုပ်ကြိုးစားလိုစိတ်သာရှိခဲ့သည်။ မကြာမကြာဆိုသလိုပင် သူတို့၏ ပုဂ္ဂိုလ်ရေးရာ စိန်ခေါ်မှုများကို မနည်းကျော်လွှားခဲ့ရသည်။

လူငယ်များအား အကြံပြုလိုပါသည်။ သိပ္ပံသမိုင်းနှင့် အင်ဂျင်နီယာသမိုင်းကိုသာ ဖတ်ကြားမှု မပြုသင့်ပါ။ အဆိုပါ ပညာရပ်နယ်ပယ်များ တိုးတက်ထွန်းကားလာစေခဲ့သည့် ကျေးဇူးရှင်များ၏ ဘဝဖြစ်စဉ်များကိုလည်း ဖတ်ရှုလေ့လာသင့်လှပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Jürgen Hambrecht*

## ဂျာဂန် ဟမ်းဘရက်ချ်

**BASF အုပ်ချုပ်မှု ညွှန်ကြားရေးမှူးများ ဘုတ်အဖွဲ့ ချယ်ယာမင်**

ကမ္ဘာ့အကြီးဆုံး ဓာတုဗေဒ ပစ္စည်းကုမ္ပဏီများအနက် တစ်ခု၏ ချယ်ယာမင်ဖြစ်သည်။ Jürgen Hambrecht သည် ထင်ထင်ရှားရှား မနေတတ်သော်လည်း စိတ်ကူးကောင်းသည်။ ကုမ္ပဏီကို ပြန်လည်ဖွဲ့စည်းရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ် အလေးဂရုပြုခဲ့သည်။ ဤစာတွင် ဟမ်းဘရက်ချ်က မိမိတို့၏ ဖွံ့ဖြိုးကြီးပွားမှုတွင် ရှေ့ဆောင်လမ်းပြလုပ်ပေးသူများ၏ အခန်းကဏ္ဍ အရေးကြီးလှကြောင်း အလေးအနက်ဖော်ပြထားသည်။

---

ဂျာဂန် ဟမ်းဘရက်ချ်သည် BASF အုပ်ချုပ်ရေးဘုတ်အဖွဲ့ဝင်နှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်မှ စ၍ ဂျာမနီနိုင်ငံ မန်းဟန်းမြို့ Bilfinger Berger ကြီးကြပ်ရေးဘုတ်အဖွဲ့ (တည်ဆောက်ရေးကုမ္ပဏီ) အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ သည်။ ၂၀၀၃ ခုနှစ်မှစ၍ German Chemical Industry Association ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဂျာမနီနိုင်ငံ မန်းစတားမြို့ Lacke und Farben ရှိ Research and Purchasing ဌာန အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် Engineering Plastics Division ဥက္ကဋ္ဌနှင့် ၁၉၉၅ ခုနှစ် တွင် ဟောင်ကောင်အခြေစိုက် East Asia Division ဥက္ကဋ္ဌအဖြစ် ဆောင်ရွက် ခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ ဒါရိုက်တာဘုတ်အဖွဲ့ဝင်၊ ၂၀၀၃ ခုနှစ် မေလမှစ၍ BASF Aktiengesellschaft အုပ်ချုပ်မှု ဒါရိုက်တာများဘုတ်အဖွဲ့ ချယ်ယာမင် ဖြစ်ခဲ့သည်။



## လမ်းပြမည့်သူ၊ ကူမည့်သူ

ပထမဦးဆုံး မိမိတွင် ကိုယ်ပိုင် မျှော်မှန်းချက်တစ်ရပ် ထားရှိရမည်။ ထို့နောက် အကောင်းဆုံးများအနက် တစ်စုံတစ်ခု အကောင်အထည် ပေါ်လာစေရန် ကြိုးပမ်းလုပ်ကိုင်ရန် လိုအပ်သည်။ အမှန်တကယ် ဖွံ့ဖြိုးလာစေရန် အကောင်းဆုံး လုပ်ဆောင်နိုင်သူများထဲတွင် တစ်ဦးဖြစ်လာဖို့လိုအပ်သည်။ တစ်ခါတစ်ရံတွင် မိမိဘာသာ ထိုသို့ပြုလုပ်ရန် အခက်တွေ့ရတတ်သည်။ ရှေ့ဆောင် လမ်းပြသူတစ်ဦးအနေဖြင့် မိမိအားကူညီမည့်သူ၊ လမ်းညွှန်မည့်သူ လိုအပ်လာနိုင်သည်။ ကျွန်ုပ်တွင် ဆွေးနွေးပြောဆိုနိုင်မည့်သူ များစွာ ရှိနေတတ်ပါသည်။ တစ်ခါတစ်ရံတွင် မိမိတို့သည် ဦးတည်ရာ တစ်ခုတည်းဘက်သို့ ခြေကုန်သုတ်မိတတ်ကြသည်။ မိမိအတွက် လမ်းမှန် မဟုတ်နိုင်ပေ။ ကောင်းရာ ညွှန်ပြတတ်သူ (mentor) တစ်ဦးသည် မိမိကိုယ်ကိုမိမိ ဝေဖန်သုံးသပ်တတ်ရန် သင်ကြားပေးနိုင်သည်။ ထိုအချက်သည် အရေးအကြီးဆုံး အချက်တစ်ရပ်ဟု ယူဆမိပါသည်။ ထို့ပြင် မိမိသည် ကိုယ့်အား ကိုယ်ကိုးတတ်ရန်လည်း လိုအပ်လှပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com

*Robert Keith Gray*

## ရောဘတ် ကေ့သ် ဂရေး

**Gray & Company** ချယ်ယာမင်

ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ပြည်သူ့ဆက်ဆံရေးပါရဂူဟု ဆိုနိုင်ဖွယ်ရှိသည်။ ယခု အငြိမ်းစားယူခဲ့ပြီးဖြစ်သော်လည်း ကော်ပိုရေးရှင်းများနှင့် ခေါင်းဆောင်များ လူနည်းစုအတွက် အတိုင်ပင်ခံ အကြံပေးလုပ်ငန်း လုပ်ကိုင်ပေးနေဆဲဖြစ်သည်။ သမ္မတ အိုင်ဆင်ဟောင်ဝါ အစိုးရလက်ထက်တွင် အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သော Robert Keith Gray သည် မျက်မှောက်ကာလ အစိုးရများ ဆက်လက်ကျင့်သုံးနေဆဲ ဆက်ဆံမှု အဆက်အသွယ်များကို အခြေခိုင်စေခဲ့သည်။ ဟာသသံပါနေသော ဂရေး၏စာထဲတွင် ကြီးမားလှသော အကြံပေးချက်ပါရှိသည်။ မိမိ၏ဗိဇက ကမ်းလှမ်းပေးခဲ့သော ပင်ကိုစွမ်းရည်များနှင့် မျှော်လင့်ထားချက်များကို ပေါ့ပေါ့တန်တန် သဘောမထားပါနှင့်ဟု အကြံပေးထားသည်။

---

အိုင်ဆင်ဟောင်ဝါ အစိုးရလက်ထက် အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သူ ရောဘတ် ကေ့သ် ဂရေးသည် Gray & Company ကို ဝယ်ယူခဲ့သည်။ နောင်တွင် Hill and Knowlton ကုမ္ပဏီ၏ ကမ္ဘာတစ်လွှားဆိုင်ရာ ချယ်ယာမင်ဖြစ်လာသည်။ ရီဂန်-ဘုရှ် မဲဆွယ်ကာလများအတွင်း အမျိုးသားဆက်သွယ်ရေး ညွှန်ကြားရေးမှူးအဖြစ် ထမ်းရွက်ခဲ့သည်။ ရီဂင် သမ္မတရာထူးဆက်ခံရေး ကော်မတီတွင် ပူးတွဲချယ်ယာမင် ဖြစ်လာသည်။ ဟားဗတ်တက္ကသိုလ်မှ MBA ဘွဲ့ရသည်။ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ လေးကြိမ်တိတိ ချီးမြှင့်ခံခဲ့ရသည်။



## မိခင်ကြီး၏ မျှော်လင့်ထားချက်များ

ကျွန်ုပ်အတွက် အကြီးမားဆုံး စိန်ခေါ်မှုကြီးရှိနေခဲ့၏။ လွန်ခဲ့သော ရာစုနှစ်အတွင်း အမေရိကန် အနောက်အလယ်ပိုင်းဒေသတွင် မွေးဖွားလာသော မိခင်ကြီးတစ်ဦး၏ မျှော်လင့်ထားချက်များကို ဖြည့်ဆည်းပေးလိုခြင်း ဖြစ်သည်။

လယ်တောယာတော ပြည်နယ်များမှ မိဘများသည် မိမိတို့၏ သားသမီးများကို ရိုးသားစေလိုသည်။ ဖြောင့်မတ်စေလိုသည်။ သစ္စာရှိစေလိုသည်။ မျိုးချစ်ပြည်ချစ်စိတ် ထက်သန်စေလိုသည်။ တိုတိုပြောရလျှင် အကျင့်ကောင်းအားလုံးကို ပိုင်ဆိုင်စေချင်သည်။ ထိုအကျင့်ကောင်းများနှင့်အညီ နေထိုင်သွားကြစေချင်သည်။ သူတို့က သင့်ကို ယုံကြည်သတ်မှတ်ထားသည့်အတိုင်း ပေါက်လွှတ်ပဲစား လုပ်လိမ့်မည် မဟုတ်ဟု ယုံကြည်သည်။ ကောင်းမှုမှန်သမျှ ရှာဖွေတွေ့ရှိထားသူများကို လိုက်လံ ရှာဖွေနေလိမ့်မည်ဟု သိထားကြသည်။ သူတို့က သင့်အနေဖြင့် ဈေးဝယ်လှည်းကို ကုန်ပဒေသာဆိုင်သို့ ပြန်လည် အပ်နှံမည့်သူဟု မျှော်လင့်ထားသည်။

သင် ရွေးချယ်ထားသော နယ်ပယ်တိုင်း၌ အောင်မြင်မှုရရှိစေရန် ကြိုးပမ်းလိမ့်မည်ဟုလည်း ယူဆထားကြသည်။ 'သားကိုလေ အရာရာ ကြီးကျယ် ထွန်းကားစေချင်လိုက်တာကွယ်' ဟူသော စကားကို အနောက်အလယ်ပိုင်း သွေးသားငယ်က ကြားသိလိမ့်မည် မဟုတ်ပေ။ သူတို့ကမူ ပြောသည့်အတိုင်း ဖြစ်လာစေချင်ကြသည်။ မျှော်လင့်ယုံကြည်ထားသည့်အတိုင်း သား၏ အောင်မြင်မှု သတင်းကောင်းများ ထွက်ပေါ်လာချိန်တွင်လည်း အံ့ဩသွားလိမ့်မည်ဟု မျှော်လင့်မထားသင့်ပေ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်တွင် အီတလီနိုင်ငံက ကျွန်ုပ်အား အမြင့်မားဆုံးဆုဖြင့် ဂုဏ်တက်စေခဲ့သည်။ ကျွန်ုပ်၏မိခင်ကြီးသည် သမ္မတကတော်ဟောင်း တစ်ဦးအပါအဝင် ဧည့်သည်တော် ၂၀၀ နှင့်အတူ အခမ်းအနားသို့ တက်ရောက်သည်။ အီတလီသံအမတ်ကြီးက ကျွန်ုပ်၏လည်ပင်းတွင် ဖဲကြိုးတပ်ဆုတံဆိပ်ကို ချိတ်ဆွဲပေးလိုက်သည်။ ဩဘာသံများ ဆူဆူညံသွားသည်။

(အိမ်ပြန်ရောက်လာသောအခါ) မိခင်ကြီးက ကျွန်ုပ်အား စကားလေးတစ်ခွန်းဖြင့်သာ ဝေဖန်ချက်ပေးခဲ့သည်။ 'ဟယ် ငါ့သားရဲ့တံဆိပ်မှာ ဖဲကြိုးအပြာရောင်ကလေးဆို သိပ်ကောင်းမှာပဲ' ဟုသာ ဆိုခဲ့သည်။ သင့် မိခင်ကြီး၏ မျှော်လင့်ထားချက်များကို ဖြည့်ဆည်းပေးရန် သင် မည်သို့ကြိုးဆပါမည်နည်း။ မိခင်တို့သည် မိမိတို့၏ သားသမီးတိုင်းကို မူလထက် ပို၍ ပို၍သာ ကြီးမားမြင့်မားစေလိုကြပေသည်။

•



*Stephen Joel Trachtenberg*

## စတီဖန် ဂျိုအယ် ထရပ်ချ်တန်ဘတ်

ဂျော့ဝါရှင်တန်တက္ကသိုလ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့်
ပြည်သူ့ဝန်ထမ်းဌာန တက္ကသိုလ်ပါမောက္ခ

အနာဂတ်ခေါင်းဆောင်လောင်းများသည် ဝါရှင်တန်မြို့တော်ရှိ
The George Washington University ခန်းမများနှင့်
စတီဖန် ဂျိုအယ် ထရပ်ချ်တန်ဘတ်၏ ရုံးခန်းအတွင်း၌
အခြားသင်တန်းကျောင်းများမှာထက် လူပိုစုံလျက်ရှိသည်။
ထရပ်ချ်တန်ဘတ်က ဂုဏ်သိက္ခာတည်ကြည်မှု (Integrity) အတွက်
အထူး အလေးထားစေလိုသည်။ သူ၏ တက္ကသိုလ်၌ ပို့ချနေကြသော
ပါမောက္ခကြီးများ၏ ဘာသာရပ်သင်ရိုးများတွင်ပင် သူ၏ သင်ကြားမှု
ရောယှက်သွားတတ်သည်ကို ဤစာထဲတွင် ဖော်ပြထားသည်။

---

Stephen Joel Trachtenberg သည် တက္ကသိုလ်ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းသုံးဆယ် ထမ်းရွက်ခဲ့သည်။ ယခုအခါ ဂျော့ ဝါရှင်တန်တက္ကသိုလ်တွင် ပြည်သူ့ဝန်ထမ်းဌာန ပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဖြစ်သည်။ တက္ကသိုလ်တွင် အမေရိကန်ပြည်ထောင်စု တက္ကသိုလ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မှု ဘာသာရပ်ကို ပို့ချလျက်ရှိသည်။ Koml Ferry International တွင် အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် လာမည့် နှယ်ဆက်အတွက် တက္ကသိုလ်တွင် ခေါင်းဆောင်မှု ရှာတွေ့စေရန် ပံ့ပိုးကူညီလျက် ရှိသည်။ မကြာမီက *Big Man on Campus: A University President Speaks Out On Higher Education* စာအုပ် ရေးသား ထုတ်ဝေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အရှိန်းစွဲနေရမည့် တည်ကြည်မှု

စီးပွားရေးလုပ်ဆောင်ရာတွင် တည်ကြည်မှု (Integrity) အရေးပါမှုနှင့် စီးပွားရေးလောကတွင် ခေါင်းဆောင်မှုအခန်း ကဏ္ဍကို ငယ်ရွယ်သူများက မေးလာခဲ့ကြလျှင် အဖြေနှစ်ပိုင်းခွဲ၍ ဖြေကြားပါမည်။ ဤအချက်သည် တက္ကသိုလ်တိုင်းလိုလိုနှင့် ယခု ကျွန်ုပ်လုပ်ကိုင်နေသည့် ဂျော့ဝါရှင်တန်တက္ကသိုလ်တွင် အမှန်ကျင့်သုံးနေဆဲ နှစ်ဦးနှစ်ဖက် ကျေနပ်အောင် ဉာဏ်အားအရ လိမ္မာပါးနပ်စွာ ညှိနှိုင်းလုပ်ဆောင်မှုဟု ဆိုနိုင်ပါသည်။ 'တစ်ဖက်က ဒီလိုရှိတယ်၊ ဒါပေမယ့် အခြားတစ်ဖက်ကတော့ ဒီလို' ဟု ပြောတတ်ကြသည်။ အမေရိကန်တက္ကသိုလ်၏ ပျော့ကွက်ကြီးတစ်ခုဟု မဆိုချင်ပါ။ ရှင်းရှင်းဆိုရလျှင် အရာရာမှန်ကန်နေစေရန် ကုသနည်းမရှိပါ။ နည်းလမ်း မရှိသေးပါ။

အနာဂတ် တည်ကြည်မှု၊ ခေါင်းဆောင်မှုတို့နှင့် ပတ်သက်သော အဖြေပထမပိုင်းကို ပြောပါမည်။ ဟုတ်ပ့ါမလားဟု မယုံချင်စရာကြီးဖြစ်ချင်ဖြစ်နေမည်သို့မဟုတ် အနည်းဆုံး လက်တွေ့ကျနေလိမ့်မည်။ ကြည့်လိုက်စမ်းပါ။ ယခုတလော စီးပွားရေးလုပ်ငန်းများတွင် ဘာတွေ ဖြစ်ပျက်နေပါသနည်း။ ကြည့်လိုက်ပါ။ Enron and World Com နှင့် Arthur Andersen တို့တွင် ငွေကြေး အရှုပ်အရှင်း ကိစ္စများ ပေါ်နေသည်ကို ကြည့်ပါ။ ယင်းကိစ္စကြောင့် သူတို့ မည်မျှထိခိုက် နစ်နာနေရကြောင်း ကြည့်လိုက်ပါ။ အားလုံး ဘဝပျက်သွားခဲ့ရသည်။ ရင်းနှီး မြှုပ်နှံမှု ကုမ္ပဏီကြီး အချို့၏ လုပ်ကိုင်နေပုံကိုလည်း ကြည့်ပါဦး။ ငွေကြေးများစွာ ဒဏ်တပ်ခံနေရသည်။ စီးပွားလောက ဦးဆောင်သူများ အမှုအခင်းမိုးပုံကျူးလွန် နေပုံ၊ အရေးယူတရားစွဲခံနေရပုံများကိုလည်း ကြည့်ကြပါဦး။ ကျွန်ုပ်တဦးဆောင် သူများ (Leaders) ဟု အလေးအနက် ပြောခဲ့ပါသည်။ အမှုအခင်းအများစုကို ကျူးလွန်သူများသည် လက်အောက်ငယ်သားများ မဟုတ်ပါ။ ဦးဆောင်သူ အများစုသာ ဖြစ်ပါသည်။



ထို့ကြောင့် ကျွန်ုပ်၏အဖြေသည် သံသယဝင်စရာရှိနေပါက ကျွန်ုပ်တဤသို့ ဆိုပါမည်။ တည်ကြည်မှုမရှိခဲ့လျှင် လုပ်ကိုင်ပုံ မှားယွင်းခဲ့လျှင်၊ လောဘတရားက တရားမျှတမှုအပေါ် စိုးမိုးချယ်လှယ်လိုက်ခဲ့လျှင်၊ မိမိ၏ ကျင့်ဝတ်ဖောက်ဖျက် ကျူးလွန်မိခဲ့လျှင် ဘာတွေ ဖြစ်တတ်သနည်း။ ကြည့်ပါ။ ထိုသို့လုပ်ခဲ့မိ၍ ဖမ်းဆီးအရေးယူခံရမည်။ ဘဝပျက်မည်။ လုပ်ငန်းစီးပွား ထိခိုက်မည်။ မိမိကြောင့် သူတစ်ပါးအပေါ် မည်မျှ ထိခိုက်နစ်နာစေနိုင်ကြောင်း ကြည့်ပါ။ ကောင်းကျိုးမပေးတတ်ပါ။

ယင်းကဲ့သို့ပြောလိုက်ခြင်းဖြင့် လူအများသည် ခေါင်းဆောင်သူတစ်ဦး၏ တည်ကြည်မှုနှင့် တာဝန်ရှိမှုတို့ကို စဉ်းစားတွေးတောတတ်ကြလိမ့်မည်ဟု မဆိုလိုပေ။ သို့ရာတွင် သတိမူလာမိစေရန် လုပ်စရာ ဤတစ်ခုသာရှိတော့သည်။ စီးပွားရေး ရွှေခေတ်ကြီး ရှိခဲ့ဖူးသည်ကို ကျွန်ုပ် မယုံကြည်ပေ။ ထိုစဉ်က လူတိုင်းဖြောင့်ဖြောင့်မှန်မှန်လုပ်ခဲ့ကြပြီး သူတစ်ပါးကို ထိခိုက်နစ်နာစေပြီး မိမိ ကောင်းစားရေးလုပ်ခဲ့ခြင်း မရှိချေ။ မကောင်းသည့်ကိစ္စများသာ ပျံ့နှံ့ထွန်းကား လာခဲ့သည်။ ထိုကိစ္စမျိုးများကို အများသိအောင် ဖော်ထုတ်ပြနိုင်ခဲ့သည်။ ဤသတင်းမျိုးဖြင့် မိမိတို့ကိုယ်မိမိတို့ ရှက်တတ်လာစေလိမ့်မည်။ ဤစကားမှာ ရှေးရိုးဆန်လှသည်။ ဝန်ခံပါသည်။ သို့ရာတွင် ထိုစကားကို ဝတ်ကျေတန်းကျေပင် မပြောခဲ့ကြချေ။ နှမြောတသခြင်းလည်း မရှိခဲ့ကြချေ။ ကျွန်ုပ်၏ ငယ်ရွယ်ဘဝ အတွေ့အကြုံအရ ရှေးရိုးဆန်လှသော ထိုကိုယ်ကျင့်တရားကောင်းကို ချိုးဖောက်ခဲ့မိလျှင် ဖမ်းမိသွားပါက မိမိလည်း အရှက်ကွဲမည်။ မိဘများလည်း အရှက်တကွဲ အကျိုးနည်းသွားလေမလားဟု စိုးရိမ်မိသည်။

ယခု ကျွန်ုပ်၏ အကြံပေးစကားတွင် အကောင်းဘက်မှ ကြည့်မြင် ပြောပါမည်။ အမေရိကန် စီးပွားရေးလုပ်ငန်းကို တစ်ကမ္ဘာလုံးက နှစ်ပေါင်း တစ်ရာကျော်



www.burmeseclassic.com

www.burmeseclassic.com

နိုးကြွလာကြသည်။ ကုန်ပစ္စည်းသစ်များနှင့် ဝန်ဆောင်မှုများ ပေါ်လာစေခဲ့သည်။ လူအများကို အလုပ်အကိုင် ရစေခဲ့သည်။ စတော့ ပိုင်ဆိုင်သူများကိုသာမက တစ်နိုင်ငံလုံးအတွက်ပါ ချမ်းသာကြွယ်ဝစေခဲ့သည်။ စီးပွားရေးလုပ်ငန်းသည် ဉာဏ်ရည်ထက်မြက်သော လူငယ်လူရွယ်များနှင့် အမျိုးသမီးများ၏ ကြိုးပမ်းမှုအတွက် လုပ်ရကျိုးနပ်စေသည်။ ထို့ပြင် လုပ်ငန်းများ ဆက်လက်တိုးချဲ့လာသည်နှင့်အမျှ ဦးဆောင်သူခေါင်းဆောင်များလည်း အပူတပြင်း ပိုရှာလာကြသည်။ သို့မဟုတ် စီးပွားရေးအကျ အလှည့်အပြောင်းတွင် တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် နာလန်ပြန်ထူလာနိုင်လိမ့်မည်ဟု မျှော်လင့်လာမိသည်နှင့်အမျှ ခေါင်းဆောင်များ ပိုမိုလိုအပ်လာခဲ့သည်။

ဤနည်းဖြင့် စီးပွားရေးလုပ်ငန်းများသည် တိုးချဲ့လိုက်သော ခေါင်းဆောင်များ လိုအပ်လာသည်။ မိမိတို့က ယုံကြည် စိတ်ချရသူများဖြစ်၍ ယုံကြည် အားထားလောက်သည့် ခေါင်းဆောင်များလည်း လိုအပ်လာသည်။ ထို ခေါင်းဆောင်မျိုးများသည် ဝန်ထမ်းများ၊ စတော့ပိုင်ဆိုင်သူများ၊ ဖောက်သည်များအပေါ် ကတိတည် ကြမည့်သူများ ဖြစ်သည်။ သို့နှင့် စီးပွားရေးလုပ်ငန်းများတွင် မွေးရာပါတည်ကြည် သူများ၊ တည်ကြည်မှုကို လေ့ကျင့်ပျိုးထောင်ထားသူများ ခေါင်းဆောင်များ လိုအပ်သည်ဟု ဆိုချင်သည်။ တည်ကြည်မှုသည် ထုတ်ကုန်ပစ္စည်း မဟုတ်သလို MBA ဘွဲ့ရရုံဖြင့် ရရှိလာသော ပစ္စည်းမျိုးလည်း မဟုတ်ပေ။ တည်ကြည်မှုသည် အပေါ်ယံ ရွှေမှုန်ကြဲထားခြင်း မဟုတ်။ ပြည်သူတို့၏ ရပ်တည်ခံယူထားမှုလည်း မဟုတ်ချေ။ ဖြစ်သင့်သည်မှာ တည်ကြည်မှု (သမာဓိ ဂုဏ်သိက္ခာ) သည် အရိုးထဲတွင် စွဲငြိ ကပ်ပါလာသင့်သည်။ မိမိနှင့် အများအတွက်ပါ အရေးကြီးလှသော အချက်ပင် ဖြစ်သည်။

ကျွန်ုပ်၏ ယုံကြည်မှုအရ တည်ကြည်မှု အရိုးစွဲနေသည့် ခေါင်းဆောင်များသည် အမေရိကန် စီးပွားရေးလောကတွင် ပြည်သူ့ ယုံကြည်စိတ်ချမှုကို



အထိရောက်ဆုံး အမြန်ဆုံး ရလွယ်သည်။ ခေါင်းဆောင်ကောင်းများကလည်း မိမိတို့နည်းတူ တည်ကြည်မှု ရှိသူများနှင့် ပူးပေါင်းလုပ်ကိုင်ရန် ရွေးချယ်ကြလိမ့်မည်။

ဤနောက်ဆုံးအချက်သည် အရေးကြီးသည်။ ခေါင်းဆောင်မှု၏ အစိတ်အပိုင်းတစ်ရပ်သည် သင်ပြနိုင်ရမည်။ စံပြ နမူနာပြ ဖြစ်ရမည်။ ထိုသို့သော လူငယ်လူရွယ်များ ယနေ့ ရှိနေပါ၏လော။ အမေရိကန် ကောလိပ်များနှင့် တက္ကသိုလ်များတွင် ရှိနေကြပါသလော။ သူတို့တစ်တွေ စီးပွားရေးလောကထဲ ဝင်ရန်၊ ခေါင်းဆောင်မှုပေးရန် စိတ်ကူးနေကြပါ၏လော။ ယင်းသို့ဖြစ်နိုင်ပါသည်။ ဒီလိုကျောင်းသားမျိုး အတော်များများရှိနေပါ၏လော။ တပ်အပ်သေချာ မသိနိုင်ပါ။ တက္ကသိုလ်တိုင်း၏ တာဝန်တစ်စိတ်တစ်ပိုင်းမှာ ကျောင်းသားများ၏ စရိုက်လက္ခဏာကိုလေ့လာပြီး မည်သည့်မှန်ကန်သော အလုပ်မျိုးကို လုပ်သင့်သည်ဟု တိုက်တွန်း အားပေးသင့်သည်။ တစ်နည်းအားဖြင့် တည်ကြည်မှု စံပြုထားသော လူငယ် လူရွယ် ဦးရေ တိုးပွားလာစေရပေမည်။

မလွယ်လှပါ။ Quantum Physics သို့မဟုတ် Neurosurgery ပညာရပ်တို့ကို ကောင်းစွာ သင်ကြားပေးနိုင်သည့် ခေါင်းဆောင်များ မွေးထုတ်ရေးမှာ ခက်ခဲသည်။ ထို့ကြောင့် မွေးထုတ်ပေးနေရသည်။ အကယ်၍ အခက်အခဲသည် မကျော်လွှန်နိုင်သော အတားအဆီးကြီးတစ်ခု ဖြစ်နေခဲ့လျှင် တက္ကသိုလ်များ ရှိနိုင်လိမ့်မည် မဟုတ်ပေ။ ထို့ပြင် မည်မျှပင် အကျိုးကျေးဇူး ရှိသည်ဖြစ်စေ သက်ရွယ်စုံ ယောကျ်ား မိန်းမများက ခေါင်းဆောင်မှုနေရာကို မယူလိုလျှင် ခက်လိမ့်ဦးမည်။ သို့ရာတွင် တည်ကြည်သောဘဝ ရိုးဖြောင့်သော ဘဝကို လျှောက်လှမ်းရေးသည် အခက်အခဲ အတားအဆီးတစ်ခု မဟုတ်ချေ။ သဘောထား အမြင်သာဖြစ်သည်။ ကျွန်ုပ်အနေဖြင့် အကောင်းဘက် ကြည့်မြင် ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com

မိပါသည်။ လူငယ်များစွာသည် အဆိုပါ သဘောထားအမြင် (Outlook) ကို မျှဝေ သိမြင်နိုင်ကြမည်။ သူတို့၏ အောင်မြင်မှုကိုကြည့်ပြီး နောက်ထပ် အတော်များများကလည်း သူတို့ထက်သာအောင် လုပ်ချင် ကိုင်ချင် လာကြလိမ့်မည်ဟု ယုံကြည်မိပါသည်။ ကျွန်ုပ် ပြောလိုက်ပါမည်။ တည်ကြည် ရိုးဖြောင့်မှုသည် အကျိုးများစွာ ဖြစ်ထွန်းစေပါသည်။



# တကယ့်အောင်မြင်မှုအတွက် အပြီးသတ် မှတ်ချက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

*Theodore Forstmann*

## သီအိုဒို ဖော့စ်မင်း

**IMG ချယ်ယာမင်နှင့် အမှုဆောင်အရာရှိချုပ်**
**Forstmann Little & Company ထိပ်တန်း တည်ထောင်မှုပါတနာ**

Theodore Forstmann သည် ဘီလီယံနာတစ်ဦးဖြစ်သည်။ ဒိုင်ယာနာမင်းသမီး အပါအဝင် ကမ္ဘာပေါ်ရှိ အလှပဆုံး အမျိုးသမီးများနှင့် ဆက်နွယ်မှု ရှိသည်။ အဓိကကျသော ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကြီးတစ်ခုကို တည်ဆောက် ထားသည်။ ယခုအခါ IMG ကဲ့သို့သော ကမ္ဘာပေါ်တွင် စွမ်းအား အကြီးမားဆုံး ကုမ္ပဏီကြီးများစွာအနက် တစ်ခုအပေါ် ထိန်းချုပ်ထားသည်။ ဖော့စ်မင်းသည် လိမ္မာပါးနပ်သည်။ လွန်ကဲစွာ ဉာဏ်ရည်ဉာဏ်စွမ်း ကောင်းသည်။ ဘီလီယံနာတစ်ဦးအတွက် အံ့စရာပင်။ သူ့အနီး ပတ်ဝန်းကျင်လူများက 'ဦးစိတ်ကောင်း' ဟု ခေါ်နေကြသည်။ ဖော့စ်မင်း၏ အဆိုအရ ငွေကြေးနေ ချမ်းသာကြွယ်ဝရေးအတွက် မိမိ၏ရည်မှန်းချက် လမ်းစဉ်များကို မေ့ထားရမည်။ မိမိ၏စိတ်ထားနှင့် ကိုယ်ရည်ကိုယ်သွေး ချမ်းသာကြွယ်ဝစေရေးအတွက်သာ ကြိုးပမ်းလုပ်ဆောင် သင့်သည်။

---

သီအိုဒို ဖော့စ်မင်းသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ရှေ့ပြေးပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများအတွက် ထူးထူးကဲကဲ အမြတ်အစွန်းရရှိနိုင်ရေး အတွက် ဆန်းသစ်တီထွင်သောနည်းလမ်းများစွာ ဖော်ဆောင်ပြခဲ့သည်။

ဖော့စ်မင်းသည် ပရဟိတသမားစစ်စစ်ကြီး တစ်ဦးလည်း ဖြစ်သည်။ ၁၉၉၈ ခုနှစ်တွင် Wal-Mart's ကုမ္ပဏီ ဂျွန် ဝါလ်တန်နှင့် ပူးတွဲလျက် ကလေး သူငယ်များ ပညာတော်သင် ရန်ပုံငွေ တည်ထောင်ပေးခဲ့သည်။ နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီတွင်လည်း ညွှန်ကြားရေးမှူး တစ်ဦးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

## စည်းစိမ်ဥစ္စာအစစ်သည် အထည်ဒြပ်မဟုတ်ပါ

ကျွန်ုပ်သည် စီးပွားရေးလုပ်ငန်းသင်တန်းကျောင်းအမျိုးမျိုးတွင် သင်ကြားပို့ချခဲ့ ဖူးသည်။ ဟားဗတ်၊ စတန်းဖို့၊ ယေးလ် တို့အထိ ပါဝင်သည်။ စီးပွားရေးလုပ်ငန်း သင်တန်းသားများသည် အောင်မြင်ရေးအတွက် လုပ်ငန်းလမ်းစဉ်တစ်ရပ်ကို လိုချင်တတ်ကြသည်။ ပြောရသည်မှာ ဝမ်းနည်းလှပါ၏။ အောင်မြင်ရေးအတွက် လုပ်ငန်းလမ်းညွှန် (Map) ရှိသည်ဆိုလျှင်လည်း ဘယ်ဟာ ဖြစ်သည်ကို ကျွန်ုပ် မသိပါ။ သို့ရာတွင် အောင်မြင်လိုသူတို့အတွက် ဤသို့မူ ပြောပြနိုင်ပါသည်။ စည်းစိမ်ဥစ္စာအစစ်သည် အထည်ဒြပ် မဟုတ်ပါ။ စည်းစိမ်ဥစ္စာအစစ်သည် အတွေးအခေါ် (Ideas) အသွင်ဖြင့်သာ ပေါ်လာတတ်ပါသည်။ အထည်ဒြပ် ရှိသော စည်းစိမ်ဥစ္စာသည် ပျောက်သွားလွယ်သည်။ အစိုးရက သိမ်းယူသွားနိုင် သည်။ အကြမ်းဖက်သမားတို့ လုယက်သွားနိုင်သည်။ နောက်ထပ်လည်း ပျောက်ပျက် သွားစရာအကြောင်း များစွာ ရှိသေးသည်။ သဘာဝ၏ ဖြစ်တည်မှုအရ စည်းစိမ် ဥစ္စာတို့ကိုမူ မည်သူမျှ ယူဆောင် မသွားနိုင်ချေ။ အဆိုပါ စည်းစိမ် ဥစ္စာမျိုးသည် ကမ္ဘာလောကကြီးတွင် ဖြစ်ပျက်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှု အားလုံးကို ဖြစ်ပေါ် စေနိုင်သည့် အရာပင်ဖြစ်သည်။ ထို့ကြောင့် ကလေးငယ်များနှင့် စကားပြော သည့်အခါ 'ငွေတွေ အများကြီးရအောင် လုပ်ရမယ့်နည်းကို မမေးကြပါနဲ့ ကျွန်ုပ် ကိုယ်တိုင် ဘယ်လိုလုပ်ရမှန်း မသိလို့ပါ' ဟု ပြောမိသည်။ ငွေ ရရှိနေသည် တစ်စုံတစ်ခုသော ထားရှိထိုက်သည့် ရည်မှန်းချက်ဟုပင် မသိမိချေ။ ဖြစ်သင့် သည်မှာ တစ်ခုသာပင်။ ရုပ်လွန်ပညာသဘောအရ မနေဥစ္စာ ချမ်းသာ ကြွယ်ဝမှု ဖြစ်တည်နေခြင်းကို သတိထားပါ။ တစ်နည်းအားဖြင့် မိမိ၏ စိတ်တူး အတွေး လုပ်ငန်း နည်းစနစ်ကို သတိထားပါ။ မိမိကိုယ်ကိုမိမိ မညာပါနှင့်။ ကမ္ဘာလောက ကြီးတွင် မိမိမှလွဲ၍ အခြားအားထားစရာ မရှိသောကြောင့် ဖြစ်သည်။ မိမိသာလျှင် မိမိ ပျက်စီးဆုံးရှုံးခံလိုက်မလား။ မိမိအတွက် ဘာမျှကျန်ရှိတော့မည် မဟုတ်ပါ။

●

www.burmeseclassic.com

www.burmeseclassic.com

## မူရင်းစာရေးသူ၏ ကိုယ်ရေးအကျဉ်း

ဟင်နရီ အို ဒေါ်မန် (Henry O Dormann) သည် *Leaders* မဂ္ဂဇင်း ဥက္ကဋ္ဌနှင့် အယ်ဒီတာချုပ် ဖြစ်သည်။ *The Speaker's Book Of Quotation* စာအုပ် တည်းဖြတ်သူ ဖြစ်သည်။ သူကိုယ်တိုင် နေရာအတော်များများတွင် ဦးဆောင်ဦးရွက် ပြုခဲ့သည်။ Library of Presidential Papers (ယခု - The Center for the Study of the Presidency) ကို တည်ထောင်ခဲ့ပြီး ပထမဆုံး အုပ်ချုပ်မှုဒါရိုက်တာ ဖြစ်ခဲ့သည်။ The United States Technical Developments Company (US Banknote Corporation ဌာန) ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့သည်။ နယူးယောက်ပြည်နယ် Bath မြို့နှင့် New York City တွင် တစ်လှည့်စီ နေထိုင်လျက်ရှိသည်။




**သတ္တိ**
ခင်မောင်တိုး (မိုးမိတ်)
မြန်မာပြန်သည်။

**COURAGE**
Gordon Brown
(ဗြိတိန် ဝန်ကြီးချုပ်ဟောင်း)

ယခုစာအုပ်တွင် ကျွန်တော် ချီးကျူးဂုဏ်ပြုမိသူတွေအကြောင်း၊ သူတို့ကို ဘာကြောင့် ချီးကျူး ဂုဏ်ပြုမိကြောင်းတွေကို လုံးဝ မလျှို့ဝှက်ဘဲ ရှင်းရှင်းကြီးပင် တင်ပြထားပါသည်။ ကျွန်တော်ရေးပြသော သူတို့တစ်ဦးစီတွင် မြင့်မားလွန်းသော သတ္တိတွေ ရှိခဲ့ကြ၏။ ယင်းသတ္တိတွေကို သူတို့သည် အကောင်းဆုံးသော အကျိုးတရား ရရာရကြောင်းအတွက် အသုံးချခဲ့ကြသည်။ မင်ဒဲလား (Nelson Mandela) က လူမျိုးရေးခွဲခြားမှု တိုက်ဖျက်ရေးမှာ သူ့သတ္တိကို အသုံးချခဲ့၏။ မာတင်လူသာ ကင်း (Martin Luther King) က ပြည်သူများရပိုင်ခွင့်အတွက် သူ့သတ္တိကို ပြခဲ့၏။ ဘွန်ဟိုးဖွား (Dietrich Bonhoeffer) ကတော့ ရက်စက်ကြမ်းကြုတ် ယုတ်မာလွန်းသော အခြေအနေထဲမှာ ဘာသာအယူဝါဒ တန်ဖိုးကျမသွားစေရေးအတွက် သတ္တိရှိရှိ ရပ်တည်ခဲ့၏။ ဝေါလင်ဘတ် (Raoul Wallenberg) သည်လည်း ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း နာဇီတို့က ဂျူးတွေကို အစုလိုက် အပြုံလိုက် သတ်နေသည့်အခိုက် ဟန်ဂေရီ ဂျူးများ (Hungarian Jews) ကို ကယ်ဆယ်နိုင်ရေးအတွက် သတ္တိပြခဲ့၏။ မရပ်မနား လှုပ်ရှားခဲ့၏။ အဲဒစ် ကာဗဲ (Edith Cavell) သည် ထွက်ပြေး လွတ်မြောက်လာခဲ့သော စစ်မြေ အကျဉ်းသားများကို ကယ်ဆယ်ရေးအတွက် အလွန်ကြီးမားသော အန္တရာယ် ဝိုင်းဝိုင်းလည်နေသည့်ကြားကပင် ခြသေ့်စိတ်မျိုးဖြင့် လှုပ်ရှားခဲ့၏။ စစ္စလီ ဆောင်းဒါး (Cicely Saunders) ကမူ သေလုနီးလူနာများအား ပိုဂရုစိုက်နိုင်ရေးအတွက် တာရှည်တာမြော ဖွဲ့ခတ် ကြိုးပမ်းခဲ့၏။ ရောဘတ်ကနေဒီ (Robert Kennedy) သည် သူ့အသက်အတွက် အလွန်အန္တရာယ်ကြီးမှန်း သိလျက်နှင့် အမေရိကန်ပြည်ထောင်စုတွင် သစ်လွင်သည့် ပြည်သူ့ အာဏာအပ်နှင်းရေးအတွက် မနေမနား လုံးပမ်း အားထုတ်ခဲ့၏။

[ စာရေးသူ၏ နိဂုံးမှ ကောက်နုတ်ချက် ]

**ကိုယ်ကျိုးစွန့် အနစ်နာခံသူ ပုဂ္ဂိုလ် ခုနစ်ဦး၏ သတ္တိအကြောင်းများ**

[ စာမူခွင့်ပြုချက် အမှတ် ၃၁၀၀၃၆၀၅၁၀ ]

www.burmeseclassic.com

www.burmeseclassic.com




## အေဗရာဟမ် လင်ကွန်း ၏ ဂတ်တီစဘတ် နှင့် အခြား သမိုင်းဝင် မိန့်ခွန်းများ


**ABRAHAM LINCOLN**

THE GETTYSBURG ADDRESS AND OTHER SPEECHES

ဇော်ဟန်ဇော်

ကျဆုံးသွားသူများ နောက်ဆုံးအချိန်အထိ ပြည့်ပြည့်ဝဝ ရည်စူး လုပ်ဆောင်သွားခဲ့သော တာဝန်ကြီးကို ကျွန်ုပ်တို့ တိုးတက် ထမ်းဆောင်သွားရပါလိမ့်မည်။ သူတို့ သေဆုံးခဲ့ရခြင်းသည်ကား အချည်းနှီး မဟုတ်ဟု ကျွန်ုပ်တို့ ဤနေရာတွင် သန္နိဋ္ဌာန်ချရပါလိမ့်မည်။ ဘုရားသခင်၏ဦးဆောင်မှုကိုခံယူ၍ နိုင်ငံတော်သစ်ကြီးတွင် လွတ်လပ်ရေး ဖွားမြင်မှုသစ်တစ်ရပ် ပေါက်ဖွားလာစေရပါလိမ့်မည်။ ထို့ပြင် **ပြည်သူ အပေါင်း၏ အစိုးရ၊ ပြည်သူအပေါင်းက တင်မြှောက်ခဲ့သည့် အစိုးရ၊ ပြည်သူအပေါင်းတို့အတွက် ပေါ်ထွန်းလာသော အစိုးရ** တို့သည် ဤကမ္ဘာမြေကြီးပေါ်တွင် မည်သည့်အခါမျှ ပျက်သုဉ်း ပျောက်ကွယ်သွားလိမ့်မည်မဟုတ်ပါ. . . စသည့် ဂတ်တီစဘတ် စစ်သင်္ချိုင်းဖွင့်ပွဲ မိန့်ခွန်း အပါအဝင် ကမ္ဘာကျော် မိန့်ခွန်းများကို စုစည်းထားသည့် စာအုပ်။ မှတ်တမ်း ဓာတ်ပုံများစွာ ပူးတွဲပုံနှိပ်သည်။

[စာမူခွင့်ပြုချက် အမှတ် ၃၁၀၀၆၇၀၇၀၉]




## နောက်ဆုံးအချိန် နောက်ဆုံးစကား

ဦးတင်ဦး (ကျူရှင်)

မြန်မာပြန်သည်

**The Last Lecture**

Randy Pausch

- ၂၀၀၈ ခုနှစ် ဧပြီလ၌ နယူးယော့ခ်တိုင်းမ် သတင်းစာ၏ ရောင်း အကောင်းဆုံးစာရင်းတွင် စတင်ပါရှိခဲ့ပြီး သီတင်း ၈၅ ပတ်အထိ စာရင်းတွင် တည်ရှိခဲ့သည့်စာအုပ်။
- အမေရိကန် တစ်နိုင်ငံတည်းမှာပင် အုပ်ရေ ၄၅၀၀၀၀၀ (လေးသန်းခွဲ) ရောင်းချခဲ့ပြီးသည့်စာအုပ်။
- ဘာသာစကား ၄၆ မျိုးဖြင့် ဘာသာပြန်ခဲ့ပြီးသည့် စာအုပ်။
- အင်တာနက်တွင် ပထမတစ်လမှာပင်လျှင် အကြိမ်တစ်သန်းကျော် အကြည့်ခံခဲ့ရသည့် အင်တာနက် ဟစ် ဖြစ်ခဲ့ရသည့်စာအုပ်။

[စာမူခွင့်ပြုချက် အမှတ် ၃၁၀၀၆၇၀၇၀၉]

www.burmeseclassic.com

www.burmeseclassic.com




## မိတ္တဗလင်္ဂီကာ
ဦးနု

စတင်ထုတ်ဝေစဉ်က လူပေါ်လူဇော်လုပ်နည်း အမည်ဖြင့် ထုတ်ဝေခဲ့ပြီး နောက်ပိုင်းတွင် မိတ္တဗလင်္ဂီကာ အမည်သို့ ပြောင်းလဲခဲ့ပါသည်။ စတင် ထုတ်ဝေသည်မှ ယနေ့ထက်တိုင် လက်စွဲထား ဝယ်ယူဖတ်ရှုသူ များပြားလှသော စာအုပ် ဖြစ်နေပါသည်။

မူရင်း ဒေးကာနက်ဂျီ၏ စာအုပ်ကလည်း သန်းချီရောင်းချရသော စာအုပ်ဖြစ်ပြီး ဘာသာပြန်ဆိုရေးသားသည့် ဦးနု၏ လက်ရာမှာလည်း စာဖတ်ပရိသတ် မိတ်ဆွေတိုးပွားရေး၊ ဘဝခရီးလမ်း အောင်မြင်မှု ရရှိစေရေး စိတ်စေတနာကြီးမားမှုကို ထင်ရှားစွာ တွေ့မြင်နေရသောကြောင့် ဖတ်ရှုသူတို့ ကျေနပ်မှု ရနေကြသည်ဟု မြင်ပါသည်။

အောင်မြင်ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်ထူထောင်လိုသူများ အတွက် နေ့ထိုင်ပြုမူလှုပ်ရှားပုံ၊ တွေးခေါ်ကျင့်ကြံပုံတို့ကို ကျယ်ကျယ် ပြန့်ပြန့် အကြံပြုလမ်းပြထားသောကြောင့် လက်စွဲပြုစရာ အဖော်ကောင်းနေရာ၌ ဤစာအုပ်သည် ယနေ့တိုင် နေရာယူနေဆဲဟု အသိပေးလိုပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၁၉၇/၂၀၀၀ (၃)]



## ကာမတဏှာ
ဦးနု

ဦးနုရေးသားသော ဝတ္ထုများတွင် နာမည်အကျော်ကြားဆုံး ဝတ္ထုကြီး တစ်ပုဒ် ဖြစ်ပါသည်။ ဝတ္ထု၏ ဇာတ်အိမ်ဇာတ်လမ်းကို စိတ်ဝင်စားဖွယ် အချိုးအကွေ့များဖြင့် တည်ဆောက်ထားပြီး ဝတ္ထု၏ တရားကိုယ်မှာ ရှောင်လွှဲနိုင်ခဲသော ကာမဂုဏ်အပေါ် တရားဓမ္မအမြင်ဖြင့် ချဉ်းကပ် လွှတ်လမ်းရှာခြင်း ဖြစ်ပါသည်။

ဦးနုသည် မြစ်ဝကျွန်းပေါ် လူမှုပတ်ဝန်းကျင်မှ အဖြစ်အပျက်တို့ကို ရင်းနှီးကျွမ်းဝင်သည့်အပြင် လူအများစု၏ စရိုက်သဘာဝကိုလည်း ဝတ္ထု၏ ဘောင်ထဲ၌ ကျွမ်းကျင်စွာ ကိုင်တွယ်ပုံဖော်နိုင်စွမ်း ရှိနေသောကြောင့် ဇာတ်ကောင်များသည် သက်ဝင်လှုပ်ရှားကာ စာအုပ်ထူထူကြီး တစ်အုပ်လုံးကို ဖတ်ချင်စဖွယ် ဆွဲဆောင်လျက်ရှိနေပါသည်။ ဤဝတ္ထုသည် မြန်မာ့ လူမှုနယ်ပယ်တွင် စောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် ပူပြင်းလောင်မြိုက်သော တဏှာပေမကြောင့် ဘဝအမှောင်ခြမ်းသို့ ကျရောက် တတ်ပုံများကို အေးဆေးညင်သာသော ဇာတ်ကြောင်းပြော ပုံစံဖြင့် တင်ပြထားသည့်အတွက် တန်ဖိုးရှိသော စာပေလက်ရာကို နှစ်သက်သူများ ဖတ်ထိုက်သော စာအုပ်ဖြစ်ပါသည်။

[စာမူခွင့်ပြုချက် အမှတ် ၆၅၉/၉၈ (၁၂)]

www.burmeseclassic.com

www.burmeseclassic.com




'ဘုရင်များ၊ ဘုရင်မများ၊ သမ္မတများ၊ နိုင
စာပေဆုရ ကဝိစာဆိုကျော်ကြီးများ၊ အမျိုးသား
နှင့် အမျိုးသမီး ဥက္ကဋ္ဌကြီးများ၊ အမှုဆော
အရာရှိ ချုပ်ကြီးများနှင့် ကမ္ဘာ့ ခေါင်းဆောင်ကြီး
တွင် တူညီချက်တစ်ခု ရှိနေပါသည်။ ယင်းမှာ သူတ
အသီးသီး ရရှိထားသော အောင်မြင်မှုများကို အသ
ကျစေလိုသည်။ လူငယ်များလက်သို့ လက်ဆင့်ကမ်
လိုကြခြင်း ဖြစ်သည်။ ယခုစာအုပ်ပါ ခေါင်းဆော
ကြီးများသည် 'နေထိုင်ရှင်သန်ခဲ့ကြပြီး' ဖြစ်သည်
ယခု သူတို့က ရတနာတစ်ခုအဖြစ် ရည်ရွယ်ချ
ကြီးမား၍ လက်ခံ စဉ်းစားတတ်ကြသော၊ သူ
ဘဝတွင် တစ်စုံတစ်ရာ ဖြစ်လိုကြသော လူငယ်မျ
သို့ လက်ဆင့်ကမ်းလိုက်လေပြီ' ဟု ဒေါ်မန်က 
နိဒါန်းတွင် ချက်ကျလက်ကျ တင်ပြထား၏။



ဟင်နရီ အို ဒေါ်မန်

www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာကြီးကို ရွေ့လျားစေ၊ လှုပ်ခါစေခဲ့ကြသော ပုဂ္ဂိုလ်ကျော်ကြီးများ၏ အကြံပြုချက်များကို ထူးထူးကဲကဲ သီးသန့်စုစည်းမှု

ကျော်ဒန်ဘုရင် ဒုတိယမြောက် **အက်ဗ္ဗဒူလာ**၊ ထိုင်းဘုရင် **ဘူမိဘော**၊
**မိုဟာမက်အလီ** (ယခင် ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ)၊
အမေရိကန်ပြည်ထောင်စု ၄၁ ယောက်မြောက် သမ္မတ **ဂျော့ အိပ်ချ် ဒဗလျူ ဘုရှ်**၊
အမေရိကန်ပြည်ထောင်စု၏ ၃၉ ယောက်မြောက် သမ္မတ **ဂျင်မီ ကာတာ**၊
သတင်းစာဆရာ **ခေါ်လ်တာ ခရွန်းကိုက်**၊ ဘုန်းတော်ကြီး **ဒလိုင်း လာမာ**၊
ယခင် ဆိုဗီယက် သမ္မတ **မစ်ခေးလ် ဂေါ်ဘာချက်**၊
**တိုနီ ဟောလ်** (အမှုဆောင် အရာရှိချုပ်၊ ရှိုင်ရယ် အော်ပရာရုံ၊ လန်ဒန်)၊
သံအမတ် **ရစ်ချက် ဟောလ် ဘရွတ်** (ဒုတိယ ဥက္ကဋ္ဌ၊ ပါဆီးယပ်စ်)၊
**ချားလ် အို ဟောလီးဒေး ဂျူနီယာ** (ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ ဒူပွန့်)၊
**ဒေသာမတ် ဟိုဗင်** (ယခင် ပြတိုက်မှူး၊ မက်ထရိုပိုလစ်တန် အနုပညာပြတိုက်)၊
**ရှယ်လီ လာဇရပ်** (ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ အိုဂျီဗီနှင့် မာသား)၊
၁၉၈၈ ခုနှစ် ရူပဗေဒနိုဗယ်ဆုရ **လီယွန် အမ် လီဒါမင်း**၊
စင်ကာပူဝန်ကြီးချုပ် **လီရှန်လွန်း**၊ ယခင် မလေးရှားဝန်ကြီးချုပ်
ဒေါက်တာ **မဟာသီယာ ဘင် မိုဟာမက်**၊ **တီ ဘွန်း ပစ်ကင်း**စ် (ဥက္ကဋ္ဌ၊ ဘီပီ ကက်ပီတယ်)၊
**ဗလာဒီမာ ပူတင်** (ယခင် သမ္မတနှင့် ယခု ဝန်ကြီးချုပ်၊ ရုရှနိုင်ငံ)၊
**မျူရီယယ် မစ်ကီ ဆီဘက်** (တည်ထောင်သူ၊ အမျိုးသမီး ဥက္ကဋ္ဌနှင့်
အမှုဆောင်အရာရှိချုပ်၊ မျူရီယယ် ဆီဘတ်နှင့် ကုမ္ပဏီ)၊
**ဂျိမ်းစ် အက်စ် တစ်ရှ်** (ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်၊ လိုးစ်ကော်ပိုရေးရှင်း)၊
**ဒိုရင်း အေ တိုဘင်** (အီးဗွီပီနှင့် စီအို၊ ဟာရီဗွန် ဆက်သွယ်ရေး အင်ကော်ပိုရိတ်တက်)၊
**ဒေါ်နယ် ဂျေ ထရမ့်ပ်** (ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ ထရမ့်ပ်အဖွဲ့အစည်း)၊
**ရိုတေဗူး** (ယခင် သမ္မတ၊ ကိုရီးယားသမ္မတနိုင်ငံ)၊
**ဖွန် အက်စ် ဝဲလ်ရှ် ဂျူနီယာ** (ယခင်အမှုဆောင်အရာရှိချုပ်၊ ဂျင်နရယ် အီလက်ထရစ်ကုမ္ပဏီ)၊
**အေလီယပ် အေ ဓာဟူနီ** (အမ်ဒီ၊ ဒါရိုက်တာ၊ အမျိုးသားကျန်းမာရေးအဖွဲ့) စသည်
ပါဝင်သည်။

BURMESE CLASSIC .com
www.burmeseclassic.com